www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်

၅၀၁၀၇၈၀၉၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၁၁၃၃၀၉၀

ထုတ်ဝေသည့်ခုနှစ်

ပထမအကြိမ်၊ အောက်တိုဘာလ၊ ၂၀၀၇-ခုနှစ်

အုပ်ရေ

၁၀၀၀

တန်ဖိုး

(၁၂၀၀) ကျပ်

အတွင်းဖလင်

ပုံရိပ်ရှင်

ကွန်ပျူတာစာစီနှင့် မျက်နှာဖုံးဒီဇိုင်း

ကိုကိုနိုင်

ထုတ်ဝေသူ

ဒေါ်သင်းသင်းမွန် (၀၄၂၃၂)၊ သင်းစာပေ

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးတင်အောင်ကျော် (၀၇၀၅၃) စွယ်တော်ပုံနှိပ်တိုက်


www.burmeseclassic.com

www.burmeseclassic.com

မင်းဖြူစာပေ၏ တင်ဆက်မှု

# မျိုးကိုမိုး

## ကိုယ့်ရဲ့တန်ခိုးရှင်မလေးထုဆစ်တဲ့ကောင်းကင်

ဖြန့်ချိရေး

နေလစာပေ

အမှတ် -၁၂၆၊ ၃၁ လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊

ရန်ကုန်မြို့ ဖုန်း - ၀၁ - ၇၀၃၈၂၃

စီစဉ်မှုအယ်ဒီတာ

ဇော်မင်း၊ နန်းခိုင်ခိုင်ဝင်း၊ ဖြူနှင်းဆိုက်

www.burmeseclassic.com

www.burmeseclassic.com

နိမ့်ဆုံမြင့်ကြွံ လောကဘုံရဲ့

လူ့ဘဝလှိုင်းဂယက်ထဲမှာ

ကျွန်တော့်ဘဝရဲ့

အမြဲတမ်းအသက်ကယ်လှေတစ်စင်းကို

ကျွန်တော်တွေ့ရှိခဲ့ပါတယ် ။

www.burmeseclassic.com

www.burmeseclassic.com

။ ၁ ။

'ကောင်းခန့်မှူး' ရုပဗေဒလက်တွေ့စမ်းသပ်ချိန်ပြီးစီးသည်နှင့် သိမ်းဆည်းစရာရှိသည်များသိမ်းဆည်းကာ ကျောင်းရှေ့ကန်တင်းနိုရိုရာဆီသို့ ခြေလှမ်းသွက်သွက်လှမ်းတော့သည်။ သည်အချိန်ဆို ဂျူဝင်ဆိုင်မှာကျော်ဇေတို့အုပ်စု လက်ဖက်ရည်ခွက်ရင်း စကားဖောင်နေအောင်ပြောလို့ မိမိကိုမျှော်နေကြလောက်ပြီဟူသောအတွေးဖြင့် 'ကောင်းခန့်မှူး'မသိမသာ ပြုံးလိုက်မိသေးသည်။

'ကောင်းခန့်မှူး' ခြေလှမ်းကျဲကျဲလှမ်းလာရာမှ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မုခ်ဦးအနီး လမ်းဘေးတစ်နေရာတွင် ကျောင်းသားကတ်လေးတစ်ကတ်ကျနေသည်ကိုတွေ့လိုက်ရသဖြင့် ခြေလှမ်းတုံ့ကနဲရပ်လိုက်ကာ မျက်မှောင်ကုတ်ရင်းလှမ်းကြည့်မိသည်။ ထို့နောက်ကျောင်းသားကတ်လေးတစ်ကတ်တော် မထိန်းသိမ်းနိုင်ရကောင်းလားဟု ထိုသက်ဆိုင်ရာကျောင်းသားကိုအပြစ်တင်လိုစိတ်ဖြစ်မိသည်။ တစ်ဆက်တည်းမှာပင်

"အင်းလေ ...သူ့ခမျာလည်း သူ့ကျောင်းသားကတ်ပျောက်လို့ ဟိုရှာဒီရှာနဲ့ခေါင်းစားနေရှာမှာပဲ ..."ဟူသော စာနာတွေးလေးဝင်လာလျှက်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားကတ်ကို ကောက်ယူလိုက်သည်။

ကျောင်းသားကတ်ကို လက်ထဲလုလုတွင် မဆီမဆိုင်ရင်ခုန်သံတွေ မြန်ဆန်ကျယ်လောင်သွားရသည့်အတွက် လက်ကိုဆတ်ကနဲပြန်ရုတ်မိလျှက် ကိုယ့်အဖြစ်ကိုယ် ပြန်အံ့ဩသွားရသည်။

"ရော် ... ကျောင်းသားကတ်တစ်ကတ်တွေ့လို့ ပိုင်ရှင်ရှာပြီးပြန်ပေးမယ်ဆိုပြီးလုပ်တဲ့ဟာ နေရင်းထိုင်ရင်းရင်ကဘာကြောင့်ခုန်လာရတာလဲ"

'ကောင်းခန့်မှူး'ကိုယ့်ရင်ဘတ်ကိုယ် နားမလည်နိုင်သလို ငုံ့ကြည့်မိပြီးနောက် မြေပြင်ပေါ်ရှိကျောင်းသားကတ်လေးကိုပြန်ကြည့်လိုက်သည်။ ကျောင်းသားကတ်လေးက မြေပြင်ပေါ်မှာ တစ်ဖက်မှောက်လျှက်အတိုင်းလေးပင် မလှုပ်မယှက်ရှိနေလေသည်။

"ေ... ကေန္တ ...ဒီကတ်လေးရဲ့ပိုင်ရှင်ဟာ မိန်းကလေးပဲဖြစ်ရမယ် ...ဒါကြောင့် ...ဒါကြောင့်"

'ကောင်းခန့်မှူး'ထူးဆန်းသောအာရုံခံစားမှုကြောင့် ရင်တဒိတ်ဒိတ်ခုန်နေသည့်ရင်ဘတ်ကို လက်တစ်ဖက်ဖြင့်အသာအယာဖိကာ ကျန်လက်တစ်ဖက်ကို ကျောင်းသားကတ်လေးဆီလှမ်းရသည်။

တကယ်သိုလ်မှာက သည်လိုကစခဲ့တဲ့ဇာတ်လမ်းတွေအများကြီးရှိသည်မဟုတ်လား။

မိန်းမချောလေးတစ်ဦးခများမှာ တစ်နေ့သောအခါ သူ၏နမော်နမဲ့နိုင်မှုကြောင့်မဟုတ်ဘဲ အမှုမဲ့အမှတ်မဲ့ မတော်တဆ ကျောင်းသားကတ်လေး တစ်နေရာရာတွင် ကျပျောက်သွားရသည်။

ကျောင်းသားကတ် ကျပျောက်သူမှာ အခြားသူတစ်ဦးမဟုတ်ဘဲ မိန်းမချောလေးဖြစ်နေသည့်အတွက် နမော်နမဲ့နိုင်သည်ဟု အပြစ်မဆိုရက်ဘဲ အမှုမဲ့အမှတ်မဲ့ မတော်တဆဟူ၍ ဖေးဖေးမမတွေးပေးဖော်ရသော မိမိအတွေးကို မိမိသဘောကျသွားလျှက် ကောင်းခန့်မှူး'အဟီး'ဆိုပြီး မလုံ့တလဲ ရယ်လိုက်မိသေးသည်။ ပြီးမှ အတွေးကို ဆက်ရသည်။

ထိုရောအခါ မိမိကဲ့သို့ ရုပ်ခပ်ဖြောင့်ဖြောင့် ကံထူးရှင်တစ်ဦးက



www.burmeseclassic.com

www.burmeseclassic.com

ထိုမိန်းမချောလေးကျပျောက်ခဲ့သော ကျောင်းသားကတ်ကိုသွားရင်းလာရင်း အမှတ်မထင်ကောက်ရလိုက်သည်။ သွားရင်းလာရင်း အမှတ်မထင်ကောက်ရလိုက်သည်ဟုဆိုရခြင်းမှာ တကူးတကရှာဖွေကောက်တွေ့ခြင်းမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် အချို့အချို့သောကျောင်းသားများသည် ဘယ်ကောင်မလေး ကျောင်းသားကတ် ကျပျောက်နေလေမလဲ။ ရှာတွေ့လို့ကတော့ အပိုင်ပဲ။ ကျောင်းသားကတ်ပြန်ပေးပြီး ဇာတ်လမ်းဆင်ရမယ်ဟူ၍ ဆားချက်သည့် ဂဠုန်မျက်လုံးဖြင့် လမ်းပေါ်တွေ့ရသည့် စက္ကူစုတ်ပါမချန် ပိုက်စိပ်တိုက်ရှာဖွေတတ်ကြခြင်းကြောင့် ဖြစ်ပါသည်။

ကဲ ...ကြည့် ...ကောင်းခန့်မှူးတို့များ ကိုယ့်ဘက်ကိုယ်ယက်တတ်ပုံက ...။

သူများကျတော့ ကိုယ်စွမ်းကိုယ်စနဲ့ ရည်းစားတစ်ယောက်မရနိုင်လို့ အကြံကုန်ဂဠုန်ဆားချက်ဆိုသလို ကျောင်းသူလေးတွေများ ကျောင်းသားကတ်ကျပျောက်ခဲ့နိုးနိုးဆိုပြီး ပြူးပြဲလိုက်ရှာနေလေသတဲ့။ သူကျတော့ ရုပ်ခပ်ဖြောင့်ဖြောင့်နှင့် ကံထူးရှင်တဲ့လေ။ ထားပါတော့။ လိုရင်းကိုဆက်ရဦးမည်။

ထိုရောအခါ ကျောင်းသားကတ်ပိုင်ရှင်မိန်းမချောလေးခမျာ ကျောင်းသားကတ်ပျောက်လို့ ပူပန်သောကရောက်နေရှာမည်ကို ကိုယ်ချင်းစာနာလျက် မိန်းမချောလေးကို နေ့မကူးဘဲတွေ့အောင်ရှာပြီး ကျောင်းသားကတ်လေး သွားပြန်ပေးလိုက်သည်။

ထိုရောအခါမိန်းမချောလေးမှာ ကျောင်းသားကတ်ပြန်ရသည့်အတွက် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာဖြစ်ရုံသာမက ကျောင်းသားကတ်ကိုကောက်ရပြီးပြန်လာပေးသူမှာ မိမိကဲ့သို့ ရုပ်ခပ်ဖြောင့်ဖြောင့်၊ စတိုင်(လ်)မိုက်မိုက်ကျောင်းသားတစ်ဦးဖြစ်နေသည်ကို တွေ့ရသောအခါ ရင်ခုန်သံလှိုင်းလေးတွေ နှစ်တွန့်၊ သုံးတွန့်မကဖြစ်သွားရလေသည်။

ထိုရောအခါကျေးဇူးတင်သည့်အနေဖြင့် ကန်တင်းနှမှာ [illegible] လိုက်ကျွေးပါရစေဆိုပြီး ဖိတ်မန္တကပြုတော့သည်။ ထိုရောအခါ ထိုမှစ၍ နှစ်ဦးသားရင်းနှီးလာကြသည်။ အိုးချင်းထား အိုးချင်းထိ ကြိုးချင်းထား

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ရဲ့တန်ခိုးရှင်မလေးထုဆစ်တဲ့ကောင်းကင်

ကြိုးချင်းငြိဆိုသလို အနေနီးစပ်သည့်နှင့်အမျှ တစ်ဦး၏ရင်ခုန်သံစကားကို တစ်ဦးကြားလာရသည်။

ထိုရောအခါ

"ရောချင်ရော မရောချင်နေကာ ပိုမိုက်တာကွ"

"ဘယ်ကလာ ... ရောချင်ရော မရောချင်နေထက် ရောသမမွှေက ပိုမိုက်တာကွ"

ထိုရောအခါ ကောင်းခန့်မှူး၏ရင်ခုန်သံဓာတ်လမ်းလေး ကောင်းခန်းရောက်ကာမှ ရုတ်တရက်ထွက်ပေါ်လာသည့်အသံများကြောင့် ကောင်းခန့်မှူး လန့်ဖျပ်ပြီးလှည့်ကြည့်လိုက်ရာ မိမိအနီးမှဖြတ်လျှောက်ငြင်းခုန်သွားသော ကျောင်းသားသုံးဦးကိုတွေ့ရသဖြင့် မလုံမလဲဖြစ်ကာ ကျောင်းသားကတ်လေးကို အလျင်အမြန် ကောက်ယူဝှက်လိုက်ရသည်။

မိမိကိုလွန်သွားသည်အထိ ရောလို့ကောင်းဆဲဖြစ်သော ထိုကျောင်းသားသုံးဦး၏ နောက်ကျောကိုကြည့်ရင်း ကောင်းခန့်မှူး ပေါက်ကွဲသွားရသည်။

"တောက်... ကွာ... ဒီမှာ ကောင်းခန်းရောက်နေကာမှ ရောသမမွှေတဲ့ကောင်က မွှေ ... ရောချင်ရော မရောချင်နေတဲ့ကောင်ကနေနဲ့ ... ဘာကောင်တွေမှန်းကို မသိဘူး ... အေး ... မင်းတို့ဘာသာ မရောခင်ဘဲမွှေမွှေ ...ရောပြီးပဲ မွှေ မွှေ ... သမပြီးပဲ မွှေ မွှေ ... မွှေပြီးပဲ သမ သမ ... ဒါပေမဲ့ ငါ့ဓာတ်လမ်းလေးကိုတော့ လာရော လာသမ လာမွှေလို့ မရဘူးကွ မှတ်ထား"

ကောင်းခန့်မှူး ပါးစပ်ပွစိပွစိလှုပ်ကာ ရန်တွေ့ပြောဆိုလိုက်ပြီးနောက် လက်ထဲမှကျောင်းသားကတ်လေးကို ကြည့်လိုက်သည်။ ရင်ခုန်သံတွေ မြန်လာရပြန်သည်။ ကျောင်းသားကတ်ပေါ်မှဓာတ်ပုံလေးကို မြင်ချင်စိတ်ကတား မနိုင်၊ ဆီးမရဖြစ်လာသည်။ ထို့ကြောင့် ရင်တဒိတ်ဒိတ်ခုန်လျက် ကျောင်းသားကတ်ကိုဆုပ်ကိုင်ထားသော လက်ချောင်းလေးများကိုဖြည်းဖြည်းချင်းဖြန့်လိုက်သည်။ ဓာတ်ပုံထဲမှမိန်းမချောလေးနှင့် အကြည့်ချင်း ချက်ချင်းဆိုင်ရမှာ မဝံ့ရဲသဖြင့် မျက်နှာကိုတစ်ဘက်သို့ ဆတ်ကနဲလွှဲလိုက်ရသည်။ အသက်မှန်မှန်ရှူပြီးမှ မျက်နှာကို ဖြည်းဖြည်းချင်းပြန်လှည့်လျှက် ကျောင်းသားကတ်ပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ပုံလေးကို စိတ်လှုပ်ရှားစွာ ကြည့်လိုက်သည်။

"ဟင် ... ဘာ ... ဘာပုံကြီးလဲဟ"

ကျောင်းသားကတ်ပေါ်တွင် အတိုင်းသားတွေမြင်လိုက်ရသော ဓာတ်ပုံကိုမြင်လိုက်ရသည်နှင့် ကောင်းခန့်မှူးတစ်ယောက်ခေါင်းနားပန်းကြီးသွားရသလို ရင်ခုန်သံတွေလည်း တမုဟုတ်ချင်းပျောက်ဆုံးသွားရသည်။ ဆံပင်တိုတို နှင့် မျက်နှာပေါ်မှာ ဝက်ခြံတွေပြည့်နှက်နေရသည့်အထဲ လုံးဘီးလောက်ရှိသော ပါဝါမျက်မှန်ကြီးကိုဟန်မကျ ပန်မကျတပ်ဆင်ထားပြန်လေသည့်အတွက် ကြည့်ရသည်မှာ ဘယ်လိုမှ ပန်တျာမလာ။ ယင်မောင်း၊ ကြွက်ခြောက်သည့်နေရာမျိုးလောက်တွင်သာ အသုံးဝင်နိုင်ကောင်းသည့် ယောကျ်ားလိုလို မိန်းမလိုလို ဓာတ်ပုံရှင်ကိုကြည့်ပြီး ကောင်းခန့်မှူးတစ်ယောက်နေရာတကာ စိတ်ကူးယဉ်တတ်လွန်းသည့် သူ့ကိုယ်သူသာကြိတ်ကျိန်ဆဲမိတော့သည်။

တရှိန်ထိုးပြုတ်ကျသွားသော စေတနာဒီရေနှင့်အတူ ကျောင်းသားကတ်လေးကိုကောက်ရသည့်နေရာတွင်ပင် အသာပြန်ချထားရန် ပြင်ဆင်လိုက်စဉ်မှာပင် ဓာတ်ပုံဘေးရှိ ဓာတ်ပုံရှင်၏နာမည်ကို အမှတ်မထင်တွေ့လိုက်ရသဖြင့် သေချာအောင်ထပ်ဖတ်ကြည့်ရာ 'မနော်မြတ်' ဟူ၍ ရှင်းလင်းစွာရေးသားထားသည့်အတွက်

"ဟင် ... နာမည်က မနော်မြတ်ဆိုပါလား ... ဒါဆို မိန်းကလေးပေါ့ ... ဟွန်း ... နာမည်ဖတ်လိုက်ရလို့သာ မိန်းကလေးမှန်းသိရတယ် .. နာမည်သာမဖတ်မိလို့ကတော့ ကျွန်မမိန်းကလေးပါလို့ ဘယ်လိုကျိန်ပြောပြော အားနာပါးနာလေးတောင် ယုံလို့ရမှာမဟုတ်ဘူး ... သူ့မိဘတွေကိုလည်း အံ့ပါရဲ့ ... သမီးမိန်းကလေးကို ဒီလိုရုပ်ရည်မျိုးထွက်အောင် ဘယ်လိုလုပ်ပြီးများ မွေးလာသလဲ မပြောတတ်ပါဘူး ... ဒီရုပ် ဒီရည်မျိုးသာဆိုလို့ကတော့ မိန်းကလေးမပြောနဲ့ ယောကျ်ားလေးဖြစ်နေရင်တောင် ဘယ်ကောင်မလေးကမှ ယောင်လို့တောင် စိတ်ဝင်စားလို့ရမှာမဟုတ်ဘူး... အေးလေ ပြောမယ်သာ ပြောရတာ... လူရယ်လို့ဖြစ်လာကြတာချင်းအတူတူ ဒါ့လိုရုပ်ဖြောင့်ဖြောင့်တစ်ယောက်လောက် တွေ့ရဖို့ဆိုတာက လွယ်တာမှမဟုတ်တာ ... ရေစက်တစ



www.burmeseclassic.com

www.burmeseclassic.com



တပြုံခဲ့သမျှ ကောင်းမှုကုသိုလ်တွေနဲ့ လက်ရှိပစ္စုပ္ပန်ဘဝရဲ့စိတ်ကောင်းနှလုံးကောင်းရှိမှုတို့ပေါင်းစပ်မိကာမှ လူချောလူလှတစ်ယောက်အဖြစ် ရှားရှားပါးပါးတွေမြင်ရတာလား ...အဟီး"

ဟူ၍တစ်ဘက်သားကို အသားလွတ်ဖွဲ့နှိမ်ပြီး တစ်ဆက်တည်းမှာပင် မိမိကိုယ်မိမိလည်း အစွမ်းကုန်မြှောက်ပင့်လိုက်ရသဖြင့် ကောင်းခန့်မှူးမဖုံးနိုင်မဖိနိုင် ပြုံးဖြီးဖြီးကြီးဖြစ်လာရသည်။ ထိုအခိုက်မှာပင်

"ဟိတ်...ကောင်းခန့်မှူး...ဒီမှာတစ်ယောက်တည်း ဘာဖြစ်နေတာလဲကွ"

ဟူ၍ ရုတ်တရက်ထွက်ပေါ်လာသောအသံကြောင့် လန့်ဖျပ်ပြီး ကပျာကယာလှည့်ကြည့်ရာ နိုင်လင်းကိုတွေ့လိုက်ရသဖြင့်

"အင် ...ဘာ ...ဘာဖြစ်လို့လဲ ...ဘာမှမဖြစ်ပါဘူးကွ"

ဟုမလုံမလဲတုံ့ပြန်ပြောဆိုရင်း နေရာမှထရပ်လိုက်သည်။ ဤသည်ကိုပင် ယုံကြည်သေးဟန်မတူသော နိုင်လင်းကအကဲခတ်သလိုကြည့်ရင်း

"ဘာမှမဖြစ်ဘူးသာဆိုတယ် ...မင်းကြည့်ရတာ ထိုင်ရမလို ထရမလို အနေခက်တဲ့ပုံစံမျိုးနဲ့ ဘာလဲ ...ဝမ်းသျှောနေလို့လား"

ဟုအသံကျယ်ကျယ်ပြု၍ စကားဆက်လာပြန်သဖြင့် ကောင်းခန့်မှူးရှက်စိတ်ဖြင့် ဘေးဘီကိုကပျာကယာလှည့်ကြည့်ငြင်းချက်ထုတ်ရသည်။

"ဘာ ...ဘာကွ ...ငါက ဘာကြောင့် နေရင်းထိုင်ရင်းဝမ်းသျှောရမှာလဲကွ"

"ဩော် ...အေး ...ထင်တော့ထင်သား ...မင်းမျက်နှာကြီး ဒီလောက်ပြုံးဖြီးဖြီးဖြစ်နေမှတော့ ဘယ်လိုလုပ်ဝမ်းသျှောတာဖြစ်နိုင်ပါ့မလဲ ..ဟုတ်တယ်မဟုတ်လား"

ကောင်းခန့်မှူးမလုံမလဲစိတ်ဖြင့် ရင်ထိတ်ကာနဲ့ဖြစ်သွားရကာ ကျောင်းသားကတ်ကိုင်ထားသော လက်ကိုဆတ်ကနဲနေရာရွှေ့လိုက်မိသည်။ ကောင်းခန့်မှူး အမူအရာပျက်သွားသည်ကိုကြည့်ပြီး နိုင်လင်းပို၍မယုံသင်္ကာဖြစ်လာကြောင်း မျက်လုံးများကသက်သေခံနေ၏။ ထိုအခါမှ ကောင်းခန့်မှူးလည်း



www.burmeseclassic.com

www.burmeseclassic.com

မိမိအဖြစ်ကို မိမိပြန်ဆင်ခြင်မိသွားလျက် ဘာမျှမထူးခြားသောမျက်နှာပေးဖြင့် ကုန္ဒြေပြန်ဆည်ရင်း ဖြေကြားရသည်။

"ဩော်... ဘာမှမဟုတ်ပါဘူးကွာ... ဒီမှာကျောင်းသားကတ်လေး တစ်ကတ်ကောက်ရလို့ပါ"

"ဟော ... ဟုတ်လား ... မှန်း ... ပြစမ်းပါဦး ... ကြည့်ကြည့်ရအောင်"

ချက်ချင်းဆိုသလို စိတ်ဝင်စားမှုဒီဂရီတိုးသွားသော နိုင်လင်းမျက်နှာကို အကဲခတ်မိပြီးနောက် ကောင်းခန့်မှူးလည်း မကောင်းကျောင်းပို့ဆိုသလို ယခုကျောင်းသားကတ်လေးကို နိုင်လင်းလက်ထဲထည့်ပေးလိုက်ရန် စိတ်ကူးရလိုက်သည်။ ထို့ကြောင့်နိုင်လင်းပိုမိုစိတ်ပါလာစေရန် ကျောင်းသားကတ်ကို ချက်ချင်းမပေးသေးဘဲ စကားဆက်ခင်းလိုက်သည်။

"အေးကွ ... ဒါဆိုရင်လည်း အတော်ပဲ ... ကျောင်းမှာ မင်းမသိတဲ့လူက ခပ်ရှားရှားဆိုတော့ ဒီကျောင်းသားကတ်ပိုင်ရှင်ကိုလည်း မင်းပဲရှာပြီး ပြန်ပေးခိုင်းရမှာပဲ ... အဲ ... နေဦး ကျောင်းသားကတ်ပိုင်ရှင်ရဲ့နာမည်က မနော်မြတ်တဲ့"

"ဟော ... မနော်မြတ်တဲ့လား ... "

စွံရချည်သေးရဲ့ဟူသောအတွေးဖြင့် နိုင်လင်းမျက်နှာကြီးဖုံးမနိုင်ဖိမရ ပြုံးဖြီးဖြီးကြီးဖြစ်လာသည်ကို တွေ့ရသည်။

"အေးကွ ... ဟုတ်တယ် ... မနော်မြတ်တဲ့ ... အီးမေဂျာက"

"ဟော ... အီး အီးမေဂျာက ဟုတ်လား"

အီးမေဂျာဟုအသံကြားသည်နှင့် ကိုယ်တိုင်ပင် ဝမ်းမနိုင်ဘဲထွက်ကျတော့မလို မျက်နှာပေးဖြစ်သွားသော နိုင်လင်းကိုကောင်းခန့်မှူးအထူးအဆန်းလုပ်ကြည့်ရင်း

"ဒါနဲ့ အဲဒီကောင်မလေးနဲ့ မင်းနဲ့သိလို့လား"

"ဟင့်အင်း သိတော့မသိဘူး"

"ဟွန်း ... မသိဘဲနဲ့များ မင်းဟာကလည်း အသည်းအသန်"



www.burmeseclassic.com

www.burmeseclassic.com



"အဟီး . . . ဒါကတော့ အီးမေဂျာမှာက အချောအလှတွေများတာကိုးကွ . . . အဲလေ ဟုတ်ပါဘူး . . . အီးမေဂျာမှာက ငါနဲ့သိတဲ့သူတွေအများကြီးရှိတယ်ကွ . . . ဒါကြောင့် ဒါကြောင့် . . . ဟီး"

"ဩော် . . . ဒါဆို စုံစမ်းရလွယ်တာပေါ့"

"အေး . . . အဲဒါ အဲဒါ ပြောတာပါ သူငယ်ချင်း ကောင်းခန့်မှူးရဲ့ အဟီး"

"အေးလေ . . . ဒါဆို ငါလည်းတာဝန်ပေါ့တာပေါ့ . . . ဒီမှာ ရော့ ကျောင်းသားကတ် . . . ကျန်တာ မင်းအပိုင်းပဲ . . . ငါသွားတော့မယ်"

"အေး . . . အေးပါကွ . . . စိတ်ချစမ်းပါ . . . ငါ့တာဝန်သာထားလိုက် . . . ဟီး"

နိုင်လင်းကံစမ်းမဲပေါက်သောမျက်နှာဖြင့် ကောင်းခန့်မှူးကမ်းပေးသောကျောင်းသားကတ်ကို အလျင်စလိုလှမ်းယူမည်ပြင်ပြီးမှ ကျောင်းသားကတ်ပေါ်ရှိဓာတ်ပုံကို သတိထားမိသွားပြီး

"ဟာ . . . ဟေ့ . . . ဟေ့ မယူဘူး . . . မင်းကောက်ရတာမဟုတ်လား . . . မင်းကိုစွမင်းရှင်း"

ဟု ပျာပျာသလဲငြင်းလေ၏။ တစ်ဆက်တည်းမှာပင် ကောင်းခန့်မှူးလက်ထဲရှိ ကျောင်းသားကတ်ကို သေချာပြန်ကြည့်ကာ

"ဟွန်း . . . နာမည်နဲ့ မလိုက်အောင် လှုကအရုပ်ဆိုးလိုက်တာ လွန်ပါရော"

ဟုရှုံ့မှတ်ချက်ပေးလေရာ ကောင်းခန့်မှူးလည်း နိုင်လင်းနှင့်တစ်သဘောတည်းဆောင်ကာ

"ဟုတ်ပါ့ကွာ . . . နာမည်ကသာ မနောမြတ် . . . လူကတော့ မြင်ရသူ အရေးပေါ်နလုံးရောဂါရပြီး အရုပ်ကြိုးပြတ်ဖြစ်သွားလောက်တယ် . . . ကြည့်ပါဦး . . . ပုံကိုက မယ်ကုဝဏ်ကို မျက်မှန်တပ်ထားတဲ့ရုပ်မျိုး"

ဟုတစ်ဖက်သားကို အားပါးတရနှိမ်ချပြောဆိုလေသည်။ ကောင်းခန့်မှူး၏ဥပမာကို နိုင်လင်းသဘောကျပြီး တဟားဟားရယ်မောလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟား ဟား ဟား . . . ဟုတ်ပါ့ ဟုတ်ပါ့ . . . မင်းပြောမှပဲမျက်စိထဲ ကွက်ကွက်ကွင်းကွင်း မြင်မိတော့တယ် . . . ဟား ဟား ဟား"

မိမိနှင့်မသိသူတစ်ယောက်ကို နှိပ်ကွပ်ပြောဆိုရာ၌ သဘောကျအားပေးသူပေါ်လာသဖြင့် ကောင်းခန့်မှူး မြှောက်ကြွမြှောက်ကြွဖြစ်လာရသည်။ ထို့ကြောင့် လက်ထဲရှိကျောင်းသားကတ်ကို တစ်ချက်ပြန်ကြည့်ပြီးနောက် လေသံမြှင့်ကာ ငါ့စကားနွှားရဆက်ပြန်၏။

"ဟင်း . . . အားမနာလျှာမကျိုး ဆက်ပြီးဝေဖန်ရေးလုပ်ရဦးမယ်ဆိုရင် အီးတီအထက်လန်အောက်လျှော့ဖြစ်နေလို့ ဆေးစားတာဆေးစားမှားပြီး အလှဲ့ကျိတ်စ်တွေထွက်လာတဲ့ အီးတီမျက်နှာမှာပုလင်းကွဲဖင်တပ်ထားတဲ့ ရုပ်မျိုးနဲ့ . . . လိုက်မှန်းမသိ မလိုက်မှန်းမသိ မှည့်ထားတဲ့ မနောမြတ်ဆိုတဲ့ နာမည်ကို အမဲနှပ်လို့ ပြောင်း . . . ပြောင်း . . ."

"ဘာရှင့်"

သို့သော် နံဘေးမှ ရုတ်တရက်ထွက်ပေါ်လာသော မိန်းမသံစူးစူးကြောင့် စကားကိုဆုံးအောင်မပြောနိုင်ဘဲ ချာကနဲလှည့်ကြည့်ရသည်။

"အို"

မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသည့် လူယောင်ဆောင်ထားသော နတ်သမီးတစ်ပါးကြောင့် ကောင်းခန့်မှူးတစ်ယောက် ထိန်းမနိုင်သိမ်းမရ ရင်ခုန်သံတွေ မြန်ဆန်လာရသည်။ ဤကမ္ဘာလောကဝယ် စာဖွဲ့လို့မကုန်နိုင်ဖွယ် လှပကျော့ရှင်းပေစွသော ရွှေအဆင်းဖြင့်ထုဆစ်အပ်သည့်မိန်းမသားတစ်ယောက်ရှိနေသည်ကို သိခွင့်ရတာနောက်ကျရကောင်းလားဟူ၍ ကောင်းခန့်မှူး မိမိကိုယ်မိမိအပြစ်ဆိုမိချေသည်။

ဝင်းမွတ်နုထွေးသော ပါးပြင်ထက်မှ ပင့်ကူအိမ်သဏ္ဍာန်ရက်ယှက်ထားသည့် သွေးကြောစိမ်းလေးများ၏နှောင်ဖွဲ့ဖမ်းယူခြင်းကို ခံလိုက်ရပြီး သတိပြုမိလိုက်ချိန်မှာ ကောင်းခန့်မှူးတစ်ယောက် ရှန်းထွက်နောက်သို့သွားလေပြီဆိုသည်ကို မိမိဘာသာ ခေါင်းညိတ်ဝန်ခံလိုက်မိသည်။

ဖြူလွှစင်ကြယ်သော အသားအရည်နှင့်လိုက်ဖက်[illegible]တင့်တယ်လှသော

www.burmeseclassic.com

www.burmeseclassic.com



ရှည်လျားနက်မှောင်သည့်ဆံနွယ်များနှင့် တစ်ဘဝစာထိတို့ကျိစယ်ခွင့်ကို ချည်ခြင်းတပ်မက်မိလေသူ မိမိ၌အပြစ်ဆို၍ မြူတစ်မှုန်မျှမရှိတန်ရာ။ ဝင်သက်ထွက်သက်ကို မေ့လျော့စေသည်အထိ လူတစ်ဖက်သားအပေါ်လွှမ်းမိုးဆွဲဆောင်နိုင်လွန်းပေသည့်လှနိုင်ရက်သူ လူယောင်ဆောင်နတ်သမီး၌သာ အပြစ်စင်စစ်ရှိပေတော့သည်။ သို့ပေမယ့် မိမိအလှတရားကို မသိကျိုးကျွန်ပြုထားသော သူမ၏မျက်ဝန်းနက်တစ်စုံကမူ တဆိတ်ခက်ထန်လွန်းသည် ထင်သည်။

"ဟိတ် ...ဒီမှာ မေးနေတယ်လေ ...ဘာကြည့်နေတာလဲ"

"ဗျာ ...ဪ ...အင်း ...အင်း ...ဘာမေး မေးတာလဲ"

"ဘာ မသိချင်ယောင်ဆောင်နေတာလဲ ...ရှင်စောစောကပြောနေတဲ့ မယ်ကုဝဏ်မျက်မှန်တပ်ထားတဲ့ရုပ်ဆိုတဲ့ ကိစ္စကို မေးနေတာ"

"ဟင် ...ဒါ ...ဒါလား ...ဒါက ဟို ...ဟိုဟာလေ"

ရန်လိုစွာဆူဆောင့်ပြောဆိုလေသော သူမ၏အရိပ်အခြည်ကို ကြည့်ပြီး ကောင်းခန့်မျိုးနားမလည်နိုင်သလိုဖြစ်ရကာ စစ်ကူတောင်းသောအားဖြင့် နိုင်လင်းကိုမေးဆတ်ပြလိုက်၏။ နိုင်လင်း တစ်ခုခုဝင်ပြောမည်ပြုစဉ်မှာပင် သူမနှင့်အဖော်ပါလာသူ မချောနှစ်ဦးကလည်း ဝင်ရန်ထောင်ကြပြီး

"အမယ် ...ခုမှ ဘာအူကြောင်ကြောင်လုပ်နေတာလဲ ...နှင့်ပါးစပ်ကပဲပြောတာ ငါတို့နားနဲ့ဆတ်ဆတ်ကြားတာ ဘာတဲ့ ရှိပါသေးတယ် ...အီးတီအထက်လန်အောက်လျှောဖြစ်ပြီး ဘာဖြစ်တယ်ဆိုလား"

"ဪ ...နင်ကလည်း ...အထက်လန်အောက်လျှောဖြစ် နေရာကဆေးစားမှားပြီးအလာ့ဂျိတ်စ်တွေထွက်နေတဲ့အီးတီမျက်နှာမှာ ပုလင်းဖင်ကွဲကပ်ထားတဲ့ရုပ်မျိုးဆိုပြီး ပြောတာလေ"

သူမ၏ သူငယ်ချင်းတစ်ဦးက ကောင်းခန့်မျိုးပြောခဲ့သည့်စကားကို မေ့သွား၍ ကျန်တစ်ယောက်ကဖြည့်စွက်ထောက်ပေးလိုက်သေး၏။

"အေး ...ဟုတ်တယ် ဟုတ်တယ် ...အဲ နေပါဦး ...ရှိပါသေးတယ် ...အဲလို အီးတီမျက်နှာမှာပုလင်းကွဲဖင်တပ်ထားတဲ့ရုပ်မျိုးနဲ့ လိုက်မှန်းမသိ မလိုက်မှန်းမသိမှည့်ထားတဲ့ မနော့မြတ်ဆိုတဲ့နာမည်ကိုအမဲနှပ်လို့ပြောင်း



www.burmeseclassic.com

www.burmeseclassic.com

ပစ်ရမယ်ဆိုပြီးလည်း ပြောသေးတယ်လေ''

သူငယ်ချင်းနှစ်ဦး၏ အားဖြည့်ရန်ထောင်မှုအပေါ် သူမအားရဟန်ဖြင့် ကောင်းခန့်မှူးကို ပိုရှုံ့စူးစူးဝါးဝါးကြည့်ကာ

''ကဲ ... ပြောစမ်း တစ်ဖက်သားကွယ်ရာမှာ အဲဒီလိုပရမ်းပတာကဲ့ရဲ့နှိမ်ချပြောဆိုတဲ့ကိစ္စတွေအတွက် ဘယ်လိုရှင်းချက်ပေးမလဲ''

ဟုတရားခံကို စစ်မေးနေသည့် တရားလိုရှေ့နေ၏လေသံဖြင့်ဆိုလာသည့် သူမကိုကြည့်ရင်း မနောမြတ်ဆိုသောကောင်မလေးနှင့် သူမတို့တစ်နည်းတစ်ဖုံပတ်သက်နိုင်သည်ဟု ရိပ်မိသလိုလိုရှိလာရသည်။ သို့သော် ဟန်ကိုယ့်ဖို့မာန်သူ့ဖို့ ဆိုလေသည့်အတိုင်း

''အဲဒါနဲ့ ... ဒီက မယ်မင်းကြီးမတို့နဲ့ ဘာဆိုင်လို့လဲ''

''ဘာလို့မဆိုင်ရမှာလဲ ... နင်မှိုချိုးမျှစ်ချိုးပြောနေတဲ့ မနောမြတ်ဆိုတာ ငါပဲ''

''ဟင် ... ဟုတ် ... ဟုတ်လို့လား''

သူမထံမှထင်မှတ်မထားဘဲထွက်ပေါ်လာသည့်စကားကြောင့် ကောင်းခန့်မှူး နှလုံးခုန်ရပ်ချင်သလိုလိုဖြစ်သွားရသည်။ နိုင်လင်းသည်လည်းမျက်စိမျက်နှာပျက်သွားလျှက်ပြေးလမ်းရှာနေလေပြီ။ သူမပြောသည်ကို ကောင်းခန့်မှူးမယုံနိုင်သေးဘဲ လက်ထဲရှိကျောင်းသားကတ်ပေါ်မှဓာတ်ပုံကိုပြန်ကြည့်သည်။

''ဟို ... မဟုတ် ... မဟုတ်သေးဘူး ထင်တယ်နော် ... ဓာတ်ပုံထဲကရုပ်နဲ့ အခုပြင်မှာမြင်နေရတဲ့ရုပ်နဲ့က တခြားစီဖြစ်နေတယ်''

''ဖြစ်မှာပေါ့ ... အဲဒီဓာတ်ပုံက ဆယ်တန်းစာမေးပွဲဖြေပြီးကတည်းကရိုက်ထားတဲ့ပုံပဲ''

သူမ၏သူငယ်ချင်းမတစ်ဦးက ကြားဝင်ရှင်းလင်းပြသည်ကို ကောင်းခန့်မှူး လက်ခံရန်ခက်ခဲဆဲဖြစ်ဟန်ဖြင့်

''မဟုတ် ... မဟုတ်သေးဘူးလေ ... ဒီ ဒီဓာတ်ပုံထဲမှာက မျက်နှာမှာလည်း ဝက်ခြံတွေနဲ့ ... နောက်ပြီး ပါဝါမျက်မှန်ကြီးကလည်းတပ်ထားသေးတယ် ... ဆံပင်ကလည်း ငုတ်စိတို ... တို''



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ရဲ့တန်ခိုးရှင်မလေးထုဆစ်တဲ့ကောင်းကင်

ဟု ဆင်ခြေတက်သည်ကို သူမနှင့်အဖော်ပါလာသူ နောက်တစ်ဦးက

"အို... ဒါက မျက်စိအားနည်းချင်သလိုလိုဖြစ်လို့ ဆရာဝန်ခဏ တပ်ခိုင်းလို့တပ်ထားတာ ...အခုမျက်စိပြန်ကောင်းသွားလို့ပြန်ဖြုတ်လိုက်ပြီလေ မရဘူးလား"

"ဩော် ...ဒီလိုလား ...ရ ...ရပါတယ်"

"နှင့်ကြီးတော် ဝက်ခြံဆိုတာရော ထွက်ပြီးရင်ပျောက်လို့မရတော့ဘူးလား"

"ဟာင် ...အဲ ...ရ ...ရပါတယ်"

"နှင့်ဘကြီးဆံပင်တွေကရော ညှပ်ပြီးပြန်ရှည်လို့မရတော့ဘူးလား"

"ဩော် ...ရ... ရပါတယ်"

"ရရင်လည်း အပိုတွေလျှောက်ပြောမနေနဲ့...ငါ့သူငယ်ချင်း ကျောင်းသားကတ်ပြန်ပေး"

"ဩော် ...အင်း ...ရ ...ရပါတယ်"

ကောင်းခန့်မှူး လက်ထဲမှကျောင်းသားကတ်ကို သူမ၏သူငယ်ချင်း ထံကမ်းပေးပြီး သူမကိုကြည့်မိပြန်သည်။ သူမအတော်လှသည်။ အခဲကြေနိုင်သေးဟန်မတူသော သူမက ကောင်းခန့်မှူးကို မျက်စောင်းတစ်ချက်ထိုးပြီး

"ဘာကြည့်တာလဲ"

ဟုဆက်လက်ရန်ထောင်လေရာ ကောင်းခန့်မှူးလည်းရှေ့ရှည်အကျိုးကိုမျှော်ကိုးကာ မျက်နှာကိုအချိုသာဆုံးပြုံးလျက်

"အဟဲ"

ဟုရယ်ပြသည်ကို သူမနှင့်တကွ သူမ၏သူငယ်ချင်းနှစ်ယောက်ကပါ လိုလားလက်ခံလိုဟန် အလျဉ်းမရှိဘဲ

"ဘာ အဟဲ လဲ"

ဟုခက်ထန်စွာ တုံ့ပြန်လေရာ ကောင်းခန့်မှူးဇက်ကလေးပုသွားပြီး နိုင်လင်းကိုလှည့်ကြည့်သည်။ နိုင်လင်းလည်းပြောရဲဆိုရဲဖြစ်ဖို့ ယခုမှအားမွေးနိုင်သကဲ့သို့သော လေသံဖြင့် စကားဝိုင်းထဲဝင်လာ၏။

www.burmeseclassic.com

"ဩော် … ဒါ ဒါက ဒီလိုပါ … ကျွန်တော့်သူငယ်ချင်းနာမည်က ကောင်းခန့်မှူးတဲ့"

"ရှုပ်ရှုပ်ယှက်ယှက် … အဲဒီနာမည်သိတော့ ဘာလုပ်ရမှာလဲ"

သူမဘော်ဒါတစ်ယောက်ကဘုဝင်တောသဖြင့် နိုင်လင်းဘာဆက်ပြောရမှန်းမသိသောမျက်နှာဖြင့်

"ဩော် … ဟုတ်ကဲ့ ဟုတ်ကဲ့ … ကျွန်တော့်နာမည်က နိုင်လင်း"

"သေလိုက်ပါလား"

"အန်"

နိုင်လင်း အရေးမလှသည်နှင့် ကောင်းခန့်မှူးကိုကြည့်၏။ ထိုစဉ်မှာပင် မချောတို့ထံမှတိုက်ခိုက်ချေမှုန်းရေးစကားများ ဟန်ချက်ညီညီထွက်ပေါ်လာကြ၏။

"ဟွန်း … တို့သူငယ်ချင်း ဖြူဖြူချောချောလေးကိုများပြောရက်လိုက်တာ အံ့ပါရဲ့"

"အေးလေ ယောက်ျားတွေတန်မဲ့ … ဟင်း သူတို့ကိုယ်သူတို့ရောသတိထားမိရဲ့လားမသိဘူး … ဟဲ့ ရည်မွန် … ဒီတစ်ယောက်ကိုကြည့်ကြည့်စမ်း … ငှက်တုပ်ကွေးမိလို့ ကတ္တရာလမ်းပေါ်ပြုတ်ကျပြီး နှုတ်သီးကျိုးသေနေတဲ့ တောကျီးကန်းရုပ်နဲ့"

"ဟင်"

နိုင်လင်း ကိုယ့်ပါးစပ်ကိုယ်ယောင်ပြီး စမ်းကြည့်မိ၏။

"ဟုတ်ပ! နှင်းမိုးရယ် … ဟွန်း နောက်တစ်ယောက်ကျတော့လည်း ကြည့်ပါဦး … မျောက်လွှဲကျော် မိကျောင်းအကိုက်ခံရတဲ့ရုပ်"

"ဟင်"

ကောင်းခန့်မှူး ကိုယ့်နောက်ကျောကိုယ် မလုံမလဲလှည့်ကြည့်မိ၏။

"အို … နင်တို့ကလည်း ဒါဘာဟုတ်သေးလဲ … ဟို နိုင်လင်းဆိုတဲ့ အရူကြောင်ကျားကိုကြည့်ပါလား … ခေါင်းပေါ်အုန်းသီးကြွေကျလို့ ကမ္ဘာ့ထိုးထွက်ပြေးရာက ချိုးကားတိုက်မိပြီး ဂန့်သွားတဲ့ အာဖရိကမျောက်ရှုပ်ကြီး"

www.burmeseclassic.com



"ဟင်"

"ဟယ် ... ဟုတ်တယ် ဟုတ်တယ် ... ခစ် ခစ် ခစ်"

သူငယ်ချင်းများနှင့် အလိုတူအလိုပါ ဝင်ရောက်ပူးပေါင်းတိုက်ခိုက်လိုက်သော အချောအလှလေး မနော်မြတ်စကားကြောင့် နိုင်လင်းခန္ဓာကိုယ်နောက်သို့တစ်ချက်ယိုင်သွားရသည်။

"ဘာပဲပြောပြောနိုင်လင်းနဲ့စာရင် ကောင်းခန့်မှူးဆိုတဲ့လူကမှ နည်းနည်းတော်သေးတယ်"

ဘာပဲပြောပြော သည်လောက်စိတ်ဆိုးဒေါသထွက်သည့်ကြားက မိမိ၏ရုပ်ရည်ချောမောမှုကို သူမအသိအမှတ်ပြုဖော်ရသားပဲဟူသော အတွေးဖြင့် ကောင်းခန့်မှူး ကျေနပ်ပီတိဖြစ်သွားရသည်။ သို့သော်

"ဓာတ်တိုင်ပေါ်တက်ပြီး ဓာတ်ကြိုးတက်ခိုးဖြတ်ရင်း ဓာတ်လိုက်နေတုန်းမိုးကြိုးပစ်ခံရလို့ မဆလာဖျော်စက်ထဲဖောက်ထိုးပြုတ်ကျပြီး လမ်းကြိတ်စက် ကြိတ်ခံထားရတဲ့ရုပ်"

ဆိုသော နောက်ဆက်တွဲစကားကြောင့် ကျောချမ်းကြက်သီးထပြီး ဆံပင်တွေ ထောင်သွားရသည်။ သည်နေရာမှာ သည်အတိုင်းဆက်ရပ်နေလျှင် သည့်ထက်အဖြစ်ဆိုးသော ရုပ်ရည်မျိုးတွေထွက်ပေါ်လာနိုင်ကောင်းသော ကံကြမ္မာကိုရိပ်မိကြသည်မို့ ကောင်းခန့်မှူးနှင့်နိုင်လင်းတို့နှစ်ယောက်သား တိုင်ပင်နေစရာမလိုဘဲ တစ်သဘောတည်းဆောင်ကာ

"ဟို ... ဟိုလေ လူကို အဲလောက်ကြီးမြှောက်ပြောနေတာ မနေတတ်တော့လို့ သွားတော့မယ်နော် ... အဟဲ"

ဟူ၍အရှူးဇာတ်ခင်းပြီး သူမတို့ရှေ့မှ ခြေကုန်သုတ်ကြရလေသည်။ မနော်မြတ်ဆိုသောသူမကတော့ အောင်နိုင်သူတစ်ယောက်ပီပီ သူငယ်ချင်းနှစ်ယောက်နှင့်အတူ မိန့်မိန့်ကြီးပြုံးလျှက်ကျန်ရစ်ခဲ့မည်ထင်ပါသည်။

မည်သို့ပင်ဖြစ်စေ ချစ်ဖွယ်ကောင်းသော ဝင်းပပစုသူလေး၏နှာကလေးကတော့ ကောင်းခန့်မှူးသွားလေရာအရပ်ကို ကြိုရောက်နှင့်တတ်သည်ကတော့ မဆန်းဟုသာ ဆိုချင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အို ... မနောမြတ်ဆိုသော သူမ။

နင်ဟာ လှုပယောင်ဆောင်ထားတဲ့ နတ်သမီးတစ်ပါးလား။ လူသား စင်စစ်ပေလား။ ငါသိချင်စမ်းပါဘိ။

မည်သို့ပင်ဖြစ်စေ ... ငါ့ရင်ခုန်သံကို ဘယ်သောအခါမှ ရပ်တန့်၍ မရအောင်နင်ပြုစားခဲ့ချေပြီမို့ ငါ့ရင်ခုန်သံနှင့်ပတ်သက်လေသမျှ ကိစ္စအဝဝသည် နင့်တာဝန်သာဖြစ်ချေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

။ ၂ ။

"ဝါး ဟား ဟား ဟား"

"ဟား ဟား ဟား"

အထိနာခဲ့လေသမျှနိုင်လင်းပြန်ဖောက်သည်ချတာကို နားထောင်ပြီး
ကျော်ဇေတို့အုပ်စု အားမနာတမ်းရယ်မောကြလေသည့်အတွက် ကောင်းခန့်မှူး
လည်းမတတ်သာဘဲရောယောင်လိုက်ရယ်နေရသည်။ သို့သော်မချိုလွှားဖြုံ့မှုသာ
ဖြစ်သည်ကို ကိုယ်တိုင်ပဲအသိဆုံးဖြစ်သည်။ ရယ်သံများမဆုံးခင်ကျော်ဇေ

"အေးကွ...ငါက ငါတို့အဖွဲ့ထဲမှာ ကောင်းခန့်မှူးကိုရုပ်အဖြော
ဆုံးဆိုပြီး အမှတ်အပြည့်ပေးထားတာ ... အခု မနောမြတ်တို့အုပ်စုနဲ့တွေ့မှ
အရှိကိုအရှိအတိုင်း မြင်မိတော့တယ်... ဘာတဲ့....မျောက်လွှဲကျော် မိ
ကျောင်းအကိုက်ခံရတဲ့ရုပ် ဟုတ်လား ...ဟား ဟား"

ဟူ၍စကားစ ဆက်ထောက်ပေးလေရာ အားလုံးပွဲကျပြီးရယ်မောကြ
ရပြန်သည်။

"ဝါး ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com

အားလုံး ရယ်လို့ကောင်းကုန်းမှာပင် အောင်သီက ရယ်ရှိန်မသတ်နိုင်သေးသော လေသံဖြင့်

"အို ...ကောင်းခန့်မှူးတို့ ဥပဓိရုပ်ကောင်းပုံများ ဒီထက်တောင်ပိုသေး ...ဓာတ်တိုင်ပေါ် ဓာတ်ကြိုးတက်ခိုးဖြတ်ရင်း ဓာတ်လိုက်နေတုန်း မိုးကြိုးပါ အပစ်ခံလိုက်ရသေးဆိုတော့ ဝါး ဟား ဟား"

ဟူ၍စကားမဆက်နိုင်ဘဲ တစ်ဝက်တစ်ပျက်ပြောပြီး ရယ်မောလေရာ နေဦးက

"ဩော်...မင်းကလည်း ကိုယ့်သူငယ်ချင်းကိုချီးမွမ်းရင်လည်းစကားဆုံးအောင်ပြောပြီး ချီးမွမ်းမှပေါ့ကွ...ဓာတ်လိုက်ပြီး မိုးကြိုးပစ်ခံရရုံနဲ့မပြီးသေးဘူး...မဆလာဖျော်စက်ထဲပြုတ်ကျပြီး လမ်းကြိတ်စက်နဲ့ အဆစ်အကြိတ်ခံလိုက်ရသေးဆိုတော့ ဒီကောင့်ရုပ်ဘယ်လောက်တောင် ဖြောင့်သွားသလဲဆိုရင် ယပ်တောင်ထက်တောင် ပြားချပ်ပြီး ဖြောင့်သွားသေးသဗျာ"

ဟုဖြည့်စွက်ပြောဆိုပြီး ဟာသဖောက်ရာ အားလုံးရယ်သက်ရှည်ကြရပြန်သည်။

"ဟုတ်ပါ့ကွာ ဟုတ်ပါ့...တန်းကနဲနေအောင် မြင်ယောင်မိပါ့ဝါး ဟား"

"ဟား ဟား ဟား"

ပါးစပ်မပိတ်တမ်း တဟားဟားရယ်နေသော သူငယ်ချင်းများကိုကြည့်ပြီး ကောင်းခန့်မှူးမခံချိမခံသာဖြစ်လာရကာ နိုင်လင်းကိုဖျတ်ကနဲလှည့်ကြည့်မိသည်။ နိုင်လင်းသည်ကား မနောမြတ်တို့အုပ်စုနှိပ်ကွပ်ခြင်းခံရသည့်အထဲ သူ မပါသည့်အတိုင်း အခြားသူများနှင့်လိုက်လံရောနှောရယ်မောနေသည်ကိုတွေ့ရသည်။ သူခံရသည့်ကဒ်များချန်ထားပြီး ကောင်းခန့်မှူးခံရသည့် ဇာတ်ကွက်များကိုသာရွေးချယ်ပြောပြရင်း အားလုံးကိုပွဲကျစေသူ နိုင်လင်းကို ကောင်းခန့်မှူးတင်းသွားရသည်။ ထို့ကြောင့် သည်ကောင်တွေ မိမိကိုလှောင်ပြောင်စကားဆက်ပြီး မပြောလာခင်လက်ဦးမှုယူ လှည့်စားချေသောအားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ...မင်းတို့က ငါခံရတာပဲကြားပြီး ရယ်နေကြတယ် .. ဟိုကောင်သေချင်းဆိုး နိုင်လင်းမရှုမလှခံရတာကျတော့ မင်းတို့သိမှ မသိတဲ ကိုးကွ"

ဟုစကားကြောင်းပေးလိုက်သည်နှင့် အားလုံး၏အကြည့်များ ကောင်းခန့်မှူးထံ စုပြုံကျလာလျှက်

"ဟေ ...ဟုတ်လား"

ဟုရှုံ့သိလိုစိတ်ပြင်းပြသည်ကို ဖော်ပြကြသည်။ နိုင်လင်းဇက်ကလေး ပုသွားသည်။ ကောင်းခန့်မှူး ခေါင်းတစ်ချက်ညိတ်ပြပြီးမှ နိုင်လင်းအားနှိပ် ကွပ်ရေးစကားဆို၏။

"မင်းတို့နှယ် ...ဟိုက သူ့ရုပ်ရည်ကိုကြည့်ပြီး ဘာပြောတယ်မှတ် လဲ ...ငှက်တုပ်ကွေးမိလို့ ကတ္တရာလမ်းပြုတ်ကျပြီး နှုတ်သီးကျိုးသေနေတဲ့ တောကျီးကန်းရုပ်တဲ့လေကွာ"

"ဝါး ဟား ဟား ဟား"

ဂန္ထဝင်ဆိုင်လေးထဲတွင်ရယ်သံများ အုန်းကနဲပွက်ညံသွားပြန်သည်။

"ဩော်...ဒါကတော့ သူတို့ပြောမှမဟုတ်ပါဘူး ...ငါတို့လည်းဒီ ကောင့်ရုပ်ရည် ဒီပုံပေါက်နေတယ်ဆိုတာ အစောကြီးကတည်းကသိပြီး သွားပါ"

"အေးကွ ...ဒါလည်း ဟုတ်တာပဲ ...ဟား ဟား ဟား"

ရယ်ကောင်းတုန်း ဟာသဝင်ဖောက်လိုက်သောအောင်သီစကား ကြောင့် အားလုံးရယ်လက်စမကုန်နိုင်ဘဲဖြစ်ကြရပြန်သည်။ မျက်နှာကြီးရှုံ့မဲ့ သွားသော နိုင်လင်းကိုကြည့်ပြီး ကောင်းခန့်မှူးဆက်နှက်ပြန်၏။

"နေဦးကွ...ရှိသေးတယ် ...ဒီကောင့်ရုပ်က ခေါင်းပေါ်အုန်းသီး ကြွေကျလို့ ကမူးရှူးထိုးထွက်ပြေးရာကချီးကားတိုက်မိပြီးဂန့်သွားတဲ့ အာဖရိက မျောက်ဝံရုပ်တဲ့"

"ဝါး ဟား ဟား ဟား"

ရယ်မောခြင်းနှင့်မိတ်ဖွဲ့ထားဟန်တူသော စကားဝိုင်းလေး ရယ်



www.burmeseclassic.com

www.burmeseclassic.com

သံတွေ မဆိတ်သုဉ်းစေလိုသောဆန္ဒဖြင့် နေဦးက

"အေးကွ . . . ဒါကြောင့် ဒီကောင့်ရုပ်ကြည့်ရတာ နံပါတယ်လို့ ထင်နေတာ . . . လက်စသတ်တော့ ချီးကားတိုက်ခံထားရလို့ကိုး"

ဟုပြောဆိုလေရာ ရယ်သံတွေ ဆတိုးသွားရသည်။

"အေးကွ . . . ဖြစ်နိုင်တယ် ဟား ဟား"

"ဟား ဟား ဟား"

နိုင်လင်း ပိသသလေးနှင့်ခေါင်းထုခံလိုက်ရသော ငါးခူတစ်ကောင်လို ဖြစ်သွားရသည်။ ခံရသူချင်းအတူတူ မိမိကိုသုံးစားလို့မရအောင် နှိမ်ချတ်နေသော ကောင်းခန့်မှူးကို နိုင်လင်းဘုရှုံ့ရှုံ့လိုက်ပြီးနောက် စကားကိုဆက်၏။

"ဟွန်း . . . ဒီကောင်က မနော့မြတ်ရဲ့ကျောင်းသားကတ်ကိုင်ပြီး နောက်မကြည့်ဘဲ ရှေ့မှာပြောချင်ရာစွတ်ရွတ်ပြောနေတုန်း အနားမှာ ဘယ်တုန်းကတည်းကရောက်နေမှန်းမသိတဲ့ မနော့မြတ်တို့အဖွဲ့ ဒေါသပုပ်ထပြီး ဒီကောင်ကို လက်ပစ်ဖုံးနဲ့ဝိုင်းထုတာ . . . အဲ . . နေရင်းထိုင်ရင်း မဆီမဆိုင် ငါပါအဆစ်တွယ်ခံလိုက်ရတာ . . . ဒီကောင်အသုံးမကျလို့ပေါ့ကွ"

မြွားဦးက မိမိဘက်ပြန်လှည့်လာပြီမှန်း ကောင်းခန့်မှူးနားလည် လိုက်သည့်အတွက် ကြိုတင်ကာကွယ်သောအားဖြင့် စကားလမ်းကြောင်း ပြောင်းရန်ပြင်ဆင်လိုက်စဉ်မှာပင် သည်ဇာတ်လမ်း၏အဓိကဇာတ်ဆောင် တစ်ဦးဖြစ်သူ မနော့မြတ်ကို ဂန္ထဝင်ဆိုင်နှင့်ကပ်လျက်တည်ရှိရာ Non Stop ဆိုင်တွင် သူငယ်ချင်းများနှင့်အတူ အအေးထိုင်သောက်နေသည်ကို အမှတ် မထင်တွေ့မြင်လိုက်ရ၍ ရင်ခုန်သံတွေမြန်သွားရသလို နှုတ်ဖျားမှလည်း

"ဟင် . . . မနော့မြတ်"

ဟူ၍ လွှတ်ခနဲရေရွတ်မိလိုက်သည်။ မနော့မြတ်ဆိုသောအသံကို ကြားရသည်နှင့် ကျော်ဇေတို့အားလုံးလည်း

"ဟင် . . . ဘယ်မှာလဲ အမဲနုပ် . . . အဲလေ မနော့မြတ်"

ဟု သံပြိုင်ရွတ်ဆိုပြီး ကောင်းခန့်မှူး စိတ်လှုပ်ရှားစွာကြည့်ရှုနေရာ Non Stop ဆိုင်အတွင်း ပြုံးပြုံလှမ်းကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာလေကွာ... ကောင်မလေးလေးယောက်ထိုင်နေတာတွေ့ တယ်မဟုတ်လား ...အဲဒီထဲက ဆံပင်ရှည်ရှည်အသားဖြူဖြူလေးနဲ့ ...အဲ ...အခု ခြေဟန်လက်ဟန်နဲ့ စကားပြောနေတဲ့ တစ်ယောက်ကိုပြောတာ"

နိုင်လင်း မသိမသာ လက်ညှိုးညွှန်ပြရာသို့ကြည့်ပြီး အားလုံးလည်း ရင်သပ်ရှုမော ဖြစ်ကုန်ကြလျက်

"အားပါး ...လှလိုက်တာ ရက်ရက်စက်စက်ပဲ"

"ဟုတ်ပါ့ကွာ ...တော်ရုံမင်းသမီးလောက်တော့ သနားတယ်ပဲ"

"ကောင်းခန့်မှူးတို့များ ဒီလို ပြစ်မျိုးမဲ့မထင်အလှရှင်လေးကိုမှ သူ့အမျိုးအဆွေတွေဖြစ်တဲ့ မယ်ကုဝဏ်တို့ အီးတီတို့နဲ့နှိုင်းရတယ်လို့ ရိုင်းပါပေ့ကွာ"

ဟူ၍ အသီးသီး အသက အသက မနောမြတ်အလှငြိကာ ဖွဲ့ကုန်ကြလေသည်။ ထိုအခိုက်မှာပင် မနောမြတ်တို့လည်း ကျသင့်ငွေရှင်းပေးပြီး နေရာမှထလေရာ ကောင်းခန့်မှူးရင်ထဲ ဟာတာတာဖြစ်သွားရသည်။

"ဟား... ဟိတ်ကောင် ...ကောင်းခန့်မှူး... ခေါ်မကြား အော်မကြားနဲ့ အကောင်းပကာတိကြီးကနေ ဘာဖြစ်သွားရတာလဲ"

"ကေန္တ ...မတည့်တဲ့အစာတွေစားမိလို့ အစာအဆိပ်သင့်ပြီး ငုတ်တုတ်ကြီး အသက်ထွက်သွားတာပဲဖြစ်ရမယ်"

"အေးကွ... မျက်တောင်လည်းမခတ်၊ အသက်လည်းမရှူနဲ့ ...နာရေးကူညီမှုအသင်းကိုဖုန်းဆက်ပြီး အလောင်းကို မြန်မြန်မီးသဂြိုဟ်စက်ထဲ ပို့နိုင်းမှဖြစ်မယ်"

"ဝါး ဟား ဟား ဟား"

တစ်ယောက်တစ်ပေါက်ပြောဆိုပြီး 'ဝါး' ကနဲ ရယ်မောလိုက်ကြသော သူငယ်ချင်းများ၏အသံကြားမှ မနောမြတ်ကို မြင်ကွင်းမှပျောက်ဆုံးသည်ထိ ငေးငိုက်ကြည့်မိနေသော ကောင်းခန့်မှူးလည်းဖျတ်ကနဲသတိပြန်ကပ်လာရသည်။ ဒါတောင် အစွဲမကျွတ်သေးဘဲ

"လှလိုက်တာ မနောမြတ်ရယ်"

www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ရင်တွင်းစကားကို နှုတ်ဖျားပေါ်တင်ဖြစ်အောင် တင်လိုက်မိလေရာ သူငယ်ချင်းများတစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ရယ်ပွဲဖွဲ့ကျလေသည်။ ထို့နောက် ကျော်ဇော

"စိတ်လျှော့ ဒကာ ...စိတ်လျှော့ ...ဒီဘဝမှာ ဒီသူငယ်မနဲ့ ဘယ်လိုမှမဖြစ်နိုင်တော့ပါဘူး"

ဟုပြောင်ချော်ချော် မျက်နှာပေးဖြင့် အားပေးစကားဆိုသကဲ့သို့ အောင်သီကလည်း

"ဟင် ...ဟိုက သူ့ကိုရစရာမရှိအောင်ပြောထားလို့ ဒီလောက်စိတ်နာနေတဲ့ဟာကို အမှတ်မရှိဘဲလှလိုက်တာမနေ့ာမြတ်ရယ်လို့လုပ်နေသေးတယ် ဒီတစ်ခါဆို သူကမင်းကို လမ်းကြိတ်စက်နဲ့တင် မကဘူး ...ကွန်တိန်နာကားဆယ်စီးလောက်နဲ့ အပေါ်ကထပ်ဖိနိုင်းထားဦးမှာ သဘောပေါက်"

ဟုဖေးဖေးမမပြောဆိုပေးလေရာ ကျန်သူများအားလုံးဝိုင်းရယ်ကြ၏။ မရယ်နိုင်သူကတော့ ကောင်းခန့်မျှူးသာဖြစ်ချေသည်။ ရင်ထဲမှာခံစားနေရသမျှကို သူငယ်ချင်းများရှေ့မှာဖွင့်ဟဝန်ခံပါမှ နေသာထိုင်သာရှိတော့မည့်အရေးမို့ ကောင်းခန့်မျှူးလည်း ရှက်ရွံ့မနေအားတော့ဘဲ

"ဘာပဲဖြစ်ဖြစ် ...ငါတော့ မနေ့ာမြတ်ကိုချစ်မိနေပြီ"

ဟု အတိအလင်းကြေညာလိုက်လေရာ သူငယ်ချင်းများ ဂိုယ်စီမျက်လုံးပြူးသွားကြသည်။ အားလုံးထဲမှ သတိရှိဟန်တူသော ဝဏ္ဏက

"မင်းတကယ်ပြောနေတာလား ကောင်းခန့်မှူး"

ဟု မယုံနိုင်သလိုမေးသည်ကို ကောင်းခန့်မှူး ခေါင်းညိတ်ပြလျက်

"ဒါမျိုးက နောက်ပြောင်ပြောစရာမှမဟုတ်တာ ...မင်းတို့မသိဘူးငါ သူ့ကို မြင်လိုက်ရတဲ့အချိန်ကစပြီး သူ့မျက်နှာလေးပဲ စက္ကန့်မလပ်မြင်ယောင်မိနေတာ ...သေချာတယ် ...သူ့ကို ငါတကယ်ချစ်နေမိပြီဆိုတာ"

ဟု ရင်ထဲအရှိအတိုင်းဖွင့်မိလေသည်။ နိုင်လင်းက ခေါင်းတညိတ်ညိတ်ပြုရင်း

"ဩော် ...ရောဂါ အတော်ရင့်နေမှပဲကိုး"



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ရဲ့တန်ခိုးရှင်မလေးထုဆစ်တဲ့ကောင်းကင်

ဟု ရေရွတ်ပြီးနောက် တစ်ဆက်တည်းမှာပင်

"ဒါပေမဲ့...မင်းနဲ့ မနောမြတ်နဲ့ကတွေ့တွေ့ချင်း ဆောက်နဲ့ထွင်း ဆိုသလိုဖြစ်ခဲ့ကြတော့...သူ့ဘက်က မင်းအချစ်ကိုလက်ခံဖို့နေနေသာသာ စကားပြောခွင့်ပေးဖို့တောင် မလွယ်လောက်ဘူးထင်တယ်နော်"

ဟူ၍ ချိန်ဆတွေးတောမိဟန်ဖြင့်ပြောလေ၏။ နိုင်လင်းစကားကို နေဦးက ခေါင်းညိတ်ထောက်ခံရင်း

"သေချာတာပေါ့ကွာ...မင်းတို့ဖြစ်ခဲ့တဲ့ကိစ္စက သာမန်အားဖြင့် ကြည့်ရင် ကျောင်းသူ၊ ကျောင်းသားချင်း ဒီလိုပဲတွေ့ဆုံ ဘုဘောက်ကျတာ ဘာမှမဆန်းဘူး...ပျော်ဖို့တောင်ကောင်းသေးတယ်...အဲ...ဒါပေမဲ့ မင်း ပြီးပြီးရောမဟုတ်ဘဲ တစ်ဆင့်တက်လို့ ဇာတ်လမ်းဆက်ချင်လာတဲ့အခါ အဓိကပြဿနာဖြစ်လာပြီ...သူ့ဘက်က မင်းကို အထင်အမြင်သေးပြီးမုန်း တီးမနေဘူးလို့ ပြောလို့မရဘူးနော်"

ဟု စိုးရိမ်ကြောင့်ကြမှုမကင်းသောလေသံဖြင့် သတိပေးစကားဆို၏။ သူတို့စကားနားထောင်ပြီး ကောင်းခန့်မှူးအသက်ရှူကျပ်ချင်သလိုလိုဖြစ်လာရ သည့်အထဲ

"ဟုတ်တယ်ကွ...မိန်းကလေးတွေရဲ့ပင်ကိုယ်ဗီဇက သူ့တို့သာ ကွယ်ရာမှာ သူများအတင်းပြောချင်ပြောမယ်...အဲ...ယောက်ျားကြီးတန်မဲ့ ကွယ်ရာအတင်းပြောတတ်တဲ့ လူမျိုးကျတော့ သူတို့က ချဉ်တူးနေအောင် အထင်သေးတတ်ကြတယ်"

ဆိုသောကျော်ဇေ့စကားက မျက်နှာကိုပလတ်စတစ်အိတ်တစ်အိတ် စွပ်ထားသလို အသက်ရှူရခက်စေသည်။

မနောမြတ်ခတ်ပုံကိုကြည့်ပြီး မိမိပြောခဲ့သည်မှာ ရယ်ရပြီးရော လျှောက်ပြောခြင်းသာဖြစ်ပြီး ကွယ်ရာအတင်းပြောခြင်းမဟုတ်ပါကြောင်း ကောင်းခန့်မှူးရှင်းလင်းမည်ကြံရုံရှိသေးသည်။ ဖြည့်စွက်ပြောဆိုလိုက်သော နေဦးစကားကြောင့် လည်ပင်းထပ်ညှစ်ခံရသကဲ့သို့ မရှုနိုင်မကယ်နိုင်ဖြစ် သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဩော်...မင်းကလည်း...မိန်းမတွေက အတင်းပြောတတ်တဲ့ ယောက်ျားတွေကို အထင်သေးတယ်ဆိုတာက ဘာဟုတ်သေးလဲ...သူတို့ လှည့်မကြည့်ချင်လောက်အောင် ပိုးစိုးပက်စက်အထင်သေးတဲ့လူစားမျိုးရှိသေးတယ်...အဲဒီလူစားမျိုးကတော့ တစ်ဖက်သားရဲ့အားနည်းချက်ကို နှိမ့်ချလှောင်ပြောင်တတ်တဲ့ လူစားမျိုးပဲကွ."

"ဂိန္"

ကောင်းခန့်မှူး လောက်စာမှန်သောခွေးတစ်ကောင်လိုသာ နာနာကျင်ကျင် အော်ဟစ်ညည်းတွားပစ်လိုက်ချင်တော့သည်။ သူတို့ပြောပုံအရ ကောင်းကွက်ကလေးတစ်ကွက်မျှပင် ယောင်လို့မရှိတဲ့ အထင်သေး နှာခေါင်းရှုံ့စရာ တင်းကျမ်းပြည့်နှက်နေသောမိမိတို့အဖို့ မည်သို့သောမျက်နှာဖြင့် မနော မြတ်ရှေ့သို့သွားဝံ့တော့မည်နည်း။ ကောင်းခန့်မှူး မျှော်လင့်ချက်မရှိတော့သော ရောဂါသည်တစ်ယောက်လို စိတ်ဓာတ်ချိုးချိုးကျသွားရသည်။ မနက်ဖြန်၊ သန်ဘက်ခါပဲ သေရတော့မတတ် မျက်နှာလေးငယ်နေရှာသော ကောင်းခန့်မှူးကိုကြည့်ပြီး ကရုဏာသက်မိဟန်ဖြင့် ဝဏ္ဏက

"မင်းတို့ကလည်း...ကိုယ့်သူငယ်ချင်းအချင်းချင်း ဒီလောက်ကြီး အားပေးစကားတွေလျှောက်ပြောမနေကြပါနဲ့ ...သူ့ခမျာ မင်းတို့အပြော နဲ့ပဲ အသက်တောင်မှန်အောင်မရှူနိုင်တော့ဘူး"

ဟူ၍ အားလုံးကို လှမ်းဟန့်လိုက်ပြီးနောက် ကောင်းခန့်မှူးဘက် လှည့်ကြည့်ကာ စကားကိုဆက်၏။

"ကောင်းခန့်မှူး ...မင်းတကယ်ပဲ မနောမြတ်ကိုချစ်နေပြီလား"

ကောင်းခန့်မှူး နားရင်းထရိုက်ချင်စရာကောင်းလောက်အောင် သနားကမားမျက်နှာလေးဖြင့် ခေါင်းသွက်သွက်ညိတ်ပြ၏။

"အေး...ဒါဆို ...အင်း...မိန်းမတွေရဲ့ စိတ်သဘောနဲ့ပတ်သက်ပြီး ဒီကောင်တွေ ပြောတာကလည်း ဟုတ်သင့်သလောက်တော့ ဟုတ်သယ်ကွ ဒါကြောင့်မနောမြတ်အချစ်ကိုရဖို့ မကြိုးစားခင် မင်းအရင်ဆုံးကြိုးစားရမှာက မနောမြတ် မင်းအပေါ်မှာရှိတဲ့ အထင်အမြင်လွဲမှားမှုနဲ့ အပုံအထင်တွေပြ

www.burmeseclassic.com



လျှော့သွားဖို့ပဲကွ . . . အေး . . . ဒီကိစ္စကို မင်းစွမ်းဆောင်နိုင်ပြီဆိုရင်တော့ မနောမြတ်အချစ်ကို မင်းရဖို့လည်းမဝေးတော့ဘူးလို့ပြောလို့ရပြီပေါ့ကွာ''

''အင်း . . . ဟုတ် . . . ဟုတ်ရဲ့လား''

ဝဏ္ဏ၏အကြံပေးစကားကြောင့် ကောင်းခန့်မှူးစိတ်သက်သာရာရပြီး ပျော်သလိုလိုဖြစ်လာရသည်။ ကျန်သူငယ်ချင်းများကလည်း ကောင်းခန့်မှူးအတွက် ဝဏ္ဏ၏အကြံပေးချက်ကို တစ်ခဲနက်ထောက်ခံကြသဖြင့် ကောင်းခန့်မှူး တက်ကြွသည်ထက်တက်ကြွလာရသည်။ သို့သော် ဘယ်ကဘယ်လိုစရမည်မှန်းမစဉ်းစားတတ်၍ ခေါင်းတစ်ချက်ကုတ်ပြီး

''အေး . . . မင်းတို့ပြောတာတော့ ဟုတ်ဖါပြီ . . . ဒါပေမဲ့ သူ့ငါ့ကိုအထင်အမြင်လွဲပြီး စိတ်ခုနေတာ ပြေသွားအောင် ငါ . . ငါက . . . ဘာဆက်လုပ်ရမှာလဲ''

ဟူ၍ အားကိုးတကြီးအကူအညီတောင်းမိလေရာ သူငယ်ချင်းများက

''ဟ . . ဒါတောင်မသိဘူးလား . . . သွားတောင်းပန်ရမှာပေါ့ငတုံးရဲ့''

ဟူ၍ သံပြိုင်ဟစ်ကြလေသည့်အတွက် ကောင်းခန့်မှူးလည်း အရှက်ပြေ ရယ်ပြလိုက်ရလေသည်။

ကဲ . . . မပြောဘူးလား။ ကိုယ်ဟာ ငတုံးတစ်ယောက်ပါ။

ဘဝမှာ သည်တစ်ခါသာ အချစ်နှင့်နဖူးတွေ့ဒူးတွေ့ဆုံဖူးသူမို့ အယောင်ယောင်အမှားမှားနှင့် ဘာလုပ်လို့ဘာကိုင်ရမှန်းမသိအောင်ပါပဲ။

ရင်ခွင်အရိုင်းလေး အလိုက်ကမ်းဆိုးနားမလည်စွာ တံခါးဖွင့်လို့ဝင်ခဲ့မိရင့်လည်း အချစ်ရဲ့မျက်နှာကို ထောက်ထားပြီး ခွင့်လွှတ်ကြည်ဖြူပေးပါ။ လူယောင်ဆောင်ထားသော နတ်သမီးလေး မနောမြတ်ရယ်။

အလှဂုဏ်မောက်လို့ မာနတွေမိုးလောက်ကြီးနေလည်း ဟောသည့်အဖြူထည်သမားတစ်ယောက်ကိုတော့ ခြွင်းချက်ထားပြီး လက်ကမ်းပေးပါ။ တစ်သက်မှာတစ်ခါလောက်တော့ ချစ်ဖူးချင်လို့ရယ် . . .။

www.burmeseclassic.com

www.burmeseclassic.com

## ။ ၃ ။

သည်ကနေ့ ကောင်းခန့်မှူးဝီရိယကောင်းစွာ ကျောင်းသို့စောစော စီးစီးရောက်ရှိလာသည်။ အကြောင်းကတော့ မနော်မြတ်ကိုကျေနပ်အောင် ထပ်တောင်းပန်ပြီး ငြိမ်းချမ်းရေးယူဖို့ပဲဖြစ်တယ်။

ကျောင်းတက်ချိန်က အတန်ငယ်လိုသေးသည့်အတွက် မနော်မြတ်လည်း ယခုမှ ရေမိုးချိုးဖီးလိမ်းပြင်ဆင်တုန်း ရှိပေဦးမည်။ အဲသလို မဟုတ်တဲ့ အအိပ်မက်သူဖြစ်ပါက အိပ်ရာပေါ်မှာ ကွေးလို့ကောင်းဆဲရှိပေဦးမည်။ ကျောင်းတက်ချိန်နီးပါမှ အိပ်မှုန်စုံမွှားနှင့် အိပ်ရာမှလူးလဲထပြီး ရေမိုးချိုးဖီးလိမ်းပြင်ဆင်ဖို့ ပျာယီးပျာယာလုပ်ဆောင်နေမည့် မနော်မြတ်၏ပုံရိပ်ကို မြင်ယောင်တွေးမိရင်း ကောင်းခန့်မှူးပြုံးချင်သလိုလိုဖြစ်လာရသည်။ တစ်ဆက်တည်းမှာပင် မနော်မြတ်ဆိုသော လှုယောင်ခေတ်ထားသည့် နတ်သမီးလေး၏အိပ်မှုန်စုံမွှားမျက်နှာလေးသည်လည်း ချစ်ဖို့ကောင်းမြဲကောင်းနေမည်ဆိုသည်ကို တွေးသိလိုက်ရသည့်အတွက် ရင်ခုန်သံက မြန်လာရပြန်သည်။

မိန်းမတစ်ယောက်၏ အလှဆုံးအချိန်သည် အိပ်ရာ[illegible]ဖြစ်သည်ဟု ကြားဖူးနားဝရှိလေသည်မို့ ပိတောက်ရနံ့အမည်ရှိအ[illegible]ဒါ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်သို့သွားပြီး မနောမြတ်အိပ်ရာထချိန်ကိုစောင့်ပြီး ချောင်းကြည့်ရရင် ကောင်းလေမည်လားဟု ကောင်းခန့်မှူးစိတ်ကူးမိလိုက်သည်။ သို့သော် စိတ်ကူး မြင်ယောင်ချက်အရ မနောမြတ်တစ်ယောက် ထဘီမနိုင်၊ ဘာမနိုင်နှင့် ဆံပင် တွေကဖွာလန်ပြီး သွားရည်တွေကစီးကျ၊ မျက်ချေးက အထပ်ထပ်၊ ဟောက်သံ တခေါခေါပေးကာ တွန့်လိမ်ကောက်ကွေးလျက် မြင်မကောင်းရှုမကောင်း အိပ်ပျော်နေသည်ကိုသာမြင်တွေ့ရပါက မိမိလည်း အချစ်စိတ်ကုန်ခန်းပြီး လှုဝတ်ကြောင်စွန့် တောထွက်သွားနိုင်ကောင်းသည်ဟူသော အတွေးဖြင့် ကောင်းခန့်မှူး အသက်ရှူကျပ်သွားရသည်။

"အို ... အဲဒီလိုမျိုး မိန်းမယူချင်စိတ်ကုန်ခန်းသွားလောက်အောင် ပုံပျက်ပန်းပျက် ကုလားသေကုလားမော အိပ်တတ်တာမျိုးကတော့ အခြား အဆောင်သူတွေပဲဖြစ်ချင်ဖြစ်လိမ့်မယ် ... မနောမြတ်ကတော့ စိတ်ကောင်း နှလုံးကောင်းရှိသူပီပီ အိပ်တာတောင်ပြုံးပြုံးလေးနဲ့ အချိုးကျနအောင်အိပ်စက် တတ်မယ့် ရုပ်ရည်ကလေး ... နောက်ပြီး အိပ်ရာကနိုးထတဲ့အခါမှာလည်း အခြားမိန်းမတွေလို တဝါးဝါးသမ်းရင်းထမီစနဲ့မျက်ချေးဖယ်၊ သွားရည်သုတ် ရနဲ့ ရင်ခုန်သံတွေ ပျောက်ကွယ်သွားအောင် လုပ်စရာလိုတဲ့သူမဟုတ်ဘူး ကပိုကရိုအလှကလေးနဲ့ ချစ်ပြီးရင်း ချစ်ဖို့ကောင်းနေမှာ သေချာတယ်"

ကောင်းခန့်မှူး ထိုသို့သောဖြေတွေးလေးနှင့် ကိုယ့်ငါးချဉ်ကိုယ်ချဉ် လိုက်ရသည့်အခါမှ နေသာထိုင်သာရှိသွားပြီး ဗိုက်ကဆာလာရသည်။ ထို့ကြောင့် နီးစပ်ရာဆိုင်သို့ဝင်ပြီး တစ်ခုခုစားရန်ပြင်ဆင်လိုက်၏။ သို့သော် ချက်ချင်းဆိုသလို မနောမြတ်ကိုသတိရမိပြန်သည့်အတွက် နီးစပ်ရာဆိုင်မဝင် တော့ဘဲ မနေ့က မနောမြတ်ထိုင်ခဲ့သည့် Non Stop ဆိုင်ထဲသို့ ခြေလှမ်းလိုက် သည်။ Non Stop ဆိုင်ထဲသို့ ရောက်သော်လည်း အခြားစားပွဲမှာမထိုင်ဘဲ မနောမြတ်ထိုင်ခဲ့သည့်စားပွဲနှင့်ခုံနေရာကိုရွေးချယ်ပြီး ထိုင်ရသည်။ မနောမြတ် ၏ အငွေ့အသက်တွေ တို့ခတ်လွှမ်းခြုံလာသည်ဟူသော ခံစားချက်က ရင်ထဲမှာ အတိုင်းမသိကြည်နူးစေသည်။

"အစ်ကို ... ဘာမှာမလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဟု အနားမှာလာရပ်ပြီးမေးသော စားပွဲထိုးလေးကို လှည့်ကြည့်ရင်း
"လောလောဆယ်တော့ လက်ဖက်ရည်ကို ချိုပေါ့လေးပဲလုပ်ပေးကွာ"

ဟုချွဲတုံ့ပြန်လေရာ စားပွဲထိုးလေးခေါင်းညိတ်ပြီးမှ နားမရှင်းသလိုဖြစ်သွားရဟန်တူသည်။

"ဟုတ်ကဲ့...အဲလေ လောလောဆယ်တော့ လက်ဖက်ရည်ကို ချိုပေါ့လေးပဲ လုပ်ပေးဆိုတော့ နောင်ကျရင်ဘယ်လိုလုပ်ပေးရမှာလဲ အစ်ကို"

"ဪ...ဒါကတော့ ငါ့ချစ်သူက လက်ဖက်ရည်ကို ဘယ်လိုကြိုက်တတ်မှန်း မသိသေးလို့ပြောတာကွ...နောင်ဆို ငါလည်းသူကြိုက်သလိုပဲ လိုက်ကြိုက်ရတော့မှာမို့ လောလောဆယ်တော့လို့ သုံးနှုန်းရတာပေါ့ကွ"

"ဪ...သဘောပေါက်ပြီ သဘောပေါက်ပြီ"

စားပွဲထိုးလေး နားလည်သဘောပေါက်ဟန်ဖြင့်ပြုံးလျက် ခေါင်းတဆတ်ဆတ်ညိတ်၏။

"အေး...သဘောပေါက်ရင် မုန့်ဟင်းခါးတစ်ပွဲပါယူခဲ့"

"ဟုတ်ကဲ့...အခုချက်ချင်း ရရပါစေမယ်"

"အဲ...နေဦး...လောလောဆယ်တော့ မုန့်ဟင်းခါးကိုငရုတ်သီးမှုန့်စပ်စပ်လေး ထည့်ခဲ့ဦး...ဟုတ်ပြီလား"

"ဟုတ်ကဲ့ အစ်ကို...ရပါ့...အဲ လောလောဆယ်တော့ငရုတ်သီးမှုန့်စပ်စပ်လေးထည့်ခဲ့ဆိုတော့...ဪ...ဟုတ်ပြီ လောလောဆယ်အစ်ကို့ချစ်သူက မုန့်ဟင်းခါးထဲ ငရုတ်သီးမှုန့်စပ်စပ်လေးထည့်စားတာကြိုက်၊ မကြိုက်မသိသေးလို့ နောင်အခါကျရင် အစ်ကို့ချစ်သူသဘောအတိုင်း ငရုတ်သီးမှုန့်ထည့်ရင်လည်း ထည့်မယ်...မထည့်ရင်လည်း မထည့်ဘူး"

"အေး...မင်းမဆိုးဘူး တော်တယ်...ငါ့ကို ရေနွေးကြမ်းပူပူလေးပေးကွာ"

"အဟဲ...ဒီလောက်တော့ရှိ...ဟင်...ဘာမှလည်းမဆိုင်ဘူး"

ကောင်းခန့်မျှူးစကားကြောင့် စားပွဲထိုးလေး ငိုရခက် ရယ်ရခက်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖြင့် ခေါင်းတစ်ချက်ကုတ်ပြီး ဆိုင်အတွင်းသို့ဝင်သွားသည်။

ကောင်းခန့်မှူးကတော့ မနက်စောစောစီးစီး မရှိသေးသောချစ်သူအကြောင်း စားပွဲထိုးလေးအား အသားလွတ်ကြွားဝါခွင့်ရလိုက်သည့်အတွက် ကျေနပ်သွားရသည်။ သိပ်မကြာခင် လက်ဖက်ရည်နှင့် မုန့်ဟင်းခါးယူပြီး စားပွဲထိုးလေး ပြန်ရောက်လာသည်။

"လက်ဖက်ရည်နဲ့ မုန့်ဟင်းခါး ရပါပြီ"

"ဩော် ... အေး အေး"

"ဩော် ... ဒါနဲ့ လောလောဆယ် ဘာများထပ်မှာဦးမလဲအစ်ကို"

"အင်း ... လောလောဆယ်တော့ လက်ဖက်ရည်တစ်ခွက်၊ မုန့်ဟင်းခါးတစ်ပွဲဆိုလုံလောက်ပါပြီ ... နောင်မှ လက်ဖက်ရည်နှစ်ခွက်၊ မုန့်ဟင်းခါးနှစ်ပွဲမှာတော့မယ် ... ဩော် ... ကြိုပြောထားရဦးမယ် ... နောင် ငါ့ချစ်သူပါလာတဲ့အခါကျရင် ဒီလိုလက်ဖက်ရည်ခွက်၊ မုန့်ဟင်းခါးပန်းကန်အဟောင်းတွေ မချပေးနဲ့ ... အသစ်တွေချပေး သိလား "

"ခင်ဗျာ "

တင်စီးပြောလိုက်သော ကောင်းခန့်မှူးစကားကြောင့် စားပွဲထိုးလေး မျက်နှာရှုံ့သွားရပြီး

"သူ့ကိုယ်သူ ဒီဆိုင်ပိုင်ရှင်များ မှတ်နေလို့လားမသိဘူး"

စိတ်ထဲမှ ကြိတ်ပြောလိုက်ရင်း နှုတ်မှလည်း

"ဩော် ... စိတ်ချပါခင်ဗျာ ... ဆိုင်မှာလုံးဝမသုံးရသေးဘဲသိမ်းထားတဲ့ ပန်းကန်ခွက်ယောက် အသစ်စက်စက်တွေကို ချပေးပါ့မယ် ... အဲ လက်ဖက်ခြောက်ကျိုတဲ့အိုး၊ မုန့်ဟင်းခါးချက်တဲ့အိုးတွေကအစ အသစ်စက်စက်သုံးပေးပါ့မယ်ခင်ဗျ"

ဟုရွဲ့ပြောလိုက်မိသည်။ ဤသည်ကိုပင် အချစ်စိတ်မွှန်နေသော ကောင်းခန့်မှူးတစ်ယောက် သဘောမပေါက်နိုင်။ ကျေနပ်စွာ ပြုံးလျက်

"အေး ... မဆိုးဘူး မင်းတော်တယ် ... ငါ့ကိုမုန့်ဟင်းခါးအရည်လေး လုပ်ပေးစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ ပြောနေသောစကားနှင့် မဆီမဆိုင်မုန့်ဟင်းခါးဟင်းရည် အဆစ်တောင်းလေရာ စားပွဲထိုးလေးလည်း

"ဟင် ... ဘာမှလည်း မဆိုင်ဘူး"

ဟုအသံတိတ်ရေရွတ်ပြီး မုန့်ဟင်းခါးဟင်းရည်ထပ်ဖြည့်ပေးရလေသည်။

ကောင်းခန့်မှူးစားသောက်ပြီးစီးသည်နှင့် လက်မှနာရီကိုကြည့်သည်။

"အင်း ... ဒီအချိန် သူတို့အဆောင်လမ်းထိပ်က သွားစောင့်နေရင် အတော်လောက်ပဲ"

ဟုရေရွတ်ပြော ပြောပြီးနောက် စားပွဲထိုးလေးကိုလှမ်းခေါ်ကာ ကျသင့်ငွေရှင်းပေးလိုက်၏။ ကျသင့်ငွေရှင်းပေးတာတောင် ရိုးရိုးမရှင်း။

"လောလောဆယ်တော့ ငါတစ်ယောက်စာ စားသောက်ခလောက်ပဲ ယူထားဦးပေါ့ကွာ"

ဟူ၍ မကြာခင်ကျိန်းသေပေါက်စွံတော့မည့်လေသံဖြင့် ကြွားဝါပြောဆိုပြီးမှ ကျသင့်ငွေရှင်းပေး၏။ သို့သော် ဒီတစ်ခါတော့ စားပွဲထိုးလေးက သံယောင်မလိုက်တော့ဘဲ နှုတ်ဆိတ်လျက်သာနေ၏။ သံယောင်လိုက်မိပါက လိုက်မိတာနဲ့မကာမိအောင်

"အေး ... မဆိုးဘူး မင်းတော်တယ်" ဆိုပြီး ပိုက်ဆံမပေးရဘဲ အလကားမှာလို့ရသောအရာတွေကို ထပ်မှာနေမှာကြောက်လို့ထင့်။(ဥပမာ သွားကြားထိုးတံ) ဘာပဲပြောပြော ကောင်းခန့်မှူးကတော့ ပျော်လျက်။

ကောင်းခန့်မှူး ပြန်အမ်းငွေကို အကျီအိတ်ကပ်ထဲထည့်ပြီးနောက် မနော်မြတ် ယာယီမှီတင်းနေထိုင်လျက်ရှိသည့် ပိတောက်ရန့်အမျိုးသမီးဆော်ဒါဆောင်တည်ရှိရာနေရာနှင့် မလှမ်းမကမ်းလမ်းထိပ်မှာသွားရပ်စောင့်နေလိုက်သည်။

ကျောင်းတက်ချိန်နီးပြီမို့ ကျောင်းသား၊ ကျောင်းသူများ အသွားအလာစိပ်လာသည်ကိုသတိပြုမိသည်။ မနော်မြတ်နှင့်တွေ့လျှင် ပြောစကားဆိုရန်အတွက် တစ်ညလုံး လေ့ကျင့်ကျက်မှတ်ထားသမျှ စကားလုံး

www.burmeseclassic.com



တွေကို စာရွေးသလို တစ်ခေါက်ပြန်ရွေးလိုက်သည်။ အထစ်အငေါ့မရှိ အဆင်ပြေချောမွေ့လျက်ရှိသည်ကိုတွေ့ရ၍ အားပိုတက်သွားရသည်။

ထိုအခိုက်မှာပင် လုပကျော့ရှင်းပေစွသော မနောမြတ်တစ်ယောက် လိပ်ပြာတစ်ကောင်ခြေသံဖြင့် လျှောက်လှမ်းလာသည်ကိုတွေ့ရသည်။ ဒီနီးကနဲ့တိုးဆောင့်လာသော ရင်ခုန်သံတစ်ချက်နှင့်အတူ ကောင်းခန့်မှူး ခြေဖျားလက်ဖျားတွေအေးစက်ပြီး ကျောက်ရုပ်ဘဝသို့ကူးပြောင်းလုနီးနီးဖြစ်သွားသည်။ ထို့ကြောင့်

"ကောင်းခန့်မှူး...မင်းဟာ ရဲရင့်သောသူ့ရဲကောင်းဖြစ်တယ်..သူရဲကောင်းတွေထဲမှာမှ သူများထက်ထူးတဲ့ မဟာအချစ်သူရဲကောင်းဖြစ်တယ်...မနောမြတ်ဆိုတဲ့ ကောင်မလေးဟာ ကြောက်စရာမဟုတ်ဘူး...လန့်စရာမဟုတ်ဘူး ...ချစ်စရာ...ချစ်စရာ"

ဟူ၍ ကိုယ့်ကိုယ်ကိုအားဆေးထိုးပေးပြီး ကြောက်စိတ်ကိုတော ခြောက်မောင်းထုတ်နိုင်ဖို့ အားတင်းရသည်။ ထိုရောအခါခန္ဓာကိုယ်အတွင်းမှ သွေးများ ပန်းရောင်မှ အနီရောင်သို့ပြန်လည်ကူးပြောင်းလာသည်။

သတ္တိသွေး စွေးစွေးနီကိုအားကိုးလျက်အနားသို့ရောက်လာသော မနောမြတ်ကို လက်ဦးမှုယူပြီးပြုံးပြလိုက်သည်။ သို့သော်တင်းမာခက်ထန်သော မျက်နှာနှင့်အတူ မျက်မှောင်ကုတ်ပြီးကြည့်လိုက်သည့် မနောမြတ်၏မလိုမုန်းထား မျက်ဝန်းတစ်စုံကြောင့် ကောင်းခန့်မှူး၏ရဲရင့်တက်ကြွမှုများ ဖရိုဖရဲ ပြိုလဲကျကွဲကုန်ကြသည်။ မနောမြတ်ကို မိတ်ဖြစ်ဆွေဖြစ် ပြုံးပြသောမျက်နှာပေါ်မှ ရွှေရောင်အပြုံးသည်လည်း ညှိုမှောင်သွားလျက် ဘီလူးရှောက်သီးစားမိသည်နှင့်မခြားဖြစ်သွားရသည်။ ချက်ချင်းဆိုသလိုလည်း လက်ဖဝါးနှစ်ဖက်မှာချွေးစေးတွေက ကပ်ငြိလာသည်။

မိမိတားထားသောစည်းကို အောင်မြင်စွာဖြတ်ကျော်သွားနိုင်ပြီဖြစ်သော မနောမြတ်နောက်ကျောကိုကြည့်ရင်း ကောင်းခန့်မှူးဘာဆက်လုပ်လို့လုပ်ရမှန်းမသိ။ ထိုအခိုက်

"မင်း ...ဒီတစ်ခါ ဘာမှမပြောရဲဘဲ နောက်ဆုတ်ဖို့အရှုံးပေးလိုက်ရ


www.burmeseclassic.com

www.burmeseclassic.com

တာနဲ့တစ်သက်လုံး နောက်ဆုတ်အရှုံးပေးပြီး ဘာမှပြောရဲတော့မှာမဟုတ်ဘူး"

ဟူ၍ ထွက်ပေါ်လာသော သတိပေးခေါင်းလောင်းသံကြောင့် ကောင်းခန့်မှူး ရင်ကော့ကာ သတ္တိပြန်မွေးရသည်။ ကျောက်ရုပ်စက်ကွင်းမိနေသော မြေနေရာမှခြေထောက်ကိုပြန်ဆွဲနုတ်ယူပြီး မနောမြတ်နောက်သို့ အပြေးတစ်ပိုင်းလိုက်ရသည်။

မနောမြတ်နှင့် ရင်ဘောင်တန်းလျှောက်မိသည်နှင့် စကားစနိုင်ရန် အားထုတ်လိုက်သည်။ သို့သော် အသံက ထွက်မလာဘဲ လည်ချောင်း၌သာ တစ်ဆို့နေသည်။

မိန်းမတစ်ယောက်ကို စကားပြောဖို့ရာ ထိုမျှသတ္တိနည်းရကောင်းလားဟု ကိုယ့်ကိုယ်ကိုအပြစ်တင်ရင်း အသက်ကို ပြင်းပြင်းရှူထုတ်မိသည်။

"ရှူး ..."

အသက်ရှူထုတ်သံက အသက်ရှူထုတ်သံနှင့်မတူဘဲ နွားတစ်ကောင်နှာမှုတ်သံနှင့်တူနေသည်ကို ကောင်းခန့်မှူးသတိထားလိုက်မိရင်းရှက်ချင်သလိုလိုဖြစ်သွားရသည်။ ကောင်းခန့်မှူးတစ်ယောက်လုံး နံဘေးမှနေပြီး ထိုမျှယောက်ယောက်ယက်ခတ်နေသော်လည်း မနောမြတ်ကတော့စိုးစဉ်းမျှအရေးလုပ်ဘဲ ကိုယ့်လမ်းကိုယ်ကျွေ့ရရဆက်လျှောက်နေသည်ကိုတွေ့ရသည်။

မိမိကို ခြေထောက်ပေါ်တက်နေသည့် ပုရွက်ဆိတ်တစ်ကောင်မျှပင် အရေးမထားဘဲနေနိုင်အားလေသည့်အတွက် မနောမြတ်ကိုကြည့်ပြီး ကောင်းခန့်မှူး မခံချင်စိတ်တွေအုံကြွလာရသည်။ ထိုမခံချင်စိတ်သည် အင်အားအဖြစ်သို့ပြောင်းလဲပြီး နှုတ်ဖျားမှ

"မနောမြတ် ..."

ဟူ၍ ပီပီသသကြီး ခေါ်ဆိုနိုင်ခဲ့လေသည်။ ကောင်းခန့်မှူး အားတက်သွားလျက် မနောမြတ်နာမည်ကို ဆက်ခေါ်လိုက်သည်။

"မနောမြတ် ..."

" ........ "

"မနောမြတ် ..."



www.burmeseclassic.com

www.burmeseclassic.com



"........."

ကောင်းခန့်မှူးမန်းမှုတ်သလို သူမနာမည်ကိုမနားတမ်း တတွတ်တွတ်ခေါ်နေပါသော်လည်း မနောမြတ်ကတော့ထူးချွန်ဆုရဆွဲ့အနားမကြားကျောင်းဆင်းတစ်ယောက်လို ယောင်လို့မျှပင် လှည့်မကြည့်ဘဲနေနိုင်ရက်အားသည်။ ကြာတော့ ဟိုလူကကြည့်၊ ဒီလူကကြည့်နှင့် ကောင်းခန့်မှူးဘာဆက်လုပ်လို့ လုပ်ရမှန်းမသိအောင် ရှက်စိတ်ကတက်လာရသည်။ သို့သော် သူမ၏အမူအရာသည် ယောက်ျားမာနကိုထိပါးခြင်းဖြစ်သဖြင့် ကောင်းခန့်မှူးတင်းသွားရသည်။ ထို့ကြောင့် မနောမြတ်နားအပါးသို့ကပ်ပြီး အသံကုန်ဟစ်လိုက်သည်။

"မ ...နော...မြတ် ..."

မနောမြတ်ကျယ်လောင်သောအသံကြောင့်လန့်ပြီး ဦးခေါင်းတစ်ဖက်သို့စောင်းလိုက်မိလျှက် နားကိုလက်တစ်ဖက်ဖြင့်အုပ်လိုက်၏။ လှမ်းနေသောခြေလှမ်းကိုလည်း တုံ့ကနဲရပ်လိုက်၏။ တစ်ဆက်တည်းမှာပင် ဒေါသမျက်နှာဖြင့်ဆတ်ကနဲလှည့်ကြည့်၏။ မနောမြတ်၏ခက်ထန်မာကျောသောအကြည့်ကြောင့်ကောင်းခန့်မှူးလည်းတွန့်လှုပ်သွားလျက်ပြောရန်စီထားသောစကားတွေ ကြက်ပျောက်၊ ငှက်ပျောက် ဇပျာက်ကုန်ရာ

"ဟို ...ဟို ...မနောမြတ် ...နင် ...နင့်နာမည် ဘယ်လိုခေါ်လဲဟင်"

ဟူ၍ အယောင်ယောင်အမှားမှား ထွက်မိရာ ထွက်မိလေသည်။ မနောမြတ်လည်း နာမည်ခေါ်ပြီးကာမှ နာမည်ဘယ်လိုခေါ်သလဲဟူ၍ မေးနေသော ကောင်းခန့်မှူးစကားကြောင့် ကြောင်သွားလျက်

"ဘာရယ် ..."

ဟူ၍ နားမရှင်းသည်ကို ပြန်မေးရသည်။ သို့သော် "ဘာရယ်" ဆိုသောအသံမှာ ဒေါသကြောင့်မာကျောနေသည်ဖြစ်ရကား ကောင်းခန့်မှူးလည်း ကြောက်စိတ်တက်သည်ထက် တက်ရလေကာ

"ဩော်...မဟုတ်ပါဘူး...ဟို...ဟိုလေ...နင် ...နင့် နာမည်

www.burmeseclassic.com

ဘယ်နှနာရီထိုးပြီလဲလို့ မေး ... မေးတာပါ"

ဟူ၍ထွက်မိထွက်ရာ ထွက်ဆိုမိပြန်သည်။ ကောင်းခန့်မှူးစကား ကြောင့် မနောမြတ်လည်း လက်မှနာရီကိုကြည့်မိကာ

"ကိုးနာရီ ဆယ်မိနစ်"

ဟု ပြန်ဖြေမိ၏။ ပြီးမှ ကောင်းခန့်မှူး၏ အဆက်အစပ်မရှိသော စကားတို့ကို သတိရသွားကာ

"ဟာ ... အူကြောင်ကြောင်နဲ့ ဘာတွေလာပြောနေတာလဲ"

ဟုဒေါသသံဖြင့် မာန်မဲရသည်။ နဂိုကတည်းကမှ လိပ်ပြာငယ် နေရှာသော ကောင်းခန့်မှူးခမျာ မနောမြတ်၏မာန်မဲမှုကြောင့် သွေးလေ ချောက်ချားကာ

"ဟို ... ဟိုလေ ... တစ် ... တစ်မျိုးမထင်ပါနဲ့ ... ငါ ငါပြောချင် တာက ဟို ... ဟိုတစ်နေ့ကကိစ္စအတွက် နင့် ... နင့်ကို တောင်း .. တောင်းရမ်းချင်လို့ပါ"ဟူ၍ ကပေါက်တိကပေါက်ချာ ပြောထွက်မိပြန်ရာ မနောမြတ်ဒေါသတွေ တခုံးထွက်သွားရတော့သည်။

"ဘာရယ် ... နင်ကများ ငါ့ကိုတောင်းရမ်းချင်လို့ဟုတ်လား ... နင် ... နင် တော်တော်လူပါးဝပါလား ... နင် ... နင် ငါ့ရှေ့ကမြန်မြန် ထွက်သွားစမ်း ... နို့မဟုတ်ရင် ငါ ... ငါ ပါးရိုက်မိမယ်နော်"

မနောမြတ်ဒေါသကြောင့် အသံတွေတုန်နေသလို အသားလည်း တဆတ်ဆတ်တုန်လာရသည်။

ကောင်းခန့်မှူး ဒီတစ်ခါ မိမိ၏စကားအမှားက မိုးနတ်မင်းလည်း မကယ်နိုင်။ ရှေ့နေရှေ့ရပ်လည်း မကယ်နိုင်အောင် အမှုကြီးသွားပြီမှန်း နိုင်မိလျက် ကြိုးကွင်းစွပ်မိသလို လည်ပင်းအစ်လာရသည်။ ထိုအချိန်မှာပင်

"ဟော့ ... မနော ... ဘာဖြစ်လို့လဲ"

ဟူသော စိုးရိမ်မကင်းသံနှင့်အတူ အနားရောက်လာသော မနော မြတ်၏သူငယ်ချင်းနှစ်ဦးကို တွေ့ရသည်။

မနောမြတ်တစ်ယောက်တည်းကိုတောင် လိပ်ပတ်လည်အောင် မဖြေ



www.burmeseclassic.com

www.burmeseclassic.com



ရှင်းမရနိုင်သည့်အထဲ မနောမြတ်တက်မှုအဖော်နှစ်ယောက်ပါအားဖြည့် ရောက်ရှိလာသည့်အတွက် ကောင်းခန့်မှူးမီးပိုင်းခံထားရသလို ဆောက်တည်ရာမဲ့ဖြစ်လာသည်။

မနောမြတ်သည်လည်း စစ်ကူရောက်လာသဖြင့် မာန်ပိုပါလာပြီး ကောင်းခန့်မှူးထံသို့ လက်ညှိုးညွှန်ပြလျက်

"ဘာဖြစ်ရမှာလဲ ...ဒီ ...ဒီ ...ငါးသလောက် ပါးဟက်ဆွဲလုန် ခံထားရတဲ့ရုပ်နဲ့ကောင်ပေါ့ ...ငါ့ကို တောင်းရမ်းချင်လို့ဆိုပြီးလာပြော နေလို့"

ဟူ၍ပေါက်ကွဲသံဖြင့် ရန်ထောင်လေရာ ကောင်းခန့်မှူးလည်း ငါး သလောက်ပြုံး မပြုံးနိုင်တော့ဘဲ ငါးသလောက်မှဲ့ မှဲ့သွားရသည်။ မနောမြတ် စကားကြောင့် သူငယ်ချင်းနှစ်ဦးဖြစ်သော ရည်မွန်နှင့်နှင်းမိုးတို့လည်း မခံမရပ် နိုင်ပေါက်ကွဲသွားကြကာ ကောင်းခန့်မှူးအား ပြိုင်တူလှည့်ကြည့်ကြသည်။

"အောင်မာ ...လူပါးဝလို့ ...ငါ့သူငယ်ချင်းကိုများ ရာရာစစ နင့်ကိုနင် ဘာကောင်များအောက်မေ့ ...မေ့ ...ဟင် ...နင် ...နင်"

ရည်မွန် လက်ညှိုးငေါက်ငေါက်ထိုးပြီး ရန်တွေ့စကား စရုံရှိသေး မထင်မှတ်ဘဲ ကောင်းခန့်မှူးကိုတွေ့ရသဖြင့် စကားမဆက်နိုင်ဘဲ ထစ်အ ပြီး ဘာဆက်ပြောရမှန်းမသိဖြစ်သွားစဉ် နှင်းမိုးကလည်း

"ဟုတ်တယ် ...ဟုတ်တယ် ...သူပဲ သူပဲ ...ဟိုတစ်နေ့က ကျောင်းထဲမှာ မနောခတ်ပုံကိုကြည့်ပြီး မယ်ကာဝဏ်ကိုမျက်မှန်တပ် ပေးထား တဲ့ရုပ်လို့ပြောတာ...အခုလည်းမျက်နှာပြောင်တိုက်ပြီး အရှက်မရှိတောင်း ရမ်းချင်လို့ဆိုပြီး လိုက်ပြောသေးတယ် ...ဟင်း ...တန်ရာတန်ရာမပြောဘူး ...လူပုံကြည့်တော့ သားပိုက်ကောင် လေလျှော့ထားတဲ့ရုပ်နဲ့ ဟွန်း."

"အန်"

ကောင်းခန့်မှူး လေလျှော့ခံရပြီအထင်နဲ့ ယောင်ပေါင်ဖင်ခတ်မိ လိုက်ပြီး တစ်ခါပြောဖူးတာနှင့်မကာမိအောင် ပြန်ခံနေရသည့် မိမိအဖြစ်ကို မိမိယူကျုံးမရဖြစ်ကာ



www.burmeseclassic.com

www.burmeseclassic.com

"ဒီနေ့ ကံမကောင်းပါလား"

ဟူ၍သာ မြိုင်ရာဇာတွတ်ပီရေရွတ်သလို ရေရွတ်မိလိုက်သည်။ ထိုအချိန်မှာပင်

"ဟိတ် ... ကောင်းခန့်မှူး ... ကျောင်းထဲမဝင်သေးဘူးလား.. ဘာလုပ်နေတာလဲ"

ဟူသောအသံနှင့်အတူ အနားသို့ရောက်လာသော ကျော်ဇေကို မြင်လိုက်ရသည့်အတွက် ကောင်းခန့်မှူးအားတက်သွားလျက်

"ဟား ... ကျော်ဇေ အတော်ပဲ မင်းရောက်လာတာနဲ့ ... ဒီမှာ ပြဿနာဖြစ်နေလို့"

ဟု အားကိုးတကြီးဆိုမိလေရာ ကျော်ဇေလည်း အားကိုးခံရသဖြင့် ဘဝင်မြင့်သွားသောလေသံဖြင့်

"ဟေ ... ဟုတ်လား ... ဘာပြဿနာတက်နေလို့လဲ"

"ဒီမှာ သူတို့ ... သူတို့ ..."

"သိပြီ ... သဘောပေါက်ပြီ"

ကောင်းခန့်မှူး စကားပင်ဆုံးအောင်မပြောလိုက်ရ။ ကျော်ဇေ ဘာတွေသိပြီး ဘာတွေသဘောပေါက်သွားသည်မသိ။ မနော်မြတ်တို့ဘက် ချာကနဲ လှည့်ကာ

"ဒီမယ် ... ခင်ဗျားလေးတို့က သုံးယောက်တစ်ယောက်ဆိုပြီး အုပ်စုဖွဲ့အနိုင်ကျင့်ချင်ကြတယ်ပေါ့ ဟုတ်လား ... မရဘူး ... ကျော်ဇေတို့ဟာ မတရားတာမြင်ရင် လက်ပိုက်ကြည့်မနေတတ်ဘူးဆိုတာ မြဲမြဲမှတ်ပါ"

ဖိုက်တင်အသားပေးဗီဒီယိုကားတွေထဲမှ မင်းသားလေသံကို အတုခိုးပြီးပြောသော ကျော်ဇေ့လေယူလေသိမ်းကိုနားထောင်ပြီး ကောင်းခန့်မှူး ခေါင်းနားပန်းကြီးသွားလျက်

"သွားပါပြီ"

ဟု ရေရွတ်မည် ကြံတုန်းရှိသေးသည်။ ရည်မွန်က

"အောင်မာ ... လက်ပိုက်ကြည့်မနေတော့ နင်က ဘာလုပ်ချင်လို့



www.burmeseclassic.com

www.burmeseclassic.com



လဲ ...တကတည်း ...နှံပြည်စုတ် အမွေးနုတ်ပြီး မီးဖြိုက်ထားတဲ့ရုပ်နဲ့" ဟူ၍ စိန်ခေါ်ရင်တိမ်ပေါ်အထိလိုက်မည့် သတ္တိသွေးကို ဖောက်ထုတ်ပြလေရာ ကျော်ဇေလည်း "အန်"ဟု တွန့်ကနဲဖြစ်သွားပြီးမှ

"အောင်မာ ...ငါ့များ နှံပြည်စုတ်အမွေးနုတ်ပြီးမီးဖြိုက်ထားတဲ့ ရုပ်တဲ့ ...အေး ...နင်လည်း ကိုယ့်ရုပ်ကိုယ်လည်း မှန်ထဲပြန်ကြည့်ကြည့် ဟွန်း ...ပိုးဟပ်ဖြူ တောင်ပံကျိုးတဲ့ရုပ်မျိုး"

ဟုပြန်ရန်တွေ့လေသည်။ ကျော်ဇေ ပြန်ရန်တွေ့ကောင်းသဖြင့် ရည်မွန်စွေ့စွေ့ခုန်သွားရသလို နှင်းမိုးကလည်း မခံမရပ်နိုင်ဖြစ်ကာတိုက်ပွဲထဲ ပါဝင်လာ၏။

"အံမယ် ...ငါ့သူငယ်ချင်းကိုများ ပိုးဟပ်ဖြူအတောင်ကျိုးတဲ့ ရုပ်တဲ့ ...အေး နင်ကမှ ဝံပုလွေ ထမင်းရည်ပူလောင်တဲ့ရုပ်အစစ်"

"အောင်မာ ...မိကျောင်းကိုအမြီးဖြတ်ပြီး မျက်မှန်တပ်ပေးထားတဲ့ရုပ်ကများ ငါ့ကိုပြောနေသေးတယ်"

"ဘာ ...နင် နင်"

ကျော်ဇေ့ခိုင်းနှိုင်းချက်ကြောင့် နှင်းမိုး ကိုယ့်ပုံကိုယ်ပြန်မြင်ယောင်ကြည့်မိရင်း ဘာဆက်ပြောလို့ပြောရမှန်းမသိအောင် ဒေါသတွေတရကြမ်း ထွက်လာရသည်။ မနောမြတ်လည်း ယောကျ်ားတန်မဲ့စွာကျယ် စွာကျယ်လုပ်နေသော ကျော်ဇေကို မြင်ပြင်းကတ်လာရကာ

"အံမယ် ...ငါ့သူငယ်ချင်းတွေကို မှိုချိုးမျှစ်ချိုးပြောနေရအောင် နင့်ကိုနင်လည်း ပြန်ငုံ့ကြည့်ဦး ...ဟွန်း ...ကျောက်ခဲကို အသားတုံးမှတ်ပြီး မှားမျိုမိတဲ့ လင်းတငှက်အိုကြီးရုပ်"

ဟူ၍ သူငယ်ချင်းတွေနှင့် တစ်သွေးတည်းတစ်သားတည်းရှိကြောင်း ပြလေရာ ကျော်ဇေလည်း 'အင်'ကနဲ အသံမြည်သွားပြီး မကျေမချမ်း ပြန်ရန် တွေ့၏။

"အောင်မယ် ...ငါ့ကိုများ ...နင်ကမှ ...နင်က..."

သို့သော် မည်သို့နှိုင်းနှိုင်းပြောဆိုရမည်ကို ရုတ်တရက်စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com

မရသဖြင့် ကောင်းခန့်မှူးဘက်လှည့်ကာ

"ဟေ့ကောင် ... ကောင်းခန့်မှူး ... မင်း ဘာရုပ်ကြည့်နေတာလဲ ... ငါ့ကိုပြောနေတာ ကြားတယ်မဟုတ်လား ... ဒီမိန်းမတွေ နာလန်မထူနိုင်အောင်ဝင်ပြောဦးလေကွာ"

ဟူ၍သေဖော်ညှိလေရာ ကောင်းခန့်မှူးလည်းမနောမြတ်ကိုလှည့်ကြည့်ပြီး

"စိတ်ချ ... ပြောမယ် ... နင့်ပုံက ဘယ်လိုပုံလဲဆိုတော့ ဂျနီဖာလိုပက်ဇ်ရဲ့ကိုယ်လုံးမှာ ဥမ္မာဒန္တီရဲ့မျက်နှာနဲ့ ပပဝတီရဲ့အသားအရည်တပ်ထားတဲ့ရုပ်မျိုး ရှင်းပြီလား"

ဟု နှုတ်လှန်ထိုးလေရာ ကျော်ဇေလည်း ယောင်ပေါင်ထောက်ခံပြီးမှ စကားမှားနေမှန်းစဉ်းစားမိကာ သတိပေးရ၏။

"အေး ... ဟုတ်တယ် ... ဒါပဲ ... အဲ ... မဟုတ်သေးဘူးလေကွာ ... ကောင်းခန့်မှူး ... မင်းဟာက သူ့ကိုဝပ်သွားအောင်ဖွဲ့တာမှမဟုတ်တာ ... မြောက်သွားအောင် မြှောက်ပေးနေတာပဲကွ ... စဉ်းစားကြည့်လေ ... ဥမ္မာဒန္တီဆိုတာ သီဝိမင်းကြီးတောင် သူ့ရဲ့အလှကိုတဒင်္ဂမြင်တွေ့လိုက်ရတဲ့အချိန်မှာ မူးမေ့မတတ်ဖြစ်ပြီး အရှူးအမူးစွဲလမ်းသွားရလောက်လှတဲ့သူလေ"

"ဩော် ... အေး ဟုတ်သားပဲ"

"နောက်ပြီး ပပဝတီဆိုတာလည်း ခုနစ်ဆောင်တိုက်ခန်း မီးမထွန်းဘဲလှတယ်လို့ ဆိုရလောက်အောင် အသားအရည်ကဖြူဖွေးဝင်းမွတ်နေတာလေကွာ"

"ဩော် ... အေး ... ဟုတ်သားပဲ"

"နောက်ပြီး ဂျနီဖာလိုပက်ဇ်ဆိုတာ ယနေ့ကမ္ဘာမှာ ခန္ဓာကိုယ်အလှဆုံးမိန်းမသားဆိုပြီး ပြောဆိုသတ်မှတ်နေရတဲ့ ကမ္ဘာကျော်အဆိုတော် ရုပ်ရှင်မင်းသမီးလေကွာ"

"ဩော် ... အေး ဟုတ်သားပဲ ... ဆောရီး ... ငါမေ့သွားလို့ ကိစ္စမရှိဘူး ... ဒီတစ်ခါအသည်းနာသွားအောင်ခပ်ပြင်းပြင်းလေးပြောလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ကောင်းတယ် ...ပြောသာပြော"

ကောင်းခန့်မှူး မာန်နှင့်ထန်ကိုကြည့်ပြီး ကျော်ဇေအားတက်သွားရသည်။ စောစောက ကောင်းခန့်မှူးစကားကြောင့် ဒေါသတွေပြယ်လု ပြယ်ခင်ဖြစ်ကာ ပီတိတွေကိုတ်ဖြာသွားရသောမနောမြတ်တစ်ယောက်လည်းကောင်းခန့်မှူးထပ်ပြောမည်ဆိုသော အပြင်းစားစကားကြောင့် လျှော့ချင်ချင်မျက်နှာကိုပြန်တင်းပြီး အကြောမခံဘဲ ပြန်ခွပ်ရန်အသင့်ပြင်ထားလိုက်သည်။

ကောင်းခန့်မှူးထံမှ အပြင်းစားစကားသံများထွက်ပေါ်လာသည်။

"ဒီမယ် ...မနောမြတ် ...စောစောကပြောမိတဲ့စကားကို နားထောင်ပြီး ဘဝင်မြင့်မယ်မကြံနဲ့ ...'စကားမဆုံးဘူးကျန်သေးတယ် ...နားထောင် ...နင်ဟာ ဦးခေါင်းမှာကလီယိုပက်ထရာရဲ့နှစ်ထပ်သရဖူကိုဆောင်း၊ လည်ပင်းမှာ ကိတ်ဝင်းစလက်ကို မစ္စတာကယ်လ်လက်ဆောင်ပေးတဲ့ စိန်လည်ဆွဲကိုဆွဲ ...ခန္ဓာကိုယ်မှာ ဒီဖိုင်နာလတ်လတ်ရဲ့ပွဲတက်ဝတ်စုံကို ဝတ် ...ခြေထောက်မှာ စင်ဒရဲလားရဲ့ရွှေဖိနပ်ကိုစီး ...အိန္ဒြာကျော်ဇင် စတိုင်လ်ဖမ်းပြီး ခင်စန်းဝင်းမိတ်ကပ်လိမ်းပေးထားတဲ့ ဟယ်လင်မင်းသမီးရုပ်မျိုးရှင်းပြီလား"

"အေး ဟုတ်တယ် ...ဒါပဲ"

ကောင်းခန့်မှူးပြောသမျှ ကျော်ဇေခေါင်းညိတ်ထောက်ခံလိုက်ပြီးမှ ခေါင်းသွက်သွက်ခါအောင် ပြန်ခါရင်း

"အဲ ...မဟုတ်သေးဘူးလေကွာ ...မင်းဟာက သူ့ကိုဖွဲ့တာမဟုတ်ဘဲ အရောင်တင်ပြီးရင်းတင်ပေးနေတာပဲ ...မင်းစဉ်းစားကြည့် ကလီယိုပက်ထရာဆိုတာ ရောမကေရာဇ် အလက်ဇန္ဒြာ သည့်ဂရိတ်တောင် သူ့အလှမှာဝပ်ဆင်းခသွားရတဲ့ အီဂျစ်ပြည်ဘုရင်မလေကွာ"

"ဩော် ...အေး ဟုတ်သားပဲ"

"နောက်ပြီး ကမ္ဘာကျော်တိုက်တန်းနစ်ရုပ်ရှင်ကားကြီးထဲမှာ မစ္စတာကယ်လ် ကိတ်ဝင်းစလက်ကိုလက်ဆောင်ပေးတဲ့စိန်လည်ဆွဲဟာ တန်ဖိုးအရမ်းကြီးတယ်လေကွာ"

www.burmeseclassic.com

"ဩော် ...အေး ဟုတ်သားပဲ"

"နောက်ပြီး မြန်မာပြည်မှာ ဒီဖိုင်နာလတ်လတ်တီထွင်ချုပ်လုပ်ပေးတဲ့ဝတ်စုံတွေက ဆန်းပြားလှပတယ်လို့ သတင်းကြီးနေတယ်လေကွာ"

"ဩော် ...အေး ဟုတ်သားပဲ"

"နောက်ပြီး စင်ဒရဲလားရဲ့ရွှေဖိနပ်ဆိုတာ ရွှေမင်းသားလေးကိုယ်တိုင် လက်ကတယုတယကိုင်ပြီး ပိုင်ရှင်ကိုရှာပုံတော်ဖွင့်ရတဲ့ တော်ဝင်ဖိနပ်လေကွာ"

"ဩော် ...အေး ဟုတ်သားပဲ"

"နောက်ပြီး အိန္ဒြာကျော်ဇင်ဆိုတာလည်း မြန်မာပြည်ရဲ့စတိုင်လ်အကောင်းဆုံး ဗီဒီယို၊ ရုပ်ရှင်မင်းသမီးလေးလေကွာ"

"ဩော် ...အေး ဟုတ်သားပဲ"

"နောက်ပြီး ခင်စန်းဝင်းဆိုတာကလည်း အဆိုတော်၊ မင်းသမီးတွေရဲ့လက်စွဲ နာမည်ကျော် အလှဖန်တီးရှင်လေကွာ"

"ဩော် ...အေး ဟုတ်သားပဲ"

"နောက်ပြီး ဟယ်လင်မင်းသမီးဆိုတာကလည်း သူ့ကြောင့် ထရိုဂျင်စစ်ပွဲရယ်လို့ ရာဇဝင်တွင် စစ်ပွဲကြီးကာစ်ပွဲဖြစ်ရလောက်အောင် အလွန်ကိုချောမောလှပတဲ့ မင်းသမီးလေကွာ"

"ဩော် ...အေး ဟုတ်သားပဲ ...ဆောရီး ငါမေ့သွားလို့ ...ကိစ္စမရှိဘူး ...ဒီတစ်ခါတော့ တကယ်အသည်းနာအောင် တကယ်ကိုခပ်ပြင်းပြင်းလေး ပြောပစ်မယ်"

"အေး ...ကောင်းတယ် ...ပြော ...အဲ ...အဲ နေပါစေ ...မှင်းမပြောနဲ့တော့"

ကျော်ဇေ ကောင်းခန့်မှူးပြောမည်ကိုလက်ခံပြီးမှ ရှေ့မှသင်ခန်းစာများကို သတိရပြီးချက်ချင်းငြင်းရသည်။

"ဟင် ...ဘာဖြစ်လို့လဲ ...ငါက ကွက်တိတွေချည်းပဲပြောမှာလေ"

www.burmeseclassic.com



"အေး...ငါကလည်း အဲဒီကွက်တိတွေချည်းပြောမှာကိုပဲ ကြောက်တာ ...နေ ...နေ ငါပဲ ဆက်ပြောတော့မယ်"

ကောင်းခန့်မှူးကို မပြောခိုင်းတော့ဘဲ ကျော်ဇေကိုယ်တိုင်ပြောတာ ကသာ တော်ပေဦးမည်။ နို့မဟုတ်ရင်ကြာလျှင် မနောမြတ်တစ်ယောက် ကောင်းခန့်မှူးပြောသမျှ နားထောင်ပြီး စိတ်ကြီးဝင်ရောဂါဝင်သွားမှာတောင် စိုးရိမ်ရသည်။ ယခုတောင်မှပဲ လူက အတော်လေး ဂိုက်ပေးကြွမ်းလာသည်။ ရည်မွန်နှင့် နှင်းမိုးတို့သည်လည်း မနောမြတ်ကိုကြည့်ရသည်မှာ ယခင်ထက်ပင် ပိုမိုထူးခြားစွာလှပလာသည်ဟု ထင်ယောင်မြင်ယောင် ငေးမောကြည့်ရှုနေမိကြသည်။ ကျော်ဇေလည်း မနော မြတ်တို့၏စိတ်ကိုပုံဖော်မိလျက် ကြီးစွာသော မြင်ပြင်းကတ်သွားရသည်။

"ဒီမယ်...ဒီကောင် ကောင်းခန့်မှူးပြောတာ အဟုတ်ကြီးမှတ်ပြီး အသားလွတ်မြောက်မနေနဲ့ ...တကယ်တော့ မင်းဟာ နန္ဒာလှိုင်ရဲ့ကိုယ်လုံးကိုယ်ပေါက်၊ သက်မွန်မြင့်ရဲ့အရုပ်အမောင်းနဲ့ ထက်ထက်မိုးဦးရဲ့အသားအရည်ကို ...ဟာ ...ဒုက္ခပါပဲ ...မင်းလုပ်တာနဲ့ ငါပါ ရောကုန်ပြီ"

ဖိပြောမည်ကြံပြီးကာမှ စိတ်လောပြီး ကောင်းခန့်မှူးခေတ်ကူးကာ ပြောမိသဖြင့် ကျော်ဇေကိုယ့်ကိုယ်ကိုလည်းမကျေနပ်၊ ကောင်းခန့်မှူးကိုလည်း မကျေနပ်ဖြစ်သွားရသည်။ ထိုမကျေနပ်မှုတို့ကို အင်အားအဖြစ် အသွင်ပြောင်းလဲကာ တိုက်ပွဲဆက်ဝင်ရသည်။

"အေး ...နှင့်ဘာသာဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးတော့ မယ်ကုဝဏ်ချက်မှန်တပ်ထားတဲ့ရုပ်ပဲ"

"ဘာ ...ပြော...တယ်..."

အနာပေါင်းကိုအဆွခံရသလို မနောမြတ် ပေါက်ကွဲသွားရသလို ရည်မွန်နှင့်နှင်းမိုးလည်း မခံမရပ်နိုင်ဖြစ်သွားရသည်။ ကျော်ဇေပစ်မှင်ကို တည့်တည့်ပစ်ခွင်းလိုက်နိုင်သူ လေးသည်တော်တစ်ဦး၏မဓိ တရို ခမ်ပြုံးကို ဆင်မြန်းရင်း

"မယ်ကုဝဏ်ကိုမှ မျက်မှန်တပ်ထားတဲ့ရုပ်လို့ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com

ဟု သရော်တော်တော်လေးသံဖြင့် ထပ်ပြောလိုက်၏။ မနောမြတ် ငှက်ဖျားထသလို တဟင်းဟင်း တုန်တက်ရင်း

"ဟင်း...ဟင်း...နင်...နင်ကမှ ဒူးရင်းသီးလေထိုးထားတဲ့ ရုပ်"

ဟု တုံ့ပြန်သလို ရည်မွန်ကလည်း

"ဟုတ်ပ...ကြည့်ရတာ ဘယ်လိုမှပန်တျာမလာဘူး...မျောက် ဖင်နီ ကားကြိတ်ခံရပြီး ကျောက်ပတ်တီးကိုင်ထားတဲ့ရုပ်နဲ့"

ဟု ဝင်ပက်လေရာ ကျော်ဇေ ဒေါသအတောင့်လိုက်ထွက်ပြီး

"အေး...နင်လည်း ဘာထူးလို့လဲ...မယ်ကုဝဏ် အစွယ်ချိုးခံ ထားရတဲ့ရုပ်နဲ့" ဟူ၍ ရည်မွန်ကို ပြန်ပက်၏။ ထိုအခါ သူငယ်ချင်းတွေ ထိလျှင် မချိအောင်နာတတ်သော နှင်းမိုးက

"အံ့မယ်...သူနိုးက လူဟာစ်လို့ ဒီမယ်...ရေမျောကမ်းတင် အုတ်ကြားမြက်ပေါက်...ကလေကချေ...အမြီးကျက်အမြီးစား ခေါင်း ကျက်ခေါင်းစား...ဂျလေဘီ...အာဝါဒါးကောင်ရဲ့...နင့်ရုပ်ကမှ ပိန္နဲပင် မိုးကြိုးပစ်ခံထားရတဲ့ရုပ်ဟဲ့"

ဟုနှုတ်သီးကောင်းလျှာပါးရန်တွေ့လေရာ ကျော်ဇေလည်းပုဆိုးစွန် တောင်ဆွဲပြီး

"အောင်မာ...အောင်မာ ငါ့ကိုများ...နူရာဝဲစွဲ လဲရာသူနိုး ထောင်း... ခြင်းကြားနဲ့ရေခပ်... အိတ်ပေါက်နဲ့ ဖားကောက်တဲ့ လန်ဒန် မြေပဲယိုကများ ရာရာစစ...အေး နင်ကသာ...မယ်ကုဝဏ် မေးရိုးပြူတ်နေ တဲ့ရုပ်ဟဲ့...ရှင်းသလား"

ဟူ၍ မယ်ကုဝဏ်ကိုပင်တိုင်ထားကာ အနိုင်ရရင်ပြီးရောဆိုင်တာတွေ ရော မဆိုင်တာတွေရောစွတ်ပြောလေရာ မနောမြတ်တို့သုံးယောက် ကြံဖန် နာပြီး ဇွေ့ဇွေ့ခုန်သွားကြသည်။ ထိုအချိန်မှာပင်

"ဟေ့ ကောင်းခန့်မှူးတို့... ကျော်ဇေတို့ ဘာဖြစ်နေကြတာလဲ"

ဆိုသောအသံနှင့် အနားရောက်လာသော ရှုပဗေဒဋ္ဌာနမှူးဆရာမ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်မိုးဝေကိုတွေ့လိုက်ရသဖြင့် အသီးသီးကိုယ်ရှိန်သတ်ကာ ဆရာမ ဒေါ်တင်မိုးဝေကို ကပျာကယာလှည့်ကြည့်ကြသည်။ ဆရာမ ဒေါ်တင်မိုးဝေလည်း အားလုံးကိုစူးစမ်းသလို တစ်ချက်ကြည့်ပြီးနောက်

"ကဲ...ဘာဖြစ်နေကြတာလဲလို့ ...ဆရာမမေးနေတယ်လေ"

ဟူ၍ စုံစမ်းရေးစကားဆိုလာသည်နှင့် မနောမြတ်က

"ဆရာမ...သူတို့ သမီးတို့ကို ပြဿနာလာရှာနေတယ်"

ဟု လက်ဦးမှုရယူကာ တိုင်တန်းလေရာ ရည်မွန်နှင့်နှင်းမိုးကလည်း

"ဟုတ်တယ် ဆရာမ...သူတို့က သမီးတို့ကို နှမချင်းမစာနာဘဲ ရစရာမရှိအောင် လျှောက်ပြောနေတယ်"

ဟူ၍ အသီးသီး သနားကမားမျက်နှာလေးတွေစီရင်ကာ ဖာတ်နာပြကြ၏။ ကောင်းခန့်မှူးနှင့်ကျော်ဇေ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြပြီး မျက်ခုံးပင့်ပြကြ၏။ ဆရာမဒေါ်တင်မိုးဝေ ကောင်းခန့်မှူးနှင့်ကျော်ဇေကို အကဲခတ်သလို တစ်ချက်ကြည့်ပြီး

"ဟုတ်လား...သူတို့က သမီးတို့ကို ဘာတွေပြောလို့လဲ"

"သမီးကို မယ်ကုဝဏ် မျက်မှန်တပ်ထားတဲ့ရုပ်လို့ပြောတယ်"

ဆရာမ ဒေါ်တင်မိုးဝေ မနောမြတ်ကို သေချာကြည့်ပြီးနောက်

"အို...မဟုတ်တာ...သမီးက ဒီလောက်ချောဒီလောက်လှတဲ့ဟာ ဘယ်လိုလုပ်မယ်ကုဝဏ်မျက်မှန်တပ်ထားတဲ့ရုပ်ဖြစ်ရမှာလဲ... နစ်ကိုးကစ်ဒ်မင်းတို့၊ ဂျနီဖာအင်နစ်စတန်တို့ ရုပ်မျိုးပါကွဲ့"

"အဟင်း...ဆရာမကလည်း မဟုတ်တာ"

ဆရာမဒေါ်တင်မိုးဝေစကားကြောင့် မနောမြတ်သဘောတွေ ခွေ့သွားလေရာ ရည်မွန်လည်း နောက်ကျမခံဘဲ ငိုမဲ့မဲ့မျက်နှာဖြင့် တိုင်တန်းလေ၏။

"ဆရာမ...သူတို့ကလေ သမီးကို မယ်ကုဝဏ် အစွယ်ချိုးခံထားရတဲ့ရုပ်လို့ ပြောတယ်"

"ဟင်...ဟုတ်လား...ဘာလဲ...သမီးက ရှေ့သွားငေါ်ချိုး နေလို့လား"



www.burmeseclassic.com

www.burmeseclassic.com

"အ...မကျိုးပါဘူး ဆရာမကလည်း"

"ဩော်...အေး ဒါဆို တော်သေးတာပေါ့...ကဲ...သမီးကို ရောဒီဗရုတ်နှစ်ကောင်က ဘာပြောသေးလဲ"

ဆရာမဒေါ်တင်မိုးဝေလည်း ရည့်မွန်တိုင်ကြားမှုကို ကြားနာနေရာမှ နှင်းမိုးဘက်လှည့်မေးလိုက်သဖြင့် နှင်းမိုးလည်း

"သမီးကိုလေ သူတို့က မယ်ကာဝဏ်မေးရိုးပြုတ်နေတဲ့ရုပ်လို့ပြောတယ်"

ဟု ရှိုက်သံနှောပြီးပြောလေရာ ဒေါ်တင်မိုးဝေလည်း နှင်းမိုးမေးစေ့ကို ကိုင်ကြည့်ပြီး

"ဩော်...သမီးက လက်ဝှေ့ထိုးလို့လား"

ဟု စုံစမ်းလေရာ နှင်းမိုးကြောင်သွားရသည်။

"ရှင်...လက်ဝှေ့ဟုတ်လား...ဟင့်အင်း ထိုးဖို့နေနေသာသာ ကြည့်တောင်မကြည့်ရပါဘူး ဆရာမရဲ့"

"အင်း ...ဟုတ်ပါရဲ့...ဆရာမလည်း အဲဒီလက်ဝှေ့ပွဲတွေ မကြည့်ရပါဘူး"

ဒေါ်တင်မိုးဝေလည်း နှင်းမိုးကဲ့သို့ သတ္တိသွေးကိုကွက်ကွက်ကွင်း ကွင်းဖော်ပြပြီးနောက် ကောင်းခန့်မှူးတို့ဘက် မျက်နှာမူလာကာ

"ကိုင်း...ပြောစမ်း...ကောင်းခန့်မှူးနဲ့ကျော်ဇေ ဘာကြောင့်ကိုယ့် ကျောင်းသူ ကျောင်းသားချင်း မခ်ချင်အောင်စရတာလဲ"

ဟု မနောမြတ်တို့ကျေနပ်ရအောင် မာန်မဲပြ၏။ ကျော်ဇေလည်း ချက်ချင်းပဲ ငိုတော့မည့်မျက်နှာဖြင့်

"ဟင့် ဆရာမကလည်း သူတို့က ကျွန်တော်တို့ကို စုံနေအောင် ပြောတာကျတော့ သိမှမသိဘဲကိုးလို့...ကျွန်တော့်ကိုလေ ကျွန်တော့်ကိုလေ သိလား"

ဟုနတ်သံနှောပြီးပြောလေရာ ဆရာမဒေါ်တင်မိုးဝေလည်း နားကြား ပြင်းကတ်သွားဟန်တူပါသည်။ ထို့ကြောင့်

www.burmeseclassic.com

ကိုယ့်ရဲ့တန်ခိုးရှင်မမလေးထုဆစ်တဲ့ကောင်းကင်

"ကိုင်း...တော်ပြီ...တခြားဟာတွေလျှောက်ပြောမနေနဲ့...ဆရာမမေးတာပဲ ဖြေပါ"

ဟု လှမ်းဟန့်လိုက်ပြီး ကောင်းခန့်မှူးအား လက်ညှိုးထိုးလျက်

"ကဲ...ကောင်းခန့်မှူး ဆရာမမေးမယ်...မင်းတို့ဘာကြောင့် ကိုယ့်ကျောင်းသူကျောင်းသားချင်း မခံချင်အောင် စရတာလဲ"

ဟု မျက်နှာထိမျက်နှာထားဖြင့် သိလိုသည်ကို စုံစမ်းလေရာ ကောင်းခန့်မှူးလည်း မနေသာဘဲ

"ဒီလိုပါ ဆရာမ..."

ဟူ၍ မနော်မြတ်ခတ်ပုံ ကောက်ရသည့်မှစလို့ ယခုပစ္စက္ခတ် အခြေအနေအထိလိပ်ပတ်လည်အောင်ရှင်းပြရသည်။ ထိုအခါမှ ဆရာမဒေါ်တင်မိုးဝေလည်း ရှင်းလင်းသွားလျက်

"ဩော်...ဒီလိုလား...ကဲ...ကောင်းခန့်မှူးရှင်းပြတာကို သမီးတို့လည်း ကြားတယ်နော်...ဒီသမီးနာမည်က မနော်မြတ်နော်"

"ဟုတ်"

မနော်မြတ်ခေါင်းညိတ်ပြလိုက်သည်။ ဒေါ်တင်မိုးဝေက မနော်မြတ်ခေါင်းကိုချစ်ခင်စွာ အသာအယာပွတ်လိုက်ပြီး စကားကိုဆက်သည်။

"အေး...မောင်ကောင်းခန့်မှူးကလည်း သမီးကိုနစ်နာစေလိုတဲ့ သဘောနဲ့ကဲ့ရဲ့ပြောဆိုတာ မဟုတ်ပါဘူးကွယ်...သူ့ဝသီအတိုင်း ဗရွတ်ဗရွတ်တလျှောက်ပြောပြီး ရယ်ပွဲဖွဲ့တာပဲ...ဒါပေမဲ့ ကံဆိုးချင်တော့ ကာယကံရှင်တစ်ယောက်လုံး အနားရှိလို့ရှိမှန်းမသိဘဲ ပြောမိတဲ့အခါကျတော့ ရှင်းရခက်ကုန်တာပေါ့...ဒါပေမဲ့ သူလည်း သူ့အမှားသူသိပြီး အခု သမီးကျောင်းတက်ချိန်စောင့်ပြီး တောင်းပန်စကားပြောတာပဲ မဟုတ်လား"

"ဟင့်အင်း...မဟုတ်ဘူးဆရာမ...သူက မတောင်းပန်တဲ့အပြင် တောင်းရမ်းချင်လို့ပါဆိုပြီး လာပြောတာ"

ကောင်းခန့်မှူး မျက်နှာငယ်လေးနှင့် မနော်မြတ်ကိုကြည့်သည်။ မနော်မြတ်နှုတ်ခမ်းစူပြီး မျက်စောင်းထိုးကြသည်။ ဆရာမဒေါ်တင်မိုးဝေ

www.burmeseclassic.com

ကြိတ်ပြုံးမိလျက်။

"ဩော်...ဒါကလည်း သူစိတ်လောပြီး စကားလုံးများလွှက်မိတာပါ လို့ စောစောကလေးတင် ရှင်းပြသားပဲမဟုတ်လား...ကဲပါလေ ဘာပဲဖြစ်ဖြစ် ကောင်းခန့်မှူး"

"ဟုတ်ကဲ့ပါ ဆရာမ"

"ဆရာမရှေ့မှာတင် သမီး မနော့မြတ်ကို သေချာတောင်းပန် လိုက်စမ်းကွယ်"

"ခင်ဗျာ...ဩော်...ဟုတ်ကဲ့ ဟုတ်ကဲ့...မနော့မြတ်...တို့ တောင်းပန်ပါတယ်...တို့ပြောခဲ့ဆိုခဲ့တာတွေဟာ မနော့မြတ်ရဲ့တစ်ချိန်ကအား နည်းချက်ကို ကဲ့ရဲ့လှောင်ပြောင်နှိမ်ချလိုတဲ့စိတ်နဲ့ပြောခဲ့တာတွေ မဟုတ်ပါဘူး ...ပြောရအောင်လည်း တို့နဲ့မနော့မြတ်နဲ့က အရင်ကသိလည်းမသိ...တွေ့ လည်းမတွေ့ဖူး...ရန်ငြိုးရန်စလည်း မရှိပါဘူး...ဘာရယ်မဟုတ် တို့နဲ့ တို့သူငယ်ချင်း ရယ်ရပြီးရောဆိုပြီး လျှောက်ပြောမိတာပါ...ဘာပဲဖြစ်ဖြစ် တို့မှားပါတယ် ...ခွင့်လွှတ်ပေးပါလို့ အနူးအညွတ်တောင်းပန်ပါတယ်"

မနက်မိုးလင်းကတည်းက ပြောမည်တကဲကဲ ပြင်ထားသောစကား များ အဖုအထစ်တွေဖြစ်ပြီး တလွဲတွေလျှောက်ပြောမိရာ ယခုမှပဲဆရာမဒေါ် တင်မိုးဝေကျေးဇူးမှုဖြင့် စင်းလုံးချောပြောခွင့်ရတော့သည်။ သည့်အတွက် ကျေနပ်အားရမှုရှိသွားရသည်။

ကောင်းခန့်မှူး၏တောင်းပန်စကားကိုရှင်းလင်းစွာကြားရသောမ နော့မြတ်က ခွင့်လွှတ်သည်လည်းမပြော၊ ခွင့်မလွှတ်ဘူးလည်းမဆိုဘဲ ပဲပေး နေလေသည်။ ဆရာမဒေါ်တင်မိုးဝေလည်း ကျေနပ်သွားလျက် ခေါင်းတညိတ်ညိတ် ပြုံးပြီးကာမှ ဘာစိတ်ကူးပေါက်သွားသည်မသိ။

"ဩော်...ဒါနဲ့ မနော့မြတ်က ရုပ်ကလေးလှရက်သားနဲ့ ကျောင်း သားကတ်မှာ သူများတွေလိုပုံလှလှလေးမကပ်ဘဲ ဘာကြောင့်မလှတဲ့ပုံ ကပ်ထားရတာလဲ"

"ဩော်...ဒါက အခြားကြောင့်တော့မဟုတ်ပါဘူး ဆရာမ...



www.burmeseclassic.com

www.burmeseclassic.com



ခုလိုမတော်တဆ ကျောင်းသားကတ်ကျပျောက်တဲ့အခါမျိုးမှာ ကျောင်းသားကတ်ပေါ်ကဓာတ်ပုံကိုကြည့်ပြီး ဓာတ်လမ်းရှာချင်တဲ့ မှန်ကြောင်နှာဘူးတွေရဲ့ အန္တရာယ်ကို ကြိုတင်ကာကွယ်ထားတဲ့ သဘောပါ"

"ဗျာ"

"ဟိုက် ...ငသပေါ"

ကောင်းခန့်မှူးနှင့် ကျော်ဇေတို့ခမျာ ကြိမ်လုံးနှင့် ခပ်စပ်စပ်လေး အနက်ခံလိုက်ရသလို ခံစားသွားရသည့်အထဲ ဆရာမဒေါ်တင်မိုးဝေ၏

"အင်း ...အဲဒီလိုကျပြန်တော့လည်း ဟုတ်သလိုလိုရှိသားပဲ"

ဆိုသည့်သံယောင်လိုက်သံကြောင့် ဖင်ထိုင်လဲကျမတတ်ဖြစ်သွားရသည်။ မျက်နှာသုတ်ပဝါပစ်တင်ပြီး အရှုံးပေးပါပြီဟုဆိုနေသည့်ကြားကမသိကျိုးကျွန်ပြုပြီး ပြိုင်ဘက်ကိုအပြတ်လှဲသိပ်ပစ်မည်ဟူသော လက်ဝှေ့ကြိုးဝိုင်းထဲကလက်ဝှေ့သမားတစ်ယောက်၏ဟန်ပန်ကိုဆောင်ယူထားသောမနော်မြတ်က

"ဒါကြောင့် ပြောတာပေါ့ ဆရာမရယ် ...သိတယ်မဟုတ်လား အခုက ကိုယ့်ဘက်က ဒီလောက်ထောင့်စေ့အောင်တွေးပြီး ကြိုတင်ကာကွယ်ထားတာတောင် အကြံအဖန်သမားတွေရဲ့ရန်က စိတ်ချရသေးတာမဟုတ်ဘူး ဆရာမရဲ့"

ဟူ၍ဒဲ့ကြီးပင် ဆက်ကစ်လေရာ ကောင်းခန့်မှူးလည်းဝိုက်လက်သီးမိသွားသလို မျက်နှာကြီးရှုံ့မဲ့သွားရသည်။ ဒေါ်တင်မိုးဝေလည်း မနော်မြတ်စကားကိုထောက်ခံကြောင်း 'အင်း' လိုက်ကာ ယောင်ပေါင်ခေါင်းညိတ်ပြလေသည်။ ပြီးမှရှိသမျှအားနှင့်ပြန်တွယ်မည်ဟူ၍ အားယူကုန်းထလာသောကောင်းခန့်မှူးနှင့်ကျော်ဇေတို့ကို သတိထားမိသွားလျက် မိမိတာဝန်ကို မိမိသတိရသွားသည်။ ထို့ကြောင့်

"ကဲ ကဲ ...တော်ကြာတော့ တစ်ယောက်နဲ့တစ်ယောက်စကားများလုပြီးရန်ဖြစ်နေကြရအောင် ကလေးတွေလည်း မဟုတ်ဘူး ...တက္ကသိုလ်တောင် ရောက်နေကြပြီပဲဟာ ...ဒီတော့ မောင်နှမစိတ်နဲ့တစ်ယောက်အမှားကို တစ်ယောက်ခွင့်လွှတ်ပြီး တစ်ယောက်အပြစ်ကိုတစ်ယောက် ကျေအေးဖေး



www.burmeseclassic.com

www.burmeseclassic.com

လိုက်ကြ ... ဟုတ်ပြီလား ... ကဲ ကဲ ... ကောင်းခန့်မှူးနဲ့ကျော်ဇေလည်းကိုယ့်အတန်းကိုယ်သွားတက်ကြတော့"

"ဟုတ်ကဲ့ပါ ဆရာမ"

ဆရာမဒေါ်တင်မိုးဝေ စကားကိုအတင်းဖြတ်ပြီး အတန်းသွားတက်ခိုင်းလေသဖြင့် ကောင်းခန့်မှူးနှင့်ကျော်ဇေလည်းဘာမျှမတတ်သာဘဲ မနှောမြတ်တို့ကို ပေစောင်းစောင်းတစ်ချက်ကြည့်ပြီးနောက် နေရာမှသွားရလေသည်။

မနှောမြတ်တို့လည်း ဆရာမဒေါ်တင်မိုးဝေကို နှုတ်ဆက်ပြီးနောက် ကျောင်းထဲသို့ဝင်ရန်ခြေလှမ်းကြလေသည်။ ကောင်းခန့်မှူးတို့ကို အနိုင်ပိုင်းနှိပ်ကွပ်ခွင့်ရလိုက်၍ပဲလားမသိ။ ခြေလှမ်းတို့က ပေါ့ပါးတက်ကြွနေသည်။

ခြေလှမ်းဆယ်လှမ်းခန့်လှမ်းပြီးနောက် မနှောမြတ်က

"ဟဲ့ ... ငါတို့ သူတို့နှစ်ယောက်ကိုမီအောင်လိုက်ရအောင်"

ဟူ၍အလောတကြီးဆိုလေရာ နှင်းမိုးနှင့်ရည်မွန်လည်း အံ့ဩသွားရသည်။ နှင်းမိုးက နားမလည်နိုင်သောမျက်နှာပေးဖြင့် မေး၏။

"ဟင် ... ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ ... ဒီကောင်တွေ လမ်းလျှောက်သွားနေတဲ့ပုံစံကိုကြည့်ရတာ ငါ သိပ်မသင်္ကာဘူး ... ငါတို့ကို အတင်းပြောနေတဲ့ပုံပဲ"

ရှေ့မှလျှောက်နေသော ကောင်းခန့်မှူးတို့နောက်ကျောကို နှင်းမိုးနည်းတူ ရည်မွန်လည်းလှမ်းကြည့်ရင်း

"အေးဟဲ့ ...ဖြစ်နိုင်တယ် ...သူတို့ကိုကြည့်ရတာ ယောက်ျားဆန်မှုံ့ အတင်းပြောတတ်မယ့်ပုံတွေ"

ဟူ၍မနှောမြတ်စကားကို သံယောင်လိုက်ထောက်ခံလေရာ မနှောမြတ်လည်း သူ့အတွေးသူ ပိုမိုစိတ်ချသွားလျက်

"သေချာတာပေါ့ဟာ ... စောစောက ဆရာမကသွားခိုင်းလို့ သွားရတာတောင် ငါတို့ကို ပြန်ကြည့်သွားတဲ့အကြည့်တွေကို ကြည့်ပါလား ... ဟွန်း ...အတင်းပြောချင်တဲ့ရုပ်တွေနဲ့"

ဟု အပိုင်ကြီးစွပ်စွဲပြောဆိုလေရာ နှင်းမိုးလည်း



www.burmeseclassic.com

www.burmeseclassic.com



"အေးဟ ...ဟုတ်တယ်"

ဟုဆိုကာ ခပ်ပြုံးပြုံးမျက်နှာနှင့် ခေါင်းညိတ်ပြသောကြောင့် အနည်းငယ်ကြောင်ကာ မနောမြတ်တက်ကြွသွားလျက်

"ဟုတ်တယ်ဆိုရင်လည်း အချိန်ဖြုန်းမနေနဲ့တော့လေ ...မြန်မြန်လိုက်ကြရအောင်"

ဟူ၍ နှုတ်မှလောဆော်လိုက်ပြီး ကိုယ်တိုင်လည်းခြေလှမ်းကို အရှိန်မြှင့်လေသည်။ တစ်ဆက်တည်းမှာပင်

"ဟင်း ...ငါတို့အတင်းပြောနေတာ လက်ပူးလက်ကြပ်မိလို့ကတော့အတွေ့ပဲ"

ဟူ၍လည်း နှုတ်ထွက်ကြိမ်းဝါးလိုက်သေး၏။ နှင်းမိုးနှင့်ရည်မွန်လည်း သွေးစည်းကြောင်းပြသောအားဖြင့် ခြေလှမ်းကို အရှိန်မြှင့်ရလေသည်။

မနောမြတ်တို့သုံးယောက် စိတ်ဆောင်ကြလို့ထင့်။ ကျောင်းသားများနားနေဆောင်အနီးတွင် ကောင်းခန့်မှူးတို့ကိုမီသွားသည်။ ထိုရောအခါ သတိကြီးသောမနောမြတ်က နှင်းမိုးနှင့်ရည်မွန်ကိုလက်တို့ပြီး ခြေသံမကြားအောင်လျှောက်ရန် အမူအရာဖြင့်သတိပေးရင်း ကိုယ်တိုင်လည်းခြေသံလုံစွာဖြင့် ကောင်းခန့်မှူးနောက်ကျောအနီးသို့ ကပ်နိုင်သမျှကပ်လျှောက်နိုင်ရန် ကြိုးစားလေ၏။ နှင်းမိုးနှင့်ရည်မွန်လည်း ရုပ်သံဇာတ်လမ်းထဲကလူဆိုးကိုထောက်လှမ်းရေးအရာရှိ ချဉ်းကပ်လာသည့် အထူးကွန်မန်ဒို ရဲမေတွေလို ကောင်းခန့်မှူးတို့အနီးသို့ ညင်သာစွာရွေ့လျားချဉ်းကပ်နိုင်ရန် ခြေဖျားကိုယ်စီထောက်လိုက်ကြသည်။

မိမိတို့နောက်ကျောတွင် စကားတစ်ချက်မှားသည်နှင့် ဆယ်ချက်မကပြန်တွယ်မည့် မနောမြတ်တို့ရောက်ရှိနေပြီကို စိုးစဉ်းမျှရိပ်စားမိဟန်မတူသောကောင်းခန့်မှူးနှင့်ကျော်ဇေကတော့အငြင်းအခုန်လုပ်၍ကောင်းနေတုန်းပင်။

"ကျော်ဇေရာ ...ငါမှာတော့ မင်းရောက်လာလို့အားရှိပြီးမှ တော့လုပြီဆိုပြီးထင်လိုက်တာ လခွီးထဲမှာပဲ ...တကယ့်ကို သောက်တလွဲ နည်းနည်းလေးမှ အားကိုးမရတဲ့ကောင်"

"ဟေ့ကောင် ...ကော်င်းခန့်မှူး ...မင်း ကျေးဇူးရှင်ကို မထေ



www.burmeseclassic.com

www.burmeseclassic.com

တားနဲ့ ...ငါသာအချိန်မီရောက်မလာရင် ဟိုသုံးယောက်ကမင်းကိုအရိုးသတ်သတ်၊ အသားသတ်သတ် ပုံပြီးရောင်းနေလောက်ပြီ ...ငါရောက်လာလို့သာ သူတို့ထိုးစစ်လုန်ပြီး ခံစစ်ပြောင်းသွားရတာကွ သိလား"

ကျော်ဇေ စကားကြောင့် မနောမြတ်လည်း

"အံ့မယ် ...သူရောက်လာလို့ပဲ တို့ကထိုးစစ်ကနေ ခံစစ်ဖြစ်သွားရတယ်လို့ ရာရာစစ"

ဟူ၍ မခံမရပ်နိုင်ဖြစ်သွားလျက် နှင်းမိုးနှင့်ရည်မွန်ကိုလှမ်းကြည့်၏။ နှင်းမိုးနှင့်ရည်မွန်လည်း နှုတ်ခမ်းကိုယ်စီမဲ့ရွဲ့ပြပြီး ကျော်ဇေ့ကိုဘုရိုးရှိုးလိုက်ကြ၏။ မနောမြတ်လည်းအံ့ကြိတ်လျက် ကျော်ဇေ့နောက်ကျောကိုကြည့်ပြီး မျက်စောင်းထိုးလိုက်စဉ်မှာပင် ကောင်းခန့်မှူး၏အသံကထွက်ပေါ်လာပြန်သည်။

"ဟာ ...မင်းက အဲဒါခက်တာပဲ၊ ငါလိုချင်တာက ထိုးစစ်တွေ ခံစစ်တွေမဟုတ်ဘူး ...အချစ် အချစ်ကိုလိုချင် ချင်"

"ဟိတ် ...ကောင်းခန့်မှူး"

ကောင်းခန့်မှူး စကားဆုံးအောင်မပြောနိုင်လိုက်ခင်မှာပင် နောက်ကျောဆီမှ ထွက်ပေါ်လာသော နာမည်ခေါ်သံကြောင့် ခြေလှမ်းကိုတုံ့ကနဲရပ်ပြီး ချာကနဲလှည့်ကြည့်လေရာ ထပ်ချပ်မကွာလိုက်ပါသည့် မနောမြတ်နှင့်လူချင်းတိုက်မိရုံသာမက နှာခေါင်းကလည်း နုညက်သင်းပျံ့သော မနောမြတ်၏ ပါးပြင်လေးတစ်ဖက်နှင့် တည့်တည့်တိုးမိတော့သည်။

"အို"

"ဟင်"

"ဟယ်"

အာမေဍိတ်သံလေးတွေ ရေပလုံစီတက်သလို ရုတ်ချည်းလွင့်တက်လာကြသည်။ ကောင်းခန့်မှူးလည်း မျှော်လင့်မထားသည်မို့ ကြောင်အမ်းမှင်တက်ပြီး ဘာပြောလို့ပြောရမှန်းမသိ။ မိန်းမသားဖြစ်သော မနောမြတ်သည်လည်း လူလည်ကောင် အနမ်းခံလိုက်ရသလိုဖြစ်ရသည်မို့ရှက်စိတ်တက်ပြီး မျက်နှာလေးရဲတွတ်သွားရသည်။ နှင်းမိုးနှင့်ရည်မွန်တို့လည်း ဘာပြောရ

www.burmeseclassic.com



မှန်းမသိဘဲ လက်ညှိုးတထိုးထိုးသာ ပြုတတ်ပေတော့သည်။

အမူတော့ကြီးပြီဟူသောအတွေးဖြင့် ကျော်ဇေက ပြေးပေါက်ရှာနေသလို ကောင်းခန့်မှူးကို လှမ်းအော်ခေါ်လိုက်သော အော်သံသည်လည်း အမူပတ်မှာကြောက်ဟန်ဖြင့် အနားမလာရဲတော့။

အရှက်နှင့်ဒေါသကို ဟန်ချက်ညီညီ ပေါင်းစပ်ထားသော မနောမြတ်သည်ကား ကောင်းခန့်မှူးကို စူးစူးဝါးဝါးကြည့်လျက်

"နင ...နင် ...ဒါ ဘာလုပ်တာလဲ"

"ဟင့်အင်း ...ဘာ ...ဘာမှ မလုပ်ပါဘူး"

"ဘာ မလုပ်ရမှာလဲ ...နင် ...နင် ငါ့ပါးကို ...ငါ့ပါးကိုလေ"

"ဩော် ...အင်း ...မွှေး မွှေးတယ်နော်"

"ဘာ ...ဘာမွှေးတာလဲ"

"အဲ ...မမွှေး ...မမွှေးပါဘူး"

"ဘာ မမွှေးဘူးလဲ"

"ဟုတ် ...မွှေး ...မွှေး ...အဲ...မမွှေး ...ဟာ ...ဒုက္ခပါပဲ၊ ဘာပြောလို့ ပြောရမှန်းတောင် မသိတော့ဘူး"

"နင် ...အခုမှ ဘာအူကြောင်ကြောင်လုပ်နေတာလဲ ...လာလိုက်ခဲ့ ...နင့်ကို ပါမောက္ခချုပ်ဆီတိုင်မယ်"

"ဟာ ...အဲဒီလိုကြီးတော့ မလုပ် ...မလုပ်ပါနဲ့ဟာ"

"အို့ မရဘူး ...ဒီကိစ္စ ငါ လုံးဝမကျေနပ်ဘူး ...ပါချုပ်ဆီတိုင်ကိုတိုင်ရမှ ကျေနပ်မယ်"

မနောမြတ် ပြောပြောဆိုဆို ကောင်းခန့်မှူး၏အကျီလက်မောင်းစကိုဆောင့်ဆွဲပြီး ပါမောက္ခချုပ်ရုံးခန်းသို့သွားမည်ဟန်ပြနေလေရာ ကောင်းခန့်မှူးလည်း အကြောက်အကန်ငြင်းရင်း ကျော်ဇေကိုအားကိုးတကြီးလှမ်းကြည့်ပြီး အရေးရယ်အကြောင်းရယ်ဆိုလျှင် နောက်ကျတတ်ခြေထောက် သခင်းဖောက်ဟူသောထုံးကို နှလုံးမူထားသော သူငယ်ချင်းအကောင်းစားပြီး ကျော်ဇေသည်ကား လက်ကလေးတကာကာပြုရင်း နောက်သို့တွန့်ဆုတ်တွန့်ဆုတ်ရွေ


www.burmeseclassic.com

www.burmeseclassic.com

နေလေ၏။

မနောမြတ်၏ အပေါင်းအဖော်နှစ်ဦးဖြစ်သော နှင်းမိုးနှင့်ရည်မွန်တို့ ကတော့ မိမိတို့ဘက်ကအသာစီးရပြီဟူသောယုံကြည်ချက်ဖြင့် ရဲစိတ်ရဲ မာန်များ တက်လာလျက်

"အေး ... ဟုတ်တယ် ... ဒီလောက်တောင် အတင့်ရဲတဲ့ကောင်မျိုးကို ပါချုပ်ဆီပို့ရမယ်"

ဟုညာသံပေးကာ နှင်းမိုးက ကောင်းခန့်မျိုး၏လွယ်အိတ်ကြိုးစကို ဆွဲပြီး ရည်မွန်ကကောင်းခန့်မျိုး၏အင်္ကျီကော်လာကိုဆွဲလေ၏။ ယခုမှကောင်း ခန့်မျိုးလည်း မိမိတဝသည့်ကားကြိုပ်တစလောင်းမှာကြည့်ဖူးသည့် Discovery Channal ထဲကလို ကျားရဲမတစ်သိုက်၏တစ်စစီဝိုင်းဝန်း ကိုက်ဖဲ့ခြင်းကို ခံ နေရသည့် ရွှေသမင်ဖိုလေးတစ်ကောင်နှင့် ဘာမျှမခြားနားပါလားဟု၍ ဝမ်း ပန်းတနည်းတွေးမိရင်း ဘေးဘီသို့အမှတ်မထင်ကြည့်မိရာ 'ဟိုက်' ကနဲဖြစ်သွား ရသည်။

အနီးရှိကျောင်းသား၊ ကျောင်းသူအချို့က ကောင်းခန့်မျိုးနှင့် မနော မြတ်တို့၏အနည်းငယ်ရုန်းရင်းဆန်ခတ်နိုင်မှုကြောင့် ခါးပိုက်နှိုက်ပဲဖမ်းမိသ လိုလို၊ သူခိုးသူဝှက်ပဲဖမ်းမိသလိုလို အထင်များဖြင့်စုပြုံတိုးဝှေ့ကြည့်နေကြလေ သည်။ ထိုအထဲတွင် ယခုပြဿနာ၏အဓိကတရားခံဟု ခေါင်းစဉ်တပ်လိုက တပ်နိုင်ခွင့်ရှိသော အောင်သီကိုလည်း ထိုးထိုးထောင်ထောင်တွေ့ရလေသည်။

ကောင်းခန့်မျိုး နေရာတွင်လဲသေချင်စိတ်ပေါက်သွားလောက်အောင် အရှက်ရမိလေသည်။ ထိုအချိန်မှာပင်

"ဟင် ... မင်းတို့က ဘာဖြစ်နေကြရပြန်တာလဲ"

ဟူသောအသံနှင့်အတူ ဆရာမဒေါ်တင်မိုးဝေ အနားသို့ရောက်လာ လေ၏။ ဆရာမဒေါ်တင်မိုးဝေကိုမြင်သည်နှင့် မနောမြတ်တို့လည်း ကောင်းခန့် မျိုး၏အင်္ကျီ၊ လွယ်အိတ်ကြိုးစတို့အားဆွဲထားသောလက်များကို အလျင် အမြန်ရုတ်သိမ်းပြီး အလုအယက်တိုင်တန်းကြလေသည်။

"ဆရာမ ... သမီးကို ... သမီးကိုလေ ... သူ ... သူ"

www.burmeseclassic.com

ကိုယ့်ရဲ့တန်ခိုးရှင်မလေးထုဆစ်တဲ့ကောင်းကင်

"ဟုတ်တယ် ဆရာမ ... ကောင်းခန့်မှူးဆိုတဲ့ကောင် သမီးတို့ သူငယ်ချင်း မနော့ရဲ့ပါးကို နမ်းတယ်ဆရာမ"

"ဟင် ... ဟုတ်လို့လား"

မနောမြတ်ပြောထွက်ဖို့ ခက်ခဲနေသောစကားကို နှင်းမိုးကရှင်းလင်းစွာထွက်ဆိုပေးလိုက်ရာ ဆရာမဒေါ်တင်မိုးဝေလည်းအံ့သြတကြီးဖြစ်သွားလျက် မယုံနိုင်သောမျက်နှာဖြင့် ကောင်းခန့်မှူးကိုလှည့်ကြည့်၏။ ကောင်းခန့်မှူး မဟုတ်မှန်ကြောင်းရှင်းပြရန် ကြံစည်နေဆဲမှာပင် ရည်မွန်ကပါ

"ဟုတ်တယ် ဆရာမ ... သမီးတို့လိမ်မပြောပါဘူး ... သူ နမ်းလိုက်တာ ဒီဘက်ပါးမှ ဒီဘက်ပါးအစစ်ဆိုတာ သမီးတို့နှစ်ယောက်စလုံး တွေ့လိုက်တယ်"

ဟူ၍ မနောမြတ်ညာဘက်ပါးကိုထောက်ပြပြီး အတိအကျသက်သေခံနေလေရာ ကောင်းခန့်မှူးလည်း မတော်တဆနမ်းလိုက်မိသည့် မနောမြတ်၏ပါးပြင်လေးအားယောင်ပေပေါ်ပြီး သေချာပြန်ကြည့်မိလေသည်။ ဝိုင်းဝန်းကြည့်ရှုနေသော ကျောင်းသား၊ ကျောင်းသူတို့သည်လည်း အခြေအနေမှန်ကို ကွက်ကွက်ကွင်းကွင်း သဘောပေါက်သွားကြသည်။

"ဪ ... လက်စသတ်တော့ ... ဂလိုကနေ ဂလိုဖြစ်သွားတာကို"

"အေးကွာ ... ငါတို့ကျတော့ ဂလိုကနေ ဂလိုမဖြစ်ဘူး ... နာလိုက်တာ"

"ဝါး ဟား ဟား"

"ဪ ... ကြည့်ရတာ ... သူက ပါးကိုနမ်းတာမဟုတ်လောက်ပါဘူး ... ပါးပေါ်မှာလူးထားတဲ့ သနပ်ခါးစစ်တယ် မစစ်ဘူးဆိုတာ သိချင်လို့ ရှုကြည့်တာနေမှာပါ"

"ဪ ... သနပ်ခါး စစ်၊ မစစ်လောက်ကတော့ တို့ခြည်း ခွဲခြားတတ်ပါတယ်နော်"

"ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



ပျော်တတ်သောကျောင်းသားအချို့၏ ဗရုတ်ကျကောင်းမှုကြောင့် ရယ်သံများက ထိန်းမနိုင်သိမ်းမရထွက်ပေါ်လာရသည်။ တစ်ယောက်တစ်ပေါက် နောက်ပြောင်ပြောဆိုသံများနှင့် အော်ဟစ်ရယ်မောသံများကြောင့် မနော့မြတ်လည်း ပတ်ဝန်းကျင်ကိုသတိထားမိလျက် အရှက်ပိုသွားရသလို ဆရာမဒေါ်တင်မိုးဝေလည်း မနေသာဘဲ

"ကဲ ... အားလုံးပဲ ဒီမှာလာရပ်ပြီး ဘာလုပ်နေကြတာလဲ့ သွား သွား ... ကိုယ့်အတန်း ကိုယ်သွားတက်ကြ"

ဟူ၍လေသံမာမာဖြင့် ပြောဆိုလူစုခွဲရလေသည်။ စပ်စုလိုစိတ် အကင်းမသေသေးသောကျောင်းသူများနှင့် ဗရုတ်ကျလိုသေးသော ကျောင်းသားများ အနားမှမခွာချင့်ခွာချင်နှင့်ထွက်ခွာသွားသောအချိန်မှာပင် အင်္ဂလိပ်စာဌာနမှ ဆရာဦးမြတ်စံရောက်ရှိလာ၏။ အခြေအနေကို စူးစမ်းကြည့် ကြည့်ပြီးနောက် ဆရာမဒေါ်တင်မိုးဝေဘက်လှည့်ကာ

"ဆရာမ ... ဘာဖြစ်လို့လဲ"

"ဩော် ... ဆရာ ... ဆရာရောက်လာတာနဲ့အတော်ပဲ ... ဒီမှာ ကျွန်မတစ်ယောက်တည်း ဒီကပြဿနာကို ဘယ်လိုဖြေရှင်းပေးရမလဲဆိုတာ ခေါင်းခဲနေလို့"

"ဆရာ ... ဆရာ ... သမီးကိုလေ ... သူ ... သူ"

မိမိတို့ဌာနမှ ဆရာမြတ်စံကိုတွေ့လိုက်ရသဖြင့် မနော့မြတ်တို့အား တက်ပြီး လက်ဦးမှုရယူကာတိုင်မည်တောမည် တကဲကဲပြုနေသည်ကိုတွေ့ ရသဖြင့် ကောင်းခန့်မှူးစိတ်ဓာတ်တွေပို၍ ပျက်ပြားလာရသည်။

ကောင်းခန့်မှူး ဆရာမဒေါ်တင်မိုးဝေကို ကူပါ ကယ်ပါဟူသော သနားစရာမျက်နှာပေးဖြင့် အားကိုးအားထားကြည့်လိုက်မိသည်။ သည်အချိန်မှာ ပြဿနာက စဖြစ်ကတည်းက ပါးစပ်လေဖြတ်ထားသလိုစကားတစ်ခွန်းမှ ဟဖော်မရတော့သော ကျော်ဇေက မနော့မြတ်၏စကားမဆုံးခင် စကားဖြတ် ပြောကာ ဖြစ်စဉ်ကိုရှင်းပြလေသည်။

"ဒီ ... ဒီလိုပါဆရာ ... ကျွန်တော်တို့နှစ်ယောက် စကားပြောပြော



www.burmeseclassic.com

www.burmeseclassic.com



နဲ့အထာနဲ့တက်စို့အသွား ... နောက်ကနေကောင်းခန့်မှူးဆိုပြီး နာမည်ကို ခေါ်သံကြားလို့ လှည့်ကြည့်မိပါတယ် ... အဲ ... အဲဒီမှာတင် ကောင်းခန့်မှူးနဲ့ နောက်ကကပ်ပါလာတဲ့ မနော်မြတ်လည်း လူချင်းနဖူးတွေ့ဒူးတွေ့ တွေ့တော့ တာပါပဲ ဆရာရယ်"

"ဟုတ် ... ဟုတ်ပါတယ် ဆရာ ... အခု သူပြောပြတဲ့အတိုင်းပါ မဲ ... ကျွန်တော်တမင်လုပ်တာမဟုတ်ပါဘူး ... ဘုရားပေးပေး ကျမ်းပေးပေး ပါ ... ကျွန်တော့်မှာ မနော်မြတ်ပါးကို နမ်းမိတယ်လို့သာ အမှတ်ပါရတာ ... နံ့လား မွှေးလားတောင် မသိလိုက်ရပါဘူးဆရာ"

မိမိပါးမွှေးသလား၊ နံ့သလားတောင် မသိလိုက်ရပါဘူးဆိုသော ကောင်းခန့်မှူးစကားကြောင့် မနော်မြတ်တစ်ယောက် မိမိပါးကိုမိမိယောင်ပေါင် စမ်းကြည့်မိရင်း နံများနံနေသလားဆိုပြီး နှာခေါင်းတရှုံ့ရှုံ့လုပ်မိသေး၏။ မွှေး ပျံ့သော မွှန်နံ့သာရနံ့ကိုရှူရှိုက်မိကာမှ စိတ်သက်သာရာရသွားရသည်။ တစ် ဆက်တည်းမှာပင် သည်လိုပြောရကောင်းလားဟူ၍ အမျက်ထွက်လျက် ပါးစပ် မှုပ်စိပွစိလုပ်ပြီး မျက်စောင်းထိုးလိုက်သည်။ ကောင်းခန့်မှူးကတော့ သတိမထား မိဘဲ စကားကိုဆက်၏။

"ဆရာမယုံရင် အဲ ... ဟိုမှာ ... ဟိုကောင်အောင်သီသက်သေရှိ ပါတယ် ... သူ့မေးကြည့်ပါ ... ခုလို ပြဿနာဖြစ်ရတာလည်း ကျွန်တော့်ကို နောက်ကနေ သူလှမ်းခေါ်လို့ဖြစ်ရတာပါ"

"အီ"

အောင်သီလည်း ဆရာမဒေါ်တင်မိုးဝေသွားခိုင်းတုန်းက သွားလိုက် ရအကောင်းသား။ အခုတော့မနေနိုင်မထိုင်နိုင် အနားမှာရစ်သီ ရစ်သီအလုပ် ကောင်းတာနဲ့ အမှုတော့ပတ်ပြီဟူသောအတွေးဖြင့် မျက်နှာလေးအိုသွားရ သည်။ သို့သော် ရှောင်ပြေးလို့မလွတ်နိုင်တော့သောပြဿနာကို ရင်ဆိုင်ခြင်း ဖြင့်သာ ဖြေရှင်းရန်အတွက်လည်းကောင်း၊ ကျူးထဲကျုပ်ထဲကျရောက်နေသော ကောင်းခန့်မှူးအား ကယ်တင်ပေးခြင်းဖြင့် သူငယ်ချင်းကောင်းစိတ်ဓာတ်ပြရန် အတွက်လည်းကောင်း အောင်သီတစ်ယောက် ဆရာဦးမြင့်ဘမျှမမေး



www.burmeseclassic.com

www.burmeseclassic.com

သေးခင်မှာပဲ မြင်သမျှ တွေ့သမျှကိုအရဲစွန့်ဖွင့်ချလေသည်။

"ကျွန်တော် ကောင်းခန့်မှူးကို နောက်ကနေ လှမ်းခေါ်လိုက်ရတာ မှာ ဒီကောင်မလေးသုံးယောက်ရဲ့ မသင်္ကာဖွယ်ရာလှုပ်ရှားမှုကို တွေ့ရှိရလို့ အချိန်မီသတိပေးနိုင်အောင် လှမ်းခေါ်လိုက်ရတာပါ"

"ဟေ ... ဘယ်လို မသင်္ကာဖွယ်ရာလှုပ်ရှားမှုတွေ တွေ့ရလို့လဲ"

"ဟုတ်ကဲ့ ... ကျွန်တော်မြင်တွေ့ရတာကတော့ ကောင်းခန့်မှူးနဲ့ ကျော်ဖေရဲ့နောက်ကနေ သူတို့သုံးယောက်က အကြံအစည်တစ်ခုခုနဲ့အသံမကြားအောင် ခြေဖျားထောက်ပြီး ထပ်ချပ်မကွာလိုက်နေတာကို တွေ့ရလို့ပါ"

"ဟေ ... ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ဆရာ ... ဟောဒီ ကျွန်တော့်မျက်လုံးကြီးနှစ်လုံးနဲ့ကို ရှင်းရှင်းလင်းလင်းတွေ့ရတာပါ"

မနော့မြတ်တို့လည်း အောင်သီစကားကြောင့် တရားလိုကနေ တရားခံဘဝရောက်ရကိန်းဆိုက်သွားသဖြင့် မျက်လုံးပြူးကျယ်သွားကြရသည်။

ဆရာဦးမြတ်စံ နားမလည်နိုင်သောအမူအရာဖြင့် မနော့မြတ်တို့ကို လှည့်ကြည့်ပြီး ဟုတ်၊ မဟုတ် မေးမြန်းမည်ပြုစဉ် သီလိုစိတ်ပို၍မြင်းပြနေသော ဆရာမဒေါ်ကင်မိုးဝေက အမေးဦးသွားလေ၏။

"ဟင် ... သမီးတို့ ဘာကြောင့် အခုလိုလုပ်ကြရတာလဲကွဲ့"

မနော့မြတ်တို့သုံးယောက်လည်း တစ်ယောက်ကို တစ်ယောက် မျက်လုံးအဝိုင်းသားဖြင့်ကြည့်မိ၏။ ပြီးမှနှင်းမိုးနှင့်ရည်မွန်က နင်ပြောပြလိုက်ဟူသောသဘောဖြင့် မနော့မြတ်ကိုမျက်ရိပ်ပြလေရာ မနော့မြတ်လည်း

"ဟို ... ဟိုလေ ... သူ ... သူတို့ သမီးတို့ကို ဘာအတင်းတွေများပြောမလဲဆိုပြီးသိချင်လို့ ... တခြားမဟုတ်တာလုပ်ဖို့ ဘာအကြံအစည်မှ မရှိပါဘူး"

ဟုပြန်လည်ဖြေရှင်းချက်ပေးပြီးနောက် စကားချဲ့ကားပြောရကောင်း သားဟူ၍ အောင်သီကိုမျက်စောင်းထိုး၏။ အောင်သီ သွားလေးအဖြဲသားဖြီးရယ်ပြလေသည်။ ကောင်းခန့်မှူးလည်း ကယ်တင်ရှင်သူငယ်ချင်းနှစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေးရှုတင်မှုအပြည့်ဖြင့်ကြည့်ရင်း မျက်နှာလိုမျက်နှာရပြုံးရင်း ခေါင်းညိတ်ပြလိုက်သည်။ ကျော်ဇေနှင့်အောင်သီကလည်း အားပေးပြုံးပြုံးရင်း ပြန်လည်ခေါင်းညိတ်ပြသည်။ ဤသည်ကိုပင် နှင်းမိုးက အတွေးတစ်မျိုးပေါက်ပြီး

"ဆရာ ...တွေ့လား ဟိုကောင်တွေ ဒီလောက်ပြဿနာဖြစ်နေတာတောင်မှ မျက်နှာပိုးကမသေဘဲ ပြောင်စပ်စပ်ပြုံးဖြီးဖြီးလုပ်ပြနေကြတယ်"

ဟူ၍ တိုင်ချက်တစ်ဆင့်တက်ပြန်လေသည်။ ဆရာမ ဒေါ်တင်မိုးဝေနှင့် ဆရာဦးမြတ်စံလည်း ရယ်ချင်ပြုံးချင်ဖြစ်နေပါလျက် မရယ်မပြုံးမိအောင် သတိထားရင်း

"ကဲ ...ကဲ ဒီကိစ္စ ဘယ်လိုပဲဖြစ်ဖြစ် ...မိန်းကလေးဖြစ်တဲ့ မနော်မြတ်ဘက်က ဆရာမ ရပ်တည်တယ် ...ဒါကြောင့် ကောင်းခန့်မှူးကို ဌာနခေါ်သွားပြီး ပြင်းထန်စွာသတိပေးပြီး နောင်ဒါမျိုးမဖြစ်စေရပါဘူးလို့ ဝန်ခံကတိ လက်မှတ်ထိုးခိုင်းလိုက်မယ် ...ဟုတ်ပြီလား"

"အင်းလေ ...ဆရာမဘက်က ဆရာမတပည့်ကို ခုလိုအရေးယူဆောင်ရွက်ပေးမယ်ဆိုရင် ကျွန်တော့်ဘက်ကလည်း ဘာမှအတွေ့အထူးပြောမနေတော့ပါဘူး ...ကျေနပ်ပါတယ် ...ကျွန်တော့်တပည့်တွေကိုသာ အတန်းတက်ရအောင် ခေါ်သွားပါ့မယ် ...က ...လာ လာ ... မနော်မြတ်တို့၊ နှင်းမိုးတို့၊ ရည်မွန်တို့ ...ဩော် ...ကြည့်စမ်းပါဦး ... အခုချိန်က ဆရာ့အတန်းချိန်ပဲကိုး ...ကဲ ဆရာမ သွားလိုက်ပါဦးမယ်"

"ဟုတ်ကဲ့ ...ကျွန်မကိုလည်း ခွင့်ပြုပါဦး ...ကဲ ...ကောင်းခန့်မှူး လာ ...ဆရာမနောက် လိုက်ခဲ့ ...အဲ ...ဟိုနှစ်ယောက် ကျော်ဇေနဲ့အောင်သီ မင်းတို့ပါလိုက်ခဲ့ ...လာ"

ဟူ၍အတိုင်အဖောက်ပြုကာ ဖြေရှင်းရလေသည်။ မနော်မြတ်တို့လည်း ဆရာနှစ်ဦး၏အဆုံးအဖြတ်ကိုမပယ်ရှားရဲသဖြင့် စောဒကမတက်ကြတော့သော်လည်းပဲ သိပ်တော့ကျေလည်သေးဟန်မတူ။ ဆရာဦးမြတ်စံခေါ်ဆောင်ရာနောက်သို့ ဘောက်ဆတ်ဘောက်ဆတ်ဖြင့်လိုက်ပါသွားရင်း ကောင်းခန့်မှူးတို့အား မျက်စောင်းကိုယ်စီထိုးဖြစ်အောင် ထိုးသွားကြပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

■ ၄ ■

မနောမြတ်စာကျက်နေရာမှ စာအုပ်ထဲမှာ ကောင်းခန့်မှူးမျက်နှာက အထင်းသားပေါ်လာသဖြင့် စာအုပ်ကိုဖျတ်ကနဲပိတ်လိုက်ပြီး မျက်စိစုံမှိတ် အော်ဟစ်ပစ်လိုက်သည်။

"မုန်းတယ် ...မုန်းတယ်"

ရုတ်တရက်ထွက်ပေါ်လာသော မနောမြတ်၏အသံပြဲကြီးကြောင့် စာကျက်ရင်း အိပ်ငိုက်နေသော နှင်းမိုးလည်းလန့်ဖျတ်သွားလျက်

"ဟဲ့ ...ပလုတ်တုတ် ကလူ ...ကလူ"

ဟုပါးစပ်ထဲတွေ့ရာရေရွတ်ပြီး ရင်ဘတ်ကလေးကိုဖိကာ မနောမြတ်ကို မျက်လုံးပြူးကြည့်သည်။ ပြီးမှ

"ဟဲ့ မနော ...ဘာထဖြစ်ရတာလဲ ...လန့်လိုက်တာဟယ်"

"မုန်းတယ် ...မုန်းတယ် ...သတ်ပစ်ချင်လောက်အောင် မုန်းတယ်"

"ဟင် ...ငါ ...ငါ့ကိုပြောတာလား ...ငါ နှင့် ...ငါ့ကိုဘာ



www.burmeseclassic.com

www.burmeseclassic.com



ထုပ်မိလို့လဲ"

မနောမြတ် နှင်းမိုးကိုစေ့စေ့ကြည့်ပြီး ဆက်လက်ပေါက်ကွဲနေပြသဖြင့် နှင်းမိုးလည်း ဘာအမှားလုပ်မိလို့ပါလိမ့်ဟု မလုံမလဲဖြစ်ရင်း ကိုယ့်ကိုယ်ကို ပြန်ငုံ့ကြည့်မိသည်။

ဆူဆူညံညံအသံတွေကြောင့် ခုတင်ပေါ်တွင် စာကျက်ရင်းအိပ်ပျော်သွားသော ရည်မွန်သည်လည်း နိုးလာရလျက်

"ဟဲ့ ညကြီးမင်းကြီးဘာထဖြစ်နေရတာတုန်း ... နင်တို့ကလည်း"

ဟုအလိုမကျသလိုလှမ်းဟန့်၏။ သို့သော်မနောမြတ်ကနှင်းမိုးနှင့်ရည်မွန်တို့၏အသံများကိုဂရုမပြုနိုင်အားဘဲပေါက်ကွဲမှုကိုဆက်လက်ရှင်သန်စေသည်။

"ကောင်းခန့်မှူးဆိုတဲ့ ကောင်စုတ် ကောင်နှာ ... နင့်ကို ကမ္ဘာမကြေဘူး ...နင့်ကိုလက်စားချေရမှ ကျေနပ်နိုင်မယ်"

ဆိုသော မနောမြတ်ကိုပေါက်ကွဲစေသည့် အမည်နာမအတိအကျကိုသိလိုက်ရပါမှ နှင်းမိုးလည်းမိမိကိုရည်ညွှန်းသည် မဟုတ်မှန်းသိလိုက်ရသည့်အတွက် စိတ်သက်သာရာရသွားသလို ရည်မွန်သည်လည်း အိပ်မှုန်စုံမွှားမျက်လုံးကို ပြူးကျယ်သွားအောင် လက်ဖြင့်ပွတ်သပ်လေသည်။ ပြီးမှ

"အေး ...ဟုတ်တယ် ...ကောင်းခန့်မှူးဆိုတဲ့ကောင်ကို ငါလည်း မကြေဘူး ... ငါ့သူငယ်ချင်း နုနုထွတ်ထွတ်လေးကို အမျိုးမျိုးဒုက္ခပေးတဲ့ကောင် ...မိုးနတ်မင်းက ဒီအတိုင်း ကြည့်နေမယ်မထင်နဲ့ ... ဒီကောင့်ကို ဒဏ်ခတ်မှာသေချာတယ်"

ဟုတရုတ်ဇာတ်လမ်းတွဲတွေထဲကလေသံဖြင့်ပြောသလို နှင်းမိုးကလည်း

"အေး ဟုတ်တယ် ...ဒီကောင် မရှုမလှကျဆုံးတာမြင်ရမှ ငါလည်း မနောအစားကျေနပ်နိုင်မယ် ...စဉ်းစားကြည့်လေဟာ ...ငါတို့သူငယ်ချင်းအချင်းချင်းတောင် မနမ်းဖူးသေးတဲ့ တို့သူငယ်ချင်းအချောအလှမနောရဲ့ပါးပြင်နုနုလေးကို ဒီကောင် ပထမဆုံးနမ်းခွင့်ရသွားတော့ ဘယ်လောက် ခံပြင်းဖို့ကောင်းလဲ ...ငါတွေးမိလေ မကျေနပ်နိုင် ...အဲ ..



www.burmeseclassic.com

www.burmeseclassic.com

…ဟဲ့ ဟဲ့ … ဒါနဲ့ မနော …နင် …နင်ရော ဘယ်လိုခံစားရလဲဟင်”

ဟုအလိုတူအလိုပါပေါက်ကွဲပြုရင်းမှ တစ်စုံတစ်ခုတွေးမိဟန်ဖြင့် စကားလမ်းကြောင်း ပြောင်းသွားလေရာ မနောမြတ်လည်းကြောင်သွားရလျက်

“ဟင် …ငါက ဘာကိုခံစားရမှာလဲ”

“ဟို …ဟိုလေဟာ …ရင်တွေ ဘာတွေမခုန်ဘူးလားလို့ မေးတာ”

“ဟဲ့ …ဘာတွေလာမေးနေတာလဲ …ငါက ဘာကြောင့်ရင်ခုန်ရမှာလဲ …သူ့အနမ်းခံရတာ သနလွန်းလို့ အန်တောင်အန်ချင်တာမှ ဝေါ့ကနဲ တောင် နေသေးတယ်”

“ဟုတ် …ဟုတ်ရဲ့လားဟယ် …ပြောလို့ပြောတာ မဟုတ်ဘူး နော် …ကောင်းခန့်မှူး ချောတာတော့ တော်တော်ချောတယ် …အဲလို ကောင်လေးချောချောတစ်ယောက်ရဲ့အနမ်းကို မထင်မှတ်ဘဲ ခံယူလိုက်ရတဲ့ မိန်းမပျိုလေးတစ်ယောက်အဖို့ ရင်မခုန်ဘူးဆိုတာ ငါတော့ သိပ်မယုံချင်ဘူး”

“အေး …နင်တို့လို ဆတ်စလူးထနေတဲ့ မိန်းမမျိုးဆိုရင်တော့ ကောင်းခန့်မှူးလိုကောင်မျိုး နမ်းတာခံရရင်၊ ရင်ခုန်ရုံတင်မကဘူး .. အပျော်ဆိုပြီး သေတောင်သွားမလားပဲ …ငါက သနလွန်းလို့ အန်ချင်တယ် ဝေါ့”

မနောမြတ် ကောင်းခန့်မှူးကိုပေါက်ကွဲနေရာမှ မဆီမဆိုင် ထပြောလာသော နှင်းမိုးနှင့်ရန်ဖြစ်ရမည့်ကိန်းဆိုက်လာသည်။ အရေးထဲ ရည်မွန်က လည်း တစ်စခန်းထလာပြန်သည်။

“အို …အဲလို ရှိမန်တစ်ဆန်တဲ့အနမ်းမျိုးသာ ကြုံရလို့ကတော့ ဘာပြောကောင်းမလဲ …တစ်ခါတည်း မလွှတ်တမ်းကိုဖက်ထားလိုက်မှာ …အဟိ”

ရည်မွန်ပြောရင်း အားပါလာဟန်ဖြင့် ဘေးမှဖက်လုံးကို အသေအကြပ်ဖက်ပြလေသည်။ ထိုရောအခါ နှင်းမိုးကလည်း

“အို …ဒါမျိုး ငါဆို စိတ်ဆိုးမှာပဲ …ကျွန်တဲ့ ဆိုးဘာတစ်ခက်ပါ

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ရဲ့တန်ခိုးရှင်မလေးထုဆစ်တဲ့ကောင်းကင်

မှန်းရကောင်းလားဆိုပြီး ခစ် ခစ်''

ဟာဂျီရူမြူးပြလေရာ မနောမြတ်လည်း ဆက်ပြီးစိတ်ဆိုးရအခက် သူတို့နှင့်ရောနှောပြီး ရယ်မောရအခက်ဖြစ်ရကာ

"တော်ပြီဟာ ...အိပ်တော့မယ် ...နင်တို့နဲ့ စကားအကောင်းဆက်ပြောလို့ရမှာမဟုတ်ဘူး ...ကောင်မစုတ်တွေ့ မိန်းမနောက်ပိုးတွေရဲ့''

ဟာဂျီရူသော့်ပြောဆိုပြီး ခုတင်ပေါ်ပစ်လှဲလိုက်တော့သည်။ နှင်းမိုးနှင့် ရည်မွန်တို့ကတော့ မနောမြတ်ကိုကြည့်ပြီး သဘောကျစွာနောက်ပြောင်ရယ်မောကြလေသည်။

"အေး အေး အိပ်တော့အိပ်တော့ ...ဒါမှအိပ်မက်ထဲမှာကောင်းခန့်မှူးနဲ့တွေ့ပြီးနောက်ထပ်ပါးတစ်ဖက်ပါထပ်အနမ်းခံရမှာ ခစ် ခစ်''

"အိုး ...ဒီတစ်ခါ လာနမ်းကြည့်ပါလား ...ငါတို့ သူငယ်ချင်းမနောက ဒီအတိုင်းငြိမ်ခံနေမယ်ထင်သလား ...တစ်ခါတည်း အာဘွား အာဘွားဆိုပြီး ပြန်နမ်းလိုက်မှာပေါ့''

"ခစ် ခစ် ခစ် ခစ်''

ဟာသတွေလျှောက်ပြောပြီး ခွက်ထိုးခွက်လှန်ရယ်မောနေသော နှင်းမိုးနှင့်ရည်မွန်ကိုကြည့်ပြီး မနောမြတ်ပါးစပ် ပွစိပွစိလုပ်ကာ မျက်စောင်းထိုးလိုက်သည်။ မျက်စောင်း၏ပစ်မှတ်တည့်တည့်မှာ ကောင်းခန့်မှူး၏အပိုးမကျိုးသောမျက်နှာကို အထင်းသားတွေ့လိုက်ရသည်။ အိပ်ပျော်ချိန်မှာ အိပ်မက်တံခါးကိုဖွင့်ပြီး ဝင်ရောက်လာမှာစိုးသည့်အတွက် ကြိုတင်ကာကွယ်သောအားဖြင့် မျက်နှာကြီးရှုပုပ်ကာ မာန်မဲကျိန်ဆဲ လိုက်သည်။

"ကောင်းခန့်မှူး ...အသုဘကောင်''



www.burmeseclassic.com

www.burmeseclassic.com

## ။ ၉ ။

"ဒါဆို မင်း ဝန်ခံကတိလက်မှတ်ထိုးလာရပေါ့ ဟုတ်လား"

နိုင်လင်း၏အမေးကို ကောင်းခန့်မှူးခေါင်းခါပြရင်းအဖြေပေးလိုက်သည်။

"ဟင့်အင်း ဆရာမဒေါ်တင်မိုးဝေက ငါတို့ကို ဒွာနလည်းခေါ်မသွားဘူး ...ကောင်းခန့်မှူးကိုလည်း ဘာဝန်ခံကတိလက်မှတ်မှလည်း မထိုးခိုင်းပါဘူး ...နောင်ကိုဒါမျိုးမဖြစ်အောင် ဆင်ခြင်ဖို့ ...အစအနောက်သိပ်မသန်ဖို့ပြောဆိုဆုံးမပြီး အတန်းသွားတက်ခိုင်းလိုက်တာပဲရှိပါတယ်"

ဟုရှင်းလင်းပြလေရာ နိုင်လင်းလည်း တစ်စုံတစ်ရာကိုနားလည်သဘောပေါက်သွားသောလေသံဖြင့်

"ဪ ...ဒါဆို ကြည့်ရတာ ...ဆရာမဒေါ်တင်မိုးဝေက မနောမြတ်လည်း ကျေနပ်သွားအောင်၊ အမှုလည်း ကြီးမသွားအောင်ဆိုပြီး ဖွဲ့ထိန်းပေးလိုက်တဲ့သဘောပဲကွ"

ဟု ထင်မြင်ချက်ပေးပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် ... ကောင်းခန့်မှူး ... ဆက်သာလှုပ်ရှားပေတော့ ... ဒီအတိုင်းဆို ကံတရားက မင်းဘက်မှာရှိနေတယ်လို့ပြောလို့ရတယ်"

ဟု၍ ဆက်လက်ပြီး အားပေးအားမြှောက်ပြုလေသည်။ သို့သော် အားတက်ဖို့ရာ မဝံ့မရဲနိုင်နေပြီဖြစ်သော ကောင်းခန့်မှူးက

"ဟင် ... ဒီလောက် ပြဿနာတွေတက်နေတဲ့ကြားက ကံတရားက ငါ့ဘက်ကို ဘယ်လိုရှိနေရပြန်တာလဲ"

"ဟ ... ရှိလို့ ရှိတယ်ပြောတာပေါ့ကွ ... ပြောရရင် ဒီကိစ္စ .. အကြီးကြီးနော် ... ချဲရှင်ချဲသလောက်ရတယ် ... ဒါပေမဲ့ သူ့အလိုလိုသေးသေးလေးဖြစ်သွားတာဟာ ကံတရားဟာ မင်းဘက်မှာရှိနေလို့ပေါ့ကွ"

အောင်သီကလည်း

"အေးကွ ... ဒါတော့ဟုတ်တယ် ... ငါတောင်မှပဲ အစကသွားပြီ ရှင်းမရတော့ဘူးဆိုပြီး တွက်လိုက်မိတာ ... မင်းတို့ စဉ်းစားကြည့်လေကွာ ... မတော်တဆပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ဒီကောင်မနော့မြတ်ပါးကို နမ်းမိတာဟာ တော်တော်ရှင်းရခက်တဲ့ကိစ္စပဲ ... ဒီကြားထဲ ဆရာမဒေါ်တင်မိုးဝေရော ဆရာဦးမြတ်စံပါ ထပ်ရောက်လာတော့ ငါ့ကောင်တော့ကွဲပြီပဲ ထင်တာပေါ့ ... ဒါပေမဲ့ ကံကောင်းချင်တော့ ဆရာ၊ ဆရာမနှစ်ယောက်လုံးက ဒါကို အပြစ်လို့မသတ်မှတ်ဘဲ အေးအေးဆေးဆေးဖြေရှင်းပေးလိုက်မှ ငါလည်း ဒီကောင် ကောင်းခန့်မှူးအစား သက်ပြင်းချနိုင်တော့တယ်"

ဝဏ္ဏကက

"ဩော် ... မင်းကလည်း အပြစ်လို့မသတ်မှတ်ဆို ဒါအပြစ်မှမဟုတ်တာ ... သူတို့က နောက်ကျောမှာကပ်ပြီးပါလာတာမသိလို့ မတော်တဆဖြစ်သွားရတဲ့ဟာပဲ"

နိုင်လင်းက

"ဘာပြောပြော ကံတရားက ဒီကောင့်ဘက်မှာရှိနေတာကတော့ရှိနေတာပဲ"

ကျော်ဇေက နိုင်လင်းကို တစ်ချက်ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com

"ဟင်း ...မင်းကလည်း ဖွတ်ပဲ ...ငါတို့တောင် နေရင်းထိုင်ရင်း အမှုတွဲခံရတော့မလို့ သီသီလေးလိုတဲ့ဟာကိုတောင် ကံတရားကဒီကောင့်ဘက်မှာရှိတယ်လုပ်နေသေးတယ်"

"ဟား ...မင်းတို့ စဉ်းစားကြည့်လေကွာ ...မနော့မြတ်လို အလှနတ်သမီးလေးနဲ့တွေ့ဆုံကြုံကြိုက်ခွင့်ရဖို့ ကျောင်းသားကတ်လေး ကောက်ရတာဟာလည်း ဒီကောင့်ကိုကံတရားကဖေးမလို့ပဲ ...ဟော ..ကျောင်းသားကတ်ပေါ်က ဓာတ်ပုံကိုဝေဖန်ရေးလုပ်မိတာဟာလည်း မနော့မြတ်အသိစိတ်ထဲမှာ ကောင်းခန့်မှူးဆိုတဲ့ကောင်ချောချောလေးတစ်ယောက် ကိန်းဝပ်သွားစေဖို့ ကံတရားရဲ့ဖေးမမှုတစ်ရပ်ပဲ ...ဟော .. အခုလည်း ကြည့်ဦး ...နံ့သာရနံ့တွေသင်းပျံ့နေတဲ့ အလှဘုရားမလေးရဲ့ပါး ပြင်ကို နမ်းရှိုက်ခွင့်ရတာဟာလည်း ကံတရားရဲ့ဖေးမမှုကြောင့်ပဲ မဟုတ်လား"

"အေးကွ ...ဒါတော့ ဟုတ်တယ်"

"အေးကွာ ...အဲသလို ဆိုပြန်တော့လည်း ...နိုင်လင်းပြောတာ သဘာဝကျသား"

"အဟိး ...ငါတို့လည်း အဲဒီလို ကံတရားရဲ့ဖေးမမှုကို ခံယူခွင့်ရရင် သိပ်ကောင်းမှာပဲကွ သိလား"

"ဟီး ...ဒါတော့မင်းပြောမှလားကွ ...ငါသာဆိုရင်တော့ ဘာမှ ပြောမနေတော့ဘူး ...နောက်မှဖြစ်ချင်ရာဖြစ် အခုတော့လာထားဆိုပြီး နှာခေါင်းရိုး ကျိုးချင်ကျိုး ရှလွတ်ရှလွတ်နဲ့ကို ရှလွတ်ပစ်လိုက်မှာ"

"ဝါး ဟား ဟား ဟား"

နိုင်လင်းစကားကို ထောက်ခံပြောဆိုကြရာမှာ သူများထက်ထူးစွာ အားပါလာသော ဝဏ္ဏကိုကြည့်ပြီး အားလုံးရယ်မိကြသည်။ ရယ်သံများမစဲခင်မှာ အောင်သီက ကောင်းခန့်မှူးကို အကဲခတ်သလိုကြည့်ရင်း

"ဟော့ကောင် ဝဏ္ဏ ...မင်းက နှာခေါင်းရိုး ကျိုးချင်ကျိုးဆိုပြီး ပြောနေသေးတယ် ...ဒီမှာ ကောင်းခန့်မှူးကိုကြည့်ရတာ နှာခေါင်းရိုးတောင် ကျိုးပြီးနေပလား မသိဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ရဲ့တန်ခိုးရှင်မလေးထုဆစ်တဲ့ကောင်းကင်

ဟုအရှွမ်းဖောက်လိုက်ရာ ကောင်းခန့်မှူးယောင်ပေါင်ပြီး ကိုယ့်နှာခေါင်းကို ထိုင်ကြည့်ရင်း

"ဟာ ... မဟုတ်တာ"

ဟု ပျာပျာသလဲ ငြင်းသလို ကျန်သူများလည်း ရယ်သံနှောကာ တစ်ယောက်တစ်ပေါက် ဝင်ရောက်နှောက်ပြောင်ကြတော့သည်။

"အေးကွ ဖြစ်နိုင်တယ် ... နှာခေါင်းထိပ်က လုံးချွန်ပြီး မြင့်တက်နေရမယ့်အစား ပိပြားပြီး အောက်ကို နိမ့်ကျနေတယ် တွေ့လား"

"ဟုတ်ပါရဲ့ကွာ ... ကြည့်ရတာ မနောမြတ်ပါးက တော်တော်မာကြောတယ် ထင်တယ်"

"ဟာ ... မဖြစ်နိုင်တာ ... ဒီလောက်ချော ဒီလောက်လှတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ပါးပြင်လေးပဲကွာ ... နူညက်နွေးအိနေမှာပါ ... ဒီကောင်ကိုယ်တိုင်က ဘူးကြောထလွန်းအားကြီးလို့ ဝန်နဲ့အားမမျှဖြစ်ပြီး နှာခေါင်းရိုးက ကျိုးသွားရတာပဲ ဖြစ်မယ်"

"ဟား ဟား ဟား ဟား"

"ဩော် ... မင်းတို့ကလည်း ငါ့သူငယ်ချင်းကို အဲလိုတော့ မတရားမပြောကြပါနဲ့ကွာ ... မနောမြတ် ပါးကို နမ်းမိပါတယ်လို့သာ အချောင်သက်သက် ခေါင်းစီးအတပ်ခံခဲ့ရတာ ... သူ့ခမျာ တကယ်တမ်းကျတော့ နမ်းမိတဲ့ပါး မွှေးသလား၊ နံသလားဆိုတာတောင် မသိလိုက်ရှာပါဘူး"

"ဘယ်သိမှာလဲ ... မင်းတို့ကောင်ရဲ့နှာခေါင်းက အစောကြီးကတည်းက မီးကျွမ်းနေပြီးသားပဲဟာ ... အခုတောင်ကြည့်ပါလား ... နှာခေါင်းမှာ မီးခိုးငွေ့က အူထွက်လို့ကောင်းတုန်းရှိသေးတယ်"

"ဝါး ဟား ဟား ဟား"

ကောင်းခန့်မှူးလည်း သည်မှာ သည်အတိုင်း ဆက်ထိုင်နေလျှင် စကားကောင်းပြောမရ၊ ဆိုမရဘဲ သည်ကောင်တွေ သည်လိုပဲပေါက်ကရတွေ ပြောပြီး ဟားနေကြတော့မည်ဆိုတာကို ရိပ်မိလျက် နေရာမှထပိုက်သည်။ ထိုအခါမှ ကျော်ဇေက ရယ်သံ အကင်းမသေသေးပဲနှင့်



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမလို့လဲ ...ထိုင်ပါဦးကွ"

ဟု လှမ်းတားသလို ကျွန်ုပ်တို့တွေ မျက်နှာပိုးသတ်ကာ

"အေးလေကွာ ...အတန်းတက်ချိန်လည်း လိုသေးတဲ့ဟာပဲ ...အေးဆေးပေါ့"

ဟူ၍လေပျော့လေးနှင့်ဆိုလာကြသည်။ ကောင်းခန့်မှူး မျက်မှောင်ကုတ်လျက်

"ဒီမှာ ...မင်းတို့တွေက ပေါက်ကရပြောပြီး အေးဆေးနေလို့ရပေမယ့် ငါ့မှာက နေလို့မရဘူး ...အခုဆို မနောမြတ် ငါ့ကိုဘယ်လောက်တင်းနေပြီလဲဆိုတာ ခန့်မှန်းလို့ရတယ် ...အဲဒါ မနောမြတ်ရဲ့ဒေါသဒီဂရီကိုလျှော့ချဖို့ရေ့ဆက် ဘာလုပ်သင့်တယ်ဆိုတာ ခေါင်းအေးအေးနဲ့သွားစဉ်းစားလိုက်ဦးမယ် ...ဒီမှာ မင်းတို့နဲ့ဆက်နေလို့ကတော့ ဘာအကြံဉာဏ်မှထွက်လာမှာမဟုတ်ဘူး"

ဟု စိတ်အချဉ်ပေါက်စွာပြောချလိုက်ရင်း ခြေလှမ်းကိုပြင်သည်။ အောင်သီက ကောင်းခန့်မှူးလက်ကို လှမ်းဆွဲရင်း

"ကဲပါကွာ ...ပြန်ထိုင်စမ်းပါဦး ...ငါတို့က မင်းပိတ်မိပြီး ခံစားနေရမှန်းသိလို့ ရယ်စရာတွေပြောပြီး စိတ်ထွက်ပေါက် ဖောက်ပေးနေတာပါ"

ဟု ပြန်ချော့သလို နေဦးကလည်း

"ဟုတ်ပါတယ်ကွာ ...မင်းကိစ္စလည်း တို့ကိစ္စပဲဟာ ...မင်း မနောမြတ်အချစ်ကိုရဖို့ ငါတို့လည်း အင်တိုက်အားတိုက်ကူညီနေတာ မင်းအသိပဲဟာ"

ဟုလေပြေထိုးပြီး ကောင်းခန့်မှူး၏လက်တစ်ဖက်ကိုဆွဲကာ နေရာမှာပြန်ထိုင်စေသည်။ ကောင်းခန့်မှူးလည်း သူငယ်ချင်းများကို မယုံသင်္ကာသလို တစ်ချက်ဝေ့ကြည့်ရင်း နေရာမှာပြန်ထိုင်သည်။ သူငယ်ချင်းများလည်း စကားကောင်းပြောခြင်း ဖြင့် ကောင်းခန့်မှူးကျေနပ်မှုရစေရန် အားထုတ်ကြရသည်။ ဦးစွာ နိုင်လင်းက မျက်နှာကိုအတည်အခန့်လုပ်ပြီး

"အေးကွ ...တို့တွေက ပျော်စေပျက်စေရယ်လို့ ...



www.burmeseclassic.com

www.burmeseclassic.com



ဆွဲဆောက်ပြောသလို ဖြစ်နေတယ် .. တကယ်တမ်းကျတော့ ကောင်းခန့်မှုး နေသမြတ်အချစ်ကိုရရှိဖို့ကိစ္စက လွယ်မယောင်နဲ့ ခက်၊ တိမ်မယောင်နဲ့ နက်ဆိုသလိုပဲကွ"

ဝဏ္ဏက လေးနက်သောလေသံဖြင့်

"ဩော် ...အချစ်နဲ့မကင်းနိုင်တဲ့ လူသားတိုင်းအဖို့တော့ ဘယ် လိုပဲခက်ခက်၊ ဘယ်လိုပဲနက်နက် အချစ်အတွက် ရင်ဆိုင်စွန့်စားကြရတာဟာ လောကဓမ္မတာပဲလေ"

နေဦးလည်း နောက်ကျမခံဘဲ

"အင်း ...ဒါကြောင့်လည်းပဲ ...ရှေးသူရဲကောင်းတွေက စစ်ရေး နဲ့ အချစ်ရေးကို နှိုင်းယှဉ်ပြောဆိုခဲ့ကြတာကိုး ...အချစ်ရေးဆိုတာကလည်းပဲ စစ်ရေးနဲ့ နှိုင်းယှဉ်ပြောဆိုရလောက်အောင် ရှုပ်ထွေးသလို ကြီးကျယ်ခမ်းနား လွန်းပေတာကိုး"

ကျော်ဇေက တစ်ဖန်

"သေချာတာပေါ့ကွာ ...ဒါကြောင့်လည်းခေတ်အဆက်ဆက်အချစ် ရေးကို ချဉ်းကပ်ဆောင်ရွက်ကြရာမှာ စစ်ရေးလိုပဲ အတိမ်းအစောင်းမခံရဲဘဲ မဟာဗျူဟာ၊ သေနင်္ဂဗျူဟာတွေအမျိုးမျိုး သုံးစွဲလာကြရတာပေါ့ကွ"

အောင်သီကလည်း

"သိပ်မှန်တာပေါ့ကွာ...အခုနောက်ပိုင်းဆိုရင် ကမ္ဘာကျော် စစ်ပါရဂူ တွေရဲ့စစ်ဗျူဟာတွေကို ဂလိုဘယ်စီးပွားရေးမှာသာမက ဂလိုဘယ်အချစ်ရေး မှာပါ အောင်မြင်ထိရောက်စွာ အသုံးချနိုင်ရေးအတွက် ပညာရှင်တွေက စနစ်တကျ သုတေသနပြုနေကြပြီဆိုပဲကွ ...ဒါကြောင့် မင်းတို့ငါတို့တွေ သိပ်မကြာခင် ကမ္ဘာကျော် စစ်ပါရဂူ ဆွန်တူးရဲ့ စစ်ဗျူဟာ နပိုလီယန်ရဲ့ စစ်ဗျူဟာ၊ မဟာဗန္ဓုလရဲ့ စစ်ဗျူဟာ၊ ရွှန်းမဲလ်ရဲ့ စစ်ဗျူဟာ၊ မက်အာသာရဲ့ စစ်ဗျူဟာ အစရှိသဖြင့်ပေါ့ကွာ ...အဲဒီလို ကမ္ဘာကျော်စစ်ပါရဂူတွေရဲ့စစ် ဗျူဟာတွေနဲ့ အချစ်ရေးကို ချဉ်းကပ်ဆောင်ရွက်ရမယ့် အချစ်ရေးဗျူဟာဗျူ ဟာ ကျမ်းစာအုပ် အများအပြားကိုမြင်တွေ့ဖတ်ရှုကြရတော့မယ် ...အင်း



www.burmeseclassic.com

www.burmeseclassic.com

ဒါမှလည်းပဲ လူသားအားလုံးကဗ္ဗာပေါင်းစုံ အရှိန်အဟုန်ပြင်းစွာ ပြောင်းလဲလှုပ်ရှားနေတဲ့ ဂလိုဘယ်လိုက်ဖေးရှင်းခေတ်ကြီးနဲ့ အံဝင်ခွင်ကျချစ်နိုင်ကြတော့မပေါ့ ...မဟုတ်ဘူးလား"

ပြောရင်း ပြောရင်း စကားလုံးတွေက လိုက်မမီအောင် မြင့်လာသဖြင့် ကောင်းခန့်မှူးလည်း နားကြားပြင်းကတ်လာရသည်။ ထို့ကြောင့်

"ဘာလဲ... ဒါဆိုရင် ငါကမင်းတို့ အခုပြောနေတဲ့ ကျမ်းစာအုပ်တွေထွက်တဲ့အထိ စောင့်ဖတ်ပြီးမှ မနောမြတ်အချစ်ကိုရဖို့ကြိုးစားရမှာလား"

ဟူ၍ ဘုတောလေပါမှ တေီတွေလည်း လေရှိန်သတ်ကြတော့သည်။ ဒါတောင်မှ အရှိန်သိပ်သေချင်ကြသေးသည်မဟုတ်။

"သြော် ...မင်းကလည်း ပြောရန်ကောကွာ ...အဲဒီ အချစ်ရေးမဟာဗျူဟာ ကျမ်းစာအုပ်တွေ ထွက်လာတဲ့အထိစောင့်စရာမလိုပါဘူး ...ငါတို့လည်း အဲဒီဗျူဟာတွေကို သိတန်သလောက်တော့ သိပါတယ်ကွာ"

ဆရာကြီးလေသံဖမ်းပြီးပြောလာသော နေဦးစကားကြောင့် ကောင်းခန့်မှူးအားတက်သွားရသည်။ ကျန်တေီတွေကလည်း နေဦးကဲ့သို့ အချစ်ပါမောက္ခတွေ၊ အချစ်ကထိကတွေဖြစ်နေလေဟန် ခန့်ခန့်ကြီး ခေါင်းတဆတ်ဆတ်ညိတ်ပြကြ၏။ ကောင်းခန့်မှူး အိခြေမဆောင်နိုင်တော့ဘဲ

"ဒါ ...ဒါဆို ငါ ဘာလုပ်ရမှာလဲ"

ဟု စိတ်လှုပ်ရှား တက်ကြွစွာ ဆိုသည်ကို ကျော်ဇောက

"ပြောမယ်လေ ...မင်းကြားဖူးမလားတော့ မသိဘူး ...မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကိုရဖို့ ရုပ်ပါမလိုဘူး ...ဗျူဟာပဲလိုတယ်ဆိုတာ ...အင်း ...ပြောရရင် ဒါကလည်း ...မင်းလို ရုပ်ဖြူးပြီးသားကောင်ကျတော့ ဗျူဟာက ဒီလောက် အဓိကမကျဘူး ...အဲ အဓိကမကျဘူးဆိုပေမယ့်လည်း လိုတော့လိုအပ်တာပေါ့လေ ...အဲလိုမှမဟုတ်ရင်လည်း ဗျူဟာအကြောင်း ဘာလို့စကားလုပ်ပြောမလဲ"

"အေးပါ ...ဟုတ်ပါပြီ ...အဲဒါဆို ငါ ဘာဆက်လုပ်ရမယ်ဆိုတာပဲ ပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အကောင်းဆုံးကတော့ မနောမြတ်ကို ခြေသလုံးဖက်ပြီးသာ တောင်းပန်လိုက် ... အိုကေမှာ စိုပြေသွားလိမ့်မယ်"

သူငယ်ချင်းများ၏ဗျူဟာကြောင့် ကောင်းခန့်မှူးလည်း 'ဟင်' ဆိုပြီး စိတ်ဓာတ်ကြီး (၉၆)ခါတိတိကျသွားရသည်။ ထို့နောက်အထင်တကြီး မျှော်လင့်ထားသည်နှင့်မကာမိအောင် အကြံပေးကောင်းသော သူငယ်ချင်းများကို တစ်ယောက်ချင်းလိုက်ကြည့်ပြီးနောက်

"ဟွန်း ... မင်းတို့ဗျူဟာကလည်း ဘာများလဲလို့ ... ဘာမှလည်း မဟုတ်ဘူး ... လန်းတဲ့မှာပဲ"

ဟူ၍အားပါးတရ ချီးမွမ်းခန်းဖွင့်လိုက်လေရာ သည်ကောင်တွေလည်း သဘောကျပြီး ထရယ်ကြတော့သည်။ ရယ်သံများက ကျယ်လောင်လွန်းသဖြင့် ကောင်းခန့်မှူးတို့အုပ်စုဖွဲ့ထိုင်စကားပြောနေရာ ကျောင်းသားများနားနေဆောင်ပြင်ပသို့တိုင် ဝေစည်လွင့်တက်သွားပါတော့သည်။

"ဟား ဟား ဟား ဟား"

"ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com

## ။ ၆ ။

တကယ်တော့လည်း ကောင်းခန့်မှူးအဖို့ မနောမြတ်နှင့်ပတ်သက်၍ လတ်တလော လုပ်ဆောင်သင့်သည့်ကိစ္စမှာ သူငယ်ချင်းများပြောသလို လူချင်းတွေပြီး ကျေနပ်သည်အထိတောင်းပန်ရုံသာရှိမည်ဆိုသည်ကို ကောင်းခန့်မှူးကိုယ်တိုင်လည်း ကောင်းစွာသဘောပေါက်လက်ခံမိလေသည်။ ထိုသို့ သဘောပေါက်လက်ခံထားသည်နှင့်အညီဆောင်ရွက်ရန်အတွက် သည်ကနေ့ မနက်မှာလည်းပဲ မနောမြတ်တို့၏အဆောင်လမ်းထိပ်မှာ ရင်ခုန်သံကိုအဖော်ပြုရင်း တစ်ဦးတည်း သွားရပ်စောင့်နေမိပြန်သည်။

သိပ်ကြာကြာ မစောင့်လိုက်ရ။ မနက်ခင်းနေခြည်နုနု၏ ထွေးပွေ့ကျီစယ်မှုအောက်ဝယ် ပန်းတို့ကိုပွင့်စေသောခြေလှမ်းများဖြင့် နူးညံ့စွာလျှောက်လှမ်း လာသောအလှနတ်သမီးကို မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရသည်။ ကောင်းခန့်မှူးကို စေ့စေ့စီးစီးတွေ့လိုက်ရသဖြင့် အလှနတ်သမီးမျက်နှာကတော့ အလိုမကျသလို တင်းမာခက်ထန်သွားရသည်။

ပိုမိုကျယ်လောင်မြန်ဆန်လာသည့် ရင်ခုန်သံ၏ပါး[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စိတ်တွေကပါလှုပ်ရှားလာရသည်။ စိတ်လှုပ်ရှားမှုကြောင့် အမှားတွေ့နိုင်သည်။ အမှားကြောင့် အလှမီဖုရား မနောမြတ်နှင့်မိမိကြားမှာ မလိုလားအပ်သောပြဿနာတွေ ထပ်မံပေါ်ပေါက်လာနိုင်သည်ဟူ၍ဆင်ခြင်မိပြီး ကောင်းခန့်မှူး လေပူတစ်ချက်မှုတ်ထုတ်ကာ ကိုယ်ခန္ဓာကိုယ်တွင်းရှိ တောင့်တင်းနေသော အကြောတို့ကို ပြေလျော့စေလိုက်သည်။

စိတ်သက်သာရာရသွားချိန်မှာပင် မနောမြတ်က နှင်းမိုး၊ ရည်မွန်တို့နှင့်အတူ ကောင်းခန့်မှူး၏ ရှေ့တည့်တည့်သို့ ရောက် ရှိလာသည်။

ကောင်းခန့်မှူး မိတ်ဖြစ်ခွေဖြစ်ရယ်ပြုမည်ကြံ၍ရှိသေးသည်။ မချောသုံးယောက်က ကောင်းခန့်မှူးအားဘုကြည့်တစ်ချက်ကြည့်ပြီး မျက်စောင်းထိုးလိုက်ကြသည်။ မနည်းကြိုးကြိုးစားစားစုစည်းတည်ဆောက်ထားရသော ကောင်းခန့်မှူး၏စိတ်အာရုံလည်း အိမ်ခြေမဆောင်နိုင်လောက်အောင် ရှုန်းရင်းဆန်ခတ်ပြုကွဲလုမတတ် ဖြစ်သွားရသည်။ လဲကျလို့မဖြစ်ဘူးဆိုသောအသိဖြင့် မာန်ပြန်တင်းရသည်။

မနောမြတ် ကောင်းခန့်မှူးကို မကြည်ကြည့်ကြည့်ရင်း တစ်စုံတစ်ရာပြောဆိုရန်ထောင်လိုသောရည့်ရွယ်ချက်ဖြင့် လှမ်းနေသောခြေလှမ်းတို့ကို တုံ့ကနဲရပ်လိုက်လေရာ နှင်းမိုးနှင့် ရည်မွန်လည်း တစ်သဘောတည်းဆောင်လျက်တုံ့ကနဲရပ်ကာ မနောမြတ် အရိပ်အခြည်ကို အကဲခတ်သလိုကြည့်သည်။

ကောင်းခန့်မှူးလည်း မနောမြတ်ဘာများပြောချင်ပါလိမ့်ဟူ၍ ရင်ထိတ်မိစဉ်မှာပင် မနောမြတ်ဘာစိတ်ကူးပေါက်သွားရပြန်သည်မသိ။ ဘာမျှမပြောဘဲ မျက်စောင်းတစ်ချက်ထိုးပြီး ခြေကိုဆက်လှမ်း၏။ နှင်းမိုးနှင့် ရည်မွန်လည်း နားမလည်နိုင်သလို တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီးနောက် မနောမြတ်နည်းတူ ကောင်းခန့်မှူးအား မျက်စောင်းထိုးကာ ခြေကို ဆက်လှမ်းကြ၏။

နဂါးမလေးများ၏မျက်စောင်းကြောင့် လောင်ကျွမ်းပြာကျသွားခြင်းမရှိသေးဘဲ မိမိခန္ဓာကိုယ်ကို အကောင်းပကတိအတိုင်းပြန်လည်တွေ့ရှိလိုက်ရသည့်အတွက် ကောင်းခန့်မှူးစိတ်သက်သာရာရသွားသည်။ တစ်ဆက်တည်း မိမိရှေ့ ခြေလှမ်းဆယ်လှမ်းမက အကွာအဝေးသို့ ခရီးရောက်နေပြီဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သော မနော်မြတ်နောက်သို့ အပြေးတစ်ပိုင်းလိုက်ရင်း ယခုလိုလာစောင့်ရခြင်းကိစ္စကို အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားအားထုတ်ရသည်။ ထို့ကြောင့် မနော်မြတ်နှင့် ဘေးချင်းယှဉ်လျှောက်မိသည်နှင့်

"မနော်မြတ်"

မနော်မြတ်ချာကနဲလှည့်ကြည့်ပြီးနောက် နှုတ်ခမ်းကိုက်ပြကာ ချက်ချင်းမျက်နှာပြန်လွှဲပြီး လျှောက်မြဲတိုင်း ဆက်လျှောက်သည်ကိုတွေ့ရသည်။ နှင်းမိုးက

"ကိုယ့်လမ်းကိုယ်သွားနော် ... လာ မနော်ငှယက်နဲ့"

ဟု မလိုလားဟန်ပြပြီး ရည်မွန်က

"ဘာလဲ ... မနေ့က ပါချုပ်နဲ့မတွေ့လိုက်ရလို့ ဒီနေ့ ထပ်လာတာလား"

ဟု ခြိမ်းခြောက်သည်။ ကောင်းခန့်မှူး ဖျားချင်သွားသော်လည်း အရဲစွန့်ကာ

"ဟို ... ဟိုလေ ... တစ်မျိုးမထင်ပါနဲ့ ... ဒီနေ့ ခုလိုလာစောင့်နေရတာကလည်း မနော်မြတ်ကို တောင်းပန်ချင်လို့ပါ"

ဟူ၍ အနိမ့်အမြင့် မညီသော အသံဩတုန်နှန်းဖြင့် ပြောဆိုသည်ကို မနော်မြတ်က

"အို ... ဘာတွေလဲဟာ ... ရှုပ်ရှုပ်ယှက်ယှက်"

ဟုဆောင့်အောင့်ရေရွတ်ပြီး ကောင်းခန့်မှူးနှင့်ယှဉ်မလျှောက်လိုဟန်ဖြင့် အလယ်လူ ရည်မွန်၏နံဘေးမှနေပြီး ဘယ်စွန်ရှိ နှင်းမိုး၏နံဘေးသို့ နေရာပြောင်းရွှေ့ လျှောက်လှမ်းလေသည်။

ကောင်းခန့်မှူး စကားစရပ်ကာ ခေတ္တကြောင်သွားရသည်။ ပြီးမှ သတိပြန်ဝင်လာလျက် ဘယ်အစွန်သို့ နေရာပြောင်းလိုက်သော မနော်မြတ်နှင့် တစ်ဖန် ပြန်လည်ဘေးချင်းယှဉ်လျှောက်ရင်း လက်စမပြတ်သေးသော တောင်းပန်စကားကို ဆက်၏။

"မနော်မြတ် ... မနေ့က တို့လေ ... ဘုရားပေးပေး လျှ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ရဲ့တန်ခိုးရှင်မလေးထုဆစ်တဲ့ကောင်းကင်

ပါဟာ ...သိလား"

"အို ...မသိဘူး ...မသိဘူး ...ဘာမှ လာပြောမနေနဲ့ ...သွား"

"အဲဒီလောက်ကြီးလည်း ...မပြတ်သားလိုက်ပါနဲ့ မနောမြတ်ရယ် ...တို့ကို အဖြစ်မှန်ရှင်းပြတောင်းပန်ခွင့်လေးတော့ ပေးပါဦးဟာ ...တကယ်ဆိုတို့ မနေ့က မနောမြတ်ရဲ့ ပါးကို နမ်း ...နမ်း"

"တော် ...တိတ် ...နင့်ကို သွားတော့လို့ ပြောနေတယ်နော် ...ပြောနေတာ မရဘူးလား"

"သွားဆိုလည်း သွားပါ့မယ် ...ဒါပေမယ့် မနေ့ကနင့်ပါးကို နမ်းမိတဲ့ကိစ္စက ငါတမင်လုပ်တာ မဟုတ်ဘူးဆိုတာတော့ ယုံပါဟာ ...တကယ့်ကို မတော်တဆ"

"တောက် ...ဒီလောက်ပြောနေတဲ့ကြားကကိုပဲ"

မနောမြတ် ပေါက်ကွဲလာဟန်ဖြင့်တက်ခေါက်ပြီး မှုလနေရာသို့ ပြန်လည်ပြောင်းရွှေ့ဖို့ ခြေလှမ်းပြင်၏။ ကောင်းခန့်မျှူးကိုလည်း

"ဟဲ့ ...ကောင်းခန့်မှူး ...နင့်ကိုလူလိုပြောနေရင် လူလိုနားလည်မှပေါ့ဟဲ့"

ဆိုသောနှင်းမိုး၏ရန်တွေ့သံကို အလေးမထားနိုင်ဘဲ မနောမြတ်နောက်ကို ထပ်ချပ်မကွာလိုက်ပါရှင်းပြတောင်းပန်နိုင်ရေးအတွက်သာ အာရုံစိုက်လေသည်။

"မနောမြတ်ရယ် ...အဲလောက်ကြီးလည်း ခါးခါးသီးသီး ဖြစ်မနေပါနဲ့ ...ကျေနပ်တဲ့အထိ ခြေသလုံးဖက်တောင်းပန်ဆိုလည်း တောင်းပန်ပါ့မယ်"

"အို ...မသိဘူး ...နင် ...ငါ့နောက်ကို ဆက်မလိုက်နဲ့ ...နဲ့ ...နဲ့ ...ဟင်"

"ထောက်"

"ဟဲ့ ...ဟဲ့ ...မနော"

"ဟာ ...ဆောရီး ဆောရီး"



www.burmeseclassic.com

www.burmeseclassic.com

ကောင်းခန့်မှူးလောကြီးပြီး မနောမြတ်သွားလေရာ ဖဝါးထပ်မျှလိုက်ရာ ခြေထောက်တစ်ဖက်က မနောမြတ်ဖိနပ်ကိုတက်နင်းမိသလိုဖြစ်ပြီး ဖိနပ်သဲကြိုး 'ဖောက်'ကနဲ ပြတ်ကာ မနောမြတ်လည်းဟပ်ထိုးလဲကျမတတ် ဟန်ချက်ပျက်သွားရသည်။ နှင်းမိုးနှင့်ရည်မွန်သာ လှမ်းမဆွဲလိုက်လျှင် မနောမြတ်တစ်ယောက် အားလျားထိုးလဲကျမှာ အသေအချာပင်ဖြစ်သည်။

ကောင်းခန့်မှူးလည်း ရုတ်တရက်မို့ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ ထူပူသွားရသည်။

မနောမြတ်လည်း နေရာမှာဟန်ချက်ညီညီပြန်ရပ်နိုင်သည်နှင့် ကောင်းခန့်မှူးကို ရန်သူတစ်ယောက်လို စိမ်းစိမ်းစူးစူးကြည့်ရင်း လက်ညှိုးငေါက်ငေါက်ထိုးကာ

"ဒါ...ဒါ...နင်...နင်...တမင်လုပ်တာ"

"မဟုတ်...မဟုတ်ပါဘူးဗျာ...ဒါမတော်တဆ ဟိုလေ...သဲ..သဲကြိုးပြန်တပ်ပေး...အဲ...အသစ်...အသစ်ပြန်ဝယ်ပေး"

"မလိုဘူး သွား ဒါ...နင် တမင်လုပ်တာ...နင့်ကို ငါလုံးဝမကျေဘူး...တစ်ခုခုပြန်လုပ်ရမှ ကျေနပ်နိုင်မယ် ...နင် ...နင် စိတ်ကောင်းမရှိတဲ့ကောင် ...နင့်မျက်နှာကိုကြည့်ရတာအရမ်းသနတယ် ...ကျက်သရေမရှိဘူး"

"ဟာ...ဒုက္ခပါပဲ...ဘယ်လိုပြောလို့ပြောရမှန်းကို မသိတော့ပါဘူး..ငါ့ကံကိုက ဆိုးလွန်းတယ်"

ကောင်းခန့်မှူး ဘာဆက်ပြောလို့ပြောရမှန်းမသိဘဲ ခေါင်းတဖျင်းဖျင်းကုတ်လျက် လဲသေချင်စိတ်ပေါက်မိတော့သည်။ ရှေ့ကပြဿနာအတွက် ရှင်းပြတောင်းပန်လို့မပြီးခင်မှာပင် နောက်ထပ်ဆင့်ပွားပြဿနာက ထပ်ထပ်တက်လာရသည့်ဘဝ အကျိုးမကောင်းပုံကိုသာ ယူကျုံးမရဖြစ်မိတော့သည်။

"ကောင်းခန့်မှူး...နင်တရားလွန်သထက် လွန်လာပြီနော် ..နင့်မှာ နမချင်းစာနာတတ်တဲ့ စိတ်မှရှိသေးရဲ့လား"

အရုက်နှင့်ဒေါသ၏ လှုံ့ဆော်မှုကြောင့် ဗိုယိုမိမတတ် ကြိတ်မှိတ်ခံစားနေရသော မနောမြတ်အဖြစ်ကိုကြည့်ရင်း နှင်းမိုးလည်းကိုယ်ချင်းစာ



www.burmeseclassic.com

www.burmeseclassic.com



ခံပြင်းလျက် ကောင်းခန့်မှူးကို ရန်တွေ့သလို ရည်မွန်ကလည်း

"ကောင်းခန့်မှူး နင်... ငါ့သူငယ်ချင်းကို ဘယ်လောက်ထိ နှောင့်ယှက်ပြီး အရှက်ခွဲရမှ ကျေနပ်နိုင်မှာလဲ ... နင် ... ငါတို့ရှေ့က အခုထွက်သွားရင်သွား... မသွားရင် ငါတို့အော်မှာနော်"

ဟူ၍မခံမရပ်နိုင်ဖြစ်ပြီး ထွက်ခွာသွားရန်ရာဇသံပေးပါသဖြင့် ကောင်းခန့်မှူးလည်း သည့်လိုအချိန်မှာ ကျေလည်အောင် အားထုတ်နေခြင်းသည် စနက်တံကို မီးရှို့နေခြင်းသာဖြစ်ကြောင်း သဘောပေါက်လျက် မနော်မြတ်အား တောင်းပန်ကြည့်လေးကြည့်ပြီး ထိုနေရာမှကျောခိုင်းထွက်ခွာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

။ ၇ ။

"မနောမြတ်နဲ့ ငါနဲ့ကတော့ ဒီဘဝ ဒီမျှသာပဲ ထင်ပါရဲ့ကွာ"

ကြေကွဲထိရှသံကြီးဖြင့် ပြောလာသော ကောင်းခန့်မှူးကိုကြည့်ပြီး အားလုံးကရုဏာသက်မိကြရသည်။ မျှော်လင့်ချက် ဆုံးရှုံးပျက်ပြယ်သွားသူ တစ်ယောက်ကဲ့သို့ ကောင်းခန့်မှူးမျက်နှာလေးက နွမ်းနေသလို မျက်လုံးတစ်စုံ ကလည်း ဖျော့တော့ ညှိုးရော်နေသည်ကို သူငယ်ချင်းများ သတိထားမိလိုက် ကြသည်။ သည်အတိုင်း ဘာမျှမပြောဘဲလွှတ်ထားလျှင် ကောင်းခန့်မှူးတစ် ယောက်ထင်ရာစိုင်းပြီး သူ့အသက် သူပြန်ရန်မရှာဘူးမပြောနိုင်။ မနောမြတ်ကို သူဘယ်လောက်ချစ်သည်ဆိုတာကို သူငယ်ချင်းများအားလုံး သိပြီးဖြစ်သည်။ ထို့ကြောင့် မဖြစ်သင့်တာမဖြစ်ရလေအောင် နှစ်သိမ့်ဖြောင်းဖျပြီး အားပေးထိုး ပေးရန်လိုသည်ဟု သူငယ်ချင်းများအားလုံး တပြေးညီ စဉ်းစားမိလိုက်ကြသည်။

ကျော်ဇေက စကားဝိုင်းလေး အတန်ငယ်တိတ်ဆိတ်သွားသည်နှင့် ချောင်းဟန့်သံတစ်ချက်ပေးကာ ဖြူခွင်းပြီးနောက် စကားကိုစသည်။

"အဟမ်း... ပြောရရင်ကွာ... အခုကိစ္စက ဒီလောက်ကြီးတည်း

www.burmeseclassic.com

ကိုယ့်ရဲ့တန်ခိုးရှင်မလေးထုဆစ်တဲ့ကောင်းကင်

စိတ်ခါတ်ကျစရာမလိုသေးပါဘူး ကောင်းခန့်မှူးရာ... မိန်းမတစ်ယောက်ရဲ့ အချစ်ကိုရဖို့ ကြိုးစားကြတဲ့ ယောက်ျားတိုင်း ခုလိုအခက်အခဲ ပြဿနာ ဘုဘောက်ကျမှုတွေကတော့ အနည်းနဲ့အများ ကြုံကြရတာချည်းပါပဲကွာ . . မဆန်းတော့ပါဘူး"

"အေးကွ... ကျော်ဇေပြောတာ အမှန်ပဲ... ပြောရရင် ဒါတွေကလည်း နှစ်ဦးသား အဆင်မပြေသေးခင် အချစ်ရေးကြိုးပမ်းမှုကာလအထိသာ တကယ့် အပြင်းစားထိပ်တန်းပြဿနာကြီးဖြစ်နေရတာပါ ...အစကတော့ ကောင်မ လေးကနှောင့်ယှက်ရကောင်းလားဆိုပြီး မျက်နှာကို လ ငပုတ်ဖမ်းသလိုစူပုပ် ပြီးမျက်ထောင့်နီကြီးနဲ့ကြည့်... နှုတ်ခမ်းတစ်တောင်လောက်ဆူထွက်လာတဲ့ အထိ ရန်တွေတွေ့ ...အဲ... စိတ်မထိန်းနိုင်တဲ့အခါ လက်ဝါးတွေဘာတွေပါ လွှတ်လိုက်သေးတာ . . .အဲသလိုပဲ ယောက်ျားလေးဘက်ကလည်း ကောင်မလေးက ကိုယ့်ကိုရန်သူလိုသတ်မှတ်ပြောဆိုပြီး ဘယ်လိုမှ မျက်နှာသာ မပေးရကောင်းလားဆိုပြီး ကြေကွဲခံစား...ပြုစုစောင်းမြှောင်းပြောဆိုသမျှကို အချိန်ရှိသရွေ့စကားဆိုလည်း တစ်လုံးချင်း၊ အမူအရာ ဆိုလည်း တစ်ကွက်ချင်းပြန်ဖော်ပြီး အဓိပ္ပာယ်တွေကောက်...နောက် စိတ် ဓာတ်တွေကျ ...အဲ ...အခန့်မသင့်လို့ ပါးတွေဘာတွေပါ အကျွေးခံလိုက်ရရင် သူကလေး ဌါ်ကို ခါးခါးသီးသီးဖြစ်နေတာပဲဆိုပြီး ပုလဲတွေ ခတဲ့ကောင်လည်းခါ၊ ညစ် တွန်းတွန်းတဲ့ ကောင်လည်းတွန်းပေါ့ ...ဟော ...အချစ်ရေးကြိုးပမ်းမှု ကာလလွန်မြောက်လို့ ချစ်သူဘဝလည်းရောက်ရော ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲ၊ အဖုအထစ်တွေ နားလည်မှုလွဲခဲ့ရတာတွေ၊ ဒုက္ခရောက်ခဲ့ရတာ တွေဖြစ်ပျက်ခဲ့ရတဲ့ ပြဿနာတွေဟာ တခုတ်တရပြန်ပြောင်းပြောစရာ အမှတ်တရလေးတွေ ဖြစ်သွားတာပဲကွ"

ကျော်ဇေပြောသည်ကို အကျယ်တဝင့် ထောက်ခံဖြည့်စွက်ပြောဆို လိုက်သော အောင်သိစကားကြောင့် သက်မဲ့ရုပ်တုတစ်ရုပ်လို ငူငူကြီးထိုင်နေ သော ကောင်းခန့်မှူး မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်ဖြစ်လာသည်။ အခြေအနေ အတော်လေးကောင်းလာပြီဟု ဆင်ခြင်သုံးသပ်လိုက်မိသော

www.burmeseclassic.com

www.burmeseclassic.com

ဝဏ္ဏကလည်း

"သိပ်သေချာတာပေါ့ကွာ...အဖုအထစ်၊ အခက်အခဲတွေ နားလည်မှုလွဲရတာတွေ၊ ဒုက္ခတွေ၊ ပြဿနာတွေ ကြီးမားလေလေ နှစ်ဦးသားအတွက် ပြန်ပြောစရာ အမှတ်တရတွေက တန်ဖိုးရှိလေလေပဲကွ"

ဟုသရုပ်ပါပါပြောလေရာ ကောင်းခန့်မှူးမျက်လုံးတွေ အရောင်ပြန်တောက်ချင်လာသည်။

"ဟား ...ဘယ်လိုပြောလိုက်ပါလိမ့် ဝဏ္ဏရယ် ...ဟုတ်တာမှ ဟုတ် ဟုတ် ဟုတ်ဟုတ်နဲ့တောင်မြည်နေသေးတယ် ... နောက်ပြီးရှိသေးတယ် အဖုအထစ်၊ အခက်အခဲတွေ၊ ပြဿနာတွေ၊ နားလည်မှုလွဲတာတွေ .. အစားအသောက်ပျက်တာတွေ အစရှိတဲ့ဒုက္ခပေါင်းစုံဆိုတာကလည်း နှစ်ဦးသားအကြည်မဆိုက်ခင်စပ်ကြား ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်းလေးပဲကြုံရတာ နော်. . . .အဲ . . . .ကြည်သွားပြီဆိုလို့ကတော့ အဲဒီဒုက္ခတွေအားလုံး တစ်သက်လုံး တသသနဲ့ပြန်ပြောင်းပြောဆိုနေရတဲ့ ကြည်နူးစရာကိစ္စလေးတွေ ဖြစ်ကုန်တာ ...အဲဒါ တစ်သက်လုံးနော် တစ်သက်လုံး"

ဆိုသော နေဦး၏ အားပါပါပြောဆိုမှုကို အားလုံးကဟုတ်မှန်ကြောင်း ခွင်းချက်မရှိ ထောက်ခံခေါင်းညိတ်ကြသည်။

"ဒါပေါ့ကွာ"

"အဲဒါ ပြောတာပေါ့ကွ"

သူငယ်ချင်းများ၏ အားပေးစကားနားထောင်ပြီး ကောင်းခန့်မှူး အားတွေတက်လာလျက် ခန္ဓာကိုယ်ပြန်မတ်လာရသည်။ သူငယ်ချင်းများလည်း ကောင်းခန့်မှူး၏တိုးတက်လာသော အခြေအနေအရ ကိုယ့်ကိုယ်ကို သတိမသေလောက်တော့ပါဘူးဆိုတာစိတ်ချလက်ချဖြစ်ကာမှ လက်ဖက်ရည်သောက်ဖို့ လက်ဖက်ရည်ခွက်ကို လက်လှမ်းနိုင်ကြတော့သည်။

ကောင်းခန့်မှူးလည်း မှာထားတာကြာပြီဖြစ်ပါလျက် တစ်ကျိုက်စာ လေးသောက်ဖို့မျှ သတိမရသော လက်ဖက်ရည်ကို ယခုမှသတိရသွားပြီး လက်ဖက်ရည်ခွက်ကို ငုံ့ကြည့်မိသည်။ လက်ဖက်ရည်အပေါ်မျက်နှာပြင်





www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ရဲ့တန်ခိုးရှင်မလေးထုဆစ်တဲ့ကောင်းကင်

တင်းနေပြီဖြစ်သော လက်ဖက်ရည်ခွက်ထဲတွင် မနောမြတ်၏လှတပတမျက်နှာလေးကို တွေ့လိုက်ရသည်။

နောင်ကို မနောမြတ်လှမ်းလေရာ ခလုတ်မထိဆူးမငြိစေဘဲ အရှက်နှင့်အိမ်ခြေကို အသက်ခန္ဓာတည်မြဲနေသရွေ့ကာကွယ်စောင့်ရှောက်ပါမည့်အကြောင်း တစ်ဖက်သတ်ငြိမ်းချမ်းရေးကြေညာလိုက်သည်။

ခန္ဓာကိုယ်အနံ့အပြားကို လေပြည်နုတို့ လာရောက်ပွတ်သပ်ကျီစယ်နေသည်။

လွန်လေပြီးသော မုန်တိုင်း၏အရာရာသည် မိမိနှင့်မနောမြတ်တို့အကြား တစ်သက်လုံးမရိုးမအီနိုင်အောင် တသသပြန်ပြောင်းပြောစရာလေပြေလေညှင်းလေးများသာဖြစ်နေပေသည်။

မနောမြတ် ရှက်ပြုံးလေး ပြုံးသည်။

ကောင်းခန့်မှူး ချစ်ပြုံးလေး ပြန်ပြုံးပြလိုက်ရာ အားပါသွားပြီး

"အဟီး"

ဟူ၍ပင် အသံထွက်သွားသဖြင့် ဗျာသွားလျက် ဘေးဘီကို မလုံမလဲကြည့်လိုက်ရာ မိမိအဖြစ်ကိုပြုံးပြုံးကြီး ဝိုင်းကြည့်နေကြသော သကောင့်သားတွေကို အတိုင်းသားတွေ့လိုက်ရသည်။ ကောင်းခန့်မှူးအနည်းငယ် ရှက်သွားလျက်

"ဩော်...အဟဲ ဟဲ"

ဟုအသားလွတ်ကြီးရယ်ပြရင်း လက်ဖက်ရည်ကို တစ်ကျိုက်တည်းနှင့်ကုန်အောင် ဂလု ဂလုဆိုပြီး မော့သောက်မိလေသည်။ ကောင်းခန့်မှူးအဖြစ်ကိုကြည့်ပြီး သူငယ်ချင်းများလည်း တိုင်ပင်မထားပါဘဲ တစ်ပြိုင်တည်းဝါးလုံးကွဲရယ်မိကြလေတော့သည်။

"ဟား ဟား ဟား ဟား"

"ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com

။ ၁ ။

"ဟူး...မင်းတို့ရန်ကုန်ကလည်းကွာ နေရတာကာတိုးဝှေ့နေရတာပဲ ...ဘတ်(စ်)စီးလည်းတိုးရဝှေ့ရ...ဈေးဝယ်တော့လည်းတိုးရဝှေ့ရ ...ရုပ်ရှင်ကြည့်လည်းတိုးရဝှေ့ရ...အိုကွာ ...ပလက်ဖောင်းပေါ်မှာ လမ်းလျှောက်ရတာတောင် အတိုးအဝှေ့က လွတ်မှမလွတ်ဘဲကိုးကွ"

ဂန္ဓဝင်ဆိုင်ထဲသို့ လူကမရောက်မီ စိတ်မသက်သာစွာရေရွတ်ပြီးမြို့သံက အရင်ရောက်နှင့်လာသော အသက်ငါးဆယ်ဝန်းကျင်ရှိလူကြီးတစ်ဦးကိုကြည့်ပြီး အခြားသူများနည်းတူ ကောင်းခန့်မျှလည်းသတိထားမိချက်ပြုံးလိုက်မိသည်။ လက်ကလည်း အထုပ်ကြီး၊ အထုပ်ငယ်တွေ ဆွဲထားသေးသည်။

ထိုလူကြီး၏ဝတ်စားဆင်ယင်မှုနှင့် အပြောအဆိုကို ကြည့်ခြင်းအားဖြင့် ရန်ကုန်မှာအခြေချနေထိုင်သူမဟုတ်ဘဲ ရန်ကုန်သို့အကြောင်းကိစ္စတစ်ခုဖြင့် ခရီးတစ်ထောက်ရောက်ရှိလာသူသာဖြစ်ကြောင်း ခန့်မှန်းလို့ရသည်။ ထိုလူကြီးက ဆိုင်တွင်းရှိသူများကို ဂရုထားဟန်မပြုဘဲ

"ဟော့...မင်းတို့ဆိုင်မှာ ဘာတွေရသလဲ...အိုကွာ...ကြာပါတယ်

www.burmeseclassic.com



...စားလို့ရတဲ့မုန့်တွေ အကုန်ချကွာ... အဲ... နေဦး... လက်ဖက်ရည်တစ်ခွက်လည်းပေး... လက်ဖက်ရည်ကို ဂိတ်ဆုံးချိုအောင် ဖျော်ခဲ့နော်"

ဟူ၍ဆိုင်ထဲသို့ရောက်သည်နှင့် နေရာမှာမထိုင်သေးဘဲ စားသောက်ဖွယ်ရာများကို ဦးစွာပထမမှာကြားတော့သည်။ ထို့နောက် ပလတ်စတစ်လက်ဆွဲအိတ်များကို ခုံလွတ်တစ်လုံးပေါ်စုတင်ပြီး ပါလာသည့်ပစ္စည်းပစ္စယတွေ စေ့စုံစွာပါရဲ့လားဟု စစ်ဆေးကြည့်သည်။ ပစ္စည်းအစေ့အစုံကို တွေ့ရသည့်အတွက် ကျေနပ်သွားဟန်ဖြင့် ခေါင်းညိတ်၏။

"ဦးလေး ...ဒီမှာ လက်ဖက်ရည်နဲ့ မုန့်ရပြီ"

"အေး...အေး ထားခဲ့"

စားပွဲထိုးလေး လာချပေးသော လက်ဖက်ရည်နှင့် မုန့်ပန်းကန်များကို တစ်ချက်လှမ်းအကဲခတ်ပြီးနောက် ပလတ်စတစ်လက်ဆွဲအိတ်များကို စားပွဲပေါ်သို့အစီအရီတင်၏။ ပြီးမှ ခုံလွတ်တစ်လုံးကိုဆွဲယူထိုင်ကာ လက်ဖက်ရည်ခွက်ကိုဆတ်ကနဲကောက်ကိုင်၏။ လက်ဖက်ရည်အပူလျော့သွားအောင် ပါးစပ်မှလေဖြင့်တဖူးဖူးမှုတ်ပြီးနောက် လက်ဖက်ရည်ကိုတရှုံ့ရှုံ့ထိုးမော့သောက် လေသည်။ လက်ဖက်ရည်ကုန်စင်သွားပြီဖြစ်သော လက်ဖက်ရည်ခွက်ကို အားမလို အားမရဟန်ဖြင့်ကြည့်ပြီး အနီးရှိစားပွဲထိုးလေးဘက်သို့ မျက်နှာမူလိုက်ကာ

"ဟွန်း...မင်းတို့ ရန်ကုန်က လက်ဖက်ရည်တစ်ခွက်ကလည်းကွာ ...နံကြားတောင် မစွတ်ဘူး...သွား နောက်တစ်ခွက် ထပ်ယူလာခဲ့"

ဟူ၍ မချင့်မရဲဆိုလေရာ စားပွဲထိုးလေးလည်း မရယ်မိအောင် ကြိုးစားထိန်းသိမ်းထားရသော မျက်နှာပေးဖြင့် 'ဟုတ်ကဲ့' လိုက်ရသည်။

လက်ဖက်ရည် ထပ်မံသွားယူသောစားပွဲထိုးလေး ပြန်ရောက်မလာခင် စားပွဲပေါ်ရှိမုန့်ကို လှမ်းယူကာ အားပါးတရစား၏။ မုန့်စားလို့ ကုန်သွားချိန်မှာ လက်ဖက်ရည်သွားယူသော စားပွဲထိုးလေး ပြန်ရောက်လာသည်။

"ဦးလေး ဒီမှာ လက်ဖက်ရည်"

"အေး...ပေး"

လက်ဖက်ရည်ခွက် စားပွဲပေါ်သို့ ချပေးသည်အထိ မစောင့်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com

စားပွဲထိုးလေးလက်ထဲမှ တစ်ခါတည်းလှမ်းယူကာ လက်ဖက်ရည်အပူလျော့အောင် တဖူးဖူးမှုတ်ပြီးနောက် စောစောကတစ်ခွက်လိုပင် တစ်ကျိုက်တည်းကုန်အောင် မော့သောက်လိုက်ပြန်သည်။ ထို့နောက် လက်ဖက်ရည်မရှိတော့သော လက်ဖက်ရည်ခွက်ထဲသို့ ရေနွေးကြမ်းထည့်ပြီး နောက်တစ်ကျိုက်ခန့်သောက်ကာ ခံတွင်းချဉ်မှုပြေပျောက်စေလေသည်။

ထိုလူကြီး၏ဟိတ်ဟန်မရှိသော စားသောက်မှုပုံစံကိုကြည့်ပြီး သဘောကျဟန်ဖြင့် နေဦးကပြုံးလျက် မျက်ခုံးပင့်ပြလေရာ ကောင်းခန့်မှူးလည်း ပြုံးရင်း ခေါင်းပြန်ညိတ်ပြသည်။

ထိုလူကြီးလည်း ယခုမှ နေသာထိုင်သာရှိသွားလျက် ဘေးဘီကိုလှည့်ကြည့်ပြီး စကားပြောဖော်ရှာလေရာ သူ့အား ပြုံးပြုံးကြီးကြည့်နေသောစားပွဲထိုးလေးနှစ်ဦးကိုတွေ့ရသဖြင့် ခေါင်းညိတ်ပြုံးပြပြီးနောက် ချက်ချင်းဆိုသလို မျက်နှာကြီးရှုံ့မဲ့ သွားကာ

"ဟွန်း...မောင်ရင်တို့ ရန်ကုန်ကလည်း တစ်ခါတစ်ခါလာရတာ အယ်မသက်သာပါလားကွ ဟေ"

ဟု စကားစလိုက်လေရာ မနေသာသောစားပွဲထိုးလေးက

"ဘာတွေများ မသက်သာလို့လဲ ဦးလေးရဲ့"

ဟူ၍စကားထောက်ပေးလိုက်လေရာ ထိုလူကြီး ဘဝင်တွေ့သွားလျက် ပြောလိုသည်ကို ဆက်၏။

"အို...ပြော ပြောချင်ပါဘူးကွာ...နည်းနည်းလေး မလှုပ်လိုက်နဲ့ လှုပ်လိုက်တာနဲ့ ပိုက်ဆံက ထွက်ပြီးသား...ပြီးတော့ မတန်တဆတွေရယ် အခုပဲကြည့်...လက်ဖက်ရည်လေး ပင်နီစလင်ပုလင်းလောက်ကို နှစ်ရာ၊ နှစ်ရာ့ငါးဆယ်၊ သွားစရာ၊ လာစရာရှိလို့ ကက--လေးဌားစီးမယ်ကြံပြန်တော့လည်း ဟိုနား ဒီနား ထောင့်လေးငါးရာ၊ နှစ်ထောင်...ကဲ...ဘယ်လိုလုပ်မလဲ ...အဲ ...ဘတ်(စ်)ကားစီးပြန်တော့လည်း လူတွေကိုကျပ်ညှပ်နေတာမှ ငါးပိသိပ်ငါးချဉ်သိပ်နဲ့ သေချင်စော်ကိုနံရောပဲ ...အေး...ဒါ ရန်ကုန်ကိုလာရင် ငါ...စိတ်အပျက်ဆုံးက ဘယ်လိုမှရှောင်မရတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတွေကို တိုးနေဖော့နေရတဲ့ကိစ္စပဲ"

"ဩော် ...ဦးလေးကလည်း အဲဒါ လူတောတိုးတယ်လို့ခေါ်တာပေါ့"

အနီးရှိကျောင်းသားတစ်ဦးက ရွှတ်နောက်နောက်ဝင်ပြောလိုက်သဖြင့် ရယ်သံများ ခပ်အုပ်အုပ်ထွက်လာရသည်။ ထိုလူကြီးကမူ မရယ်နိုင်ဘဲ

"အေးပေါ့ကွာ ...အဲသလို ကြံဖန်နှစ်သိမ့်ရင်တော့လည်း ဟုတ်တာပေါ့...ဒါပေမဲ့ မျက်စိနောက် ခေါင်းမူးပြီး သွေးကတော့ တော်တော်တိုးရတယ် ...တို့နယ်နဲ့များ တခြားစီ ...တို့နယ်မှာက ကားတွေ၊ လူတွေလည်း ဒီလို မရှုပ်ဘူး...စရိတ်စကကလည်း မင်းတို့ရန်ကုန်မှာလို မကြီးဘူး ...ကိုယ့်နယ်ကိုယ်နေရတာပဲ စိတ်ချမ်းသာတယ်ဟေ့"

နောက်ထပ်ကျောင်းသားတစ်ဦးကလည်း စကားဝိုင်းထဲဝင်လာလျက်

"ဩော် ...ဟုတ်လား ဦးလေးက ဘယ်မှာနေလို့လဲ"

"နေတာကလား ...နေတာက ကွမ်းခြံကုန်းမြို့နယ်မှာနေတာ"

"ဩော် ...ဒါဆို ရန်ကုန်တိုင်းအတွင်းမှာပဲပေါ့ ...သိပ်မှ မဝေးတာ"

"အေး သိပ်မဝေးဘူးဆိုပေမယ့် ဒီမှာနဲ့အစစအရာရာ တော်တော်ကွာတယ်ဟေ့"

ထိုလူကြီးပြောဆိုသမျှကို အများနှင့်အတူ သဘောကျစွာနားထောင်နေရာမှ ရုတ်တရက်ဆိုသလို နေဦးခေါင်းထောင်လာလျက် ကောင်းခန့်မှူး လက်ကို လှမ်းကုတ်ရင်း

"ဟာ...ဟေ့ ကောင်းခန့်မှူး...ဒီဦးလေးကြီးက ကွမ်းခြံကုန်းမှာ နေတာတဲ့ကွ"

ဟု အလောတကြီးဆိုလာသဖြင့် ကောင်းခန့်မှူးလည်း နေဦးကို နားမလည်နိုင်သလို ပြန်ကြည့်ရင်း

"အေးလေ...အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ...မနောမြတ်လည်း ကွမ်းခြံကုန်းမှာပဲနေတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ ...အေးကွ ...ဟုတ်သားပဲ"

ကောင်းခန့်မှူး စိတ်လှုပ်ရှားမည်ကြံပြီးကာမှ သည်ဦးလေးကြီး ကွမ်းခြံကုန်းမြို့နယ်မှာနေသည့်ကိစ္စနှင့် မနော်မြတ်ကွမ်းခြံကုန်းမြို့နယ်မှာနေသည့် ကိစ္စက မဆီလျော်ရယ်တဲ့မှ မဆိုင်ဆိုသည်ကို ဆင်ခြင်မိလိုက်၏။ ထို့ကြောင့်

"အာ...မဟုတ်သေးပါဘူး အဲဒါဘာဆန်းလို့လဲကွ"

"ဩော်...မင်းကလည်း ဝေးနေပြန်ပါပြီ...ငါက မင်းအတွက် ပြောနေတာ...ဒီမယ်...ကွမ်းခြံကုန်းမြို့နယ်ဆိုတာ ကျဉ်းကျဉ်းလေးကွ... နောက်ပြီးလူဦးရေကလည်း သိပ်များတာမဟုတ်တဲ့အတွက် တစ်မြို့တည်းသား အချင်းချင်း တစ်ယောက်အကြောင်း တစ်ယောက်သိကြမှာ ကျိန်းသေပဲကွ ...ဒါကြောင့် ခုလိုအခွင့်အရေးပေးတုန်း ဒီဦးလေးကြီးကိုချဉ်းကပ်ပြီး မနော်မြတ် အကြောင်း စနည်းနာလိုက်မယ်ဆိုရင်..."

"သိပ်ကောင်းတဲ့ အစီအစဉ်ပေါ့ကွာ...ဒါမှလည်း မနော်မြတ်ရဲ့ စစ်မြစ်အမှန်ကို သိရမှာပေါ့"

နေဦး စကားမဆုံးခင်ကြားဖြတ်ထွက်ပေါ်လာသော ထောက်ခံပြောဆိုသံကြောင့် လှည့်ကြည့်လိုက်ရာ ယခုမှရောက်လာပြီး ခုံလွတ်အသီးသီးခွဲယူထိုင်လိုက်သော နိုင်လင်းနှင့် ကျော်ဇေတို့ကိုတွေ့ရသည်။

"ဟုတ်တယ်ကွ ...တချို့ကောင်မလေးတွေက ကျောင်းရောက်တော့ သာရုပ်တည်ကြီးတွေနဲ့ ခန့်ခန့်ကြီးနဲ့ ဆန့်ဆန့်ကြီးလုပ်နေကြတာ .. ကိုယ့်မြို့ကိုယ့်ရွာမှာကျတော့ ဘဲတွေတစ်ပွေပြီးတစ်ပွေထားတာတို့၊ အိမ်တကာ လှည့် အတင်းတုပ်တာတို့၊ အရပ်လည် ပိုက်ခံချေးပြီး ပြန်မဆပ်ဘဲနေတာတို့ရှိ တတ်တယ်ကွ"

ဆိုသော ကျော်ဇေ၏ဖြည့်စွက်သတိပေးချက်ကြောင့် ကောင်းခန့်မှူး မှုန်မည်ကြံရုံရှိသေးသည်။ နေဦး၏

"အင်း ...အခု မင်းတို့ပြောသလောက်ပဲဆိုရင် တော်သေးတာပေါ့ ...အဲလိုမှမဟုတ်ဘဲ အိမ်ထောင်တွေဘာတွေ ရှိနေရင် ဘယ်လိုလုပ်မလဲ .. မင်းတို့သိတဲ့အတိုင်းပဲ ...တချို့က ကျောင်းမှာသာ ဖိန့်ဖိန့်နဲ့အရှိန်လုပ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



...အိမ်လိုက်ကြည့်တော့ ယောကျ်ားနဲ့ ကလေးတို့လို့တွဲလောင်းတွေနဲ့"

ဟူသော ထပ်ပိုးပြောဆိုချက်ကို ကျော်ဇေနှင့် နိုင်လင်းက

"အေးကွာ...ဟုတ်တယ်...ဒါမျိုးတွေက အပြင်ပန်းကြည့်ရုံနဲ့ သိနိုင်တာမဟုတ်ဘူး"

"ဪ ...မင်းကလည်း အဲဒါမျိုး တခြားမကြည့်နဲ့ ...တို့ ဗိုးဆစ်မေရှာက ဇာဇာဝေကိုပဲကြည့်လေ...ကလေးတစ်ယောက်အမေ အိမ်ထောင်ရှင်ဖြစ်ပေမယ့် တချို့မသိတဲ့သူဆိုလာမပြောနဲ့...အပျိုပဲဆိုပြီး အတည်ပေါက်ကြီးနဲ့ ပဲကများနေတာဗျား"

ဟူ၍ရှိုင်လုံသော ဥပမာကိုဆောင်ကျဉ်းကိုးကားပြလေရာ ကောင်းခန့်မှူး၏ရင်အပူက စိုးရိမ်ရေမှတ်ကျော်သွားရသည်။ ထို့ကြောင့်

"ဟင်း...မင်းတို့ပြောတာနဲ့ ငါတောင်ကျောချမ်းလာပြီ...အင်း ဒါပေမဲ့ မနောမြတ်ကို ကြည့်ရတာတော့ အရှုပ်အယှက်ကင်းပြီး အနေအေးတဲ့ အပျိုစင်လေးပါကွ...အေးလေ ဘာပဲဖြစ်ဖြစ်နောင်ရေးစိတ်အေးရအောင် စုံစမ်းကြည့်တာ မမှားပါဘူး...ဒီဦးလေးကြီးကိုကြည့်ရတာ တစ်မြို့လုံး အပ်ကျတာကအစ သိလောက်အောင်ကို အင်မတန် စပ်စုတတ်မယ့် ပုံမျိုးပဲကွ ...ဒါကြောင့် နည်းနည်းပါးပါးဝင်ရောပြီး နှိုက်လိုက်ရင် မနောမြတ်နဲ့ပတ်သက်တဲ့ အဖိုးတန်သတင်းတွေ ရနိုင်ကောင်းမယ် ထင်တယ်ကွနော်"

"ဟား...ဘယ်လိုပြောလိုက်ပါလိမ့် ...သေချာတာပေါ့ကွာ.. နောက်ပြီး...ဒီလူကြီးကိုကြည့်ရတာလည်း တစ်ဖက်သားအကြောင်းများဆိုရင် ကောင်းတာရော၊ မကောင်းတာရော အကုန်ပြောမယ့်ပုံမျိုးကွ"

"အမှန်ပေါ့ကွာ ...အခုတောင် ကြည့်ပါလား ...ဟောင်ဖွာ ဟောင်ဖွာနဲ့ လျှောက်ပြောနေတာ...မင်းသာဝင်ရောပြီး စကားလေး နည်းနည်းစပေးလိုက်လို့ကတော့ မီးခိုးမဆုံး မိုးမဆုံးနဲ့ အိတ်သွန်ဖာမှောက်ကို ပြောမှာသေချာတယ်"

"အိုကေ အဲဒါဆို ငါ သွားရောလိုက်တော့မယ်"

"အေး အေး သွား သွား...မြန်မြန်လေးသွား"



www.burmeseclassic.com

www.burmeseclassic.com

"အောင်မြင်ပါစေကွာ"

သူငယ်ချင်းများ၏အားပေးတိုက်တွန်းမှုနှင့် မိမိကိုယ်နှိုက်ကလည်း သိလိုစိတ်ပြင်းပြမှုတို့ကြောင့် ကောင်းခန့်မှူးတစ်ယောက် နေရာမှထကာ မနော၊မြတ်စုံစမ်းရေးကော်မစ်ရှင်ကို တစ်ကိုယ်တော်ဖွဲ့စည်းပြီး လှုပ်ရှားရန် ခြေလှမ်းလှမ်းလိုက်လေသည်။

"ဟွန်း... မပြောလိုက်ချင်ဘူး... မောင်ရင်တို့ရန်ကုန်သားတွေ အကြောင်းကတော့ နယ်ကလာတဲ့လူများဆိုရင် ရသလိုနှိပ်ဖို့ကကြည့်နေတာ"

"အဟဲ ...ဦးလေး နေကောင်းတယ်နော်"

"ဩော်...အေး...ကောင်းပါတယ်ကွယ်...ကောင်းပါတယ်"

နီးစပ်ရာလူကိုစကားလှမ်းပြောရင်း အာတွေ့နေသောကွမ်းခြံကုန်း သားကြီးသည်လည်း ကောင်းခန့်မှူး၏တရင်းတနှီးနှုတ်ဆက်မှုကြောင့် ပြန်လည်ပြုံးပြနှုတ်ဆက်ရင်း မိမိတို့ကွမ်းခြံကုန်းမြို့နယ်သားလေးပင်လားဟု၍ ရှုစမ်းကြည့်ကြည့်သည်။ ကောင်းခန့်မှူးလည်း အခြေအနေကောင်းသည်ဟု ယုံကြည်လိုက်သည့်အတွက် ရှေ့ဆက်တိုးသည့်အနေဖြင့် ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်ရင်း

"ကျွန်တော် ဒီမှာခဏထိုင်မယ်နော် ဦးလေး"

"ဩော်...အေး...ထိုင်လေကွယ်...ခုံလွတ်တွေ အများကြီးရှိနေ တာပဲကွဲ့ ...ဒါနဲ့ နေပါဦး မောင်ရင်က တို့ကွမ်းခြံကုန်းကပဲလား .. ဘယ်သူ့သားသမီးများလဲကွဲ့"

"ဩော်.. မဟုတ်ပါဘူးခင်ဗျ...ရန်ကုန်ကပါပဲ...အဲ ...အတိ အကျပြောရရင် ကျွန်တော့်နာမည်ကောင်းခန့်မှူးပါ...ဗိုလ်တထောင်မှာနေ ပါတယ် ...အမေကတော့ ဗိုလ်ချုပ်ဈေးမှာစိန်ရွှေငွေဆိုင်ဖွင့်ပါတယ် .. အဖေကတော့ပင်စင်စားမို့ အမေ့အလုပ်တွေကူပါတယ်... ကျွန်တော်ကတော့ တစ်ဦးတည်းသောသားမို့ ဖေဖေ၊ မေမေ အချစ်ပိုပို"

"ဟိတ် ...တော်စမ်း ...ဘာတွေ လျှောက်ရွှတ်ပြနေတာလဲ .. အကတည်း အူကြောင်ကြောင်နဲ့"


www.burmeseclassic.com

www.burmeseclassic.com



ကောင်းခန့်မှူးလည်း ကွမ်းခြံကုန်းသားကြီးဟောက်သံကြောင့် သံစဉ်ဖြင့် စကားဆုံးအောင်မပြောနိုင်တော့ဘဲ မိမိကိုယ်မိမိအဖောလွန်သွားကြောင်း ပြန်ဆင်ခြင်မိလျက်

"အဟဲ"

ဟူ၍လေပြေပြန်ထိုးရသည်။ သို့သော်သည်တစ်ခါတော့ ကွမ်းခြံကုန်းသားကြီးက တုံ့ပြန်ရယ်ပြခြင်းမရှိ။ ရန်ကုန်သားဆိုသော အသံကြားလိုက်သည့်အတွက် သူ့ကို တစ်ခုခုလှူလည်ကျ ရိုက်စားလုပ်ဖို့ရောက်လာပဲဟူ၍ သကာမကင်း မျက်လုံးများဖြင့် တစ်ချက်ကြည့်ပြီးနောက် အခြားသို့မျက်နှာလွှဲလေသည်။ ကောင်းခန့်မှူးလည်းချောင်းတစ်ချက်ဟန့်ရင်း

"အဟမ်း... ဒါနဲ့ ဦးလေးက ကွမ်းခြံကုန်းဘယ်ရပ်ကွက်မှာ နေတာလဲဟင်"

ဟုစကားကိုဆက်လေရာ ကွမ်းခြံကုန်းသားကြီးလည်း ကောင်းခန့်မှူးကို မလိုလားသောမျက်နှာဖြင့် လှည့်ကြည့်ပြီး

"ကျုပ်နေတဲ့ အရပ်မေးပြီး မောင်ရင်က ဘာလုပ်မလို့လဲ ... ဘာလဲ... မောင်ရင်က ကျုပ်ကိုတောသားဆိုပြီး ရိုက်စားလုပ်လို့ ရမယ်ထင်နေလို့လား... မရဘူးနော်... ခံရပေါင်းများလို့ ရိုးနေပြီ မှတ်ပါ"

"ဩော်... ဦးလေးက ကျွန်တော့်ကိုတစ်မျိုးထင်နေတာကိုး .. .တကယ်က ကျွန်တော် ဦးလေးကို ခုလိုမိတ်လာဖွဲ့ရတာက ဘယ်လိုပြောမလဲ ဦးလေးက ကွမ်းခြံကုန်းသားဆိုတာသိလိုက်ရတာနဲ့တင် နေရင်းထိုင်ရင်းကို လေးစားကြည်ညိုပြီး ဂါရဝပြုချင်စိတ်ပေါက်လာလို့ပါ... ဒါကြောင့်ဦးလေး စားသောက်သမျှ ကျွန်တော်ဂုဏ်ယူစွာ ဒကာခံပါရစေ... စားချင်တာရှိရင်လည်း ထပ်မှာပါဦး... ဘာမှအားမနာနဲ့ သိလား... အဲ... မိတ်ဆက်ရဦးမယ် ...ကျွန်တော့်နာမည် ကောင်းခန့်မှူးပါ"

ကောင်းခန့်မှူး မြှောက်ပင့်ပြောလိုက်သဖြင့် ထိုလူကြီး ပီတိတွေ ဖြာသွားဟန်တူသည်။ ထို့ကြောင့်

"ဩော်... အေး... ဒီလိုလား... ဒါဆိုလည်း နာမည်က ဦးကျော်



www.burmeseclassic.com

www.burmeseclassic.com

တဲ့ မှတ်ထား...အဲ...ဦးလေးဘက်ကပြောမှာဆိုမှားရှိရင်လည်း ခွင့်လွှတ်ကွာ ...ဒါနဲ့မောင်ရင်က ကွမ်းခြံကုန်းသားတွေကိုလေးစားတယ်ဆိုတာ အကြောင်းတော့ ရှိမှာပေါ့ ...နေရင်းထိုင်ရင်းတော့ မဖြစ်နိုင်ပါဘူး"

"အင်း...ဟိုလေ ဘယ်လိုပြောမလဲ...ဩော် ...ဒီလိုပါ ...ကျွန်တော်က ကျောင်းပြီးရင်ကွမ်းခြံကုန်းဘက်မှာအခြေချနေထိုင်ပြီး ကွမ်းသီး၊ ကွမ်းရွက်စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်မလားလို့ စိတ်ကူးထားလို့ပါ"

"ဟော"

"ဟုတ်ပါတယ်...ကျွန်တော် တကယ်ပြောနေတာပါ...ဘာကြောင့် ဒီလိုစိတ်ကူးရတာလဲဆိုတော့ ကွမ်းဆိုတာရှေးမြန်မာမင်းများလက်ထက်ကတည်းက အရေးပါတဲ့ကဏ္ဍမှာရှိခဲ့တာ မဟုတ်လား...ဒါကြောင့် သမိုင်းအမွေကို လက်ဆင့်ကမ်းထိန်းသိမ်းသောအားဖြင့် ကွမ်းသီး၊ ကွမ်းရွက်ပင်တွေ စိုက်ပျိုးပြီး မြန်မာ့အမျိုးသားကောင်းအဖြစ် ဂုဏ်ယူ ...ယူ"

"ဟိတ်...တော်စမ်း...ဘာတွေလျှောက်ပြောနေတာလဲ ...ကွမ်းခြံကုန်းမြို့နယ်လို့နာမည်တွင်တာနဲ့ပဲ ကွမ်းရွက်၊ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်ကိုင်ရမယ်လို့ မင်းကို ဘယ်သူပြောလဲ"

"ဟင်...မ...မဟုတ်ဘူးလား"

"မဟုတ်ဘူးကွ ...မဟုတ်ဘူး ...ဒီမယ် မသိရင်သေချာမှတ်ထား ...ကွမ်းခြံကုန်းဆိုတာ ရေထွက်လုပ်ငန်းတွေကို အဓိကလုပ်ကိုင်တဲ့မြို့ကွ ...နားလည်လား"

"ဗျာ"

ထိုလူကြီးစကားကြောင့် ကောင်းခန့်မှူးလည်းပျာသွားလျက် ဘာဆက်ပြောလို့ပြောရမှန်းမသိဖြစ်သွားရသည်။ သို့သော် နောက်ဆုတ်လှည့်ပြန်ရန် မဖြစ်ပြီမို့ ပါးစပ်ထဲတွေ့ရာဆက်ပြောရပြန်သည်။

"ဩော် ...ဒါတော့ဒါပေါ့ ဦးလေးရယ် ...ဒါပေမယ့် ဘာပဲပြော ပြော ကွမ်းခြံကုန်းမြို့နယ်က နာမည်ကျော် အနုပညာရှင်တွေ ထောက်ထောက် မွေးထုတ်ပေးနိုင်တာပဲ ...ကျွန်တော်ဆို အဲဒီတစ်ချက်တည်းနဲ့တင် ကွမ်းခြံ

www.burmeseclassic.com

www.burmeseclassic.com



ကုန်းမြို့နယ်ကို လေးစားပြီးသားပဲ ...အဟင်း ဟင်း"

"အေးကွ ...ဒါတော့ ဟုတ်တယ် ...အနုပညာနဲ့ပတ်သက်လာရင် တို့ကွမ်းခြံကုန်းသားတွေ မခေဘူးကွ"

"ဟာ ...မှန်တာပေါ့ ဦးလေးရယ် ...ဘယ်ခေလိမ့်မလဲ ...ဒါကြောင့် ကျွန်တော့်ကိုယ်ကျွန်တော်လည်း ကွမ်းခြံကုန်းမှမရောက်ဖူးရင် လူဖြစ်ရကျိုးမနပ်သေးဘူးဆိုပြီး ခံယူထားတာ"

"မှန်တာပေါ့ကွယ် ရောက်ဖူးသင့်တာပေါ့"

"ဟုတ်ကဲ့ ကျွန်တော်လည်းရောက်အောင်လာဖို့ ဆုံးဖြတ်ထားပါတယ်... ဒါမှလည်း ကိုယ်ကြည်ညိုလေးစားတဲ့ အနုပညာရှင်တွေရဲ့ အနုပညာအငွေ့အသက်တွေကို တိုက်ရိုက်ထိတွေ့ခံစားခွင့်ရမှာ မဟုတ်လား"

ပြောမိပြောရာ ပြောလိုက်သောစကားက ကံကောင်းထောက်မစွာ အစပ်အဟပ်တည့်သွားသဖြင့် ကောင်းခန့်မှူး ကြိတ်ဝမ်းသာမည်ကြံရုံရှိသေး။

"အံမယ် ...မောင်ရင်ကလည်း အလာကြီးပါလား ...ဒါနဲ့ မောင်ရင်က ကွမ်းခြံကုန်းသားအနုပညာရှင်တွေထဲက ဘယ်တစ်ယောက်ရဲ့ အနုပညာအငွေ့အသက်နဲ့ အထိအတွေ့ပိုများသလဲကွဲ့"

ဆိုသောအမေးကြောင့် ကောင်းခန့်မှူးခေါင်းနှင့်နံရံသာ ပြေးဆောင့်လိုက်ချင်တော့သည်။ သို့သော် သည်မျှမိုက်လုံးကြီးလို့မဖြစ်သေး။ မနောမြတ်လေးနှင့်ပေါင်းဖက်ရမယ့် ဘဝရှေ့ရေးကရှိသေးသည်မို့ ဦးနှောက်ကိုအလုပ်ပေးပြီးအရေးပေါ် စဉ်းစားရသည်။ ကံကောင်းထောက်မစွာ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ ကလောင်စွမ်းပြနေသည့် စာရေးဆရာတစ်ဦး၏အမည်ကို ဖျတ်ကနဲ သတိရလိုက်သည်။ ထို့ကြောင့် ပိုင်နိုင်သော လေသံဖြင့်

"ဩော် ...ဘယ်သူရှိရမလဲ ဦးလေးရယ် ...ကျွန်တော် အင်မတန်ခရေဇီဖြစ်တဲ့ စာရေးဆရာကြီး ဂျက်လေယာဉ်ပျံ(ကွမ်းခြံကုန်း)ပဲပေါ့"

"ဘယ်လို ...ဂျက်လေယာဉ်ပျံ ဟုတ်လား"

"ဟုတ်တယ်လေ ဦးလေးရဲ့ ...သရော်စာတွေ ရေးတဲ့နေရာမှာ အင်မတန် လက်သံပြောင်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

“ဟာ... သေစမ်းပါကွာ ...ဘယ်က ဂျက်လေယာဉ်ပျံရမှာလဲ ..ဂျက်(ကွမ်းခြံကုန်း)ပါကွ မင်းကလည်း”

“ဗျာ ...ဟို ...ဟိုလေ ...ဩော် ...ဦးလေးကလည်း ကျွန်တော် ပြောတာကလည်း အဲဒါပါပဲ ...ဘာထူးတာမှတ်လို့ ...အတူတူပဲဥစ္စာ”

“အေး ...တူတယ်ပဲ ထားပါဦးကွာ ...ဒါပေမဲ့ ဂျက်(ကွမ်းခြံကုန်း)က ကွမ်းခြံကုန်းသား မဟုတ်ဘူးကွ ...ဟသာတ သား”

“ဗျာ”

ကောင်းခန့်မျှ ထပ်‘ဗျာ’လိုက်ရပြန်သည်။ လွဲပြီးရင်းလွဲနေသော အဖြစ်ကြောင့် စိတ်ဓာတ်ကြီး ကိုးဆယ့်ကိုးခါတိတိကျလာရသည်။ သို့သော် ဘာပဲဖြစ်ဖြစ် တစ်ရာပြည့်ဖို့တစ်ခါကြီးများတောင်လိုသေးတာပဲဟု စိတ်တင်းရင်း စကားကိုဆက်ရသည်။ သည်တစ်ခါတော့လက်ညှိုးထိုးပြစရာ အကောင်အထည် သက်သေအတည်တကျမရှိသောအကြောင်းအရာကိုသာ ဖောင်းပေးပြောဆိုရမည်ဆိုတာကို သဘောပေါက်သွားပြီဖြစ်သည်။

“ဩော် ...ဦးလေးကလည်း ကျွန်တော်ပြောတာ အဲဒါ အဲဒါ”

“ဟင် ...ဘာ အဲဒါလဲကွ ...မင်းဟာကလည်း ရှင်းရှင်းပြောစမ်းပါ”

“ဦးလေး စဉ်းစားကြည့်လေ ...ဟသာတသားတစ်ယောက်ဖြစ်ပြီး သူ့ကလောင်နာမည်မှာ ဟသာတလို့မထည့်ဘဲ ကွမ်းခြံကုန်းလို့ထည့်ထားတယ်ဆိုကတည်းက ဆရာကြီးဂျက်သည်လည်းပဲ ကျွန်တော်ကဲ့သို့ပင် ကွမ်းခြံကုန်းမြို့ကို ပေါ်တင်ကြီးလေးစားနေတယ်ဆိုတာ အထင်အရှားပဲပေါ့”

“အေးကွ ...မင်းပြောတော့လည်း ဟုတ်သလိုလိုရှိသား”

“ဩော် ...ဦးလေးကလည်း ဟုတ်သလိုလို မဟုတ်ဘူး ...ဟုတ်ကို ဟုတ်နေတာ ...အဲဒါ ကျွန်တော် သူ့ကိုအင်တာဗျူးလုပ်ထားတဲ့ မဂ္ဂဇင်းတစ်စောင်မှာ ဖတ်ဖူးတယ်”

“ဟေ ...ဟုတ်လား”

“ဒါတင် ဘယ်ကဦးမလဲ ...ကွမ်းခြံကုန်းနဲ့ပတ်သက်ပြီး သူ့ရေးသားတာ ဂျာနယ်တစ်စောင်မှာတောင် ဖတ်ဖူးသေးတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟော ...ဟုတ်လား ...သူက ဘာတွေရေးထားသေးလဲ"

"ရေးထားတာတော့ စုံနေတာပါပဲ ...အဲ ...အဓိကခေါင်းပေး ရေးတာကတော့ ...ကွမ်းခြံကုန်းသားတွေဟာ အရွယ်တင်နုပျိုရုပ်ရည်ချော မောပြေပြစ်ပြီး သဘောကောင်းကြသလိုလူတစ်ဖက်သားကိုလည်း လိုလိုလား လား ကူညီတတ်ကြတယ်တဲ့"

"အေးကွ ...အဲဒါတော့ အမှန်ပဲ ...အဟီး"

"ဟာ ...ဆရာကြီးဂျက် ရေးတာအမှန်ဆိုတာတော့ ဦးလေးကို တွေ့ကတည်းက ကျွန်တော်ကလုံးဝလက်ခံလိုက်ပြီးသား ဒါနဲ့ ဦးလေးအသက် ဘယ်လောက်ရှိပြီလဲဟင်"

"ငါးဆယ့်ရှစ်နှစ်ရှိပြီ"

"ဟား ...ကျွန်တော်ပြောတာ အဲဒါ ...အဲဒါ"

"ဟာ ...လုပ်ပြန်ပြီ ...ဘာ အဲဒါလဲကွ ...စကားကို ရှင်းရှင်း ပြောလို့ ပြောထားရက်နဲ့"

"ကျွန်တော်အံ့ဩလွန်းလို့ပါ ဦးလေးရယ် ...ဦးလေးပြောလို့သာ ငါးဆယ့်ရှစ်နှစ်လို့သိရတာ ...ဦးလေးသာမပြောရင် လေးဆယ့်ငါးနှစ် လုံးဝကွက်တိပဲ ...တကယ် အဲဒီထက်ပိုပြီး ဘယ်လိုမှတွက်ကြည့်လို့မရဘူး ဆရာကြီးဂျက်ရေးသားတဲ့အတိုင်း ကွမ်းခြံကုန်းသားတွေ အရွယ်တင်နုပျိုချက်က တော့ ကမ်းကုန်ပဲကိုး"

"အဟင်း ...ဒါကတော့ တို့ကငယ်ငယ်လေးထဲကကျန်းမာရေးလိုက် စားတယ်လေကွာ .. နောက်ပြီး တို့ဆီမှာက မင်းတို့ရန်ကုန်လို ကားမီးခိုးနံ့ တွေ ရှူရှိုက်နေရတာ မဟုတ်ဘူး ...သဘာဝ လေကောင်းလေသန့်တွေကို ရှူနေရတာကိုးကွ ...အဲ ...အဲဒါကြောင့်ပါကွာ ...အဟဲ ...ဒါနဲ့ မင်းလည်းစားစရာ တစ်ခုခုမှာဦးလေကွာ ...ငါ ကျွေးပါ့မယ်ကွ ...အဟီး"

ယခုမှ လိုရင်းခရီးရောက်တော့သည့်အတွက် ကောင်းခန့်မှာ စိတ် သက်သာရာရသွားရသည်။

"ဩော် ...ရပါတယ် ဦးလေးရဲ့ ...နေပါစေ ... ကျွေးမွေးတင်



www.burmeseclassic.com

www.burmeseclassic.com

ပါတယ် ...ဒါနဲ့ ကျွန်တော်ခန့်မှန်းတာ မမှားဘူးဆိုရင် ကွမ်းခြံကုန်းမြို့နယ်မှာ ဦးလေးလောက် လူချစ်လူခင်ပေါ်များတာဆိုလို့ ဦးလေးပဲရှိရမယ်"

"ဟ ...သိပ်သေချာတာပေါ့ ...တီဗီက လာနေတဲ့ ထက်လင်းရင် လူးခေးကြော်ငြာလိုပဲ ...အူဝဲလေးကစလို့ ဘိုးဘိုးကြီး ဘွားဘွားကြီးတွေအထိ ပဲဆိုပါတော့ကွာ ...အဟဲ ဟဲ"

"ဟာ...ဒါဆို ...ကျွန်တော်တော့ ဦးလေးနဲ့တွေ့ရတာ သိကြားနဲ့ တွေ့ရသလိုပဲလို့ပြောရမလိုဖြစ်နေပြီ ...ဒီလိုဦးလေးရ ကျွန်တော်က ဦးလေး အားကိုးနဲ့ ကွမ်းခြံကုန်းသားအဖြစ် ခံယူချင်လို့ဗျ"

"ဩော် ...ဒါများ အပန်းမကြီးပါဘူး ...မောင်ရင်သာကွမ်းခြံ ကုန်းမှာအခြေချချင်သပဆို ဦးလေးအစစအရာရာအဆင်ပြေအောင် ကူညီပေး ပါ့မယ်လေ"

"ဝမ်းသာလိုက်တာ ဦးလေးရာ ... ဒါပေမဲ့ ...ကျွန်တော်က အခြေချမယ်ဆိုပေမယ့် အလွတ်ကြီးတော့ အခြေမချချင်ပါဘူး"

"ဒါဆို မောင်ရင်က ဘယ်လို အခြေချချင်တာလဲ"

"ဟို ...ဟိုလေ အဟီး ...ချစ် ...ချစ်သူလေးနဲ့အတူပေါ့လို့ ဦးလေးကလည်း"

"ဩော် ...ဒီလိုလား ...ဟား ဟား ဟား ...ဘာများလဲလို့ ဒါကြောင့်ကိုး ...ဟား ဟား ...ကဲပါလေ မောင်ရင့်ချစ်သူကိုလည်း ခေါ် သာလာခဲ့ ...တို့နယ်မှာ တစ်စက်ကလေးမျက်နှာမငယ်စေရဘူးလို့ အာမ ခံတယ် ...ဒါနဲ့ မောင်ရင့်ချစ်သူက ရန်ကုန်ကပဲလား"

"ဟုတ်လည်းဟုတ်တယ် ...မဟုတ်လည်း မဟုတ်ဘူး"

"အန် ...ဘယ့်နှာကြီးလဲဟ ...ဟုတ်ရင်လည်း ဟုတ်တယ် ...မဟုတ်ရင်လည်း မဟုတ်ဘူးပေါ့ ...မောင်ရင့်ဟာက တီဗီကလွှင့်တဲ့ ပဟေဠိနန်းတော် ကျနေတာပဲ"

"ဩော် ...ဒီလိုပါ ဟုတ်တယ်ဆိုတာက ရန်ကုန်တိုင်းအတွင်းက တော့ ဟုတ်တယ် ...ဒါပေမဲ့ရန်ကုန်မြို့ထဲကတော့မဟုတ်ဘူးလို့ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘယ်ကလဲ"

"အဟီး ...ဦးလေးတို့ ကွမ်းခြံကုန်းကပဲ"

"ဟော ...ဟုတ်လား"

"ဟုတ် ...ဟုတ်တယ် ဦးလေးရဲ့"

"ဟော ...ငါ့တူက ဘယ်ဆိုးလို့လဲကွ ...တို့ ကွမ်းခြံကုန်းသူကိုရအောင်ပိုးနိုင်သားပဲ ...ကဲ ပြော ...ဦးလေး ဘာကူညီပေးရမလဲ ...လိုက်ပြီးတောင်းရမ်းပေးရမှာလား ...လိုက်ပြန်အပ်ပေးရမှာလား ...ဒါမှမဟုတ်"

"မဟုတ်သေးဘူး ဦးလေးရဲ့ ...ကျွန်တော့်အခြေအနေက အဲဒီအဆင့်အထိ မရောက်သေးဘူး ...အခုမှ သူ့အချစ်ကို ရဖို့ကြိုးစားနေတုန်းပဲရှိသေးတယ်"

"ဟောဗျ ဖြစ်ရမယ် ...ခေတ်ကာလသားသမီးဖြစ်ပြီး လက်နှေးလိုက်တာလည်း လွန်ပါရော ဟား ဟား ...ကဲပါလေ ...ဘာပဲဖြစ်ဖြစ် ...မောင်ရင်ရဲ့ကွမ်းခြံကုန်းသားဖြစ်ချင်တဲ့ဆန္ဒကို ဦးလေးအတတ်နိုင်ဆုံးဖြည့်ဆည်းပေးပါ့မယ် ...ဦးလေး ဘယ်လိုကူညီရမလဲဆိုတာသာပြော"

"အဟဲ ...ဟို ...ဟိုလေ အဲဒီက ကျွန်တော်သဘောကျနေတဲ့ကောင်မလေးတစ်ယောက်အကြောင်းစုံစမ်းချင်လို့ အဲဒါ"

"သြော် ...ရတယ် ...နာမည်သာ ပြောလိုက် ...အဲဒီကောင်မလေးရဲ့မိဘ၊ ညီအစ်ကို၊ မောင်နှမအမှုအကျင့်စရိုက်လက္ခဏာ အားလုံးပြည့်စုံအောင် ပြောပြမယ်"

"ဟာ ...ကျေး ...ကျေးဇူးတင်လိုက်တာ ဦးလေးရယ်"

မနောမြတ်အကြောင်း ခရေစေ့တွင်းကျသိရတော့မည်မို့ ကောင်းခန့်မျိုး ရင်တွေတဒိတ်ဒိတ်ခုန်ပြီး စိတ်လှုပ်ရှားလာသဖြင့် မနောမြတ်နာမည်ကိုတော်တော်နှင့်ပြောမထွက်။ ထိုလူကြီးလည်း ငယ်ရာမှကြီးလာသူပီပီ ကောင်းခန့်မျိုး၏စိတ်ရေချိန်ကို တိုင်းတာမိဟန်ဖြင့် သဘောကျစွာ တစ်ချက်ပြုံးလိုက်ပြီးမှ

"ဒါနဲ့ မောင်ရင့်ကောင်မလေးနာမည်က ဘယ်သူတဲ့ပဲ"

ဟူ၍ စကားဆက်ပေးလေသည်။ ထိုအခါ ကောင်းခန့်မျိုးလည်း



www.burmeseclassic.com

www.burmeseclassic.com

သတိပြန်ဝင်လာဟန်ဖြင့် ဘေးဘီကို တစ်ချက်ဝေ့ကြည့်ပြီး လေသံနှိမ့်ကာ

"ဟို ...ဟိုလေ ဦးလေးရဲ့ ...သူက ကျွန်တော်တို့ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှာပဲ အင်္ဂလိပ်စာအဓိကနဲ့ ဒုတိယနှစ်တက်တာ ...သူ့နာမည်က မနော့မြတ်တဲ့"

"ဘာ ...မနော့မြတ် ...ဟုတ်လား...ဒီနာမည် ကြားဖူး...ဟင် ...ဟိတ်ကောင် ...မင်း စော်ကားလှချည်လား ...မနော့မြတ်ဆိုတာ ငါ့သမီးကွ"

"ဗျာ ...မ ...မနော့မြတ်က ...ဦး ...ဦးလေး သ ...သမီး"

သမီးအကြောင်း အဖေ့ဆီမှာမှတည့်တည့်ကြီး စုံစမ်းမိလေသည့်အဖြစ်အတွက် ကောင်းခန့်မျိုး ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ပျာတောက်သွားရသည်။ တစ်ခုခုပြောရန်ကြိုးစားပါသော်လည်း အသံတွေက လည်ချောင်းမှာတစ်ဆို့လျက်။ တအစ်အစ် ဖြစ်နေရသည်။ မနော့မြတ်၏ဖခင်ကတော့ သမီးအေနှင့် ဒေါသတွေမီးခိုးလို အူထွက်ပြီး နေရာမှဆတ်ကနဲထရပ်ကာ စူးစူးဝါးဝါးကြည့်လျက် လက်ညှိုးတထိုးထိုးဖြင့် ကြိမ်းမောင်းစိန်ခေါ်လေတော့သည်။

"အေး ...ဟုတ်တယ်ကွ ...ငါ မနော့မြတ်ရဲ့ အဖေပဲ ...မင်းကအေအေဆီလာပြီး သမီးအကြောင်းမေးရအောင် ဘာလူ့ပါးဝတာလဲ ...မရဘူးနော် ...ကျော်စိုးကို ဒါမျိုးလာရမ်းလို့မရဘူး ...မင်းလိုကောင်ကို အမှန့်ကြိတ်ရမှ ကျေနပ်မယ်ကွသိလား ...ဟင်း ဟင်း"

"မဟုတ် ...မဟုတ်ပါဘူး ဦးလေးရယ် ...ကျွန်တော်ပြောတဲ့နော့မြတ်ဆိုတာက ဦးလေး သမီးတော့ သမီးပေါ့နော် ...ဒါပေမယ့်ဘယ်လိုပြောရမလဲပေါ့နော် ...ဟိုလေ ...ဦးလေးသမီးမှန်း မသိလို့ပေါ့နော်"

"ဟိတ်ကောင် ...အခုမှ လာပြီးဝေ့လည်ကြောင်ပတ်တွေလျှောက်ပြောမနေတာလဲ ...မင်းက ငါ့ကိုတောသားဆိုပြီး သွေးတိုးစမ်းတာလားရဘူးနော် ...လာမစမ်းနဲ့ ...ကွမ်းခြံကုန်းသားတွေ သွေးမနည်းဘူးကွနော်"

"ဟာ ...ဒုက္ခပါပဲ ...ဘာပြောလို့ပြောရမှန်းတောင်မသိတော့ဘူး"

ကောင်းခန့်မျိုး ငိုမဲ့မဲ့မျက်နှာလေးဖြင့် ခေါင်းတဖျင်းဖျင်းကုတ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းများကို လာရောက်ကူညီဖြေရှင်းပေးကြပါရန် အကူအညီတောင်း မည်ကြံရုံရှိသေး။

"အဖေ ... ဘာဖြစ်လို့လဲ"

ဆိုသောအသံနှင့်အတူ ဖခင်ထံကိုစိုးရိမ်တကြီး အပြေးအလွှားရောက်လာသော မနောမြတ်ကိုတွေ့လိုက်ရသဖြင့် မတ်တပ်ကြီးသေလိုက်ချင်စိတ်သာ ပေါက်သွားရသည်။ မနောမြတ်ဖခင်လည်း မနောမြတ်ကိုတွေ့ရသည်နှင့် စစ်ကူရပြီဟု အားတက်သွားလျက်

"ဘာဖြစ်ရမှာလဲ သမီးရဲ့ ... ဒီမှာ အဖေ့ကို လူပါးလာဝနေလို့"

ဟူ၍ကောင်းခန့်မှူးအား လက်ညှိုးညွှန်ပြလေသည်။ မနောမြတ်သည်လည်း ကောင်းခန့်မှူးကိုမြင်သည်နှင့် မပြေသောရန်ငြိုးကထပ်တိုးလာရလျက်

"ဟင် ... နင် ... နင်"

ဟု အသံတုန်ရင်စွာဖြင့် တိုက်ပွဲခေါ်သံပေးလေရာ ကောင်းခန့်မှူးလက်ကလေး တကာကာဖြင့်

"မဟုတ် ... မဟုတ်"

"နင် ... နင် ... ငါ့အဖေကို ဘာတွေ လူပါးဝတာလဲ ပြောစမ်း"

"မ ... မဟုတ်ပါဘူးဟာ ... နား ... နားလည်မှု လွဲတာပါ ... ဟုတ် ... ဟုတ်တယ်နော် ဦးလေးနော်"

"ဘာ နားလည်မှုလွဲရမှာလဲကွ ... သမီး ... သူကသမီးကို ကြိုက်နေလို့တဲ့ ... အဲဒါ သမီးအကြောင်းတွေစုံစမ်းပေးပါဆိုပြီး အဖေ့ကိုလာပြောတာသမီးရဲ့ ... ဘယ်လောက်တောင် ဒေါသထွက်ဖို့ကောင်းသလဲဆိုရင်"

"ဟင် ... ဟုတ်လား နင် ... တော်တော် မိုက်ရိုင်းလှချည်လားဟင်"

"တောင်း ... တောင်းပန်ပါတယ်ဟာ ... စိတ်မဆိုးပါနဲ့ ... ငါ ... ငါက နင့်အဖေမှန်း တကယ်မသိလို့ပါ"

"အို ... ငါ့အဖေမှန်း သိသိ၊ မသိသိ ... ငါ့အကြောင်းစုံစမ်းခိုင်းရအောင် နင်နဲ့ ငါနဲ့ဘာပတ်သက်လို့လဲဟင် ပြောစမ်းပါဦး ... ကောင်စုတ်



www.burmeseclassic.com

www.burmeseclassic.com

ကောင်နာရဲ့"

"ဪ…ဒါ…ဒါကတော့ ဒီလိုရှိတယ်လေဟာ…ဘယ်လို ရှိတာလဲဆိုတော့…တော့"

"ဟိတ်…ကောင်းခန့်မှူးနဲ့မနော့မြတ် ဒီမှာလာပြီးဘာတွေဖြစ်နေရပြန်ပြီလဲ."

"ဗျာ…ဆရာ"

ကောင်းခန့်မှူး ဘယ်လိုရှင်းလို့ရှင်းရမှန်းမသိဖြစ်နေစဉ်မှာပင် ဆရာဦးမြတ်စံအနားရောက်လာသည်ကိုတွေ့ရသဖြင့် အဖျားကပိုကြီးသွားရသည်။ မနော့မြတ်လည်း ဆရာဦးမြတ်စံကိုတွေ့သည်နှင့် ထုံးစံအတိုင်းလက်ဦးမှုရယူကာ တိုင်တောလေသည်။

"ဒီမှာလေ ဆရာရဲ့ …ကောင်းခန့်မှူးဆိုတဲ့ ကောင်စုတ်ပေါ့.. လူကြီး လူကြီးမှန်း မသိဘူး…သမီးအဖေကိုလာပြီး လူပါးဝနေလို့"

"ဟေ…ဟုတ်လား…ဘယ်လိုများ လူပါးဝနေလို့လဲ"

"လူပါးဝတာကတော့ မပြောချင်ပါဘူး ဆရာရယ်…ပြောရင် ဒေါသဖြစ်လွန်းလို့ သေရလိမ့်မယ် ဟင်း ဟင်း"

ကောင်းခန့်မှူး လူပါးဝခန်းကို မရောက်နိုင်ဘဲ ဒေါသထွက်ပြခန်းက များနေသော သမီးဖြစ်သူ၏ရှင်းလင်းချက်အားစောင့်ဆိုင်းရန် စိတ်ရှည်နိုင်ဟန် မတူသော မနော့မြတ်ဖခင်က

"ကျွန်တော် ပြောပြပါ့မယ် ဆရာ…ကျွန်တော့်နာမည် ဦးကျော်စိုးပါ…ဟောဒီက မနော့မြတ်ရဲ့ဖခင်ပါ…ကျွန်တော်တို့ ကွမ်းခြံကုန်းမြို့နယ်မှာ နေပါတယ်…အဲဒါ ဒီနေ့သမီးလေးကိုလာတွေ့ပြီး ပိုက်ဆံနဲ့စားသောက်စရာလေးတွေ လာပို့တာပါ"

ဟူ၍အစချီပြီး ဖြစ်စဉ်ကိုပြန်ပြောင်းပြောပြကာ တိုင်ကြားလေတော့သည်။ ဆရာဦးမြတ်စံလည်း မနော့မြတ်ဖခင်၏စကားဆုံးသည်နှင့် ကောင်းခန့်မှူးအား ဒေါသကဲသောမျက်နှာဖြင့်ကြည့်ရင်း

"ဘယ်လိုလဲ ကောင်းခန့်မှူး…အခု မနော့မြတ်ရဲ့အဖေပြောတာ



www.burmeseclassic.com

www.burmeseclassic.com



တွေဟာ အမှန်ပဲလား"

"ဟုတ်...ဟုတ်ကဲ့ မှန်ပါတယ်...ဒါပေမယ့် ကျွန်...ကျွန်တော်က ...ဒီ...ဒီဦးလေးကြီးကို မနော်မြတ်ရဲ့အဖေမှန်း မသိ...သိ"

"တော်ပြီး...အပိုတွေပြောပြီး အချိန်ဖြုန်းမနေနဲ့...မင်းမှားမှန်း သိရင်လည်း ကျေနပ်အောင်ပြန်တောင်းပန်လိုက်"

"ဟုတ်...ဟုတ်ကဲ့ ဆရာ"

ကောင်းခန့်မျှူးလည်း အမိန့်သံပါသော ဆရာဦးမြတ်စံစကားကို မပယ်ရှားဝံ့ဘဲ မနော်မြတ်ဖခင်ဘက်မျက်နှာပြန်မူကာ ,တောင်းပန်စကား ဆိုရသည်။

"ဦးလေး...ကျွန်တော် မှားသွားပါတယ်...တောင်းပန်ပါတယ် ..ကျွန်တော့်ကို ခွင့်လွှတ်ပေးပါ"

"အေးကွယ်...ရပါတယ်...လူငယ်ဆိုတော့လည်း...လည်း"

"ဟင့်အင်း...အခုလိုတောင်းပန်ရုံနဲ့ မကျေနပ်နိုင်ဘူး...သူ တရားလွန်သထက်လွန်နေပြီ...ဒါကြောင့် နောင်သမီးကိုရော သမီးပတ်ဝန်း ကျင်က လူတွေကိုရော လုံးဝမပတ်သက် မနှောင့်ယှက်ရဲလောက်အောင်နောင် ကျဉ်သွားတဲ့အထိ မှတ်လောက်အောင် အရေးယူပေးမှ ကျေနပ်နိုင်မယ်ဆရာ"

ကောင်းခန့်မျှူး၏တောင်းပန်စကားအပေါ် မနော်မြတ်၏ဖခင်က ခွင့် လွှတ်ကျေအေးမည်ကြံသော်လည်း အငြိုးကြီးသူ မနော်မြတ်ကမုန်းစကို သိသာစွာ တင်းလေသည်။ မနော်မြတ်၏ ဖခင်က

"ဩော်...သမီးကလည်းကွယ်...ဒီမှာ ဆရာတစ်ယောက်ငုံးက ပြောနေတဲ့ဟာပဲ"

ဟူ၍ မနော်မြတ်ကို နှစ်သိမ့်ဖြောင်းဖျခြင်းဖြင့် ဆရာဦးမြတ်စံအား အားနာကြောင်းပြသည်။ ဆရာဦးမြတ်စံလည်း မနော်မြတ်၏ခံစားချက်ကို နားလည်ဟန်ဖြင့်

"စိတ်ချပါကွယ်...ဆရာ...ကောင်းခန့်မျှူးကို ပါမောက္ခရုံးခန်းခေါ် သွားပြီး နောင်ကိုဒီလိုမဖြစ်စေရပါဘူးဆိုတဲ့ ခံဝန်ကတိလက်မှတ်ထိုးနိုင်းပြီး



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးအကြိမ် သတိပေးလိုက်ပါမယ် ဟုတ်ပြီလား...ကဲ...ကောင်းခန့်မှူး လာ...လာ ဆရာ့ရုံးခန်းထဲ လိုက်ခဲ့"

"ဟုတ်...ဟုတ်ကဲ့ပါ ဆရာ"

ကောင်းခန့်မှူး ဆရာဦးမြတ်စံနောက်မှ ခပ်ယို့ယို့လိုက်ပါရန်ပြင်ပြီး မနောမြတ်ကို ကြည့်သည်။ မနောမြတ်၏တုံ့ပြန်အကြည့်များကတော့ တင်းမာခက်ထန်လွန်းလှချေသည်။

ခြော် ...ဘဝအဆက်ဆက်ကတင်ရှိလာသည့် ရန်ကြွေးတွေအတွက် သည်ဘဝမှာ အတိုးရောအရင်းပါရယူဖို့ စိတ်ပိုင်းဖြတ်ထားလေရော့ သလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com

။ ၉ ။

"မုန်းတယ်...မုန်းတယ်"

မနောမြတ်အဆောင်အိပ်ခန်းထဲသို့ဝင်မိသည်နှင့် လွယ်အိတ်ပစ်ချပြီး အသံကုန်အော်ဟစ်လိုက်သည်။ မနောမြတ်၏အာခေါင်ခြစ်အော်ဟစ်သံကြောင့် ရည်မွန်နှင့် အဆောင်သူအချို့အပြေးအလွှားရောက်ရှိလာပြီး

"ဟဲ့...ဟဲ့ မနော ဘာဖြစ်လို့လဲ"

ဟူ၍ စိုးရိမ်တကြီးမေးကြ၏။ မနောမြတ် ဒေါသကြောင့် နီရဲနေသော မျက်နှာဖြင့် ရည်မွန်နှင့် အဆောင်ဖော်တို့ကို လှည့်ကြည့်ပြီး

"မုန်းတယ်...မုန်းတယ်...မုန်းတာမှ အစိမ်းလိုက်ဝါးစားပစ်ချင် လောက်အောင်ကို မုန်းတယ်"

ဟုရန်လိုစွာ ဟစ်ပြန်လေရာ အဆောင်ဖော်များလည်း သူ့ပြောနှင့် ကိုယ့်ပြောနှိုးဖြင့် မျက်လုံးတွေ ကလယ် ကလယ်ဖြစ်ကာ ကိုယ်ရှိန်သတ်မိကြ သည်။ အဆောင်ဖော်တွေထဲမှာ အရင်းနှီးဆုံးသူငယ်ချင်းဖြစ်သော ရည်မွန်က မနောမြတ်အနီးသို့ချဉ်းကပ်ပြီး မနောမြတ်လက်မောင်းကို ဆိုင်လှုပ်ကာ



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ ...မနော ဘာဖြစ်တာလဲ ...ငါ့ကို ပြောစမ်းပါ...နင် ဘာဖြစ်လို့လဲ"

ဟုစိုးရိမ်မကင်းသောလေသံဖြင့် အတင်းမေးလေမှ မနောမြတ်လည်း ရည်မွန်ကို မကြည့်ဘဲ

"ကောင်း...ခန့်...မှူး"

ဟူ၍တစ်လုံးချင်းရေရွတ်လေသည်။ ထိုအခါမှရည်မွန်နှင့် အခြောင်သူများလည်း ပြဿနာ၏အရင်းအမြစ်ကို ရိပ်မိသလိုလို ရှိလာကြ၏။ သို့သော် ပြဿနာဖြစ်ပွားခဲ့ပုံကို အတိအကျသိလိုသေးသည့်ဆန္ဒကြောင့် နောက်ပြန်မလှည့်ကြဘဲ မနောမြတ်၏အိပ်ခန်းအတွင်းသို့တိုးဝင်လာကြကာ ရည်မွန်၏ အမေးကို စိတ်စောစွာစောင့်မျှော်ကြပြန်သည်။ ရည်မွန်လည်း အခြားသူများနည်းတူ သိလိုစိတ်ပြင်းပြနေသည်မို့ မနောမြတ်ကို ကုတင်ပေါ်ဆွဲထိုင်စေရင်း မေးမြန်းရ၏။

"ဟင်...ကောင်းခန့်မှူး ဟုတ်လား...ဒီကောင် နင့်ကို ဘာပြဿနာလုပ်လိုက်ပြန်ပြီလဲ...မြန်မြန်ပြောစမ်းပါ"

မနောမြတ်လည်း ခံပြင်းစွာ 'တက်' တစ်ချက် ခေါက်လိုက်သေး၏။

"တောက်"

ပြီးမှ

"ကောင်းခန့်မှူးဆိုတဲ့ကောင်တော့ ငါ့တစ်သက်မကျေဘူး ...ဒီကောင် ဒီနေ့ ငါ့ကိုပိုက်ဆံလာပို့တဲ့ ငါ့အဖေကိုသွားရောပြီး ငါ့အကြောင်း စုံစမ်းနိုင်းတယ်လေ ...ဘယ်လောက်တောင် လှူပါးဝလိုက်သလဲဆိုတာ ကြည့်စမ်းပါဦး ...ဟင်း"

"ဟင် ...ဟုတ်လား"

"အို...ဘုရားရေ"

ကြားလိုက်ရသောစကားကြောင့် အားလုံးမျက်လုံးတွေ ပြူးကျယ် သွားရသည်။ မနောမြတ်၏ကိုယ်စားမခံမရပ်နိုင်ဖြစ်ရသောကျောင်းသူသမီးက

"ဒီလောက် လှူပါးဝနေတာတောင် ပါချုပ်ဆီ မတိုင်ခဲ့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ရဲ့တန်ခိုးရှင်မလေးထုဆစ်တဲ့ကောင်းကင်

"အင်း ...အဲဒီအချိန်မှာ ဆရာဦးမြတ်စံရောက်လာလို့ပေါ့ .. နို့မဟုတ်ရင် ငါတစ်ခုခုလုပ်မိမလားး မပြောတတ်ဘူး"

ရည်မွန်က

"ဒါ...ဒါဆို...ဆရာ ဦးမြတ်စံကရော ဘာပြောသလဲ"

"ငါ့အမေကျေနပ်အောင် တောင်းပန်နိုင်းတယ်...ပြီးတော့ ပါ မောက္ခချုပ်ရုံးခန်းဆီခေါ်သွားပြီး နောက်ဒါမျိုးထပ်မဖြစ်စေရပါဘူးဆိုပြီး ခံဝန်ကတိလက်မှတ်ထိုးနိုင်းပြီး နောက်ဆုံးအကြိမ် သတိပေးမယ်လိုက်မယ်လို့ ပြောတာပဲ"

"အေး...ကောင်းတယ်...အဲဒါမှ အဲဒီကောင်မှတ်မှာ...ဘယ့်နယ် သမီးအကြောင်းသိချင်တာပဲ ဖအေကိုလာပြီး စုံစမ်းနိုင်းရတယ်လို့"

"အေးလေ...ဟုတ်ပါရဲ့"

"အေးလေ...ရယ်ရတယ် ခစ် ခစ်"

"အေးဟဲ့...ရယ်ရတယ် ခစ် ခစ်"

"ခစ် ခစ် ခစ် ခစ်"

ပြောရင်းဆိုရင်းပေါက်ကွဲသံတွေအစား ရယ်သံတွေကထွက်ပေါ်လာသဖြင့် မနော့မြတ်လည်း ပေါက်ကွဲသွားလျက်

"ဟဲ့...ဒီမှာ ဒီလောက်ဒေါသဖြစ်နေပါတယ်ဆိုမှ နင်တို့ကဘာလာ ရယ်နေကြတာလဲ...သွား သွား...ငါ့အခန်းထဲက အားလုံးထွက်သွားကြ"

ဆိုပြီးအားလုံးကို အိပ်ခန်းထဲမှတွန်းထုတ်ထွက်ခွာစေရသည်။ အခန်းထဲမှာ တစ်ယောက်တည်းကျန်ရှိချိန်မှ အားပါးတရကျိန်ဆဲလိုက်သည်။

'ကောင်းခန့်မှူး အသုဘကောင်'

www.burmeseclassic.com

www.burmeseclassic.com

## ။ ၁၀ ။

ကောင်းခန့်မှူးခံစားနေရသည်။ မနောမြတ်ကို လုံးဝမနှောင့်ယှက်တော့ပါ။ မနောမြတ်ဘက်မှတိုင်ကြားချက်တစ်ခုတစ်ရာရှိပါသော် ပြင်းထန်စွာ အရေးယူခံရမည်ကို ကောင်းစွာသိရှိပါသည်ဆိုပြီးမနေ့ကပဲ ပါမောက္ခရှေ့မှ လက်မှတ်ထိုးလာရသည်ပဲလေ။ သည်တော့လည်း သည်လောက်တော့ စိတ်ထိခိုက်ခံစားရမှာပေါ့။

တကယ်ဆို ခံဝန်ကတိလက်မှတ်ရေးထိုးရသည်ထက် ရင်မှာနာကျင်ရသည်ကတော့ မနောမြတ်၏တစ်စထက်တစ်စကြီးထွားလာသော အမုန်းတရားများကြောင့်ပင်ဖြစ်သည်။

သို့သော် သေချာသည်တစ်ခုကတော့ မနောမြတ်ဘက်က မုန်းတီးစက်ဆုပ်ရွံ့ရှာစိတ်ကို မည်မျှလက်ကိုင်ထားစေကာမူ ကောင်းခန့်မှူးဘက်ကတော့ မနောမြတ်ပေါ်ထားရှိသော ချစ်ခြင်းအသံချေကို တစ်စက်ကလေး အရာယွင်းစေမည် မဟုတ်ဆိုတာပဲဖြစ်သည်။

အဘယ်ကဲ့သို့သော အကြောင်းတရားကမှ ရင်မှအချစ်ကို[illegible]



www.burmeseclassic.com

www.burmeseclassic.com



အောင် မဆောင်ရွက်နိုင်ဆိုသည်ကို ကောင်းခန့်မှူးခံစားသိလိုက်သည်။

စစ်မှန်သော ချစ်ခြင်းတရား၏နှိုးဆော်လှုံ့ဆွမှုကြောင့် ကောင်းခန့်မှူး ရင်ခုန်သံတွေ မြန်လာရသည်။

ရင်ခုန်သံကို လုံခြုံစွာထိန်းသိမ်းစောင့်ရှောက်ရင်း ရန်လိုသူ အလုနတ်ဖုရားမ မနောမြတ်ကို တိတ်ဆိတ်သောခြေလှမ်းများဖြင့် အနုပညာဆန်စွာ ဆက်လို့ချစ်ပိုင်ခွင့် မိမိမှာရှိသေးသည်ပဲဟူသော နှစ်သိမ့်မှုက အေးခဲစ သွေးကြောများကို ပြန်လည်ပွင့်လန်းနွေးထွေးစေသည်။

သို့ပေမယ့် . . . သို့ပေမယ့်ပေါ့လေ . . . အချစ်တစ်ခုအားကိုးဖြင့် မိမိကိုယ်သာ မိမိအားတင်းနှစ်သိမ့်စွမ်းပါသော်လည်း ခက်ထန်မာကြောသော မနောမြတ်၏ အမုန်းမျက်ဝန်းတစ်စုံကို ပြန်မြင်ယောင်လိုက်သည်နှင့် ရင်က ကျဉ်ကနဲ နာရစမြဲသာဖြစ်သည်ကို ကောင်းခန့်မှူးသာအသိဆုံးဖြစ်သည်။

အတွေးကိုယ်စီဖြင့် စကားဝိုင်းလေးတစပြင်ပမာ အေးစက်တိတ်ဆိတ်နေသည်ကို လိုလားဟန်မတူသော နိုင်လင်းကကောင်းခန့်မှူးပခုံးကို လှမ်းပုတ်ရင်း

"ကဲ ... သူငယ်ချင်း ဘာမှ ငေါင်မနေနဲ့ ... အခုလို မင်းကြံတိုင်း မအောင် ဆောင်တိုင်း ပေါက်ဖြစ်နေရတာဟာ မင်းရဲ့ကံကြမ္မာ ဂြိုဟ်စီးဂြိုဟ် နင်းညှဉ်းနေလို့ပဲဖြစ်ရမယ် ... ဒါကြောင့် ရေလယ်ဘုရားသွားဖူးပြီး ဆုတောင်း လိုက်မယ်ဆိုရင် ကံကြမ္မာရဲ့ မျက်နှာသာပေးမှုကို ပြန်လည်ရရှိနိုင်လိမ့်မယ် ထင်တယ်ကွ"

ဟူ၍စကားစပေးလိုက်လေရာ ကျန်ကောင်တွေလည်း တက်ကြွကုန် ကြသည်။ ကျော်ဇေက

"အေးကွ . . . ဟုတ်တယ် . . . ဒီလိုအချိန်မှာစိတ်လေပြီး ထင်ရာ လျှောက်သွားနေမယ့်အစား ရေလယ်ဘုရားသွားဖူးတာက အကျိုးရှိဦးမယ်"

နေဦးကလည်း

"မှန်တာပေါ့ ... ဘဝရဲ့ကယ်တင်ရှင် အစစ်အမှန်ဟာ ဘုရားကလွဲ လို့ ဘာမှမရှိဘူး... ဒါကြောင့် ဘုရားရိပ်၊တရားရိပ်နဲ့ဝေးပြီး အမြဲလိုလိုခုတ်



www.burmeseclassic.com

www.burmeseclassic.com

ရာတစ်ခု ရှုရာတစ်လှဲ့ဖြစ်နေတဲ့ ကောင်းခန့်မှူးကိုနှစ်သိမ့်ပေးရာလည်း ရောက်သလို ကယ်တင်ပေးရာလည်းရောက်အောင် ရေလယ်ဘုရားဆီမြန်မြန်လိုက်ပို့ပေးကြရအောင်...ကဲ...ကဲ သူငယ်ချင်း ထ...ထ သွားကြရအောင်"

"ဟင်...မင်းတို့ဟာက ပြောနေဆိုနေရင်းနဲ့ အခုပဲသွားကြတော့မလို့လား"

ကောင်းခန့်မှူးလည်း ဆိုင်းမဆင့် ဗုံမဆင့် ဘုရားဖူးသွားဖို့ မိမိကို အတင်းဆွဲထူနေသော နေဦးကိုမော့ကြည့်ပြီး အံ့ဩတကြီး ပြန်မေးသည်ကို အောင်သီက

"အေးလေကွာ ...သွားဆိုလည်း ခုလိုတစ်ခါတည်းသွားလိုက်မှ . ..နို့မို့ တော်တော်နဲ့ရောက်ဖြစ်ကြတာ မဟုတ်ဘူး"

ဟူ၍ထပ်ဆင့်လောဆော်ပြီးနောက် လက်ဖက်ရည်ဖိုးရှင်းရန် စားပွဲထိုးလေးအားစုတ်သတ်လှမ်းခေါ်သည်။ ရေလယ်ဘုရားဖူးသွားရန် အားလုံးနေရာအသီးသီးမှ ထကြသော်လည်း ဝဏ္ဏကနေရာမှ မထသေးဘဲ အားလုံးကိုတစ်ချက်ဝေ့ကာ

"ဟွန်း...မင်းတို့ကလည်း အကြောင်းပြကောင်းအောင် ကောင်းခန့်မှူးကို လက်ညှိုးထိုးပြနေကြတာ... တကယ်တမ်းသွားချင်နေကြတာက မင်းတို့ မဟုတ်လား"

ဟုချက်ကောင်းကိုနှက်လေရာ အားလုံးလည်း အချင်းချင်းမလုံမလဲ ပြန်ကြည့်မိကြသည်။

နိုင်လင်းက

"ဩော် ...ဒါဆို မင်းကတော့ မလိုက်ဘူး ...နေခဲ့မယ်ဆိုတဲ့ သဘောပေါ့ ...ဟုတ်လား ဝဏ္ဏ"

ဟု ပြန်နှက်လေရာ ဝဏ္ဏက

"ဟာ ...ဘုရားလည်းဖူးရင်း ကောင်မလေးတွေလည်း ငေးရင်းဆိုတဲ့ ကုသိုလ်တစ်ဝက် ငရဲတစ်ဝက် အကြံအစည်နဲ့သွားကြတာများ ငါမသိဘူးမှတ်နေလား ...အဲဒီလို ကာလာတွေပါလာရင် မင်းတို့ပဲသွားကြ...ငါ



www.burmeseclassic.com

www.burmeseclassic.com



မထိုက်ဘူး...လို့ ထင်နေလား...လိုက်ရမှာပေါ့ကွာ...ဟီး"

တည္ကြည်ပိုင်ရာမှသတ်ကာနဲထပြီးရှေ့မှ ဦးဆောင်ထွက်ခွာလေရာသူငယ်ချင်းများနှင့်အတူကောင်းခန့်မှုးပါဝင္တာကိုပေစောင်းစောင်းကြည့်မိလေသည်။

"ဩော် ...ငါတို့က လိုက်များမလိုက်ဘူးလားလို့ နေဦး ...ဟိုရောက်မှ ရေထဲကန်ချပြီး ငါးစာကျွေးပစ်မယ်"

ဆိုသောနေဦးစကားကိုနင်းပြီးပြောလိုက်သော ကျော်စေစကားကြောင့် ဇတ္တာတစ်ယောက် ကိုယ့်နဖူးပြောင်ပြောင်ကိုပြန်စမ်းမိသလို သူငယ်ချင်းများလည်း သဘောကျပြီး ရယ်မိကြလေသည်။

"ဟွန်း...ဒီကောင်ကို ရေထဲကန်ချပြီး ငါးစာကျွေးလည်း ငါးတွေစားမယ်မထင်နဲ့"

"ဘာဖြစ်လို့လဲကွ"

"ဩော် ...ငါးတွေလည်း ယင်ယင်ရွယ်ရွယ်နဲ့ နဖူးပြောင်ကုန်ကြမှာစိုးလို့လေ"

"ဝါး ဟား ဟား ဟား"

"ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com

■ ၁၁ ■

သန့်လျင် ကျောက်တန်းရှိ ကျိုက်မှော်ဝန်းရေလယ်စေတီအား သွားရောက်ဖူးမျှော်ရန် သမ္ဗာန်ဆိပ်တွင်လက်မှတ်ဝယ်ပြီးနောက် ဘုရားဖူးပို့ဆောင်ပေးမည့် စက်တပ်သမ္ဗာန်တစ်စီးပေါ်သို့တက်ရန် ကောင်းခန့်မှူး ပြင်ဆင်လိုက်ပြီးမှ တစ်စုံတစ်ရာသော အာရုံခံနိုးဆော်မှုကြောင့် မတက်ဖြစ်သေးဘဲ ဘုရားဖူးပြီးသူများအား ပြန်လည်သယ်ဆောင်လာသည့် အခြားသမ္ဗာန်တစ်စီးကို လှည့်ကြည့်လိုက်မိသည်။

"အို"

ရင်ခုန်သံတွေ အတိုင်းမသိမြန်ဆန်သွားရသလို လူကိုယ်တိုင်ကလည်း ရပ်နေသည့်နေရာမှာပဲ ရပ်မြဲတိုင်းရပ်နေရင်း ခြေတစ်ဝါးစာမျှပင် သွားလာလှုပ်ရှားနိုင်စွမ်းကင်းမဲ့သွားသည့် ကျောက်ရုပ်တစ်ရုပ်ဖြစ်သွားသည်။ ထိုကျောက်ရုပ်လေး ပြန်လည်အသက်ဝင်လှုပ်ရှားနိုင်အောင် ကျောက်ဖျက်လုပ်ပေးနိုင်မည့် ကမ္ဘာပေါ်ရှိတစ်ဦးတည်းသော နတ်ဖုရားမလေးသည် မနောမွှတ်ဆိုသော စွာတေးမလေးသာ ဖြစ်ချေသည်ကို ကာယကံရှင် ကောင်းခန့်မှူး အသိဆုံးဖြစ်ချေသည်။

"ဟိတ်ကောင် ...ကောင်းခန့်မှူး ဘာလုပ်နေတာလဲ ...ထက်

www.burmeseclassic.com



လေ"

ဆိုသော သူငယ်ချင်းများ၏သတိပေးသံကိုပင် မကြားနိုင်အောင် မနော်မြတ်ကိုသာစူးစိုက်ကြည့်နေမိသည်။ မနော်မြတ်ကတော့ အပေါင်းအသင်းများနှင့် ရယ်စရာတွေပြောပြီး ပျော်နေရသဖြင့် ကောင်းခန့်မှူးကို သတိထားမိဟန်မတူ။

သမ္မာန်ကို စက်သတ်ပြီး သမ္မာန်ဆိပ်မှာဆိုက်ကပ်လိုက်သည်နှင့် မနော်မြတ်လည်း သူငယ်ချင်းများနှင့်သမ္မာန်ပေါ်မှ ဆင်းရန်ပြင်ဆင်လေသည်။

မနော်မြတ် သမ္မာန်ပေါ်မှဆင်းသည့်အခိုက်တွင် အခြားဆိုက်ကပ်လာသောသမ္မာန်တစ်စင်းကြောင့်ရေတိုးပြီး သမ္မာန်လှုးသွားလေရာ မနော်မြတ်လည်း ဟန်ချက်ပျက်ပြီး ကို့ရို့ကားရားပြုတ်ကျလာလေသည်။

"အို ...အမေ့"

"ဟင်"

"ဟာ"

"ဒုတ်"

"အမယ်လေး ...သေပါပြီ"

မနော်မြတ် သမ္မာန်ပေါ်ကဆင်းမည်ပြင်နေကတည်းက ပွပန်စွာ ကြည့်နေခဲ့သော ကောင်းခန့်မှူးတစ်ယောက် မနော်မြတ်ဟန်ချက်ပျက်ကာ ပြုတ်ကျတာမြင်သည်နှင့် လေ၏လျှင်မြန်ခြင်းမျိုးဖြင့်ပြေးလွှားရောက်ရှိသွားကာ ဆီးကြိုပွေ့ဖက်လိုက်သည့်အတွက် မနော်မြတ်အကျသက်သာခဲ့ရသည်။

သို့သော် ကယ်တင်ရှင်ကောင်းခန့်မှူးကတော့ လူတစ်ယောက်လုံး ခန္ဓာကိုယ်ပေါ် ပြုတ်ကျလာသည့်အရှိန်နှင့်အတူ ဦးခေါင်းနှင့်အင်္ဂတေစောင်း ရိုက်မိပြီး သတိလစ်သွားရလေသည်။

မနော်မြတ်လည်း ထိုအခါမှမိမိအား အစိုးရိမ်ပိုခဲ့သူအတွက် တစ်ဖန်ပြန်လည်စိုးရိမ်စိတ်ဝင်မိကာ ကောင်းခန့်မှူး ပခုံးနှစ်ဖက်ကို လှုပ်ကိုင်ပြီး ကောင်းခန့်မှူးနာမည်ကို အသံကုန်ဟစ်မိတော့သည်။

"ကောင်း ...ခန့် ...မှူး"



www.burmeseclassic.com

www.burmeseclassic.com

■ ၁၂ ■

ကောင်းခန့်မှူး ခန္ဓာကိုယ်မှနာကျင်ကိုက်ခဲမှုများကို ညည်းတွား အဖော်ပြုရင်း မျက်လုံးကို အားယူဖွင့်ကြည့်လိုက်သည်။

"အား ... ကျွတ် ... ကျွတ်"

"ဟင် ... ကောင်းခန့်မှူး သတိရလာပြီ"

"သူငယ်ချင်း သတိရလာပြီနော်"

"ကောင်းခန့်မှူး ... သတိရလာပြီဟေ့"

"ဟူး ... တော်သေးတာပေါ့ကွာ"

ကောင်းခန့်မှူး သတိပြန်လည်လာတာတွေ့ရသည်နှင့် စိုးရိမ်တကြီး စောင့်ကြည့်နေခဲ့ကြသောသူငယ်ချင်းများသည်လည်း ဝမ်းသာအယ်လဲဖြစ်မိကြသည်။ ကောင်းခန့်မှူး အထူးအဆန်းဖြစ်သွားလျက်

"အား ... ကျွတ် ... ကျွတ် ... နေပါဦး ... ငါ ဘယ်ရောက်နေတာလဲ"

ဟုဘေးဘီကိုဝေ့ကြည့်ရင်း စိနည်းနာရာ နိုင်လင်းက

"ဆေးရုံရောက်နေတာလေကွာ ... သန်လျင်ဆေးရုံရောက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ရဲ့တန်ခိုးရှင်မလေးထုဆစ်တဲ့ကောင်းကင်

ဟုအသီပေး၏။ ထိုအခါမှကောင်းခန့်မှူးလည်း မနော်မြတ်သမ္မာန် ပေါ်မှပြုတ်ကျရာတွင် ထိမိုက်မိမှာစိုး၍ မိမိအနာခံကာ ဆီးကြိုပွေ့ဖက်လိုက်သော အဖြစ်ကို ပြန်အမှတ်ရသွားလျက်

"ဪ"

ဟုအသံပြုပြီး ဟိုဒီကြည့်မိသည်။ ကုတင်ခြေရင်းတွင် မျက်ရည်ငွေ့တို့ဝေ့သီနေသော မျက်ဝန်းတစ်စုံဖြင့် မိမိအားမမှိတ်မသုန် စိုက်ကြည့်နေသော မနော်မြတ်ကိုတွေ့လိုက်ရသဖြင့် ရင်ခုန်ဝမ်းမြောက်သွားရကာဆတ်ကနဲထ ထိုင်မိလေရာနာကျင်သောဝေဒနာကိုခံစားရလျက်မျက်နှာကြီးရှုံ့မဲ့သွားရသည်။

"အား ...ကျွတ် ...ကျွတ် ကျွတ် ကျွတ်"

"ဟာ ...ဟိုက် ...အရမ်းမထနဲ့လေ ...အခုမှ သတိပြန်ရကာစ ရှိသေးတယ်"

"သူငယ်ချင်း ဘယ်လိုနေသေးလဲဟင် ...သက်သာရဲ့လား"

"သူငယ်ချင်း သတိထားဦးလေကွာ"

"ဒီကောင်ကြည့်ရတာ အတိတ်မေ့သွားပြီ ထင်တယ်ကွ"

အားလုံးစိုးရိမ်တကြီး ဖြစ်သွားကြရပြန်သည်။ ဝဏ္ဏခြေမကိုင်မိ လက်မကိုင်မိ အမူအရာဖြင့် ခေါင်းကို စမ်းကြည့်ပြီး

"သူငယ်ချင်း တော်တော်နာနေလားဟင် ...ဘယ်ကနာတာလဲ ခေါင်းကနာတာလား"

စိုးရိမ်တကြီး မေးလေရာ ကောင်းခန့်မှူးက

"ဟင့်အင်း ...မြီးညှောင့်ရိုးက နာတာ"

ဟု ပြန်ဖြေသည်ကို အောင်သီက

"အေးပေါ့ကွာ ...လူကအပေါ်က ဖိမိတဲ့အရှိန်နဲ့ အောက်ကကျောက်ခဲထစ်စောင်းနဲ့ ရိုက်မိတဲ့အရှိန်ပေါင်းမှတော့ ခါးရိုးကျိုးပြီး ဘဝမဆုံးတာကံကောင်း"

ဟုကျီးကြောင်းဆင်ခြင်ပြောဆိုခြင်းဖြင့် မနော်မြတ်ကို အနေခက်စေလေသည်။ မနော်မြတ် တစ်ခုခုပြောရန် ကြိုးစားကြည့်သော်လည်း အသံထ



www.burmeseclassic.com

www.burmeseclassic.com

မတွက်တဲ့ လည်ချောင်း၌သာတစ်ဆို့နေသည်။ ထို့ကြောင့် စကားပြောရန်အား ယူသည့်အနေဖြင့် ဘေးတစ်ဖက်တစ်ချက်ရှိ နှင်းမိုးနှင့်ရည်မွှန်တို့၏လက်တစ်ဖက်စီကိုဆုပ်ကိုင်မိသည်။ နှင်းမိုးနှင့်ရည်မွှန်ကလည်း အားပေးသည့်အနေဖြင့် မနောမြတ်လက်ကို ဆုပ်ကိုင်ဖျစ်ညှစ်ရင်း ခေါင်းညိတ်ပြုံးပြသည်။ မနောမြတ် စကားပြောနိုင်ရန် ချောင်းတစ်ချက်ဟန့်မည်ကြံကာရှိသေး

"ဟ ...မြီးညှောင့်ရိုးတို့၊ ခါးရိုးတို့ကျိုးတာက ကုလို့ရသေးတယ် ...ဘဝ မဆုံးသေးဘူး ...အဲ ...ဟိုမျိုးဆက်ကျိုးလို့ကတော့ တစ်သက်လုံးသွားပြီ ...အဲဒါမှ တကယ့်ကိုဘဝဆုံးပြီသာမှတ်"

ဟုဆိုသော နေဦးစကားကြောင့် မနောမြတ်မျက်နှာလွှဲလိုက်သလို ကောင်းခန့်မှူးလည်း မလုံမလဲဖြစ်သွားလျက်

"ဟာ ...ဟိတ်ကောင် ဘာတွေလျှောက်ပြောနေတာလဲ ...ငါက နေရင်းထိုင်ရင်း ဘယ်မျိုးဆက်ရိုးကျိုးလို့ ဘဝဆုံးရမှာလဲကွ ...ဘာလဲ မျိုးဆက်ရိုးဆိုတာ"

ဟု ကပျာကယာပြန်ဖြေရှင်းခိုင်းရသည်။ ထိုအခါမှ နေဦးလည်း သူ့စကားဘယ်လိုတာသွားသည်ကို ပြန်လည်ဆင်ခြင်မိလျက်

"ဩော် ...ဟို ...ဟိုလေ ငါပြောတဲ့မျိုးဆက်ရိုးဆိုတာ နှာခေါင်း ...ဟုတ်တယ် ဟုတ်တယ် ...နှာခေါင်းရိုးကို ပြောတာ ...နှာခေါင်းရိုးသားကျိုးလို့ကတော့ မင်းဘယ်သူ့ကိုမှ အာဘွားမပေးနိုင်တော့ဘဲ ဘဝဆုံးပြီပဲ ...ငါပြောတာ သေချာစဉ်းစားကြည့် ...ဟုတ်တယ် မဟုတ်လား ...အဟဲ ဟဲ"

နေဦး ပြောတာ ဟုတ်နိုးနိုးဖြင့် ကောင်းခန့်မှူးနှာခေါင်းထိပ်ကို ယောင်ပေါင်ပွတ်ပြီး မနောမြတ်အား ကြည့်မိသည်။ မနောမြတ်လည်း

"အိုး ...ဘာဆိုင်လို့လဲ"

ဆိုပြီးပါးလေးနှစ်ဖက်ရှက်သွေးတက်ကာ နီရဲသွား၏။ ကျောင်းသူအုပ်စုက

"အဟီး ...ဒီလိုကျတော့လည်း ဟုတ်သားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီးခပ်အုပ်အုပ်ရယ်ကြသည်။ သည်ကောင်တွေ တစ်ယောက် တစ်ပေါက်ပြောနေကြသဖြင့် ဘာမှဝင်မပြောသာသေးသော ဆရာဝန်လည်း လိုအပ်သော စမ်းသပ်စစ်ဆေးမှုတွေပြုလုပ်ပြီးနောက်

"ဘာမှ စိုးရိမ်စရာမရှိတော့ပါဘူး ...ပြန်ခေါ်သွားလို့ရပါပြီ"

ဟူ၍ ဆေးရုံမှပြန်ခွင့်ပြုလေသည်။ ကောင်းခန့်မှူးလည်း ဆေးရုံမှ ချက်ချင်းပြန်ဆင်းခွင့်ရသဖြင့် ပျော်သွားပြီး ဆရာဝန်ကို ကျေးဇူးစကားဆိုပြီး ကျော်ဇေနှင့် ဝဏ္ဏတို့၏ တွဲထူခေါ်ယူမှုဖြင့် အိမ်ပြန်ဖို့ ခြေလှမ်းပြင်လေသည်။

ခြေလှမ်းကြွမည်အပြုတွင် မနောမြတ်အနားသို့ ရောက်လာပြီး

"ကောင်းခန့်မှူး ...ကျေးဇူးပဲနော်"

ဟုလှိုက်လှဲစွာဆိုပြီးနောက် ချက်ချင်းဆိုသလို ခြေလှမ်းသွက်သွက်ဖြင့် ထွက်ခွာသွားလေသည်။ နှင်းမိုးနှင့် ရည်မွန်လည်း ကောင်းခန့်မှူးတို့အားလုံးကို စုစည်းပြုံးပြပြီးနောက် 'သွားပြီ'ဆိုသောသဘောဖြင့် ခေါင်းညိတ်ပြကာ မနော မြတ်နောက်သို့ အပြေးတစ်ပိုင်းလိုက်ပါသွားကြသည်။

ကောင်းခန့်မှူးနာကျင်မှုတို့ကိုမေ့ပျောက်သွားကာ မနောမြတ်နောက် ကျောကို မြင်ကွင်းမှပျောက်ကွယ်သွားသည်အထိ လိုက်ကြည့်ရင်း 'ကောင်းခန့် မှူး ကျေးဇူးပဲနော်'ဆိုသည့် မနောမြတ်၏အသံချိုချိုလေးကို အဖန်တလဲလဲ ပြန်လည်ကြားယောင်မိလျက် မဖုံးနိုင် မဖိနိုင် သွားကြီးအဖြီးသားဖြင့် ပြုံးနေမိ လေသည်။ ကောင်းခန့်မှူးကိုကြည့်ပြီး ကျော်ဇေက မဲ့ရွဲ့ကာ

"ဟွန်း ...ကယ်တင်ရှင်အလုပ်ကောင်းလို့ ကံကောင်းပြီး အသက် ထွက်မသွားတာတောင် ရုပ်ကအမှတ်မရှိတဲ့ရုပ်နဲ့ ပြုံးဖြီးဖြီးလုပ်နေသေးတယ်"

ဟု အပြစ်တင်လိုဟန်ဖြင့်ဆိုသလို နိုင်လင်းကလည်း

"ဟုတ်ပါ့ကွာ ...ဟိုကွာ ကောင်းခန့်မှူး ကျေးဇူးပါနော်လို့ ... အီစီကလီသံနဲ့ပြောသွားတာနဲ့ပဲ ပီတိတွေဖြာပြီး မနောမြတ်အတွက်ဆို နောက် ထပ်အခါတစ်ရာမကတောင် ကူညီပေးမယ့် မောင်ပါဆိုပြီးဖြစ်နေတဲ့ကောင့်မျက် ဒီကောင့်ရုပ် ကြည့်တာနဲ့သိတယ်"

ဟု ကရုဏာဒေါသောနဲ့ ဆိုလေသည်။ ကောင်းခန့်မှူးကလည်း



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းတွေ သည်မျှပြောဆိုနေသည်ကို အရေးမထားဘဲ အခွင့်ကြုံတုန်း အချစ်ကြီးကြောင်း ပြနေပြန်သေးသည်။

"အိုကွာ ...ဘာပဲဖြစ်ဖြစ် မနော်မြတ်အတွက်ဆိုရင် ခုလိုသမ္မာန်ပေါ်က ပြုတ်ကျတာမျိုးလောက်မပြောနဲ့ ...ဆယ်ထပ် အဲ ...နည်းသေးတယ် အထပ်နှစ်ဆယ်၊ သုံးဆယ်လောက်ရှိတဲ့ ထရိတ်ဒါးတို့၊ ဆာကူရာတို့ပေါ်က ပြုတ်ကျလာတာမျိုးဆိုရင်လည်း ငါကမနော်မြတ် အသက်အန္တရာယ်မရှိရင်ပြီးရော ...ငါ့ကိုယ်ငါ ထိခိုက်စတေးခံပြီးတော့ ခုလိုပဲ အား ...ဟော့ကောင် ဝဏ္ဏ ဖြေးဖြေး ဖြေးဖြေးလျှောက်ပါဟ ...နာတယ် ...အား ကျွတ် ကျွတ်"

"ဟွန်း ...အပြောကတော့ ကြီးပဲ့ ...အခုဒီလောက်လေးတောင် လူက သေမလိုဖြစ်နေပြီ ...ဆာကူရာတို့ ထရိတ်ဒါးတို့ပေါ်က ပြုတ်ကျလာတာမျိုးကိုသာ ဆီးဖမ်းရလို့ကတော့ အသက်ဘယ်ကထွက်သွားမှန်းတောင်သိလိုက်မှာမဟုတ်ဘူး ...အဲ ...အသက်ထွက်သွားရင် တော်သေးတယ် အသက်မထွက်ဘဲအီးထွက်သွားလို့ကတော့ အရှက်ကိုပြန်းပြန်းကွဲပြီသာမှတ်"

ဟုဆိုသော ဝဏ္ဏစကားကြောင့် ကောင်းခန့်မှူးမလုံမလဲဖြင့် 'အန်'ကနဲ ဖြစ်သွားရသလို ကျန်ကောင်များလည်း သဘောကျပြီး ဝါးကနဲရယ်မောကာ တစ်ယောက်တစ်ပေါက် ပြောဆိုနောက်ပြောင်ကြတော့သည်။

"ဝါး ဟား ဟား ဟား"

"ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com

။ ၁၃ ။

ကောင်းခန့်မျှူး ခုံတန်းပြာဆိုင်တွင်ထိုင်ပြီး သူငယ်ချင်းများကို စောင့်ဆိုင်းနေစဉ်

"ကောင်းခန့်မျှူး ...ကျေးဇူးပဲနော်"

ဆိုသည့် အသံချိုချိုလေးကြောင့် ကောင်းခန့်မျှူးကပျာကယာ လှည့်ကြည့်ရာ မနော်မြတ်ကိုတွေ့လိုက်ရသဖြင့် အံ့ဩဝမ်းသာသွားရသည်။

"ဟင် ...မနော်မြတ်ပါလား ...နေ ...နေကောင်းတယ်နော် ဘာဟင်းနဲ့ စားပြီးပြီလား"

"ဟင်"

မနော်မြတ်နှင့်တွေ့တိုင်း အမြီးအမောက်မတည့်သောစကားတို့သာ ထွက်တတ်သည့်ရိုးရာကို ကောင်းခန့်မျှူး ဆက်လက်ထိန်းသိမ်းလိုက်ပြန်သည်။ မနော်မြတ်လည်း ဘာပြန်ဖြေလို့ဖြေရမှန်းမသိဘဲ ကောင်းခန့်မျှူးကိုကြောင် ကြည့်နေမိ၏။ ထိုအခါမှကောင်းခန့်မျှူးလည်း မိမိစကားပြောလော်သွားသည်ကို ဆင်ခြင်မိလျက်



www.burmeseclassic.com

www.burmeseclassic.com

"ဪော် ...ဟို ...ဟိုလေ ထ ...ထပါဦးလား ... မတ်တပ်ကြီးထိုင်စကားပြောနေရတာ အားနာစရာကြီး ...အဲလေ ဟုတ်ပါဘူး ...ထိုင်ပါဦးလား ...မတ်တပ်ကြီးရပ်နေတော့ မော့ကြည့်ပြီးစကားပြောရတာ ဇက်ညောင်းလို့"

"ဪော် ...ဟုတ် ...ဟုတ်လား ...ဆောရီးနော်"

မနော့မြတ်ထိုင်ခုံလွတ်တစ်လုံးတွင် ကပျာကယာဝင်ထိုင်ကာမှ ကောင်းခန့်မှူးလည်း စကားပြောမှားသွားပြန်ပြီကို သတိထားလိုက်မိပြန်သည်။ ထို့ကြောင့်

"ဪော် ...ဒီ ...ဒီလိုပါ ...မတ်တပ်ကြီးရပ်ပြီး စကားငုံ့ပြောနေရတော့ မနော့မြတ်ဇက်ညောင်းမှာစိုးလို့ ပြောတာပါ"

"ဪော် ...ရပါတယ် ...ကျေးဇူးပဲ"

"ဒါနဲ့ ...မနော့မြတ် ဘာသုံးဆောင်မလဲ ...မှာပေးမယ်လေ"

"အင်း ...လက်ဖက်ရည်ပဲသောက်မယ်"

"ညီလေးရေ ...လက်ဖက်ရည်တစ်ခွက်လုပ်ပေးပါဦး"

စိတ်လှုပ်ရှားနေသဖြင့် စကားတွေကပေါက်တိကပေါက်ချာဖြစ်နေရာမှ စကားပြောရတာတဖြည်းဖြည်းအဆင်ချောလာသဖြင့် ကောင်းခန့်မှူးလည်း နေသာထိုင်သာရှိလာရသည်။ နောင်ကိုလည်းစကားပြောရာမှာ ကပေါက်တိကပေါက်ချာမဖြစ်ရေးအတွက် မနော့မြတ်နှင့်တွေ့မည့်နေ့တိုင်း စာရေးဆရာသိမ်းတင်သား၏ကပေါက်တိကပေါက်ချာဂေဇက်ဘုတ်အုပ်ကြီး မဖတ်မိရန် အထူးလိုအပ်ကြောင်း နားလည်သဘောပေါက်လိုက်သည်။ စားပွဲထိုးလေးလာချပေးသော လက်ဖက်ရည်ခွက်ကိုထိတို့ရင်း မနော့မြတ်က

"ဟိုတစ်နေ့ကရေလယ်ဘုရားမှာ တို့အတွက်စိုးရိမ်ပေးတတ်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ရပါတယ် ...ကျေးဇူးတင်တယ်ဆိုရင်လည်း ကျေးဇူးတင်ကြောင်းကို ခဏ ခဏထည့်မပြောပါနဲ့လား ...တို့နဲ့ မနော့မြတ်က သော်င်္ဂေဆွေဖြစ်သွားကြပြီပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဒါပေါ့လေ ဘာပဲဖြစ်ဖြစ် ...ယူ့ ကျေးဇူးကတော့ တို့ အပေါ်မှာရှိသွားပြီ ...ဒါကြောင့် ယူနဲ့တို့ကြားကပြဿနာတွေ အားလုံးကို တို့မေ့ပစ်လိုက်ပါပြီ"

"မနောမြတ်ဆီက ဒီလိုစကားမျိုးကြားရတာ တကယ်ကိုဝမ်းသာပါတယ် ...နောင်ကိုလည်း လိုအပ်တဲ့အကူအညီ ရှိရင်ပြောပါ ...တို့ဘက်က မနောမြတ်အတွက်ဆို ဘာမဆို ကိုယ်ကျိုးစွန့်လွှတ်ပြီး လုပ်ဆောင်ပေးနိုင်ဖို့ အမြဲအဆင်သင့်ရှိတယ်ဆိုတာ မနောမြတ် တစ်ဘဝစာယုံထားလိုက်ပါ"

ကောင်းခန့်မှူးပြောရင်းပြောရင်း အားပါလာဟန်တူသည်။ မျက်လုံးကလည်း အရောင်တောက်ပလာသလို စကားတွေကလည်း ဘာဂလိုတိုတိုဖြစ်လာသည်။ မနောမြတ်လည်း လက်ဖက်ရည်တစ်ခွက်တိုက်ပြီး ရည်းစားစကားပြောမည့် ကောင်းခန့် မှူးအကြံကို ရိပ်စားမိလာလျက် ကြိုကာရတော့သည်။

"တို့ယုံပါတယ် ...ဒါပေမယ့် ခုရှုပ်မှုနောင်ရှင်းဆိုသလို စကားတစ်ခွန်းတော့ ကြိုပြောထားရဦးမယ် ...အဲဒါကတော့ ယူနဲ့တို့ဘော်ဒါဆက်ဆံရေး အခွန့်ရှည်စေဖို့အတွက် ပါးစပ်ကဘော်ဒါစကားပဲပြောပါ ...ခုလိုဘော်ဒါ အကန့်ကို ကာလာဆိုးရာရောက်အောင်အဓိပ္ပာယ်ထွက်စေတဲ့စကားမျိုးတွေကို သွယ်ဝိုက်ပြီးလည်း ဂပြောပါနဲ့ ...တိုက်ရိုက်ကြီးလည်း မပြောမိပါစေနဲ့ တို့ယူ့ကို ထပ်ပြီး စိတ်မဆိုးချင်ဘူး"

"ဟင်"

ကောင်းခန့်မှူးလည်း မနောမြတ်၏ရှင်းလင်းပြတ်သားသော စကားများကြောင့် အရှိက်တည့်တည့်ကို အဂ်လန်ဘောလုံးသမား စတီဗင်ဂျရတ် အနီးကပ်ပြီး ခပ်ပြင်းပြင်းပိတ်ကန်လိုက်သည့် ဘောလုံးထိမှန်ခံလိုက်ရသလို ခံစားသွားရသည်။

ဘာဆက်ပြောလို့ ပြောရမှန်းမသိဘဲ မရှုမလှ ကျဆုံးနေဆဲမှာပင် မနောမြတ်က

"ဟွန်း ...အမြင်ကတ်လိုက်တာ"

ဆိုသောအလိုမကျရေရွတ်သံနှင့် ပြင်းထန်မာန်ပါသော မျက်စောင်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ချက်ပါထိုးလိုက်လေရာ ကောင်းခန့်မှူးခမျာ မြေမြှုပ်ဗုံးထောင်ထားသော မြေနေရာပေါ် မှောက်လျက်လဲကျရသလို ဖြစ်သွားရသည်။ သို့သော် မနော့မြတ်၏မျက်စောင်းပစ်မှုတ်တည့်တည့်ကှ မိမိမဟုတ်မှန်း ရိပ်မိသလိုလိုရှိလာလျှက် ဘေးသို့လှည့်ကြည့်မိရာ မျက်နှာတန်းမိနေသော ကျောင်းသားသုံးဦးကို တစ်ဖက်စားပွဲတွင် လက်ဖက်ရည်ထိုင်သောက်နေကြသည်ကိုတွေ့ရသည်။ ထိုသုံးဦးထဲမှ ပန့်ကေထောင်ထားသောကျော်မောင်မောင် ဆိုသည့်ကောင်က မနော့မြတ်ကို မျက်စိတစ်ဖက်မှိတ်ပြနေသည်ကိုတွေ့ရသည်။ တင်းကနဲဖြစ်သွားရသော်လည်း မိမိနှင့်မနော့မြတ်က ဘာဆိုင်တာမှတ်လို့ဟူသောအသိက ရင်ကို ကျဉ်ကနဲဖြစ်ကာ ခေါင်းငိုက်စိုက်ကျစေသည်။

"ကောင်းခန့်မှူး ...တို့ သွားတော့မယ်"

ဟူ၍ကျသင့်ငွေရှင်းပေးပြီး နေရာမှရုတ်ချည်းထကာ ထွက်ခွာသွားသောမနော့မြတ်ကို ကောင်းခန့်မှူး ဘာမျှပြန်မပြောမိဘဲ ခေါင်းသာညိတ်ပြမိသည်ထင်သည်။

မနော့မြတ် နေရာမှထသွားသည်နှင့် ကျော်မောင်မောင်နှင့် အဖော်နှစ်ဦးလည်း နေရာမှထကာ မနော့မြတ်နောက် ခပ်လှမ်းလှမ်းမှလိုက်ပါသွားကြသည်ကို သတိပြုလိုက်မိသည်။

ရင်မှာ အပူတွေက ဆတိုး တိုးလာရသည်။

ဩော် ...လူ့ဘဝဆိုတာ အချစ်ရဲ့ဒုက္ခကိုထမ်းပိုးပြီး ခရီးဝေးသွားနေရတာမျိုးကို ခေါ်ဆိုတာပါလား။



www.burmeseclassic.com

www.burmeseclassic.com

## ။ ၁၄ ။

"ဟ ...ကောင်းခန့်မှူးရ ...ညှံ့လိုက်တာလည်း ချာပါရောပဲ ..မနောမြတ်က သူ့ကိုချစ်တယ် ကြိုက်တယ် ဘာညာဆိုပြီး မပြောပါနဲ့ဆိုတာ ပါးစပ်ကတော့ မပြောရဘူး ...စာရေးပြီးပြောရင်ရတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲကွ"

ဆိုသော ကျော်ဇေအဓိပ္ပာယ်ဖွင့်ဆိုချက်ကို အားလုံးက

"အေး ဒါ မှန်တာပေါ့ကွ"

ဟူ၍ကန့်ကွက်သူမရှိ တညီတညွတ်တည်းထောက်ခံရင်း မြှောက်ပေးချောက်တွန်းလုပ်ကြသည်။

"ဟုတ်တယ်လေကွာ ...မနောမြတ်ပြောတာ ရှင်းရှင်းလေးပဲ မင်းကို စကားပဲပေးမပြောနိုင်းတာ ...စာမပေးနိုင်းတာ မဟုတ်ဘူး .. ဒီတော့ ဘာမှစဉ်းစားမနေနဲ့ စာပေးဖို့သာပြင်ပေတော့"

"ဟုတ် ...ဟုတ်ပါ့မလားကွာ ...မင်းတို့ဟာကလည်း"

"သြော် ...မင်းကလည်း မဟုတ်မှတော့ လွဲပြီပေါ့ကွာ ...အဲလေ မဟုတ်မှလွဲရော ...အခု ငါတို့ပြောတဲ့အတိုင်းသာ ရဲရဲကြီးလှမ်းပိုက်စမ်းပါ



www.burmeseclassic.com

www.burmeseclassic.com



...အိုကေမှာ စိုပြေသွားပါလိမ့်မယ်"

"ဖြစ်...ဖြစ်ပါ့မလားကွာ...ငါ မပေးရဲဘူးကွ...တော်ကြာ အော မြတ်ပေါက်ကွဲလို့ အခုရရှိထားတဲ့ အခွင့်အရေးလေးပါဆုံးရှုံးသွားမှအခက်"

အောင်သီလည်းမြှောက်ပေးရကျိုးမနပ်ရကောင်းလားဆိုသော အဘောဖြင့် ကောင်းခန့်မှူးကို တစ်ချက်ဘုကြည့်ကြည့်ပြီး ဘာမျှဆက်မပြောတော့လိုဟန်ဖြင့် ပါးစပ်ပိတ်ထားလိုက်၏။

"အေးလေ ...ညှံ့လိုက်တာမှ ချာလို့ ပြောပြန်ရင်လည်း ပြောတာပဲ အဖတ်တင်တယ်"

ဆိုသော နိုင်လင်း၏အပြစ်တင်သံဆုံးသည်နှင့် ဝဏ္ဏက အကြံတစ်ခု ရဟန်ဖြင့်

"ဟား ...မင်းကိုယ်တိုင် စာမပေးရဲလည်း ဘာခက်တာမှတ်လို့ ကောင်းခန့်မှူးရာ ...မြန်မာ့ဆက်သွယ်ရေးစာတိုက် လုပ်ငန်းကြီးတစ်ခုလုံးရှိနေတာပဲကွ"

ဟူ၍အားပါးတရပြောဆိုလေရာ အားလုံးက 'အေး ဟုတ်သားပဲကွ' ဟု ဆိုကြသလို ကောင်းခန့်မှူးလည်း မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ် ဖြစ်နေရာမှ မျက်လုံးလေးပြန်ပြူးကျယ်လာရလျက်

"ဟာ ...အေး ...ဒီအကြံမဆိုးဘူးကွ စာရေးပြီးစာတိုက်ကနေ တစ်ဆင့်ပို့လိုက်ရင်ပြီးနေတာပဲ ဥစ္စာ ...အဟီး"

ဟူ၍ ဝဏ္ဏအကြံအစည်ကို သဘောကျသွားလျက် လူကမဖုံးနိုင်မဖိနိုင် ပြုံးဖြီးဖြီးကြီးဖြစ်လာရသည်။ ထို့နောက် လွယ်အိတ်ထဲမှ စာအုပ်တစ်အုပ် ထုတ်ယူပြီး စားပွဲပေါ်တင်ကာ စာအုပ်ကိုဖွင့်သည်။ ပြီးအကျႌအိတ်ကပ်ထဲမှ ဘောလ်ပင်ကိုဆွဲယူပြီး ချစ်စာလွှာလေး ရေးသားရန်ပြင်ဆင်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

■ ၁၅ ■

'သို့

နှစ်သက်မြတ်နိုးတွယ်တာရပါသော မနော်မြတ် ...

မနော်မြတ်ဆိုတဲ့ နာမည်အပြည့်အစုံကိုခေါ်ပြီးရေးသားရတာ အဲဒီနာမည်လေးကို သဘောကျလွန်းလို့ပါ ... ဟုတ်တယ်လေ စိတ်ထားဖြူစင်မြင့်မြတ်သူလေးလို့ အနက်အဓိပ္ပာယ်ရတဲ့ မနော်မြတ်ဆိုတဲ့ နာမည်လေးဟာ ဘယ်လောက်တောင် လှပလိုက်သလဲ။

မနော်မြတ်ဟာ နာမည်နဲ့လိုက်ဖက်အောင်စိတ်ထားလေး ဖြူစင်မြင့်မြတ်သလို မြင့်မြတ်တော်ဝင်တဲ့ရုပ်ရည်အလှကိုလည်း ပိုင်ဆိုင်ထားသူပါ။

မနော်မြတ်က မနော်မြတ်ကိုချစ်တဲ့အကြောင်း ပါးစပ်ကမပြောရဘူးလို့ တားမြစ်ထားတဲ့အတွက် ခုလိုစာရေးပြီးပြောရတာကို နားလည်ပေးပါ ...။ မနော်မြတ် ဘယ်လိုပဲတားတား တို့ဘက်ကအောင့်မထားနိုင်လို့ ချစ်မိရစေနော်။ ရင်ခုန်သံလှိုင်းတွေဟာ နှလုံးသားနံ့ရံကို မနားတမ်းတဝုန်းဝုန်းရိုက်ခတ်နေတဲ့အတွက် အချစ်ဆိုတဲ့အသံဟာ ကျယ်လောင်စွာမြည်ဟိန်းလာရတာပါ။ မနော်မြတ် ... တို့မှာ နေ့စဉ်နဲ့အမျှစားလည်း မနော်မြတ်မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com

အိပ် လည်း မနော့မြတ်မျက်နှာ၊ သွားလည်း မနော့မြတ်မျက်နှာ၊ နားလည်း မနော့မြတ်မျက်နှာဆိုပြီး မနော့မြတ်ရဲ့မျက်နှာဟာ တို့ကိုအရိပ်ဆယ်မျှတ်နှာကနေ ပြုံးစားနေပါရောလား မနော့မြတ်ရယ်။

ဒီလောက်ဆိုရင် တို့အချစ်ကို မနော့မြတ်ယုံစားသင့်ပါပြီ။ အဖြည့်အဝ မယုံကြည်နိုင်ရင်တောင် ပိစိညှောက်တောက်လေးပဲဖြစ်ဖြစ် ယုံကြည်မယ်ဆိုရင် တို့ကျေနပ်ပါပြီ မနော့မြတ်ရယ် ...။

ဒီစာကိုဖတ်ပြီး စိတ်မဆိုးသွားပါနဲ့ဦး ...ဪ သူက ငါ့မှာထားတဲ့အတိုင်း ပါးစပ်ကပြောတာမှ မဟုတ်ဘဲ။ စာရေးပြီးပြောတာပဲဆိုတဲ့စာနာစိတ်လေးနဲ့ နားလည်ကြည်ဖြူပေးပါ။ ပြန်မချစ်နိုင်သေးခင်စပ်ကြားဘော်ဒါအဲကာန့်လေး ဆက်ထားပေးပါနော်။

ကဲ ...စာလည်းရှည်သွားပြီ။ ဒီလောက်အထိ ဆက်ဖတ်ပေးတာပဲကျေးဇူးတင်လှပါပြီ ...ဆက်ရေးရင်လည်း ချစ်တဲ့အကြောင်းက လိုရင်းပဲမို့တို့အချစ်ကို နားလည်အသိအမှတ်ပြုပေးပါနော်။

မနော့မြတ် အရောဝင်တဲ့အပေါ်မှာ အလိုက်မသိရောင့်တက်တတ်တဲ့

အချစ်လှမိုက်လေး

'ကောင်းခန့်မှူး'...တဲ့။

'ခစ် ခစ် ခစ်'

ရည်မွန် အသံထွက်ဖတ်ပြနေသော ကောင်းခန့်မှူး၏မနော့မြတ်ထံပေးစာကို နားထောင်ပြီးနောက် မနော့မြတ်အိခြေမဆောင်နိုင်ဘဲ နှင်းမိုးရည်မွန်တို့နှင့်အတူ ရယ်မောမိလေသည်။ နှင်းမိုးက ရယ်လက်စမသတ်နိုင်သေးဘဲ

"အမယ်လေး ...ကောင်းခန့်မှူးကလည်းဟယ် ...တုံးပ ...ဒီခေတ်ကြီးထဲမှာ ရည်းစားစာကို ဒီလိုရေးရတယ်လို့ သူ့ကို ဘယ်သူပြောသလဲမသိဘူး"

ဟု ဆိုသည်ကို ရည်မွန်ကလည်း

"ဟုတ်ပဲ့ဟယ် ခုခေတ် ငါးတန်းကလေးရေးနိုင်းရင်တောင် သူ့ထက်



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ရဲ့တန်ခိုးရှင်မလေးထုဆစ်တဲ့ကောင်းကင်

တာတ်ထိအောင် ရေးတတ်ဦးမယ် ...ဘာတဲ့ မနော့မြတ် အရောဝင်တဲ့အပေါ် မှာ အလိုက်မသိရောင့်တက်တတ်တဲ့ အချစ်လူမိုက်လေးတဲ့ ခစ် ခစ် ခစ်"

ဟူ၍ ထောက်ခံဖြည့်စွက်ရင်း အတောမသတ်ရယ်လေသည်။ ပြီးမှ ရယ်သံတွေကို ကြိုးစားမြိုချပြီး

"ဘယ်လိုလဲ မနော ...ဒီစာကိုဖတ်ပြီး ကြွေသွားပြီမဟုတ်လား"

ဟု ကျီစယ်လေသည်။ မနော့မြတ်မျက်နှာကြီး ရှုံ့မဲ့ပြပြီး

"ဟွန်း ...ဝေးသေး ...ဒီအရေးအသားမျိုးနဲ့ ဘယ်လိုလုပ် ရင် ခုန်လို့ရမှာလဲ ...ရှင်တို့ပဲ စဉ်းစားကြည့်ပါဦး"

ဟု စိတ်မဝင်စားမှုကို ဖော်ပြလေရာ နှင်းမိုးက

"ဒါဆိုလည်း ...အဲဒီစာကို နင်စိတ်မဝင်စားမှတော့ ငါ့ပေးထားစမ်း ပါ ...ငါ ပျင်းတဲ့အခါတိုင်းဖတ်ပြီး ရယ်ရအောင်လို့"

ဟူ၍ဆိုရင်း ရည်မွန်လက်ထဲမှ စာကိုလှမ်းယူ၏။ စာ နှင်းမိုးလက်ထဲ ရောက်သည်နှင့် မနော့မြတ်က ဖျတ်ကနဲ ပြန်လုယူရင်း

"ဟော့အေး ...ဘာလို့ ပေးရမှာလဲ ...ဒါ နင်တို့ကိုပေးတာမှ မဟုတ်တာ ...ငါ့ကိုပေးတာ ငါနဲ့ဆိုင်တယ်"

ဟုတုံ့ပြန်ပြောဆိုပြီး အဆောင်ထဲဝင်ပြေးသွားလေသည်။ နှင်းမိုးနှင့် ရည်မွန်လည်း အဆောင်ထဲပြေးဝင်သွားသော မနောနောက်ကျောကို လိုက် ကြည့်ရင်း ရယ်ပွဲဖွဲ့မိကြလေသည်။

"ဟွန်း ...မိန်းမ ...ရင်မခုန်လို့သာဘဲ ...ရင်များခုန်ရင် အဲဒီစာ ကို ရွှေချသိမ်းထားဦးမလား မပြောတတ်ဘူး"

"ဟုတ်ပ ...အချစ်လူမိုက်ရဲ့ စာကိုဖတ်ပြီး အချစ်မိုက်မလေး ဖြစ်သွားမှာကိုတော့ မစိုးရိမ်ဘူး"

"ခစ် ခစ် ခစ်"



www.burmeseclassic.com

www.burmeseclassic.com

## ။ ၁၆ ။

"ဟိတ်ကောင် ...ကောင်းခန့်မှူး အခြေအနေဘာထူးလဲ"

ကျော်ဇေမေးသည်ကို ကောင်းခန့်မှူးမဖြေနိုင်သေးဘဲ ရေနွေးကြမ်းခွက်ကိုယူကာ တစ်ကျိုက်ကျိုက်လိုက်၏။ ကျန်သူငယ်ချင်းများလည်း ကျော်ဇေနည်းတူ ကောင်းခန့်မှူး၏အဖြေကိုကြားလိုနေကြသည့်မှန်း သူတို့၏အမူအရာများက ဖော်ပြနေကြ၏။

ကောင်းခန့်မှူးလည်း ရေနွေးခွက်ကို စားပွဲပေါ်ပြန်ချလိုက်ပြီးမှ ခေါင်းခါယမ်းပြသည်။

"ဟင့်အင်း ...အဲဒါတော့ မဖြစ်နိုင်ပါဘူး ...ဒီအချိန်လောက်ဆို သူ့လက်ထဲ မင်းစာရောက်ပြီးလောက်ပါပြီ ...သူ သက်သက် မသိချင်ယောင်ဆောင်နေတာပဲဖြစ်ရမယ်"

အောင်သီ ထင်မြင်ချက်ကို ဝင်ထွက ထောက်ခံလျက်

"ဟား ...သေချာတာပေါ့ကွာ ...ဘာပဲပြောပြော အဲဒီ သူ့ဘက်က ထူးခြားဟန်မပြတာကိုက ထူးခြားနေတာပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



နိုင်လင်းစိတ်ဝင်စားသွားဟန်ဖြင့် ဝဏ္ဏကိုသူ့စကား သူတာဝန်ဆက်ယူနိုင်းသည်။

"ဟော ...ဘယ်လို ထူးခြားတာလဲကွ"

"ထူးခြားတာပေါ့ကွာ ...မနောမြတ်သာ ကောင်းခန့်မှူးအချစ်ကို လုံးဝလက်မခံနိုင်ဘူးဆိုရင် ခုလောက်လူချင်းတွေ့တာနဲ့ရစရာမရှိအောင်ပြောပြီးပြီပေါ့ ...အခု ဘာမှမပြောဘဲမသိချင်ယောင်ဆောင်နေတာက အခြေအနေထူးတဲ့ သဘော ...အခြေအနေကောင်းတဲ့ သဘောပဲကွ"

ဝဏ္ဏထင်မြင်ချက်ကို အားလုံးသဘောတူလက်ခံသောအားဖြင့် ခေါင်းကိုယ်စီညိတ်ကြသည်။ ပြီးမှ နေဦးက

"အေးကွ ...ဒါဆိုလည်း ကိစ္စမရှိဘူး ...စာတစ်စောင်ဆက်ရေးပြီး ထပ်ပို့ကွာ ...ဘယ့်နှယ် မနောမြတ်လို မိန်းကလေးတစ်ယောက်က စာတစ်စောင်ပေးရုံနဲ့ ပြန်ကြိုက်တယ်ဆိုရင် ရာဇဝင်ရိုင်းတော့မပေါ့"

ဟူ၍အားပေးအားမြှောက်ပြုခြင်းနှင့်အတူ 'မှန်တာပေါ့ကွာ ဒါပေါ့ကွာ'ဆိုသော သူငယ်ချင်းများ၏ညာသံပေးမှုတို့ကြောင့် ကောင်းခန့်မှူးတက်ကြွလာရပြန်သည်။

ထို့ကြောင့် စာရွက်၊ ဘောလ်ပင်ထုတ်ပြီး မနောမြတ်ထံစာတစ်စောင်ထပ်ရေးပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

■ ၁၅ ■

'သို့

နှစ်သက်မြတ်နိုးတွယ်တာရပါသော မနော့မြတ် . . .

မနော့မြတ်ထံကို ဒုတိယမြောက်စာတစ်စောင် ထပ်မံရေးသားလိုက်ရတာကို နားလည်ခွင့်လွှတ်ပေးစေလိုပါတယ်။ ဝေဒနာကို မတွေးနိုင်မအန်နိုင်တဲ့အတွက် ငှက်ခါးလေးတွေကို အခါခါပျံသန်းစေရင်း စာလွှာပါးရတဲ့အကြောင်းဟာ အရင်းစစ်တော့အမြစ်မြေကဆိုသလို သတင်းခေတ်ရောက်ပေမယ့်လည်း အချစ်ရင်ကပါပဲ။ တို့စေတနာဖြူစင်စွာဆိုပါတယ်။ မနော့မြတ် ခြေလှမ်းချရာတိုင်းမှာတို့က မြေနီလမ်းကလေးဖြစ်ပါရစေ။

မနော့မြတ်ကျောင်းသွားတိုင်းမှာ တို့ကလွယ်အိတ်ကလေးဖြစ်ပါရစေ။

မနော့မြတ် စာကျက်တိုင်းမှာ တို့ကကျောင်းစာအုပ်လေး ဖြစ်ပါရစေ။

အိုကွာ . . . တို့ဟာ မနော့မြတ်ရဲ့လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပေးနိုင်တဲ့သူဖြစ်လိုသူပါ . . .။ မနော့မြတ်သွားလေရာ ဝေးလေရာ

www.burmeseclassic.com

တိုယ့်ရဲ့တန်ခိုးရှင်မလေးထုဆစ်တဲ့ကောင်းကင်

ဆထုတ်ဝေထိုးမပြီးအောင် အရိပ်ကလေးလိုဘေးကနေပြီး စောင့်ရှောက်လိုက်ပါ
ချင်သေးသူရယ်ပါ။

အို ...ကုန်ကုန်ပြောရရင် တို့ဟာမနော်မြတ်ရဲ့ဘဝလုံးဆိုင်ရာ
ကြီးမားတဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခွင့် မကြုံရင်တောင် ရေအိမ်
ဝင်ရင်းအပျင်းဖြေဖတ်တဲ့ဝတ္ထုစာအုပ်လေးတစ်အုပ်၊ ရုပ်ပြစာအုပ်လေးတစ်အုပ်
ဖြစ်ခွင့်ရရင်တောင် တို့ဘဝရဲ့ ပြဌာန်းချက်ကို တို့ကျေနပ်နေမှာပါ။

တို့အချစ်ကို အပြုန်အလှန်စစ်ဆေးပြီး ချစ်အဖြေလေးပြန်ကြား
ပေးနော်။

မနော်မြတ်ကို ရာဇဝင်တွင်အောင် ချစ်မိတဲ့
'ကောင်းခန့်မှူး'... တဲ့။

မနော်မြတ် အသံထွက် ဖတ်ကြည့်ရင်း ပြုံးလိုက်မိပြန်သည်။

သည်ခေတ်ကြီးမှာ ရည်းစားစာကိုသည်လိုခပ်တုံးတုံးရေးပြီး ပေး
တတ်တဲ့သူဆိုလို့ ကောင်းခန့်မှူးသာရှိမည်ထင်သည်။ အနားမှာ နှင်းမိုးနှင့်
ရည်မွန်တို့သာရှိလျှင် စာဖတ်ပြီးရယ်ပွဲဖွဲ့ကြဦးမှာသေချာသည်။ မည်သို့ပင်
ဖြစ်စေ ကောင်းခန့်မှူး ရင်နှင့်ရင်းပြီးရေးဖွဲ့သည့် ရင်ခုန်သံစကားလုံးတွေကို
အခြားသူတွေအတွက် လှောင်ပြောင်ရယ်မောစရာ မဖြစ်စေလိုပါ။ သို့မို့ကြောင့်
လည်း နှင်းမိုးတို့ မသိအောင် ယခုလိုတစ်ယောက်တည်း ရေအိမ်ထဲဝင်ကာ
ခိုးဖတ်နေရခြင်းဖြစ်သည်။

ချစ်တဲ့အကြောင်း ပါးစပ်နဲ့မပြောရဘူးဆိုရင် စာနဲ့ရေးပြောတယ်။

စာရေးပြီးမပြောရဘူးဆိုရင် အွန်လိုင်းပေါ်ကနေ ပြောဦးမည်ထင်
သည်။

သွား ...ကောင်းခန့်မှူး လူဆိုး ...။

သည်မှာ အချစ်ရဲ့ဒုက္ခတွေကိုကြောက်လို့ ရင်မခုန်ချင်ပါဘူးဆိုနေ
ကာမှ...ဖွတ် ...။



www.burmeseclassic.com

www.burmeseclassic.com

■ ၁၈ ■

ကောင်းခန့်မှူး အရဲစွန့်ဖို့ ဆုံးဖြတ်ချက်နှင့်အတူ မနက်စောစော မနော့မြတ်ကို အဆောင်လမ်းထိပ်မှာ သွားစောင့်နေလိုက်သည်။

သိပ်ကြာကြာ မစောင့်လိုက်ရ။ မနော့မြတ်တစ်ယောက် ကျောင်းလွယ်အိတ်လေးလွယ်လျက် ပန်းတစ်ပွင့်၏ခြေသံဖြင့်ညင်သာစွာလျှောက်လှမ်းလာသည်။ ကောင်းခန့်မှူးရင်ခုန်သံတွေ မြန်လာရပြန်သည်။

မနော့မြတ် ကောင်းခန့်မှူးရှေ့ရောက်သည်နှင့် ခြေလှမ်းအစုံကို တုံ့ကနဲရပ်ပြီး

"ဘာလာ လုပ်တာလဲ"

ဟုပုံမှန်သံဖြင့်မေးရာ ကောင်းခန့်မှူးလည်းမညာရဲဘဲပြန်ဖြေရသည်။

"မနော့မြတ်ကို လာစောင့်နေတာ"

"ဘာလုပ်ဖို့လဲ"

"ဟ ... ဟိုလေ ... စာ ... စာ"

"ဪ ... စာအုပ်ငှားချင်လို့လား"

"ဪ ... အင်း ... ဟုတ် ... ဟုတ်တယ်"

"နေပါဦး ... စာအုပ်ငှားရအောင် ... ယူနဲ့တို့နဲ့ကစကားပြောမှမတူ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ရဲ့တန်ခိုးရှင်မလေးထုဆစ်တဲ့ကောင်းကင်

တာ"

"ဩော် ...အင်း ...ဟုတ်သားပဲ မေ့သွားလို့ အဟဲ"

"ဒါဆိုရင်လည်း ဘာရပ်လုပ်နေတာလဲ ...သွားတော့လေ"

"ဩော် ...ဟင်း ...ဟိုး ...အတူတူ သွားကြမယ်လေ"

"အို ...ဘာလို့ သွားရမှာလဲ ...ခုလိုနှစ်ယောက်တည်း အတူတူ သွားရင် အခြားလူတွေက တစ်မျိုးထင်မှာပေါ့ ...အထင်မခံနိုင်ပါဘူး"

"အင်"

"ကဲ ...ဒီမှာ အင်တွေ ဘာတွေလုပ်မနေနဲ့ တို့ရှင်းရှင်းပြောထားမယ် ...နောင်ကို တို့ကိုဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် ခုလိုသူများတွေ ယုန်ထင်ကြောင်ထင်ထင်အောင် လာမစောင့်ပါနဲ့ ...တွေ့ချင်ရင် ကျောင်းမှာတွေ့လို့ရတယ် ...ကန်တင်းနံမှာတွေ့လို့ရတယ် ...အဲ အဲလို ...တွေ့တယ်ဆိုရင်တောင် နှစ်ယောက်တည်းတော့ မရဘူး ...အခြားသူငယ်ချင်းတွေပါ ပါမှရမယ် ...ဘာပဲပြောပြော ယူနားလည်ထားရမှာက ယူနဲ့တို့နဲ့က သူငယ်ချင်းတွေပဲဆိုတာပဲ ...ဟုတ်ပြီလား"

"အင်း ...ဟုတ် ဟုတ်"

"ကဲ ...ဟုတ်တယ်ဆိုရင် တို့သွားတော့မယ်"

စကားဖြတ်ပြီးနေရာမှဘောက်ဆတ်ဘောက်ဆတ်ထွက်ခွာသွား လေသောမနော်မြတ်ကိုကြည့်ရင်း ကောင်းခန့်မှူးနေရာမှာပဲကျောက်ရုပ်ဖြစ်ကျန်ခဲ့သည်။

ချစ်မိလေသော ဒဏ်ရာဒဏ်ချက်တွေနှင့်အတူပေါ့။

မနော်မြတ်က မခံစားတတ်သူပီပီ သူနဲ့ဘာမျှမဆိုင်သလိုထားရစ်ခဲ့နိုင်စွမ်းသည်။

ဩော် ...သည်ပွဲမှာလည်း မင်းပဲနိုင်ပါသည် မနော်မြတ်။

ဟောသည်ကောင်ကို ကျောက်ရုပ်ဘဝမှာပဲ ထားထားခဲ့ပါတော့ ထပ်ပြီးခံစားရအောင် ကျိုးစယ်လိုခြင်းအလို့ငှာ ကျောက်ဖျက်မဆေးပ်လိုက်ပါနဲ့ နော်။



www.burmeseclassic.com

www.burmeseclassic.com

## ။ ၁၉ ။

ကြားလိုက်ရသောသတင်းကြောင့် ကောင်းခန့်မှူးတုန်လှုပ်ချောက်ချားသွားရသည်။ သည်ကနေ့ မနောမြတ်အတန်းဆင်းလို့ အဆောင်ပြန်သည့်အခါ ကျော်မောင်မောင်က ရည်းစားစကားလိုက်ပြောမည်တဲ့လေ။

ဒါ ... ဒါဆို ဘာဆက်လုပ်ရမည်နည်း၊ မနောမြတ်ကိုချစ်သည်။ တစ်ပါးသူလက်ထဲ မနောမြတ်ရောက်သွားမှာကို သေမတတ်ကြောက်သည်။ ခက်သည်က မနောမြတ်အချစ်ကိုရရှိဖို့ပြောင်ပြောင်တင်းတင်း ကြိုးစားရဲသည့်သတ္တိက မိမိမှာမရှိ။

စာတိုက်မှတစ်ဆင့် စာနှစ်စောင်ပို့ဖူးသည်။ ထိုစာနှစ်စောင်လုံး မနောမြတ်လက်ထဲဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိပြီး မနောမြတ်ဖတ်ဖြစ်လိမ့်မည်တော့ထင်သည်။ ထင်မည့်သာ ထင်ရသည်။ တိတ်တခိုး အကဲခတ်မိသလောက် မနောမြတ်ဘက်က မိမိအပေါ်ဘာထူးခြားမှုမှမပြသေး။ ထိုထက်ပို ဘာမျှဆက်မလုပ်ဝံ့တော့ဘဲ မျက်နှာလေးခိုးကြည့်ခွင့်ရရုံလောက်နဲ့ ငေးမှိုင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...သည်နေ့တော့ ဒီအတိုင်းဆက်ငြိမ်နေလို့မဖြစ်တော့ပြီ အတန်းနားရစ်သီရစ်သီလာလုပ်ပြီး မနောမြတ်ကို လာလာကြည့်နေတတ်သည့် ကျော်မောင်မောင်က မနောမြတ်အဆောင်ပြန်သည့်လမ်းမှာ လိုက်စကားပြောပြီး မနောမြတ်အချစ်ကိုအရယူမည်တဲ့ ...ကောင်းခန့်မှူး စိတ်မောလူမော ဖြစ်လျက် ကျော်ဇေကိုမျက်နှာသေလေးနှင့်ကြည့်ရင်းရထားသည့် သတင်းအား မသေချာစေလိုသောဆန္ဒဖြင့် ထပ်မေးမိပြန်သည်။

"ဟိတ်ကောင် ကျော်ဇေ ...မင်းပြောတာ သေချာရဲ့လား"

"ဘာကိုလဲ"

"ဟိုဟာလေကွာ ...မနောမြတ်ကို ကျော်မောင်မောင်က ဒီနေ့ လိုက်တော့မယ်ဆိုတာလေ"

"ဩော် ...ဟုတ်ပါတယ်လို့ မင်းကိုဘယ်နှခါပြောရမလဲ ခက်တော့တာပဲ"

"ဩော်...ဒီ...ဒီလိုပါ...ကျော်မောင်မောင်ကိုကြည့်ရတာ အဲဒီလိုပေါ်တင်ကြီးလိုက်ပြောရဲလောက်အောင် ဘယ်လိုပြောရမလဲ...ငါပြောကြည့်တာပေါ့နော်"

"အေး ...ဟုတ်တယ်...ကျော်မောင်မောင်ကိုယ်တိုင်ကတော့ အဲဒီလောက်သွေးရှိတာမဟုတ်ဘူး၊ ဒါပေမဲ့ ဒီကောင်ဘော်ဒါတွေက အသားကုန်ဝိုင်းမြှောက်ပေးကြလို့ အခုသတ္တိတွေစွတ်ရှိနေပြီ...နောက်ပြီးဒီကောင် မနောမြတ်ကိုလိုက်တွန်းတဲ့အခါ Bot က တိုးကြီးကိုယ်တိုင်က အဖော်လိုက်ပေးမှာတဲ့"

"ဟင်...ဟုတ်လား"

ကျွန်တော် အားငယ်စိတ်တွေ တစ်ကိုယ်လုံးပျံ့နှံ့တိုးဝင်သွားသည်။ တိုးကြီးကိုယ်တိုင်ကဘေးမှအဖော်အဖြစ် အားပေး အားမြှောက်လုပ်ပေးမှတော့ ပွဲကပြီးနေပြီပေါ့။

တိုးကြီးဆိုသည့်ကောင်က ဘော်ဒါတွေ ကောင်မလေးတစ်ယောက် ယောက်ကိုကြိုက်လို့ လိုက်စကားပြောတော့မည်ဆိုလျှင်တကယ်ကြွစွာ ကူညီပေး



www.burmeseclassic.com

www.burmeseclassic.com

သည့်နေရာမှာနာမည်ကြီးသည်။ လိုက်စကားပြောသည့်ဘော်ဒါကို မပြော ရဲမဆိုရဲဖြစ်နေလျှင် ခြောက်တန်ခြောက် ချော့တန်ချော့ မြှောက်တန်မြှောက်ပြီး လိုရာရောက်အောင် ခရီးနှင်တတ်သည်။ ထို့ကြောင့် ဘော်ဒါတွေအထူးအား ကိုးလေးစားခြင်းကို ခံရသည်။

ယခုလည်းမနော်မြတ်ကိုတွန်းမည့် ကျော်မောင်မောင်ဘေးမှာ တိုးကြီးတစ်ယောက်လုံးပါနေပြီဆိုတော့ ကျော်မောင်မောင်လည်း ပွဲတစ်ဝက်အောင်နေပြီပေါ့။ ပြီးတော့ မနော်မြတ်နှင့်အတူ သူငယ်ချင်းများပါလာပါကလည်း အရေးမကြီး တိုးကြီးကအာဝဇ္ဇန်းရွှင်သည်။ ဟာသဉာဏ်ရှိသည်။ ရောတတ်ဖောတတ်သည်။ တိုးကြီး အာကောင်းကောင်းဖြင့် ဝင်ထိန်းပေးလိုက်သည်နှင့် ပွဲကသိမ်းသွားပြီ၊ မနော်မြတ်၏သူငယ်ချင်းများနှင့် တိုးကြီးအဖွဲ့ကျသွားပြီး ကျော်မောင်မောင်လည်း မနော်မြတ်ကို ကျောင်းမှအဆောင်ပြန်လမ်းတစ်လျှောက် အနှောင့်အယှက်မရှိရည်းစားစကား အေးအေးဆေးဆေးပြောနိုင်သည်။ စိတ်ရှိတိုင်း ကြွေပြနိုင်သည်။

ကောင်းခန့်မှူးမြင်ကွင်းကိုကြိုတင်ခံစားမိပြီး သိမ်ငယ်ဝမ်းနည်းခြင်းနှင့်အတူ သက်ပြင်းတွေချမိနေမိသည်။

ထမင်း(ရ)ရက်လောက်မစားရသော မျက်နှာပေးလေးနှင့်မှိုင်နေသော ကောင်းခန့်မှူးကိုကြည့်ပြီး နေဦး ကရုဏာသက်သွားဟန်တူသည်။

"ဟိတ်ကောင်...အခုမှ ဘာမျောက်မှိုင်မှိုင်နေတာလဲ...ကြည့်ရတာ ကျက်သရေတုံးတယ်... လိုက်ပါ လိုက်ပါဆိုပြီး ဒီလောက် တိုက်တွန်းအားပေးနေတာတောင် တောင်လိုလို မြောက်လိုလိုနဲ့ ဘာမှအဖြစ်မရှိဘဲကောင်... အခု ဟိုကသူများလက်ထဲပါသွားတော့မယ်ဆိုမှ ခြေမကိုင်မိ လက်မကိုင်မိနဲ့ ... အခုပဲ ရင်ကွဲနာကျပြီး လဲသေတော့မယ့်ရုပ်နဲ့ ... မင်းနဲ့သူငယ်ချင်းဖြစ်ရတာ ငါပါ သိက္ခာကျတယ် ဟွန်း"

ထိုသို့ ထိုနှယ်မေတ္တာထားသော နေဦးကိုကောင်းခန့်မှူး မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်လုပ်ကာ ကြည့်ပြီး

"ငါ...ငါလည်း လှုပ်ရှားတာပဲလေကွာ... စာတိုက်က[illegible]



www.burmeseclassic.com

www.burmeseclassic.com



စာနှစ်စောင်ပို့ပြီးပြီပဲ... သူ့ဘက်က ဘာမှမတုံ့ပြန်တဲ့ဟာကို ဘယ်တတ်နိုင်ပါ့မလဲလို့"

"လဲသေလိုက်ပါလားက... မိန်းမတစ်ယောက်ရဲ့အချစ်ကိုရဖို့ စာလေးနှစ်စောင်လောက် စာတိုက်ကပို့ပေးလိုက်ရုံနဲ့ မင်းဘက်က တာဝန်ကျေသွားရောလား... ဘာလဲ မင်းကိုယ်မင်း ရှင်ဘုရင့်သားများမှတ်နေလို့လား ...ဟိုက မင်းဆီက စာကလေးနှစ်စောင်ရတာနဲ့ ဝမ်းသာလုံးဆို့ပြီး ရှင့်ဆီက ကျွန်မမျှော်နေတဲ့ချစ်ခွင့်တောင်းစာကိုရလို့ အရမ်းပျော်တာပဲ... ရှင့်အချစ်ကိုကျွန်မ ချက်ချင်းလက်ခံလိုက်ပြီသိလားဆိုပြီး လာပြေးပြောရမှာလားကွ တုံးရဲ့"

အောင်သီကလည်း ရရှိထားသောအခွင့်အရေးကို ကောင်းကောင်းအသုံးချပြီး ကောင်းခန့်မှူးကိုလိုအပ်သည်ထက်ဖိပြောပြီး စွတ်ဟောက်နေလေသည်။ ဝဏ္ဏနှင့်နိုင်လင်းကလည်း တုံးတို့၊ အရူးတို့၊ အဖြစ်မရှိတဲ့ကောင်တို့၊ လဲသေလိုက်တို့ကို လိုင်လိုင်ကြီးသုံးနှုန်းပြီး သူတို့လက်အောက်ငယ်သားတစ်ယောက်လို အော်ငေါက်ကြိမ်းမောင်းနေလေသည်။ ကောင်းခန့်မှူး မေတ္တာပျက်လာလျှက် ပြန်ကောလိုက်ချင်သော်လည်း လတ်တလော အားကိုးစရာကောက်ရိုးတစ်မျှင်ဆိုလို့ သည်ကောင်တွေသာရှိသဖြင့်ကြိတ်မှိတ်သည်းခံထားရသည်။

"တကယ်ဆို...စာပို့ပြီးပြီဆိုတာနဲ့ လူချင်းတွေ့ပြီး မနောမြတ်လက်ရေးသည်းခံပါလို့ရေးထားတဲ့ ကိုယ့်စာကိုဖတ်ပြီးလောက်ရောပေါ့... ပါးစပ်ကဖွင့်မပြောရဘူးဆိုလို့ စာရေးပြီးပြောလိုက်တာပါ...မနောမြတ် ကိုယ့်အချစ်ကိုလက်ခံတယ်မဟုတ်လား...ပါးစပ်ကပြောရခက်နေရင်လည်း ခေါင်းညိတ်ပြပါ...ခေါင်းညိတ်ဖို့ရှက်နေရင်လည်း စာပြန်ပါ... မနောမြတ် စာကို လက်ရေးသည်းခံပြီး ဖတ်ချင်လွန်းအားကြီးလို့ပါ ဘာညာစသည်ဖြင့် ပြောရမှာပေါ့ကွ...အခုမင်းဟာက အဲဒီလိုပြောရဲဖို့ရာအနေသာ နှုတ်လုံးချင်းတောင် ရဲရဲဆိုင်မကြည့်ရဲဘူး...မဟုတ်တာတွေကြံစည်မိနေတဲ့ သူခိုးသူဝှက်တစ်ယောက်လို အဝေးကနေပဲခိုးကြောင်ခိုးဝှက်ကြည့်ပြီး ကိုယ့်ဘာ

www.burmeseclassic.com



သာမလုံမလဲဖြစ်နေတာကို... အဲဒီတော့ဘာဖြစ်လာသလဲ... တို့က ပြောရဲဆိုရဲရှိတဲ့သူနောက်ပါသွားရုံပဲရှိတော့တာပေါ့၊ တကယ်ပါပဲ အိမ်ထိုက် နှိုက်ကလည်း လုပ်စားချင်သေးတယ်၊ ဘာလိတ်မားရှုမှာလည်း ကြောက်သေး တယ်ဆိုတာ မင်းလို ခပ်ချာချာကောင်မျိုးပဲ''

''အန်''

ကျော်ဇေတစ်ယောက်ခွင်ကြဲတာနဲ့ပဲ နိုင်ကွပ်ရရင်ပြီးရောစိတ်မွေးကာ မဆီမဆိုင် ဉပမာတွေပေးလျက် ကောင်းခန့်မှူးကိုရစရာမရှိအောင် တွယ်လျက် ရှိချေသည်။ ကောင်းခန့်မှူး ခံရခက်သော်လည်း 'သည်းခံ သည်းခံ'ဟု ကိုယ့်ကိုယ်ကို သတိပေးရင်း ကူကယ်ရာမျှော်သူတစ်ယောက်၏မျက်နှာထားကို ကြိုးစားစီရင်ရသည်။

''ဒါ...ဒါ...ဆို...ငါ...ငါ ဘာဆက်လုပ်ရမလဲဟင့် သူငယ်ချင်း တို့''

ကောင်းခန့်မှူး သနားစဖွယ်ကောင်းအောင် အသံကိုညှောင်နာနာ လုပ်ပြီး အားကိုးအားထားစကားဆိုသည်ကို နေဦး သဘောတွေ့သွားဟန်ဖြင့် ခေါင်းတညိတ်ညိတ်ပြုမိပြီးမှ

''ဒီအချိန်ရောက်မှတော့ မင်းအနေနဲ့ လုပ်စရာများများစားစားမရှိ တော့ဘူး...တစ်လမ်းပဲရှိတော့တယ်...အဲဒါကတော့ တက္ကစီတစ်စီးအမြန် ငှားပြီး ငမိုးရိပ်မိကျောင်းမွေးမြူရေးစခန်းဆီအရောက်သွားရမယ်''

''ငါ...ငါက အဲဒီသွားပြီး ဘာလုပ်ရမှာလဲ''

''မျက်စိစုံမှိတ်ပြီး မိကျောင်းကန်ထဲသာ ခုန်ချလိုက်ပေတော့... ဒါပဲ''

''အန်''

ကောင်းခန့်မှူးဘာမှပြန်မပြောနိုင်ခင် စကားအနိုင်ပိုင်းပြီး ထွက်သွား သွားကြလေသည်။ ကောင်းခန့်မှူးမှာ သူငယ်ချင်းများထံမှ ဘာအားပေးစကား ဘာအကြံဉာဏ်မှမရသည့်အပြင်ပြောချင်တိုင်း အသားလွတ်ပိမ်ပြောသွားသည် ကိုသာ လည်စင်းခံလိုက်ရသည်။ နေနှင့်ဦးပေါ့၊ သည်မှာက အချစ်ရေးအင်း



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ရဲ့တန်ခိုးရှင်မလေးဟုဆစ်တဲ့ကောင်းကင်

ရထာက်ပွေ့နေချိန်မို့လား။

မနောမြတ်၏မျက်နှာနုနုလေး ကောင်းခန့်မှူးအာရုံထဲ ပြန်လည်ရစ်ဝဲရောက်ရှိလာသည်။ ကောင်းခန့်မှူး လက်ပတ်နာရီကို ကြည့်မိရင်း

"အင်း . . . နောက်တစ်နာရီဆို အတန်းဆင်းပြီ . . . မှိုကောင်ကျော်မောင်မောင် မနောမြတ်ကို ရည်းစားစကားလိုက်ပြောဖို့ အပြင်ပြင်နဲ့စောင့်နေလောက်ပြီ"

ဟုတစ်ယောက်တည်း မသက်မသာရေရွတ်မိရင်း ဖျားချင်သလိုဖြစ်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com

## ■ ၂၀ ■

ကောင်းခန့်မှူးတစ်ယောက်တည်း မနော့မြတ်အခေါင်ပြန်မည့်လမ်းမှာ စောင့်နေမိသည်။ ကျော်မောင်မောင်၏ချစ်ရေးဆိုမှု အောင်မြင်သွားမှာကို မလိုလားနိုင်ဘဲဖြစ်နေရသည်။ ထို့ကြောင့်သည့်လမ်းမှာ အားလုံးထက်စောစွာ ရောက်နှင့်နေခြင်း ဖြစ်သည်။

"မနော့မြတ်လာတော့မယ်"

ဟုတီးတိုးပြောမိရင်း လက်မှနာရီကြည့်သည်။ ထိုခဏမှာပင် မိုးက အချိန်အခါမဟုတ်ပါဘဲ ဆိုင်းမဆင့်ပုံမဆင့် ရွာလေသဖြင့် ကောင်းခန့်မှူးလည်း အနီးရှိ လမ်းဘေးသစ်ပင်အောက်သို့ပြေးဝင်ပြီး မိုးခိုရသည်။

မိုးရွာသဖြင့် ကျော်မောင်မောင်တို့၏အစီအစဉ်လည်းပျက်သွားနိုင်ကောင်းသည်ဟုတွေးမိလျက် ဝမ်းသာချင်သလိုလိုဖြစ်သွားရသည်။ သို့ရာတွင် ကောင်းခန့်မှူး၏ ဝမ်းသာလိုမှုကို အခြေအနေကဥပေက္ခာပြုရက်သည်။

မနော့မြတ်တစ်ယောက်တည်း ထီးလေးဆောင်းပြီး [illegible] လျှောက်လှမ်းလာသည်မှာ ရှုမဝနိုင်အောင်မျက်စိပသာဒရှိလှပါသည်။ မျက်စိထဲ

www.burmeseclassic.com



အဝင်ဆိုးသည်ကတော့ မနောမြတ်နောက်မှလိုက်ပါလာသည့် ကျော်မောင်မောင်နှင့် တိုးကြီးတို့၏ဂဂျိုး ဂရောင်ပုံစံများပင်ဖြစ်သည်။

နှစ်ယောက်စလုံးထီးမပါသဖြင့် ကြွက်စုတ်ရေမြောင်းထဲကျထားသလို မိုးတွေစိုရွှဲနေသော်လည်း မနောမြတ်ကလွှဲပြီး ဘာမျှအရေးမကြီးဟန်ကို ဖော်ဆောင်ထားသည်။

တကယ်တမ်း နင်လား ငါလားကျတော့လည်း ကျော်မောင်မောင်က သွေးကောင်းသည်မဟုတ်၊ တိုးကြီးက တွန်းအားပေးနေသည့်ကြားက ကျော်မောင်မောင်တစ်ယောက် မနောမြတ်အနားကိုမကပ်ရဲ၊ တိုးကြီးက အတင်းတွန်းထုတ်လိုက်သည့်အခါ မနောမြတ်အနားသို့ရောက်လာသည်။ ပြီးတော့ ဘာမျှမပြောရဲဘဲ ရပ်ကျန်ခဲ့သည်။

မနောမြတ် အံ့ခြေ့ရလွန်းသည်။ အခြေအနေကို အလုံးစုံရိပ်မိပါလျက် မသိကျိုးကျွန်ပြုရင်း ကိုယ့်လမ်းကိုယ်သာ ဖြောင့်တန်းအောင်သွားနေသည်။

ဘာလုပ်ရရင် ကောင်းမလဲ...။

ဘာလုပ်သင့်သလဲ

ကောင်းခန့်မှူး ဘာလုပ်ရမှန်းမသိဘဲ တွေဝေလို့ကောင်းနေဆဲမှာပင် တိုးကြီးက အုတ်နီခဲလုံးတစ်လုံးကောက်ကိုင်ပြီး ကျော်မောင်မောင်ကိုခြိမ်းခြောက်ကာ သူ၏တွန်းအားပေးပံ့ပိုးမှုကို မြှင့်တင်သည်။ သဘောကတော့ သည်တစ်ခါ ပြောဖြစ်အောင်ပြော မပြောဖြစ်လျှင် အုတ်နီခဲစာမိမည်ပေါ့လေ။

ကျော်မောင်မောင်လည်း တိုးကြီးတွန်းထုတ်လိုက်သောအရှိန်ဖြင့် မနောမြတ်အနားသို့ထပ်မံရောက်လာပြန်သည်။ ဘယ်ကစပြောရမှန်းမသိသော အမူအရာဖြင့် ခေါင်းသာဖိကုတ်ရင်း တိုးကြီးကိုအားကိုးတကြီးလှည့်ကြည့်သည်။ တိုးကြီးက မနောမြတ်၏ထီးကို အတူဝင်ဆောင်းပြီး စကားပြောရန် အမူအရာပြသည်။ ကျော်မောင်မောင် ပြုံးသလိုလိုမဲ့သလိုလိုမျက်နှာထားဖြင့် ခေါင်းပြန်ညိတ်ပြပြီး မနောမြတ်၏ထီးရိပ်အောက်သို့ အရဲစွန့်ဝင်လိုက်သည်။ ကောင်းခန့်မှူး မိုးကြိုးစက်ကွင်းထဲရောက်သွားသလို ခံစားလိုက်ရသည်။

မနောမြတ်က ကျော်မောင်မောင်ကို ခပ်တင်းတင်းတစ်ချက်လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ထီးကို မိမိဘက်သို့ဆွဲယူလိုက်သည်။ ကျော်မောင်မောင်သည် ဝင်လက်စနဲ့မထူးဟု သဘောထားဟန်တူပါသည်။ ထီးရွက်ခေါင်းပေါ်မှကျော်မသွားခင် ထီးရိုးကိုဖမ်းဆုပ်လိုက်၏။ ထို့နောက်

"ကိုယ့်ကို အခုလိုထီးဆောင်းခွင့်ပေးတဲ့အတွက် ကိုယ်မနော့မြတ်ကို ဘယ်လိုကျေးဇူးတင်ရမယ်မှန်းတောင် မသိတော့ဘူး"

ဟူ၍ သူ့ဘာသာထီးကိုအတင်းဝင်ဆောင်းပြီး မနော့မြတ်ကပဲ ခွင့်ပြုသလိုလိုဘာလိုလိုနဲ့ ဖွတ်ကြီးပဏာယူနေသေး၏။ ရုပ်ကိုက အိမ်မြှောင်အမြီးပြတ်ထားတဲ့ရုပ်။

"မနော့မြတ်နဲ့ ခုလိုသာ ထီးအတူဆောင်းခွင့်ရနေမယ်ဆိုရင် တစ်နှစ်မှာ (၁၂)လလုံးလုံး မိုးရာသီပဲဖြစ်စေချင်တယ် သိလား"

ကျော်မောင်မောင် ပြောရင်းပြောရင်းအရှိန်ရလာပြီး သုံးနှုန်းပြောဆိုသောစကားလုံးတွေ ကဗျာဆန်လာသည်။ သည်လိုပြောတတ်ဖို့ ဘယ်လောက်တောင် လေ့ကျင့်ထားလေသလဲမသိ။

ကျော်မောင်မောင်စကားကို ဘဝင်မကျဟန်ဖြင့် မနော့မြတ်က နှုတ်ခမ်းမဲ့လိုက်ပြီး

"အို... မိုးရေထဲသွားရလာရတာ စိုစိုစွတ်စွတ်နဲ့ ဒီလောက်စိတ်ပျက်စရာကောင်းတဲ့ဟာကို အဓိပ္ပာယ်မရှိတာတွေ လာပြောနေတယ်"

"ဩော်... မနော့မြတ်က မိုးရာသီကိုမကြိုက်ဘူးလား... ဒါဆို ဘယ်ရာသီကိုကြိုက်သလဲ ပြော... ကိုယ်ပြန်လဲပေးမယ်"

ပြောင်မြောက်လှသော ကျော်မောင်မောင် 'ဒိုင်ကြောင်'တွေကြောင့် ကောင်းခန့်မှူး 'ဟိုက်'ကနဲဖြစ်သွားရသည်။ 'ဒိုင်' တွေ သည်လောက်ကောင်းနေမှတော့ မနော့မြတ်လည်း ဘာသားနဲ့ထုထားတာမို့လဲပြန်ကြွေတော့မှာပေါ့။ မိန်းကလေးများနှင့်စကားပြောလျှင် လှအောင်မပြောတတ်သဖြင့် မပြောရဲမဆိုရဲဘဝရောက်နေရသည့် ကိုယ့်ကိုယ်ကိုသာ အားမလိုအားမရ အပြစ်တင်ရင်း ကောင်းခန့်မှူးကြေကွဲနေရှာသာရှိတော့သည်။

ကောင်းခန့်မှူး ခေါင်းငိုက်စိုက်ကျလုလုမှာ ကျော်မောင်မောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပက်လိုက်သော မနောမြတ်စကားကိုကြားလိုက်ရ၍ အားပြန်ရှိချင်သလိုလို ဖြစ်လာသည်။ မနောမြတ်နှင့် ကျော်မောင်မောင်၏ပြောဆိုလှုပ်ရှားမှုများက ကောင်းခန့်မှူး ပီပီသသမြင်နိုင်ကြားနိုင်အနေအထားသို့ ရောက်နေပြီဖြစ်သည်။

"အို...အဓိပ္ပာယ်မရှိတာတွေကို ပေါကြောင်ကြောင်နဲ့လျှောက်ပြောနေတယ်... ရာသီဥတုကို ရှင်လဲချင်သလို လဲလို့ရအောင် ရှင့်ဘကြီး ဖိနပ်ချုပ်ဆိုင်က ဖိနပ်သဲကြိုးများအောက်မေ့နေလို့လား"

"အန်"

မနောမြတ်၏ထင်မှတ်မထားသောတုံ့ပြန်စကားကြောင့် ကျော်မောင်မောင် ဘာဆက်ပြောရမှန်းမသိကြောင်သွား၏။ တစ်ဆက်တည်းမှာခြေလှမ်းမှား ပြီး ကိုယ့်ဖိနပ်ကိုတက်နင်းမိကာ ဖိနပ်တစ်ဖက်ကသဲကြိုးပြတ်သွား၏။ ကျော်မောင်မောင်ရှက်ပြီး ထီးရိုးကိုကိုင်ထားသောလက်ကိုလွှတ်ကာ သဲကြိုး ပြတ်သွားသောဖိနပ်ကို ကောက်ကိုင်၏။ ပြီးတော့ မနောမြတ်နောက်ပဲ ဆက် လိုက်ရမလိုလို ဖိနပ်သဲကြိုးကိုပဲ ပြန်ချိတ်ဆက်ရမလိုလိုဖြင့် စိတ်ရှုပ်သွား၏။ မနောမြတ် မသိမသာပြုံးရင်း ဆက်လျှောက်သလို ကောင်းခန့်မှူးလည်း ပြုံးမိလေသည်။ သို့သော် ကောင်းခန့်မှူးအပြုံးက တာရှည်မခံခဲ့ပါ။

"ဟိတ်ကောင်...ဘာကြောင်နေတာလဲ...လိုက်စရာရှိတာ ဆက်လိုက်လေ...လန်းတဲ့မုပဲ"

တိုးကြီး၏သတိပေးအော်ဟစ်သံကြောင့် ကျော်မောင်မောင် ဘာဆက်လုပ်ရမည်ကို ကွဲကွဲပြားပြားသိသွားပြီး သဲကြိုးပြတ်ဖိနပ်ကို လက်က ကိုင်လျက် မနောမြတ်နောက်သို့အပြေးလိုက်ကာ ထီးရိပ်အောက်သို့ဝင်ခိုခြင်း စကားဆက်၏။

"ကိုယ် မနောမြတ်ကိုအဓိပ္ပာယ်မရှိတာတွေလျှောက်ပြောပြီး အချိန် မဖြုန်းတော့ဘူး... လိုရင်းတိုရှင်းပဲပြောမယ်...ကိုယ် မနောမြတ်ကိုချစ်တယ် မနောမြတ်ကို ကိုယ့်မျက်လုံးတွေက ချစ်တဲ့အကြောင်းအကြိမ်ကြိမ်အခါခါ ပြောပြီးသားဆိုတာ မနောမြတ်အသိပဲ...မနောမြတ် ပိုပြီးယုံကြည်ဖို့အတွက် ကိုယ် ဟောဒီပါးစပ်ကြီးနဲ့ ဟောဒီလိုထပ်ပြောမယ်...ကိုယ် မနောမြတ်ကို



www.burmeseclassic.com

www.burmeseclassic.com

ချစ်တယ်... မနောမြတ် ကိုယ့်ကိုပြန်ချစ်ပါ... ဒါပဲ ဒါပဲ"

လိုအပ်ရင်ပွဲကြမ်းဖို့ဝန်မလေးဘူးဆိုသော ကျော်မောင်မောင်အနေအထားကိုကြည့်ပြီး ကောင်းခန့်မှူးဖြူသွားသလို မနောမြတ်လည်း ဖြူသွားဟန်တူပါသည်။

"ကိုကျော်မောင်မောင်ရယ် တကယ်ဆို ကိုကျော်မောင်မောင်နဲ့ ကျွန်မတို့ဆိုတာဟာ အခြားလူတွေမှမဟုတ်တာ... တစ်ကျောင်းတည်းအတူတက်ပြီး တစ်ခေါင်းလောင်းသံတည်း အတူကြားနေရတဲ့တက္ကသိုလ်ပညာသင် နှီးနှီးဖက်ဖက်တွေ မဟုတ်လား... ဒါကြောင့်လည်း ကျွန်မအနေနဲ့ ကိုကျော်မောင်မောင်ကို ကျွန်မရဲ့သဘောကောင်းမနောကောင်း သူငယ်ချင်းတစ်ယောက်အဖြစ် အသိအမှတ်ပြုပါတယ်...ကိုကျော်မောင်မောင် ကျေနပ်ပါတော့နော်"

"ဟင်...မနော...မနောမြတ် တကယ်...တကယ်ပြောတာနော်"

"ဟုတ်...ဟုတ်ကဲ့ပါ...တကယ်ပြောတာပါ"

"ဟေး...ငါကွ...အဲဒါမှ ငါကွ"

ကျော်မောင်မောင်ဝမ်းသာအားရဖြစ်ပြီး တိုးကြီးထံ ခြေတစ်ဖက်ဗလာဖြင့် ဂုဏ်ယူစွာပြန်လှည့်ပြေးရင်း သူ၏အောင်မြင်မှုကို ကြေညာလေသည်။

ကောင်းခန့်မှူးဝမ်းနည်းသွားလျက် သက်ပြင်းနိုရှိုက်မိစဉ် မနောမြတ်၏အကြည့်လေးတစ်ချက်က ကောင်းခန့်မှူးဆီဝေ့ဝဲလာ၏။ ကောင်းခန့်မှူးရှုံးနိမ့်သူတစ်ယောက်လို အကြည့်ကိုလွှဲဖယ်မိသည်။

တိုးကြီးနဲ့ကျော်မောင်မောင်၏အပြန်အလှန်ပြောစကားကို ကျွန်တော်မကြားချင်ဘဲ ကြားနေရသည်။

"ဟာ...ဟိတ်ကောင် တိုးကြီး...ငါ့ကို ငါ့ကိုလေ...မနောမြတ်က သူ့ရဲ့သဘောကောင်း မနောကောင်း သူငယ်ချင်းအဖြစ်အသိအမှတ်ပြုပါတယ်တဲ့...သိလား"

"ဟေ...တယ်ဟုတ်ပါလား...အဲလေ...မဟုတ်သေးပါဘူး ခင်ဗျားမင်း မနောမြတ်နဲ့သူငယ်ချင်းလိုက်ဖွဲ့နေတာမဟုတ်ဘူးလေ ...မနောမြတ်ရဲ့အချစ်ကို ရအောင်ယူဖို့လိုက်နေတာလေ အရူးရဲ့"

www.burmeseclassic.com



"ဟင် ... မှုတ်သားပဲ ဆောရီး ... ဆောရီး ငါ ရုတ်တရက်ကြောင် သွားလို့ ဒါဆိုထပ်ပြီးလိုက်ပြောလိုက်ဦးမယ်"

"သွား . . . သွား မြန်မြန်သာသွား . . . ဘာကောင်လဲမသိဘူး အူကြောင်ကြောင်နဲ့"

ကျော်မောင်မောင်တစ်ယောက် မနောမြတ်ဆီ အပြေးအလွှားရောက် လာပြန်သည်။

"မဟုတ် ... မဟုတ်သေးဘူးလေ မနောမြတ်ရဲ့"

"ဘာကိုမဟုတ်သေးတာလဲ ... ရှုပ်ရှုပ်ယှက်ယှက် စိတ်ညစ်လိုက်တာ"

"ဒီလိုလေ ... ကိုယ်လိုချင်တာ သူငယ်ချင်းထက်ပိုတဲ့ အသိအမှတ်ပြု မှုကိုလိုချင်တာလေ ... ကိုယ့်ကို အဲဒါလေးတော့လိုက်လျောပေးပါ မနောမြတ် ရယ် ... နော် ... နော် ... နော်လို့ဆို"

ရုပ်ကြမ်းကြီးနဲ့နွဲ့ပြနေသော ကျော်မောင်မောင်ကို မနောမြတ်ရယ်ချင် သလိုမျက်နှာပေးဖြင့် တစ်ချက်ကြည့်ပြီး

"ကောင်းပြီလေ ... ကျွန်မစဉ်းစားပါ့မယ်"

"ဟင် ... မနောမြတ် တကယ်တကယ်ပြောတာနော် ... အဲဒါ . . . ဒါဆို"

"ကျွန်မ စဉ်းစားပါ့မယ်လို့ပြောပြီးပြီပဲ ... ဒီတော့ ကျွန်မနောက်ကို ဆက်မလိုက်ပါနဲ့ ... အဆောင်က သူငယ်ချင်းတွေမြင်သွားရင်မကောင်းဘူး ... ပြီးတော့ ရှင်လည်း တစ်ကိုယ်လုံးမိုးတွေရွှဲနေတာဆိုတော့ ... တော်ကြာ နမိုးနီးယားဝင်ပြီးသေသွားလို့ သရဲဘဝရောက်သွားဦးမယ်"

"အို ... ကိုယ်ကတော့ သရဲဘဝရောက်သွားလည်း မနောမြတ်ကို ချစ်တဲ့အကြောင်းတွေ လိုက်ပြောဦးမှာပဲ"

"အယ် ... အဲလိုတော့မလုပ်ပါနဲ့ ... ကျွန်မ သရဲကြောက်တတ်တယ်"

"ဩော် ... ကိုယ်က မနောမြတ်ကြောက်အောင် ခြောက်ပါ့မလားလို့ ... မနောမြတ်ချစ်အောင်ပဲ ခြောက်ပြမယ့်ဟာကို ဟီး ဟီး ဟီး"

"ကဲ ... ဒါဆို ရှင်လည်းသွားတော့ ကျွန်မလည်းသွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

"အင်း…သွားမယ်…ဒါပေမဲ့ မနောမြတ်စဉ်းစားမယ်ဆိုတဲ့အတိုင်း ကတိနော်…ဟီ…ဟီ"

မနောမြတ်ခေါင်းတစ်ချက်ညိတ်ပြပြီး ကောင်းခန့်မှူးကို မျက်လုံးတစ်ချက်စွေကြည့်ကာ ကောင်းခန့်မှူးရှေ့မှဖြတ်လျှောက်သွားလေသည်။

ကျော်မောင်မောင်လည်း အနားသို့ရောက်လာသော တိုးကြီး၏လက်မောင်းတစ်ဖက် ခပ်ဖွဖွထိုးပြီး

"မနောမြတ်က ငါ့အဖြေတောင်းတာကို စဉ်းစားမယ်တဲ့"

ဟု ဝမ်းသာအားရဆို၏။ တိုးကြီးမျက်နှာကြီး ရှင်ပျလျက်

"အေး…ဒါဆို အခြေအနေတိုးတက်မှုက ထင်ထားတာထက် အောင်မြင်နေပါသေးလား… ငါ့ကောင်ကြီးက တယ်ဟုတ်ပါလားကွဟ.. ..ကြောက်တုန်းကတော့လည်းပဲ ဒူးတဆတ်ဆတ်တုန်လို့… ဟော .. .လုပ်ချလိုက်တော့လည်း ပွဲသိမ်းပဲ…ကွန်ဂရက်ကျူလေး ကျော်မောင်မောင်"

ဟူ၍ ကျော်မောင်မောင်ကို လက်ဆွဲနှုတ်ဆက်ဂုဏ်ပြုလေသည်။

မိုးက ပိုသည်းလာသည်။

အရာရာရှုံးနိမ့်သူတစ်ယောက်၏ခံစားချက်များ လျှော့ပါးစေကြယ်ရလေအောင် မိုးရေများကဆေးကြောပေးနိုင်စွမ်းမရှိတာ ကောင်းခန့်မှူးကိုယ်တွေ့ပဲဖြစ်သည်။ ကောင်းခန့်မှူးအားအင်ကုန်နေသူတစ်ယောက်လို ခေါင်းငိုက်စိုက်ချပြီး သစ်ပင်ကျောမှီနေလိုက်မိသည်။

မနောမြတ်က ကျော်မောင်မောင်ချစ်ရေးဆိုတာကို စဉ်းစားမယ်တဲ့။

ကောင်းခန့်မှူး ကြေကွဲထိခိုက်မှုများစွာဖြင့် အသိမဲ့သူတစ်ယောက်လို ဒီအတိုင်းဆက်နေနေမိသည်မှာ အချိန်ဘယ်လောက်တောင် လင့်နေပြီဆိုတာပင် သတိမထားအားတော့။

"ဟိတ်…ဒီမှာ…ဒီမှာ"

ဟူသောခေါ်သံနှင့်အတူ အင်္ကျီလက်မောင်းစတစ်ဖက်ကိုပါ ဆွဲသို့ခြင်းခံရသဖြင့် ကောင်းခန့်မှူးသတိပြန်လည်လာသူ တစ်ယောက်သတ်ခနဲ ခေါင်းထောင်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ရဲ့တန်ခိုးရှင်မလေးထုဆစ်တဲ့ကောင်းကင်

"ဟင်...မနော့မြတ်"

ကောင်းခန့်မှူး ကိုယ့်မျက်စိကိုယ်မယုံနိုင်အောင်ဖြစ်ရသည်။ လှပတင့်တယ်စွာသော မနော့မြတ်တစ်ယောက် ရှေ့မှာထီးလေးဆောင်းလျှက်ရပ်နေသည်ကိုတွေ့ရသည်။ ပြုံးတစ်ဝက်မျက်နှာလေးဖြင့် မချိုမချဉ်ကြည့်ရင်း

"ဒီမှာ...ဒီလောက်ခေါ်နေတာကို မကြားနိုင်မပြုနိုင်နဲ့ ဒီအတိုင်းကြီးငြိမ်သက်နေလို့ အသက်မှရှိသေးရဲ့လားလို့တောင် ထင်ရတယ်"

ဟုရင်းနှီးစွာ စကားဆိုလာသည်ကို ကောင်းခန့်မှူး အံ့သြစိတ်ဖြင့် မည်သို့မျှတုံ့ပြန်ပြောဆိုခြင်းမရှိဘဲ ကြောင်ကြည့်နေမိသည်။

"ဟိတ်...ဒီမှာ ပြောနေတယ်လေ...စကားလေးဘာလေး ပြန်ပါဦး...ဘာကြောင်ကြည့်နေတာလဲ"

"ဩော် ...အင်း...ဟို...ဘာ...ဘာပြန်ပြောရမှန်းမသိအောင် အံ့သြနေလို့ပါ"

"အံ့သြချင်ရင် နောက်မှအံ့သြ...လောလောဆယ် ဒီမှာရော .. တို့ ယူ့အတွက် ထီးတစ်ချောင်းယူလာပေးတယ်"

"ဟင်...ထီး...ထီးက ဘာလုပ်ဖို့လဲ"

"ဘာလုပ်ရမှာလဲ...ဆောင်းဖို့လေ...တကတည်း ကိုယ့်ကိုယ်ကိုလည်း ပြန်ကြည့်ပါဦး...မိုးမိပြီး တစ်ကိုယ်လုံးလည်း ခိုက်ခိုက်တုန်နေပြီ...ဒါတောင် ဒီအတိုင်းပေတေပြီးနေတာ အံ့ပါရဲ့"

ကောင်းခန့်မှူးလည်း ထိုအခါမှ ကိုယ့်ကိုယ်ကို ပြန်ဆင်ခြင်မိသည်။ မိုးမစိုအောင် တားဆီးပေးနိုင်စွမ်းမရှိသောသစ်ပင်အောက်မိုးစိုခံပြီး ကြာမြင့်စွာနေခဲ့မိသည်။ တစ်ကိုယ်လုံးမိုးရေစိုရွှဲနေသည့်ကြားထဲ မညှာမတာတိုက်ခတ်သောလေကြောင့် အအေးဒဏ်ကိုပါခံစားနေရကြောင်းကို တဆတ်ဆတ်တုန်ယင်နေသော ခန္ဓာကိုယ်က သက်သေပြနေသည်။

"ကဲ...ကိုယ်တော်ချော အချိန်ဖြုန်းမနေနဲ့တော့...ဒီထီး ကိုဆောင်းပြီး အိမ်တန်းပြန်တော့...အိမ်ရောက်ရင်လည်း နွေးနွေးထွေးထွေးနေပြီး .. တစ်လက်စတည်း အိမ်ရောက်ရင်သောက်ဖို့ ဆေးပါတစ်ခါတည်းယူသွား..



www.burmeseclassic.com

www.burmeseclassic.com

ရော့"

"ဟင်...ဆေးက ဘာအတွက်သောက်ရမှာလဲ"

"မိုးရေထဲမှာ ဒီလောက်အကြာကြီးနေနေတာ အအေးပတ်များသော ပြီး သရဲဘဝရောက်သွားမှာစိုးလို့ စေတနာနဲ့ယူလာပေးတာ"

ကောင်းခန့်မှူးပြုံးမိသည်။ ခန္ဓာကိုယ်ထဲမှာလည်း အနွေးဓာတ်တွေ စီးဝင်လာသလို ခံစားလာရသည်။

"သရဲဘဝရောက်သွားလည်း တို့က ဒီနေရာလေးကနေပဲ မနော့မြတ် ကျောင်းသွားကျောင်းပြန်ကို စောင့်ကြည့်နေမှာပဲ"

"အင်း...အဲဒီသရဲမျိုးကတော့ ကြောက်စရာမကောင်းဘူး... ညဲ့လွန်းလို့ ခေါင်းခေါက်ပစ်ချင်စရာပဲ ကောင်းတယ်...အဟက်"

သူ့စကား သူ့သဘောကျပြီး ပြုံးရယ်နေသော မနော့မြတ်ကိုကြည့်ပြီး ကောင်းခန့်မှူး ကြည်နူးစိတ်တွေ တရိပ်ရိပ်တက်လာသည်။ ထူးထူးခြားခြား ပြောရဲဆိုရဲရှိလာသည်ကိုလည်း အားရကျေနပ်သလိုလိုရှိလာရသေးသည်။

"ဒါဆိုလည်း လင်းစမ်းပါဦး...တို့က ဘယ်လိုတွေညဲ့လွန်းနေလို့လဲ"

"သိချင်ရင် မနက်ဖြန်မှပြောပြမယ်...အခုတော့ တို့ဆီက ထီးနဲ့ဆေး ယူပြီး အိမ်ကိုသာအရင်ပြန်လိုက်ဦး... တော်ကြာ ကိုယ်ဘာညဲ့လို့ ညဲ့တယ် ဆိုတာတောင် သိခွင့်မရနိုင်ဘဲဖြစ်သွားဦးမယ်"

"ဒါဆိုလည်း ကျေးဇူးပါပဲ"

ကောင်းခန့်မှူး ထီးကိုလှမ်းယူဖွင့်ဆောင်းစဉ် မနော့မြတ်က ပလတ် စတစ်အိတ်ငယ်လေးဖြင့်ထုတ်ထားသော ဆေးကိုကောင်းခန့်မှူးလက်ထဲ ထည့်ပေး၏။

"ဆေးလည်း သောက်ဖြစ်အောင် သောက်ဦးနော်"

"စိတ်ချ...မနော့မြတ်ပေးတဲ့ဆေးဆိုလို့ကတော့ သေဆေးပဲဖြစ်ပါစေ သောက်မှာပဲ... ဒါနဲ့ စကားမစပ် တို့ မနော့မြတ်ဆီကို စာပို့လို့ရော ရရဲ့လားမသိဘူး"

"ဒီကိစ္စလည်း မနက်ဖြန်မှပြောမယ်...ဒါပဲ... သွားပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



မနော့မြတ် ပြုံးရွှင်စွာ စကားဖြတ်ပြီး နောက်ကြောင်းပြန်လှည့်သည်။ ကောင်းခန့်မှူး ပြုံးပြီးကြည့်နေရာမှ သတိရပြီး .

"ဪ... မနော့မြတ်... ဒီထီးကို ဘယ်လိုပြန်ပေးရမှာလဲ"

ဟုလှမ်းပြောရာ မနော့မြတ်က နောက်တစ်ချက်လှည့်ကြည့်ပြီး

"မနက်ဖြန်မနက် ကျောင်းတက်ချိန် အဆောင်ရှေ့မှာလာစောင့်လေ"

ဟု ခပ်သွက်သွက်တုံ့ပြန်ပြောဆိုရင်း ပေါ့ပါးစွာထွက်ခွာသွားလေသည်။ ကောင်းခန့်မှူး ဝမ်းသာလွန်းသဖြင့် 'ဟေး'ခနဲ အော်လိုက်မိသည်။

ထီးဘယ်လိုပြန်ပေးရမလဲလို့မေးတာကို မနော့မြတ်က မနက်ဖြန် အဆောင်ရှေ့မှလာစောင့်လေတဲ့။ စကားအဓိပ္ပာယ်က ကောင်းခန့်မှူးကို အသက်ရှင်ခွင့်ပေးလိုက်ခြင်းရယ်။

မိုးမင်းသမီးလေး မနော့မြတ်ပေးသော ရွှေအခွင့်အရေးကို ကောင်းခန့်မှူး ဘဝနဲ့ရင်းပြီးရယူမည့်အကြောင်း တစ်လောကလုံး သိစေလိုပါသည်။ အထူးသဖြင့် ပယ်ပယ်နယ်နယ်နှိပ်ကွပ်ထားသော သူငယ်ချင်းများကို အငြိုးမထားဘဲ ပြောပြရင်းသိစေရပါဦးမည်။

www.burmeseclassic.com

www.burmeseclassic.com

၁၃

■ ၂၁ ■

နံနက်ချိန်ခါ တေးသံသာနှင့်အတူ ကောင်းခန့်မှူး မနောမြတ်တို့ အဆောင်ရှေ့မှတက်ကြွစွာရောက်နှင့်နေသည်။ ညကမက်သော လှပအိပ်မက်များအကြောင်း မနောမြတ်ကိုပြောပြရင်ကောင်းမလား။

ကိုယ့်အတွေးနှင့်ကိုယ်ပျော်ပြီး မျှော်နေစဉ်မှာပင် သူယောင်မယ်လေး မနောမြတ်အပြုံးတစ်ဝက်ကိုခင်းကျင်းလို့ ကျေညှရှင်းစွာလျှောက်လှမ်းလာသည်။ ဒီကမ္ဘာမြေရဲ့နံနက်ခင်းကို လှပသာယာစေသော ရွှေမင်းသမီး၏ရှေ့တော်မှောက်မှာ ကောင်းခန့်မှူး ဒူးထောက်ထားဖို့ အဆင်သင့်ဖြစ်နေကြောင်း အားလုံးသိဖို့ကောင်းသည်။

''ရောက်နေတာ ကြာပြီလား''

ဆိုသော မနောမြတ်အမေးကို ကောင်းခန့်မှူး နှုတ်မှပြန်မဖြေမိဘဲ ပြုံးပြရင်း ခေါင်းကိုအသာခါယမ်းပြမိသည်။ ကောင်းခန့်မှူး မနောမြတ်ကို ခပ်စူးစူးကြည့်မိရင်း ဘယ်ကစပြောရမှန်းမသိဖြစ်နေသည်။ ထို့ကြောင့် မနောမြတ်ထံသို့ ထီးကိုကမ်းပေးရင်း

''ကျေးဇူးပဲနော်''



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုရာ မနောမြတ် ထီးကိုလှမ်းယူရင်း သိသိသာသာပြုံးလေသည်။ ထို့နောက်'သွားကြရအောင်'ဟူ၍ ပြောပြောဆိုဆိုထွက်ခွာလေရာ ကောင်းခန့်မှူးလည်း မနောမြတ်နှင့်အတူလိုက်ရန်း မလိုက်ရန်းဖြင့် 'ဘယ်... ဘယ်သွားမှာလဲ'ဟု ကြောင်တောင်တောင်ပြန်မေးမိသည်။ မနောမြတ်မျက်လုံးထောင့်ကပ်ပြီး

"ဘယ်သွားရမှာလဲ ကျောင်းသွားရမှာပေါ့"

ဟု တမင်စူအောင့်ဟန်ဖြင့်ပြောကာမှ ကောင်းခန့်မှူးလည်း ခေါင်းကုတ်ရင်း "ဩော်... ဟုတ်သားပဲ"ဟူ၍ မလုံမလဲပြုံးမိလေသည်။

မနောမြတ်နှင့်အတူ လျှောက်လှမ်းနေရင်း စကားအဆက်မပြတ်လိုသောဆန္ဒဖြင့် တစ်ခုခုဆက်ပြောရန်ကြံသော်လည်း ဘာဆက်ပြောရမှန်းမသိဘဲ "မနောမြတ်"ဟုခေါ်မိရာ မနောမြတ်က "ဘာလဲ"ဆိုသောသဘောဖြင့် လှည့်ကြည့်၏။ ကောင်းခန့် မှူးလည်း

"ကျေးဇူးပဲနော်"

"နေပါဦး... ယူက ဘာကိစ္စ ကျေးဇူးတွေခဏခဏတင်နေရတာလဲ"

"ဟိုလေ . . . မနေ့က မိုးမိပြီးဖျားချင်သလိုလိုဖြစ်သေးတယ် . . မနောမြတ်ပေးလိုက်တဲ့ဆေး ကယ်လိုက်လို့သာ ဒီနေ့အကောင်းတိုင်းတွေ့ရတာ အဲဒါကြောင့် ကျေးဇူးလို့ပြောတာပါ"

"ဩော်... ဒီလိုလား"

"ဒါနဲ့ . . . ဒီနေ့ တို့ဘာတွေဘယ်လိုညှိတယ်ဆိုတဲ့အကြောင်း ပြောမယ်ဆို"

"အဟင်း ...ကြည့်ရတာတော့ ဒီအတိုင်းသာဆိုရင် ထင်သလောက် မညှိတော့ဘူးထင်တယ်"

မနောမြတ်ရက်သံရောသော အရယ်အပြုံးဖြင့်တုံ့ပြန်ဆိုရင်းကောင်းခန့်မှူးကိုတစ်ချက်ဝေ့ကြည့်သည်။ ကောင်းခန့်မှူး အားတက်သလိုဖြစ်လာသည်။ ပြီးတစ်ခုခုဆက်ပြောမည်ကြံသော်လည်း မနောမြတ်ခြေလှမ်းများက မြန်ဆန်လာသဖြင့် မှီအောင် လိုက်လျှောက်ရင်း

"မနောမြတ် . . . လမ်းလျှောက်ပြိုင်ပွဲဝင်ဖို့များ လေ့ကျင့်နေသ



www.burmeseclassic.com

www.burmeseclassic.com

လားဟင်"

"ဟင်...ဘာဖြစ်လို့လဲ"

"ဩော်...မသိပါဘူး...လမ်းလျှောက်တာ နည်းနည်းမြန်နေသလားလို့ပါ"

"ဩော်...ဒါလား ဒါကတော့ တို့ကိုရည်းစားစကားလိုက်လိုက်ပြောနေတဲ့ငနဲတွေကို မျက်ခြည်ပြတ်နိုင်ဖို့ ကြိုးစားလျှောက်ရင်းနဲ့ အကျင့်ပါသွားလို့ပါ"

"အန်"

မိမိများစောင်းချိတ်ပြောလေသလားဟု၍ မလုံမလဲဖြစ်သွားရသော်လည်း အခွင့်အရေးကို မလွှတ်တမ်းဆုပ်ကိုင်ရင်း

"ဒါဆိုရင်တော့ ဒီနေ့ကစပြီး ဖြည်းဖြည်းအေးအေး လျှောက်လို့ရပြီလို့သာ မှတ်လိုက်ပေတော့"

"ဘာကြောင့်"

"ဒီနေ့ကစပြီး မနောမြတ်ရဲ့ဘေးမှာ တို့အမြဲရှိနေတော့မှာဆိုတော့ ဘယ်ငနဲမှ မနောမြတ်ကို လိုက်နှောင့်ယှက်ရဲတော့မှာ မဟုတ်ဘူးလေ"

"အံ့မယ်...အံ့မယ်...ခုလိုအပိုင်ကြီးပြောရအောင် ယူနဲ့တို့နဲ့ဘာဆိုင်တာမှတ်လို့"

"မနောမြတ်ရယ်...လူပုံအလယ်မှာ မျက်စိသူငယ် နားသူငယ်နဲ့နေရမယ့် တို့ဘဝကိုမကြည့်ရက်ဘူးဆိုရင် အဲလိုစိမ်းကားတဲ့စကားတွေ မပြောပါနဲ့လား"

BURMESE CLASSIC

"အဟက်"

ကောင်းခန့်မှူးစကားကို သဘောကျဟန်ဖြင့် မနောမြတ်ခေါင်းမော့ပြီး တစ်ချက်ရယ်လေသည်။ လေအဝှေ့မှာ စီးမျောနေသော မနောမြတ်ဆံယဉ်စများကိုကြည့်ရင်း ကောင်းခန့်မှူးပြောလိုရင်းကို ဆက်၏။

"တို့ စာတိုက်ကနေတစ်ဆင့်ပို့လိုက်တဲ့စာကို ရတယ်မဟုတ်လား...အဲဒါ...အဲဒါ မနောမြတ်ဘယ်လိုသဘောရလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ရဲ့တန်ခိုးရှင်မလေးထုဆစ်တဲ့ကောင်းကင်

"အင်း . . . ဘယ်လိုသဘောရသလဲဆိုရင် . . . ယူရေးတဲ့စာက ဘိုးတော်ဘုရားလက်ထက်က ရည်းစားစာအတိုင်းပဲလို့ သဘောရတယ်"

"ဟာ... မဟုတ်ပါဘူး ဒါ... ဒါ တို့တကယ်ခံစားချက်နဲ့ ရေးထားတာ ပါ... ဘိုးတော်ဘုရားလက်ထက်က ရည်းစားစာကို ကူးရေးဖို့ရာအနေသာကြီး မြင်တောင်မမြင်ဖူးပါဘူး . . . တကယ် ဘုရားစူး . . . ဒါမတော်တဆ သွားတိုက်ဆိုင်တာဖြစ်လိမ့် မယ်. တို့ပြောတာကိုယုံပါ"

"ဟောတော့ ...ခစ် ခစ်"

ကောင်းခန့်မျိုးပျာပျာသလဲငြင်းဆိုရင်း ရင်မှချစ်ခြင်းတရားကို အနိုင်အမာကာကွယ်ပြောဆိုသည်ကိုကြည့်ပြီး မနောမြတ် ဘာတွေသဘော ကျသည်မသိ၊ တခစ်ခစ်ရယ်ပါလေသည်။ မနောမြတ်ရယ်နေသည်ကိုကြည့်ပြီး ကောင်းခန့်မျိုး ကြောင်သွားရသည်၊ မနောမြတ်လည်း ရယ်လို့ဝကာမှ

"ယူက ဟုတ်မလိုလိုနဲ့ ပြောရင်းဆိုရင်း ပြန်ညံ့သွားပြန်ပြီ"

"ဟင် ပြန်ညံ့သွားပြန်ပြီလား"

"အင်းပေါ့... သိပ်သေချာတာပေါ့"

ကောင်းခန့်မျိုး ချစ်ဖွယ်ကောင်းသော မနောမြတ်၏ပြောဟန်ဆိုဟန် လေးများကို အသည်းယားလာမိသည်။ ထို့ကြောင့် မနောမြတ်၏လက်တစ်ဖက် ကိုဆွဲယူဆုပ်ကိုင်ဖျစ်ညှစ်မိတော့သည်။ လက်ကိုရုန်းဖယ်ခြင်းမပြုဘဲ မျက် စောင်းလှလှလေးသာထိုးလေသော မနောမြတ်ကို ချစ်ခင်တွယ်မက်စွာကြည့် ရင်း

"မနောမြတ်... ကျေးဇူးပဲနော်"

ဟုလှိုက်လှဲခံ့မင်ဆိုသည်ကို မနောမြတ်ရှက်ပြုံးလေးပြုံးပြီး မျက် စောင်းလှလှလေးထပ်ထိုးပြန်သည်။ ပြီးပြည့်စုံသောဘဝကို ယနေ့နံနက် ချိန်ခါမှာပင် ကောင်းခန့်မျိုးရရှိပြီဆိုတာ အထူးတလည်ကြေညာနေစရာမလို ။

ခပ်ညံ့ညံ့ကောင်တစ်ကောင်ရဲ့အချစ်ကိုမှ ရွေးချယ် လက်ခံဝံ့လေ နှလုံးသားရဲ့ပိုင်ရှင် ဘဝရဲ့သခင်မ ရင်မှမြတ်နိုးတွယ်တာရပါသော ချစ် မနောမြတ်ကို အသက်တမျှကျေးဇူးတင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ။ ၂၂ ။

"ကွန်ကရက်ကျူလေးရှင်းပဲ သူငယ်ချင်း"

ဆိုသောသူငယ်ချင်းများ၏စကားသံကိုနားထောင်ရင်း ကောင်းခန့်မှူး မိမိကိုယ်မိမိ အလွန်အမင်းဘဝင်မြင့်တတ်သူတစ်ယောက်ဆိုတာ သေချာသွားပါလေသည်။

သည်လိုအချိန်မှာ သည်ကောင်တွေလည်း မိမိဘဝကို အားကျနေမည်ဆိုတာ သေချာသည်။ မိမိနှင့်ဘဝချင်းမတူနိုင်ဘဲ အားငယ်စိမ့်ကျနေသည့် အထီးကျန်သူငယ်ချင်းများကို အားပေးနှစ်သိမ့်စကားဆိုချင်ပါသော်လည်း မျှော်နေရှာမည့်ချစ်သူလေးကို အကြိုတော်ထောက်ရမည့်အရေးက ရှိသေးသည်မို့ သူငယ်ချင်းအချင်းချင်းမငဲ့ကွက်တဲ့ စိမ်းကားသောစကားကိုဆိုရသည်။

"အေးကွာ . . . မင်းတို့နဲ့ အေးအေးဆေးဆေးထိုင်ပြီး စကားပြောချင်သေးပေမယ့် မနောမြတ်ကိုကျောင်းဆင်းကျောင်းတက် အဆောင်ကြို့ ယာဉ်ရှိလုပ်နေရလို့ သွားလိုက်ဦးမယ်ကွာ . . . အေး . . . မင်းတို့လည်း ဒီအတိုင်းအချိန်ဖြုန်းမနေကြနဲ့ . . . ငါလိုပဲ ချစ်သူလေးဘာလေးရှာကြဦး . .

www.burmeseclassic.com

ကိုယ့်ရဲ့တန်ခိုးရှင်မလေးထုဆစ်တဲ့ကောင်းကင်

လူ့ဘဝဆိုတာ ရင်ခုန်သံရှိမှ သာယာနေပျော်တာ...ကဲ ကဲ...ငါသွားပြီဟေ့"

ဟူ၍အပေါ်စီးမှပြောဆိုထွက်ခွာသွားသည်ကိုကြည့်ပြီး သူငယ်ချင်းများ မဲ့ကာရွဲ့ကာ

"အဲဒါပေါ့...အရှုံး အမဲသားစားမိတယ်ဆိုတာ"

ဟူ၍ ပြန်လည်နှိပ်ကွပ်ကြသည်။ အရာရာ မင်္ဂလာရှိနေသောသည့်လိုအချိန်အခါမှာ ကောင်းခန့်မှုး ဇွဲမယူဘဲ ပြုံးနေလိုက်သည်။

"ဩော်...ခများတွေမှာ သနားစရာ...ငါ့လိုမှ ချစ်ရတဲ့သူမရှိရှာကြတာကိုး"



www.burmeseclassic.com

www.burmeseclassic.com

## ▪ ၂၃ ▪

တကယ်ဆိုသာယာနေသောဘဝလေးထဲကို မုန်တိုင်းဟာ အလျင်စလိုရောက်မလာသင့်ပါ။ ရင်ဟာ အရိုင်းသက်သက်မို့ အချစ်၏ပြုစားမှုကို ခံနိုင်ရည်မရှိပါ။

မနော့မြတ်အချစ်ကိုပိုင်ပိုင်ရရှိပြီဟုယုံစားခဲ့လေသမျှ မှားယွင်းသွားပြီဆိုတာ တစ်လမပြည့်တတ်သေးသောချစ်သူ သက်တမ်းနုနုလေးအတွင်းမှာပင် ကောင်းခန့်မှူး သိခွင့်ရခဲ့တော့သည်။

အတန်းအားချိန်မို့ မနော့မြတ်နှင့်ကောင်းခန့်မှူး ကန်တင်းနံသွားထိုင်မည်ဆိုပြီး အတန်းထဲမှထွက်လာကြသည်။

မနော့မြတ်က ဗိုက်ဆာသည်ဆို၍ 'ဂန္ဓဝင်' ကန်တင်းနံသို့ မနော့မြတ်လက်ကလေးကိုဆွဲရင်း လျှောက်လာခဲ့သည်။

ဂန္ဓဝင်ကန်တင်းနံတွင် မိမိတို့ထက်ဦးစွာရောက်နေသော ရွှေဘို မောင်မောင်တို့အဖွဲ့ကိုတွေ့သဖြင့် ကောင်းခန့်မှူးလည်းမျက်နှာပူသလို ခံစားရသဖြင့် မနော့မြတ်လက်ကိုလွှတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



"မနော်မြတ်...ကိုယ်တို့ ခုံတန်းပြာမှာသွားထိုင်ရအောင်"

ဟု ရုတ်တရက်စိတ်ပြောင်းစကားဆိုသော ကောင်းခန့်မှူးကို မနော်မြတ်က အထူးအဆန်းကြည့်ပြီး ထူးခြားမှုတစ်ရပ်ရပ်ကို အာရုံခံစားမိဟန်ဖြင့် ဆိုင်အတွင်းသို့လှမ်းအကဲခတ်၏။ အခြေအနေကိုရိပ်စားမိသွားပြီး ပွင့်ပွင့်လင်းလင်း ကောင်းခန့်မှူးကို အဓိပ္ပာယ်ပါပါတစ်ချက်ကြည့်ကာ

"ဂန္ထဝင်ကန်တင်းနဲ့မှာထိုင်မယ်ဆိုပြီး ယူနဲ့တို့ နှစ်ယောက်စလုံး သဘောတူခဲ့ပြီး လာခဲ့ကြတာမဟုတ်လား... အခု ဆိုင်ရှေ့ရောက်ကာမှ ဘာစိတ်ပြောင်းသွားရတာလဲ"

"ဟို...ဟိုလေ...ဘာရယ်မဟုတ်ပါဘူး... ခုံတန်းပြာမှာထိုင်ရတာ ပိုကောင်းသလားလို့ပါ"

"သေချာရဲ့လား...ဆိုင်ထဲမှာ ကျော်မောင်မောင်တို့ရှိနေလို့ မဟုတ်ဘူးလား"

ကောင်းခန့်မှူး ဘာဆက်ပြောရမှန်းမသိဘဲ မနော်မြတ်နှင့် အကြည့်လွှဲလိုက်မိသည်။ မနော်မြတ်က ကောင်းခန့်မှူးကိုမထိတရိကြည့်ပြီး စကားဆက်၏။

"ယူ့ကြည့်ရတာ ကျော်မောင်မောင်နဲ့ဆုံရမှာ တော်တော်ကြောက်နေတယ်ထင်တယ်"

"မဟုတ်ပါဘူး... သူ့ကို အားနာနေလို့ပါ"

"ဘာရယ် ယူက သူ့ကိုအားနာစရာ ဘာကိစ္စရှိလို့လဲ"

"မနော်...မနော်မြတ်ကိစ္စ"

"တို့ကိစ္စ ဟုတ်လား...ရှင်းအောင်လင်းစမ်းပါဦး"

"ဟို...ဟိုလေ မနော်မြတ်က သူ့ကိုစဉ်းစားမယ်ပြောထားပြီးမှ တို့အချစ်ကိုလက်ခံလိုက်တော့ အဲဒါကြောင့် ဘယ်လိုပြောရမလဲဆိုတော့... တော့"

"ဩော်...ယူပြောပုံအရဆိုရင် တို့ကတော်တော်ဆိုးရွားတဲ့ မိန်းမရှိုင်းကြီးဖြစ်နေပြီပေါ့...ကောင်းပြီလေ... ဒါဆိုရင်လည်း ယူ



www.burmeseclassic.com

www.burmeseclassic.com

ကြားကအနေမခက်ရလေအောင် တို့ သူ့အချစ်ကိုလက်ခံပေးလိုက်မယ် ဟုတ်ပြီလား"

"ဟာ ...အဲလိုမဟုတ်ဘူးလေ...တို့ပြောချင်တဲ့သဘောက တစ်မျိုးလေ...မနော်မြတ်နဲ့မဆိုင်ပါဘူး...တို့ဘက်က ပြောနေတာပါ"

"အဲဒါပဲ ယူရဲ့မဆီမဆိုင်ကိစ္စတွေမှာ အတွေးခေါင်တတ်တဲ့အကျင့်ဟာ တို့ကိုစိတ်ပျက်စေတယ်သိလား... မိန်းကလေးတစ်ယောက်ကို ယောကျ်ား လေးတစ်ယောက်ကချစ်ရေးဆိုလာတာကို စဉ်းစားမယ်... အဖြေပေး မယ်လို့ပြောတာဟာ ခေါင်းညိတ်လက်ခံမယ်ဆိုတဲ့ အဓိပ္ပာယ်မှမဟုတ်တာ ... လက်ခံနိုင် လက်မခံနိုင်ဆိုတာကို စဉ်းစားပြီးပေးတဲ့အဖြေဟာလည်း 'ရက်စ်' အော် 'နိုး'ပဲလေ...တို့လည်း ကျော်မောင်မောင်ဆိုတဲ့သူ့ရဲ့အချစ်ကို လက်မခံနိုင်တဲ့အတွက် 'နိုး'ဆိုပြီး ရှင်းရှင်းလင်းလင်းအဖြေပေးထားပြီး သားပဲလေ...ဒါကို ယူလည်းသိသိကြီးနဲ့ ဘာထကြောင်ရတာလဲ"

ဒေါသသံစွက်ပြီးပြောနေသော မနော်မြတ်စကားကို နားထောင်ပြီး ကောင်းခန့်မှူး အမှားကိုသိလိုက်သည်။ ပြီးတော့ မနော်မြတ်ကိုလည်း တော်တော်အားနာသွားရသည်။ ထို့ကြောင့် မနော်မြတ် စိတ်ပြေစေရန်အတွက်

"ကဲပါ...ဟုတ်ပါပြီ...စကားတွေ ဒီလောက်ပြောလိုက်ရတဲ့အတွက် မနော်မြတ်လည်း ဗိုက်ပိုဆာသွားမယ်ဆိုတာသေချာတယ်...ဒါကြောင့် ဂန္ထဝင်ဆိုင်မှာ မြန်မြန်ဝင်ထိုင်ကြရအောင်"

ဟုဆိုပြီး မနော်မြတ်လက်ကိုဆွဲပြီး ဆိုင်ထဲသို့ဝင်ရသည်။ မနော်မြတ် ကောင်းခန့်မှူးခေါ်ရာနောက် အလိုက်သင့်ပါလာသော်လည်း စိတ်မကျေ နပ်သေးဟန်ဖြင့် ပါးစပ်ပွစိပွစိလုပ်ရင်းမျက်စောင်းတထိုးထိုးရှိနေချေသေးသည်။

ကောင်းခန့်မှူးတို့နှစ်ယောက် အချီအချပြောနေကြသည်ကို စကား များနေသည်ထင်ပြီး အကဲခတ်နေကြသော ကျော်မောင်မောင်တို့အဖွဲ့လည်း ကောင်းခန့်မှူးတို့ ဆိုင်ထဲဝင်လာသည်ကိုတွေ့သည်နှင့် မကြားတကြား စကြ နောက်ကြလေသည်။

"ဟာကွာ...သူတို့ ပြန်အဆင်ပြေသွားပြီဆိုတော့ တို့ကောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ရဲ့တန်ခိုးရှင်မလေးထုဆစ်တဲ့ကောင်းကင်

ကျော်မောင်မောင်ခများလည်း ထပ်မံရှင်သန်လာမယ်ကြံတဲ့ မျှော်လင့်ချက်လေး ထပ်မံသေဆုံးသွားရပြီပေါ့"

"အေးကွာ...ငါလည်း ဒီတစ်ခါတော့ အပိုင်ပဲဆိုပြီးတွက်ထားတာ ...သွားပြန်ရောပေါ့ ထုံးစံအတိုင်း"

"တကယ်တော့ ဒီကောင်က တိုးကြီးကိုသွားအားကိုးတာကိုက စပြီးမှားတာ...မင်းတို့စဉ်းစားကြည့်လေ ကျောင်းမှာ တိုးကြီးမလိုက်ဖူးတဲ့ ကောင်မလေးဆိုလို့ မရှိသလောက်ပဲ ဘယ်တစ်ယောက်နဲ့များ ကြည်ဖူးလို့လဲ ပြောပါဦး"

"ဟုတ်ပါ့ကွာ ,ဟုတ်ပါ့ ဟား ဟား ဟား"

ကျော်မောင်မောင်တို့အဖွဲ့ပြောနေကြသည်ကိုကြားပြီး ကောင်းခန့်မှူးရော မနောမြတ်ပါလိုက်ပြုံးမိကြသည်။ မနောမြတ် စိတ်ကြည်သွားပြီဖြစ်သဖြင့် ကောင်းခန့်မှူး ပျော်မည်ကြံရုံရှိသေးသည်။ ကြမ်းတမ်းခက်ထန်လှသည့် ဇာတ်ကွက်အချိုးအကွေ့က ကောင်းခန့်မှူးရင်ကိုပြင်းထန်စွာ ဝင်ဆောင့်တော့သည်။

ကောင်းခန့်မှူးနှင့် ရယ်မောပြောဆိုနေရာမှ မနောမြတ်မျက်နှာ သိသာစွာပျက်သွားလျက်

"ဟင်...သူ...သူ"

ဟူ၍ထိတ်လန့်တကြားရေရွတ်ပြီး မျက်နှာကို ကျောင်းသုံးစာအုပ်ဖြင့် အလျင်စလို ကွယ်လိုက်လေသည်။

ကောင်းခန့်မှူးလည်းပူပန်စိတ်ဖြင့် မနောမြတ်ကို တစ်ချက်ကြည့်ပြီးနောက် ဆိုင်ပြင်ပသို့အကဲခတ်ရသည်။ ထူးခြားမှုမတွေ့ရသဖြင့် မနောမြတ်ကို တစ်ဖန်ပြန်လှည့်ကြည့်ရင်းမေးရန်ပြင်လိုက်သော်လည်း မနောမြတ်၏အပြုအမူက ကောင်းခန့်မှူးကို နားမလည်နိုင်မှုတွေသာတိုးစေသည်။

ကောင်းခန့်မှူးနှင့် ပူးကပ်ထိုင်နေရာမှ သိသာစွာလူချင်းခွာထိုင်သည်။ စာအုပ်ကိုကွယ်လျက် ဆိုင်ပြင်ပသို့မဝံ့မရဲလှမ်းကြည့်ရင်း

"ဒုက္ခပါပဲ...သူ...သူများ တွေ့သွားသေးလားမသိဘူး...



www.burmeseclassic.com

www.burmeseclassic.com

ခုက္ခပါပဲ''

ဟူ၍ တတွတ်တွတ်ရေရွတ်နေလေသည်။ ကောင်းခန့်မှူး မနော့မြတ်ကိုစူးစမ်းကြည့်ရင်း

''မနော့မြတ်...ဘာဖြစ်လို့လဲ''

''ဘာ...ဘာမှမဖြစ်ဘူး...တို့သွားနှင့်မယ်... ယူနောက်မှလိုက်ခဲ့သိလား...သူတစ်မျိုးထင်သွားရင် မကောင်းဘူး''

ပြောပြောဆိုဆို နေရာမှ ခပ်သုတ်သုတ်ထသွားသော မနော့မြတ်ကို ကောင်းခန့်မှူးတားဆီးရန်သတိမရနိုင်ခဲ့။ ရင်ထဲပူလာပြီး မနော့မြတ်ကိုတုန်လှုပ်ချောက်ချားစေသူသည် မည်သူပါလိမ့် ဘာအတွက်ပါလိမ့်ဟူသော အတွေးများက ကောင်းခန့်မှူးအားသောကပွားစေသည်။

မနော့မြတ် ကန်တင်းနံမှထွက်သွားသည်ကို ဓာတုဗေဒပြင်ကပ်လျက်ရှိ Non Stop ကန်တင်းနံသို့ ဝင်ထိုင်ရန်ပြင်နေသော ကျောင်းသားနှစ်ဦးအနက် တစ်ဦးကအမှတ်တမဲ့တွေ့မြင်သွားပြီး သူ့အဖော်ကို လက်တို့အသိပေးလိုက်သည်ကို ကောင်းခန့်မှူး သတိထားမိသည်။ လက်တို့အသိပေးခြင်းခံရသူသည် မနော့မြတ်နောက်ကျောကို ရွှန်းရွှန်းစားစားလိုက်ကြည့်ပြီး မနော့မြတ်နာမည်ကို ခပ်ဖွဖွရွတ်နေသည်ကိုတွေ့ရသည်။ ထို့နောက် ထီမထင်သောအပြုံးကို မိန့်မိန့်ကြီးပြုံးရင်း ခေါင်းအသာခါယမ်းလျက် ဆိုင်ထဲဝင်ကာ ခုံလွတ်တစ်လုံးဆွဲယူထိုင်ပြီး စားသောက်စရာများကို လှမ်းမှာနေလေသည်။ သူ့သူငယ်ချင်းက မနော့မြတ်နှင့်ပတ်သက်ပြီး ဆက်လက်ပြောဆိုနေသည်(ဟု ယူဆရသည်)ကို အရေးမထားဟန်ဖြင့်နှုတ်ခမ်းမဲ့ကာလက်ကာပြသည်ကိုပါ ကောင်းခန့်မှူး သတိထားမိသည်။

ကောင်းခန့်မှူး ထိုပုဂ္ဂိုလ်ကို ကောင်းကောင်းကြီးသိပါသည်ဆိုပြီး စူးစိုက်စဉ်းစားကြည့်ရာ တုန်လှုပ်သွားရသည်။ ကျောင်းမှာ ရည်းစားများသည်ဟု နာမည်ကြီးသော မြန်မာစာကျောင်းသား ဉာဏ်ကြည်ဆိုသူဖြစ်နေပါရော။ ဉာဏ်ကြည်နှင့် မနော့မြတ် ဘာတွေတယ်လိုပတ်သက်ဆက်နွယ်နေသလဲ ကောင်းခန့်မှူးဦးနှောက်ထဲမှာ မေးခွန်းတွေအစီအရီပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းခန့်မှူး ကျသင့်ငွေကိုရှင်းပေးပြီးနောက် မနော့မြတ်နောက်သို့ အလျင်အမြန်လိုက်ရတော့သည်။

စားသောက်ဆိုင်တန်းများ အလွန်လေးတွင် မနော့မြတ်ကို ကောင်းခန့်မှူးမီလေသည်။ ထို့ကြောင့် မနော့မြတ်လက်ကို ဖမ်းဆွဲရင်း

"မနော့မြတ်...ဘာတွေဖြစ်နေတာလဲ...နောက်ပြီး မနော့မြတ်ပြောတဲ့ သူဆိုတာ ဘယ်သူ့ကိုပြောနေတာလဲ"

ဟုသိလိုသည်ကို တရစပ်မေးသော်လည်း မနော့မြတ် ကောင်းခန့်မှူးအမေးကိုဂရုမထားဘဲ လက်ကိုရုန်းဖယ်ရင်း နောက်ကျောဆီသို့ စိုးရိမ်ကြောင့်ကြလှည့်ကြည့်လျက်

"ယူ တို့လက်ကိုလွှတ်ပြီး တို့နဲ့ဝေးဝေးမှာနေပေးပါ...သူ တစ်မျိုးထင်သွားရင် မကောင်းလို့ပါ... တောင်းပန်ပါတယ် နော် နော်"

ချစ်သူအရင်းခေါက်ခေါက်ကြီးတွေဖြစ်ပါလျက် ဘေးလူကတစ်မျိုးထင်မှာကြောက်နေသောမနော့မြတ်စကားကြောင့် ကောင်းခန့်မှူးတင်းသွားရသည်။

"တို့နဲ့မနော့မြတ်က ချစ်သူတွေပဲဟာ...ဒါကို တစ်မျိုးထင်မှာစိုးရိမ်စရာလိုလို့လား...ဘယ်သူအထင်လွဲမှာကိုကြောက်နေတာလဲ...တို့ကိုရှင်းရှင်းပြောပါ"

"ကိုဘ...အဲ...ဘကြည်"

"ဘာရယ်...မနော့မြတ်...မနော့မြတ်နဲ့ဘကြည်က ဘယ်လိုပတ်သက်နေလို့လဲ"

"သူ ...သူက တို့ရဲ့ချစ်ဦးသူ"

"ဟင်"

မနော့မြတ်ထံမှထွက်ပေါ်လာသောစကားကြောင့် ကောင်းခန့်မှူးရင်ထဲ တုန်ခါသွားသည်။ ရုန်းဖယ်ခြင်းမပြုတော့သော မနော့မြတ်လက်ကို ချက်ချင်းဆိုသလို လွှတ်ပေးလိုက်မိသည်။ မှောင်မိုက်ချင်နေသောအရပ်တို့ကို အသိတရားဖြင့်ထိန်းကျောင်းရှင်းလင်းရင်း သက်သာရာရလိုကြောင်း စကားကို



www.burmeseclassic.com

www.burmeseclassic.com

ဆိုရသည်။

"ဒါ . . . ဒါပေမဲ့ . . . သူနဲ့မနော်မြတ်က အခု ဘာမှမပတ်သက်တော့ဘူးမဟုတ်လား"

"ဒါတော့ သူ့ဘက်ကပါ တို့ဘက်ကတော့ သူ့ကို ယနေ့အထိ မျှော်လင့်နေတုန်းပဲ"

ကောင်းခန့်မှူးယိုင်လဲမကျသွားအောင် ကိုယ့်ကိုယ်ကို အားတင်းထားရသည်။ ရှေ့မှမနော်မြတ်မျက်နှာသည် ကြီးလာလိုက် သေးသွားလိုက်ဖြစ်နေသည်။ မနော်မြတ် ရင့်လွန်းအားကြီးသည်။ မနော်မြတ်လုပ်ပုံက မိမိဘာကောင်ဖြစ်လို့ဖြစ်သွားမှန်း မပြောတတ်တော့။

"သူ ဘယ်လောက်ပဲ ပွေရှုပ်နေပါစေ... တို့ သူ့ကိုမပြတ်နိုင်ဘူး . . . တို့ဆီ သူပြန်လာမယ့်နေ့ကို တို့က နေ့စဉ်လက်ချိုးရေတွက်ပြီး စောင့်စားမျှော်လင့်နေရတာပါ... ဒီအတွက် တို့ကိုနားလည်ခွင့်လွှတ်ပေးပါလို့ တောင်းပန်ပါရစေ"

ကောင်းခန့်မှူး မနော်မြတ်ပြောနေသောစကားတို့ကို ဆက်လက်နားထောင်နိုင်စွမ်းမရှိတော့ပါ။ ရင်တွင်းမှကျယ်လောင်သော ငိုရှိုက်သံကိုထိန်းပိုးရင်း မနော်မြတ်ရှေ့မှ ပြေးထွက်လာမိတော့သည်။

ရက်စက်သည်။

မနော်မြတ် ရက်စက်သည်။

နာမည်နဲ့မလိုက်ဖက်စွာ ယဉ်ယဉ်လေးနဲ့ အမှည့်ခြေတတ်လေသော မနော်မြတ် ရက်စက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ■ ၂၄ ■

မနော်မြတ်ကို စိမ်းကားရက်စက်လေသော မိန်းမရိုင်းတစ်ယောက် အဖြစ်မပြောရက်ပါ။ တကယ်တော့မနော်မြတ်သည် အချစ်၏ကျေးကျွန်တစ်ဦးသာ ဖြစ်ချေသည်။

ကောင်းခန့်မှူး ကိုယ်ချင်းစာနိုင်ပါပြီ၊ ကောင်းခန့်မှူးသည်ပင် မနော်မြတ်ကိုချစ်မိလေသောအခါ ချစ်သူကိုဆုံးရှုံးရသည့်ဒဏ်ရာအတွက် ထိခိုက်နာကျင်တတ်သေးလျှင် မိန်းမသားတစ်ယောက်ဖြစ်သည့် မနော်မြတ်သည်လည်း ချစ်ဦးသူကို ဆုံးရှုံးရခြင်းအတွက် မည်မျှထိခိုက်နာကျင်လေမည်ဆိုတာ အထူးပြောဖွယ်မရှိတော့ပါ။ အချစ်ဆိုတာ အစားထိုးကုသလို့မရသောရောဂါဆိုတာ ကောင်းခန့်မှူးသိလိုက်ပါပြီ။

ချစ်သူပျောက်ဖို့အတွက် ရင်ကိုစတေးခံရဲပါသည်။ ထို့ကြောင့် မနော်မြတ်၏ချစ်ဦးသူ ဘကြည်ကို ကောင်းခန့်မှူး သွားရောက်တွေ့ဆုံ ဆွေးနွေးရလေသည်။

"ကိုဘကြည် ကျွန်တော် ဘာမှရှည်ရှည်လျားလျား မပြောလိုပါဘူး



www.burmeseclassic.com

www.burmeseclassic.com

...ကျွန်တော်ပြောချင်တာကတော့ ခင်ဗျား ဘာတွေပဲလုပ်လုပ် မနောမြတ်က အပြစ်မယူနိုင်ဘဲ ဒီနေ့အထိခင်ဗျားကို စောင့်စားမျှော်လင့်နေတယ်ဆိုတာပါပဲ"

"ဘာ...ဘာရယ်...မနောမြတ်က ကျွန်တော့်ကို စောင့်စားမျှော်လင့်နေတယ် ဟုတ်လား"

"ဟုတ်ပါတယ်...ခင်ဗျား သူ့ဆီပြန်လာမယ့်နေ့ကို သူ့ခမျာ အမျှော်ကြီးမျှော်နေရှာတာပါ... ခင်ဗျားအနေနဲ့ပြီးခဲ့တာတွေကို ပြီးတဲ့အတိုင်းပဲထားခဲ့ပြီး မနောမြတ်ဆီကို ချစ်ခြင်းတရားနဲ့အတူပြန်သွားဖို့ တိုက်တွန်းပါတယ်"

"ခင်ဗျား...တကယ်...တကယ်ပြောတာနော်"

ကောင်းခန့်မှူးခေါင်းညိတ်ပြရင်း အဝေးဆီငေးရီမိသည်။ ဘကြည်ကတော့ ပျော်နေသည်ထင်။

"ဝမ်း...ဝမ်းသာလိုက်တာဗျာ...ကျွန်တော် တကယ်ထင်မထားမိဘူး...မနောမြတ် ကျွန်တော့်ကို ခုလိုမျှော်နေလိမ့်မယ်လို့ တွေးကိုမတွေးခဲ့မိဘူး ...အားလုံးပြီးသွားပြီပဲထင်ခဲ့တာ... အခုလိုပြောပြတဲ့အတွက် ခင်ဗျားကို ကျေးဇူးတကယ်တင်တယ်ဗျာ... ဒါနဲ့ ခင်ဗျားက..."

"ကျွန်တော်က မနောမြတ်နဲ့အင်း၊ တန်ခင်မင်တဲ့ ဘော်ဒါပါ... ကဲ...ခင်ဗျားတို့ချစ်သူချင်း ပြန်လက်တွဲမိကြရတဲ့အတွက်ဝမ်းသာပါတယ် ...ကျွန်တော့်ကိုခွင့်ပြုပါဦး"

"ကောင်းပါပြီ... ကျွန်တော်လည်း မနောမြတ်ဆီကို သွားလိုက်ပါဦးမယ်"

ရွှင်လန်းတက်ကြွစွာဖြင့် ထွက်ခွာသွားသော ဘကြည်နောက်ကျောကို လိုက်ကြည့်မိရင်း ကောင်းခန့်မှူး သက်ပြင်းရှည်တစ်ချက်ချခဲ့မိသည်။ မနောမြတ်ထံပြန်ရန် ဘကြည်ကိုဖျောင်းဖျပြောဆိုနိုင်သည့်အပေါ် ကောင်းခန့်မှူး ဝမ်းသာရမည်လား ဝမ်းနည်းရမည်လားမသိ။

နာကျင်သောရင်ကို လက်တစ်ဖက်ဖြင့်အသာအယာဖိရင်း ချစ်ဦးသူနှင့်ပြန်ဆုံစည်းရသည့်အတွက် ပျော်ချင်တိုင်းပျော်နေတော့မည့် မနောမြတ်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးကို မြင်ယောင်မိသည်။ မနောမြတ်၏အပျော်သည် ကောင်းခန့်မှူး ထံကူးစက်လာသည်။ ချစ်သူနှစ်ဦးပြန်ဆုံစည်းနိုင်ရန် အသည်းကွဲခံပြီး ပါရမီ ဖြည့်နိုင်သည်ကို ကြံဖန်ဝမ်းသာရပါသည်။

ကောင်းခန့်မှူးကြေကွဲရပါသော ပီတိအပြုံးကိုဖြန့်ကျက်ရင်း ဘယ် သွားရမည်ဆိုတာ မသိသေးသည့်ခြေလှမ်းများ၏ သယ်ဆောင်ရာအတိုင်း ဘတ်စ်ကားဂိတ်သို့ရောက်လာခဲ့သည်။

ထိုးဆိုက်လာသော ဘတ်စ်ကားတစ်စီးပေါ်သို့တက်ရန်ပြင်ပြီးမှ နာမည်ခေါ်သံလိုလိုကြားမိသဖြင့် လှည့်ကြည့်ရာ ဘကြည်နှင့်မနောမြတ်ကို တွေ့ရသည်။ ရင်ထဲကျဉ်ကနဲဖြစ်သွားရသည်။ သွက်လက်မြန်ဆန်သော ခြေလှမ်းကိုယ်စီဖြင့် လျှောက်လှမ်းလာကြသော ဘကြည်နှင့် မနောမြတ်တို့၏ အရိပ်အကဲကိုကြည့်ရသည်မှာ သူတို့ချစ်သူနှစ်ဦးပြန်ဆုံစည်းခွင့်ရရန် အကျိုး တော်ဆောင်ပေးခဲ့ကြသည့် မိမိကို ကျေးဇူးတင်စကားတွေပြောပြီး စေတနာကို အသိအမှတ်ပြုလို၍သာဖြစ်တန်ရာသည်။ သည့်အတွက်ထူးပြီး နားမထောင်လို တော့ပါ။ ရင်တွင်းဝေဒနာကို ပိုမသည်းစေလိုတော့ပါ။

ကောင်းခန့်မှူး မျက်နှာပြန်လွှဲလိုက်ပြီး ဘတ်(စ်)ကားပေါ် ပြန်တက် ရန်ပြင်သော်လည်း ဘတ်(စ်)ကားက ရှေ့မှာမရှိတော့။ ထွက်ခွာသွားပြီ။

ကောင်းခန့်မှူးလည်း မနောမြတ်တို့နှင့် ဝေးရင်ပြီးရော သဘောဖြင့် ဘတ်(စ်)ကားဂိတ်မှခွာရန် ခြေလှမ်းပြင်လိုက်သည်။

သို့ရာတွင် လမ်းလျှောက်မြန်သူ မနောမြတ်က ကောင်းခန့်မှူးနားသို့ တမဟုတ်ချင်းရောက်လာပြီး ကောင်းခန့်မှူးလွယ်အိတ်ကြိုးကို ခပ်ဆတ် ဆတ်ဆွဲကာ

"ယူ ... ယူ ဘာသဘောနဲ့ ခုလိုလုပ်လိုက်တာလဲ ... ယူလုပ်တဲ့ကိစ္စ ယူပြီးအောင်မရှင်းဘဲ ရှောင်ပြေးဖို့မကြံနဲ့"

ဟူ၍မာမာထန်ထန်ပြောလာသဖြင့် ကောင်းခန့်မှူးကြောင်သွားရ သည်။ ဒေါသထွက်နေဟန်တူသော မနောမြတ်၏မျက်နှာကို စူးစမ်းကြည့် နေဆဲမှာပင် အနားရောက်လာသော ဘကြည်ကလည်း



www.burmeseclassic.com

www.burmeseclassic.com

"ဟော့လူ . . . ခင်ဗျား . . . ခင်ဗျား ကျုပ်ကိုအရုက်ကွဲအောင် တမင်ချောက်ချလွှတ်လိုက်တာပေါ့လေ ... ဟုတ်လား"

ဟု ဒေါသတကြီးဆိုလာလေ၏။ ကောင်းခန့်မှူး သူတို့နှစ်ဦးကို နားမလည်နိုင်သလို တစ်လှည့်စီကြည့်မိသည်။ စေတနာက ဝေဒနာဖြစ်ကုန်ပြီ ထင်ပါရဲ့။ ကိုယ်စတဲ့ဇာတ်ကိုယ်ဆုံးအောင်ကရမည့် တာဝန်က မလွှဲမရှောင်သာ ရှိလာပါပြီကော။

"မဟုတ်... မဟုတ်ဘူးလေ... ကျွန်တော်က စေတနာနဲ့ ...နဲ့"

"ဘာ စေတနာလဲ... ယူ့စေတနာက တို့ကိုသက်သက်အရှက်ခွဲပြီး ပြဿနာရှာတဲ့စေတနာလား... ပြောစမ်းပါဦး... ယူ မဟုတ်တမ်းတရားတွေ ပြောလို့သာ ဒီဘကြည်ဆိုတဲ့လူက တို့ကိုလူရှေ့သူရှေ့မှာ မျက်နှာပြောင်တိုက်ပြီး ပိုင်စိုးပိုင်နင်းတွေ လာပြောတံ့တာပေါ့"

ကောင်းခန့်မှူးစကားမဆုံးခင် မနောမြတ်က ကြားဖြတ်ပေါက်ကွဲ သလို ဘကြည်ကလည်း လက်သီးတပြင်ပြင်ပြု၍

"ခင်ဗျားပြောတော့ မနောမြတ်က ကျွန်တော့်ကို မျှော်လင့်နေတယ် သွားတွေ့လိုက်ပါဆို"

"ဟုတ်... ဟုတ်တယ်လေ အခု ဘာတွေဖြစ်ကုန်လို့လဲ"

"ဘာဖြစ်ရမှာလဲ... ကျုပ်ကို လူရှေ့သူရှေ့မှာ ရှင့်လို သူရှုပ်လူပွေကို ဘယ်တုန်းကမှ မစဉ်းစားဘူး... ရှင့်ကို ကျွန်မကစောင့်စားမျှော်လင့်ရအောင် ရှင့်ကိုရှင်ဘာများထင်နေသလဲ... စိတ်ကူးယဉ်မနေနဲ့ ဘာညာဆိုပြီး ရစရာ မရှိအောင် စွတ်ကောနေလို့ ကျုပ်ဘယ်လောက်အရှက်ကွဲ သိက္ခာကျသွားသလဲ ခင်ဗျားသိလား"

"ဟင်... ဘာတွေဖြစ်ကုန်တာလဲ... မနောမြတ်ကိုယ်တိုင်ကျွန်တော် ကိုပြောတာပဲ... ဩော်... ဒီလိုဖြစ်ပါလိမ့်မယ် ခင်ဗျားကရောက်ရောက်ချင်း ဆောက်နဲ့ထွင်းလိုက်လို့ ထင်ပါတယ်... အမှန်ကအေးအေးဆေးဆေး ဖြည်း ရှုံးနားချရမှာပေါ့ . . . တစ်ဖက်ကလည်း မိန်းကလေးဆိုတော့ နည်းနည်း ပါးပါးတော့ မူမှာပေါ့... ပြတ်ပြီးတဲ့ဇာတ်လမ်းကို ပြန်ဆက်ရတယ်ဆိုတော့

www.burmeseclassic.com

ကိုယ့်ရဲ့တန်ခိုးရှင်မလေးထုဆစ်တဲ့ကောင်းကင်

ဗွယ်လွယ်နဲ့တော့ ဘယ်ရ...ရ"

"ယူ ဘာတွေလျှောက်ပြောနေတာလဲ...ဘယ် မဟုတ်တာရုတ်ဓာတ် လမ်းကို ပြန်ဆက်ရမှာလဲ...အဓိပ္ပာယ်မရှိတာတွေ လျှောက်ပြောမနေနဲ့"

ဘကြည်ကို ရှင်းလင်းပြောဆိုနေသော စကားမဆုံးခင် မနော်မြတ်က တစ်စခန်းထလာပြန်သည်။ ကောင်းခန့်မှူး မနော်မြတ်ကို မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ကြည့်ပြီး

"မနော ...မနော်မြတ်ပဲ တို့ကိုပြောတာလေ...ဘကြည်က မနော်မြတ်ရဲ့ ချစ်ဦးသူဆို ...သူဘယ်လောက်ပဲ ပွေပွေ ရှုပ်ရှုပ်အပြစ်မယူနိုင် ဘဲ သူ မနော်မြတ်ဆီပြန်လာမယ့်နေ့ကို လက်ချိုးရေတွက်ပြီး စောင့်စား မျှော်လင့်နေတာ ကနေ့အထိပဲဆို...အဲဒါကြောင့် တို့ကမနော်မြတ် စွဲလမ်း ခံစားနေရတာကို မကြည့်ရက်လို့ ကိုဘကြည်ကိုသွားတွေ့ပြီး မနော်မြတ်ဆီ ပြန်သွားဖို့ တိုက်တွန်းပေးလိုက်တာလေ...စေတနာနဲ့ ...နဲ့"

"စေတနာတွေ ဘာတွေ လာပြောမနေနဲ့...ယူ ပြောနေတာတွေ တစ်ခုမှ မဟုတ်ဘူး"

"ဟုတ်...ဟုတ်တယ်လေ"

"မဟုတ်ဘူး"

"ဟုတ်တယ်လေ...မနော်မြတ်ပဲ ပြောပြီးတော့...တော့"

"မဟုတ်ပါဘူးလို့ ဆိုနေ"

"ဒါ...ဒါဆို"

"ယူ့ကို တို့က တမင်နောက်လိုက်တဲ့ဥစ္စာကို ဒုက္ခပါပဲ"

"ဟင်...တမင်နောက်လိုက်တာ"

"ဟုတ်တယ်...ဂန္ဓဝင်ကန်တင်းနဲ့မှာ ကျော်မောင်မောင်တို့နဲ့ ဆုံမိတာကို မဆီမဆိုင်တာတွေလျှောက်တွေးပြီး အားနာသလိုလို မျက်နှာပူသလို လိုဖြစ်နေတဲ့ ယူ့ကြောင်ကွက်ကို ဘဝင်မကျလို့တမင် လက်စင်ပေးလိုက်တာ ရှင်းလား"

"တမင် လက်စင်ပေးလိုက်တာ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

"ဟုတ်တယ်...နောက်ထပ်အဓိကအချက်က ဒီနေ့ဟာ ထစ်ချက် နေ့ဖြစ်လို့ပဲ"

"ဟင်...ဟုတ်သားပဲ...ဒီနေ့ ချစ်သူခင်သူအချင်းချင်း အထည် ပေါက်နဲ့ စကြနောက်ကြ အရူးလုပ်တမ်းကစားကြတဲ့နေ့ပဲ...ကြည့်စမ်း ..ဒီနေ့ ပေရယ်လ်ဖူးဆိုတာ မေ့နေတယ် ...ဒါဆို ကိုဘကြည်နဲ့လည်း ဘာဆိုဘာမှ မဘာမှပါဘူးပေါ့"

"မဆိုင်ပါဘူးလို့ ဘယ်နှစ်ခါပြောရမလဲ...တစ်ခုတော့ရှိတယ် ..သူက တို့ကိုပရိုပို့စ်တော့ လုပ်ဖူးတယ်...ဒါလည်း တို့လက်မခံနိုင်ပါဘူးလို့ ရှင်းရှင်းလင်းလင်းပြောပြီးသား"

"ဟာ...ဒီလိုလား...ဝမ်းသာလိုက်တာ မနော့မြတ်ရာ...တို့မှာ တော့ တကယ်ထင်ပြီးရူးမတတ်ခံစားနေရတာ...အခုလိုဆိုတော့ တော်သေး တာပေါ့"

ကောင်းခန့်မှူး ပျောက်ဆုံးသွားသောဆုကြီးပေါက်ထီလက်မှတ်ပြန် ရှာတွေ့သည်ထက် ပိုမိုသော စိတ်လှုပ်ရှားပျော်ရွှင်မှုဖြင့် မနော့မြတ်၏လက်နှစ် ဖက်ကိုဖမ်းယူဆုပ်ကိုင်မိသည်။ ကောင်းခန့်မှူး၏အောင်မြင်မှုကို မျှဝေခံစား နိုင်ဟန်မတူသော ဘကြည်က ကောင်းခန့်မှူးလက်မောင်းကိုလှမ်းပုတ်ရင်း

"ခင်ဗျားတို့ ရူးမတတ်ခံစားတဲ့ကိစ္စတွေ မူးမတတ်ခံစားတဲ့ကိစ္စ တွေ နောက်မှပြော...ကျုပ်ကိစ္စကို ဘယ်လိုရှင်းမလဲ အရင်ပြော"

"ဩော် ...ဒါလား ...ခုနက မနော့မြတ်ပြောသွားသလိုပဲ ပေရယ်လ်ဖူးလေ...နော်...မနော့မြတ်နော်...ဟုတ် တယ်မဟုတ်လား"

"အို...မသိပါဘူး ...ရှုပ်ရှုပ်ယှက်ယှက် ကိုယ့်ကိစ္စကိုယ်ရှင်း တို့ကို လာဆွဲမထည့်နဲ့ ...လုံးဝ ကြည့်သေးတာ မဟုတ်ဘူး...အိမ်ပဲ သွားမယ်"

ကောင်းခန့်မှူး ဘကြည်ကို မျက်နှာချိုသွေးကာ စကားရှေ့ရှင်း မနော့မြတ်ကိုဝင်ကူပြောပေးဖို့ကြိုးစားသော်လည်း အရာမထင်။ မနော့မြတ်က ဘုတောပြီး ကောင်းခန့်မှူးလက်ကိုပုတ်ချကာ ဆူဆူအောင့်အောင့် ထွက်သွာ



www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။ ထို့ကြောင့် ကောင်းခန့်မှူးလည်း ဘကြည်ကို အားနာကြီးစွာဖြင့် မျက်နှာလိုမျက်နှာရသော ရယ်ပြုံးပြုံးပြထားရသည်။

"အဟဲ"

"ခင်ဗျား ကျုပ်ကို အဲလိုရယ်ပြရုံနဲ့ ပြီးရောလား... ကျုပ်ရာဇဝင်မှာ မိန်းမတစ်ယောက်ရဲ့ငြင်းပယ်မှုကို နှစ်ခါမခံဘူးဆိုတာခင်ဗျားမသိဘူးလား"

"ဩော်... ဟုတ်လား ကျွန်တော် တကယ်မသိလို့ပါ"

"အခုတော့ဗျာ... ခင်ဗျား ဒုက္ခပေးတာနဲ့ကျုပ်ဂုဏ်သိက္ခာတွေကို ရစရာမရှိအောင် ပွန်းပဲ့ကုန်ပြီ... တောက်... အူကြောင်ကြောင်ကောင်မျိုးကို ရည်းစားထားတဲ့ အူကြောင်ကျားမကများ ငါ့ကို အကြောကြီးနဲ့ဆက်ဆံလို့"

"ဩော်... အဲသည်လိုလည်း သဘောမထားပါနဲ့ ကိုဘကြည်ရယ် ကျွန်တော်တို့တက္ကသိုလ်ပညာသင်ဘက် ညီအစ်ကိုမောင်နှမတွေ ခင်ကြမင်ကြလွန်းလို့ ဒီနေ့ ပေရယ်လ်တစ်ရက်နေ့မှာ အပျော်သဘောနဲ့ အရှုးလုပ်တမ်း ကစားကြတယ်လို့ သဘောထားလိုက်ပါနော်နော်"

"အိုဗျာ... ခင်ဗျားတို့ချင်း အရှုးထကြတဲ့ကိစ္စ ကျုပ်မဆီမဆိုင် ဝင်ခံလိုက်ရတာ ကျေကိုမကျေနပ်နိုင်ဘူး... ခင်ဗျားတို့ ဘယ်လိုလူတွေလဲ လွန်ကိုလွန်လွန်းတယ်"

"တကယ်တော့ ဒီလိုဖြစ်ရတဲ့ကိစ္စမှာ အဓိကတရားခံက ကျွန်တော် မဟုတ်ဘူး... ဟို ဘရုတ်သုတ်ခမလေး မနောမြတ်ပဲဗျ... ဒီတော့ ခင်ဗျား ဒီကပဲ အသာရပ်ကြည့်နေ... ကျွန်တော်မှတ်လောက်အောင် သွားဆုံးမလိုက်မယ်... ဒါဆို ခင်ဗျားကျေနပ်နိုင်မလား ကိုဘကြည်"

"ကောင်းပြီ... ဒါဆိုရင် မြန်မြန်သာလိုက်သွားပြီး ဆုံးမပစ်စမ်းပါ ...ကျုပ်ကြည့်နေမယ်"

"စိတ်ချ စိတ်ချ"

ကောင်းခန့်မှူးလည်း ဘကြည်ကိုနှစ်သိမ့်ပြီး ရှေ့ခပ်လှမ်းလှမ်းမှ ဆတ်တောက်ဆတ်တောက်သွားနေသော မနောမြတ်နောက်သို့ အပြေးတစ်ပိုင်း လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

မနော့မြတ်၏အနားသို့ရောက်သည်နှင့် လွယ်အိတ်ကြိုးကိုဆွဲပြီး

"ဟိတ် နေဦးလေ...ဟိုမှာ တို့တစ်ယောက်တည်းပြဿနာကို ဒိုင်ခံရှင်းနေရတာ...ဘယ်တရားပါ့မလဲ...မနော့မြတ်က တို့ဘေးနားမှာ ရပ်နေမှ တို့လည်း အားရှိတော့မှာပေါ့"

"သွား...ဘာမှ လာမပြောနဲ့ သိဘူး"

"ဘာလဲ မနော့မြတ်က တို့ကို စိတ်ဆိုးနေတာပေါ့ ဟုတ်လား"

"သွား ဘာမှလာမပြောနဲ့ ...သိဘူး"

"ပြောကြကြေးဆိုရင် မနော့မြတ်ကလည်း တို့ကို ပေရယ်လိမ်းလုပ်တယ်...တို့ကလည်း မနော့မြတ်ကို ပေရယ်လိမ်းလုပ်လိုက်တာပဲလေ .. ဒီတော့ အပြန်အလှန်ပေါ့....ကြေအေးသင့်ပါတယ် "

"သွား...ဘာမှ လာမပြောနဲ့ သိဘူး"

"ဘာပဲဖြစ်ဖြစ်လေ...တို့ကတော့ဘကြည်ဆိုတဲ့လူကို ကတိပေးခဲ့ပြီးပြီ...ဒီပြဿနာကိုစတင်ခဲ့တဲ့ အဓိကတရားခံမလေးကို ခင်ဗျားကျေနပ်တဲ့အထိ ခင်ဗျားရှေ့မှာတင် အပြတ်ဆုံးမပစ်မယ် ကြည့်နေလို့"

"အောင်မယ်...ဘာပြောတယ်...သတ္တိရှိရင် ထိရဲထိကြည့်လေ ... လာလေ ...စမ်းကြည့်လိုက်စမ်းပါ"

စွာတေးမလေး မနော့မြတ်ခြေလှမ်းလေးတွေတုံ့ကနဲရပ်ပြီး မိုက်ကြည့်ကြည့်ကာ ကောင်းခန့်မှူးကို စိန်ခေါ်ပါတော့သည်။

သိတယ်မဟုတ်လား။ ကောင်းခန့်မှူးဆိုတဲ့ကောင်ကလည်း ဒီလိုပုံမျိုး လာချီးလို့ကတော့ ပျင်းတောင် ပျင်းသေးတယ် ဆိုတာ

"ဪ ...မနော့မြတ်ရယ် ...မနော့မြတ်ပဲ ပြောပြောနေပြီးတော့ တို့ဟာ ခပ်ညံ့ညံ့ကောင်ဆို ...ခပ်ညံ့ညံ့ကောင်ကို ချစ်မိမှတော့ ခပ်ညံ့ညံ့ကောင်ရဲ့မသိဆိုးရွား ပြုမှားတတ်တဲ့အပြစ်တွေကို ခွင့်လွှတ်တတ်ရမှာပေါ့လို့ ... နော် ...နော်"

ဟူ၍မနော့မြတ်လက်ကလေးကို ဖမ်းယူဆုပ်ကိုင်ရင်း အသံညှောင်နာနာဖြင့်ဆိုရာ မနော့မြတ် ချစ်စဖွယ်မျက်စောင်းလေးထိုးပါသည်။ တို့နောက်



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ရဲ့တန်ခိုးရှင်မလေးထုဆစ်တဲ့ကောင်းကင်

အစဉ်အလာမျက်မှာ စိုးလို့ထင့်။

"သွား...ဘာမှ လာမပြောနဲ့...သိဘူး"

ဟူ၍ပြုံးစစဆိုရင်း ကောင်းခန့်မှူးကိုပခုံးစွန်းလေးနှင့်ခပ်ဖွဖွ ပစ်တိုက်လေသည်။

ကောင်းခန့်မှူး အမှတ်မဲ့မို့ ခန္ဓာကိုယ်အနည်းငယ်ယိုင်ထွက်သွားသည်ကို သဘောကျဟန်ဖြင့် မနောမြတ်လက်ညှိုးလေး ကွေးချည်ဆန့်ချည် ကရော် ကရော်လုပ်ရင်းရယ်ပါလေသည်။

"ခစ် ခစ် ခစ်"

ကောင်းခန့်မှူးလည်း မနောမြတ်နှင့်အတူအလိုက်သင့် ရောနှောရယ်မောပြီး မနောမြတ်၏ပခုံးနုထွေးပေါ် လက်ကိုတင်ရင်းဖက်ပါတော့လိုက်သည်။

ကောင်းခန့်မှူးနှင့် မနောမြတ်ဆိုသော ချစ်သူနှစ်ဦးချစ်ခင်ကျီစယ်မှုများနှင့် ချစ်ကြည်နေကြစဉ် ကောင်းခန့်မှူးစကားကို ထပ်မံယုံစားပြီး စောင့်ကြည့်နေသည့် ဘကြည်ကတော့ကြောင်မာန်ဖီသလို တဖွီးဖွီးဖြစ်နေမည်လားဆိုတာတော့ မပြောတတ်။

ပြောတတ်သည်ကတော့ ချစ်ခွင့်ပေးပြီး ချစ်စရှည် သောချစ်သူကို ကျေးဇူးတင်ပါသည်ဆိုသောအကြောင်းရယ်သာ ...။ ။

မျိုးကိုမျိုး

www.burmeseclassic.com